www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

၏

# ချစ်နှမိတ်မိုး

BURMESE CLASSIC .com

ပထမအကြိမ် – ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ
ဒုတိယအကြိမ် – ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၀၂၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၀၁၀၆၁၁

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

"အချစ်တွေ အမုန်းတွေ၊ ခွင့်လွှတ်ခြင်းများနဲ့ ကလဲ့စား၊ ကရုဏာနဲ့ ဒေါသ၊ မုဒိတာနဲ့ မနာလိုခြင်း စတဲ့ ဆန့်ကျင်ဘက် စိတ်ထားတွေနဲ့အတူ...

"နေရချိန်နည်းလှတဲ့ လူ့ဘဝမှာ အပြောင်းအလဲမျိုးစုံ၊ အဖြစ်အပျက်များစွာနဲ့ ကြုံဆုံရတတ်ကြပါလား"

ခမ္မတေးလက်ာကို ငြိမ်သက်တည်ကြည်စွာ ရွတ်နေသည်သို့ ကြီးကြီးတင့်သည် ပြတင်းမှတစ်ဆင့် ပြင်ပဝန်းကျင်သို့ မျှော်ငေးရင်း လောကကို သံဝေဂဖြင့် ရှုကြည့်နေပါ၏။

"အဘဦးဥက္ကာ ပြန်ရောက်လာတာကို ပြောတာလားဟင်... ကြီးကြီးတင့်"

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့"

"ဒီခြံကြီးကို ဘယ်သောအခါမှ ပြန်မလာနဲ့လို့ အပြောခံထားရတဲ့အတိုင်း နှစ်ပေါင်းများစွာ မလာဘဲ နေရှာပါတယ်ဆို"

"မိုးပွင့်ဖြူ"မှာ သူ့ကြီးကြီးတင့်၏ အဖြေကို စောင့်မျှော်နေရှာသည်။

"အင်း"

"ခုတော့... ဖေဖေကိုယ်တိုင် သူ့ကိုရှာဖွေပြီး သမီးရဲ့ဆံရာတစ်ဦးအဖြစ်နဲ့ ဒီခြံကို ပြန်လာဖို့ခေါ်တော့လဲ ပြန်လာရရှာတယ်၊ အဘဉက္ကာဟာ သနားစရာသိပ်ကောင်းတယ်နော် ကြီးကြီးတင့်"

ကြီးကြီးတင့်က ငြိမ်နေသာအကြည့်နှင့်ပင် ခေါင်းညိတ်ပြပါ၏

"ဦးဥက္ကာရင်ထဲကို တဘက်လူရဲ့ မစင်ကြယ်မှု အညစ်ကြေးတွေ ဘယ်လောက်ပဲ သွန်လောင်းကြပါစေ... သူ့ရင်ထဲမှာ 'ခွင့်လွှတ်နိုင်ခြင်း'သီတာခုနစ်တန် အမြဲစီးဆင်းနေသလားပဲ။ အားလုံးဟာ လွင့်စင်ဖြူလွင်သွားစေခဲ့တယ်"

"ဖေဖေနဲ့ ဦးဥက္ကာရော အဆင်မပြေဖြစ်ခဲ့ကြသေးလား"

"ဘာမှမဖြစ်ခဲ့ဘူး"

"ဒါဆို တော်ပါသေးရဲ့။ သမီးကြောင့်များ အဘဉက္ကာကို သက်သက်ပြန်ခေါ်ရတာလားလို့"

"စိတ်ထားဖြူစင်တဲ့ လူနှစ်ယောက်အတွက် အမုန်းအငြိုးနဲ့ အာဃာတဆိုတာ ဘယ်မှာရှိမှာလဲ။ သမီးရဲ့ဖေဖေ မောင်သက်မောင်နဲ့ ဘာမှမဖြစ်ပေမယ့် သမီးမေမေတို့ မိသားစုနဲ့ကတော့ အကြီးအကျယ် ပြဿနာတက်ခဲ့ကြတယ်လေ"





"ဒါတွေ သမီးသိတယ်လေ ကြီးကြီးတင့်"

"အေး... ခုလို သူတို့နှစ်ယောက် ပြန်ပြီး ပေါင်းစည်းမိကြတာ မြင်ရတော့ ကြီးကြီးတင့် ရင် ချမ်းမြေ့လိုက်ရတာ၊ သမီးကို ဖခင်နှစ်ယောက်က ဝိုင်းထိန်းပေးကြသလိုပါပဲလေ"

"သမီးလဲလေ... အဘဉက္ကာကို ဖေဖေ့လောက် မချစ်နိုင်ပေမယ့် ဖေဖေပြီးရင်တော့ လေးစားကြည်ညိုစွာ ချစ်ခင်ရဆုံး ပုဂ္ဂိုလ်ကြီးဟာ အဘဉက္ကာပါပဲ ကြီးကြီးရယ်"

"သူတော်ကောင်းကြီးပါကွယ်။ ဒီခြံဟာ နှစ်ပေါင်းများစွာ သူနေသွားခဲ့တဲ့နေရာပါ"

ကြီးကြီးတင့်သည် ဦးဥက္ကာပေါ်၌ ထာဝရလိုလားနှစ်ခြိုက်စွာ ရှိနေတတ်သည်။ ထမင်းစားပြီးချိန်မို့ 'ပလူဗင်မင်'အားဆေးတောင့်ကို မျိုပြီး သူ့အိပ်ရာကို သန့်စင်နေပါ၏။ သူ နေ့လယ် တစ်ရေးအိပ်ပေတော့မည်။

မိုးပွင့်ဖြူမှာ ကြီးကြီးတင့်အခန်းမှ ထွက်ပြီး ခေါင်းရင်းဘက်ရှိ ဘုရားခန်းကို လှမ်းကြည့်လိုက်ပါ၏။ ဖန်ပန်းအိုးများ၌ ရေနည်းနေသဖြင့် အပေါ်ထပ် ရေဘုံပိုင်မှ ရေတစ်ဖလားခပ်ပြီး လိုက်ဖြည့်သည်။

ပန်းကလဲ နွမ်းလွယ်လိုက်တာ...

"ဒါရစ်(စ) တက်ခိုင်းတဲ့ ဂျပန်ပြည်က ဘွဲ့လက်မှတ်ရထားတဲ့ ပန်းအိုးထိုးနည်းသင်တန်း သွားတက်ဦးမယ်၊ ဒါမှ ခြံထဲကပန်းတွေကို ဘုရားစင်၊ အပေါ်အောက်ဧည့်ခန်းနဲ့ အခန်းထောင့်တွေမှာ အလှဆုံး ပြင်နိုင်မှာ"

www.burmeseclassic.com



"အသက်ငယ်ပြီး ကျန်းမာသန်စွမ်းသူတိုင်း အလကားအအားနေတာ ဖေဖေမကြိုက်ဘူး။ တစ်ခုခုမှာ အမြဲအာရုံစိုက်နေစေချင်တယ်၊ ကြိုးစားနေစေချင်တယ်၊ အားလုံးဟာ ကောင်းတဲ့အလုပ်ပဲ ဖြစ်ရမယ်၊ ဒါပေမယ့် စိတ်မဝင်စားတာကို အတင်းနှစ်ပြီး လုပ်နေရတာမျိုး မဖြစ်စေချင်ဘူး။ တစ်ခုခုလေး ကိုယ့်အတွက် အကျိုးရှိမယ့် ဝါသနာပါရာ အလုပ်ကို လုပ်သင့်တယ်သမီး"

ဆိုသော ဖေဖေဦးသက်မောင်၏ ဩဝါဒကြောင့် ပန်းအလှပြင်ပညာသင်ရန် စိတ်ကူးရသွားခဲ့ခြင်းပါ။ လောလောဆယ်လည်း 'အလင်္ကာစာပေ'၏ ကိစ္စများကို လုံ့လနှင့် ဝါသနာရောယှက်ပြီး ဖေဖေစေခိုင်းချက်အတိုင်း ဆောင်ရွက်နေရင်း...

တဘက်က ဝါသနာအရ အဘဉက္ကာနှင့် 'စောင်းပညာ'ကို လေးမြတ်နာယူစွာ သင်ကြားနေသော မိုးပွင့်ဖြူပါ...

အတွေးသည် ဝဲနေသော လိပ်ပြာတစ်ကောင်နှယ် ရှိနေရာမှ ပန်းတစ်ပွင့်ပေါ်တွင် ရပ်နားသွားသည်သို့ပင် အဘဉက္ကာ၏အကြောင်း ရာ၌ ရပ်တန့်ကာ ရှည်ဝေးစွာ တွေးဖြစ်သွားသည်

တချိန်သောအခါက ဤဗွတ္တလစ်ရှိ ခြံကြီးကို မိုးပွင့်ဖြူ၏ မိခင်ဘက်မှ မိဘများ ပိုင်ဆိုင်ခဲ့သည်။ အလိုလိုက်ထားလွန်းသော သမီးချောနှစ်ယောက် ရှိပါ၏။

တစ်ယောက်က 'မြင့်ဖြူဖြူ'... မိုးပွင့်ဖြူ၏ မိခင်...

အငယ်က 'မြင့်မူမူ'...

ချမ်းသာသောမိဘများ၏ အလိုလိုက်ထားလွန်းသော သမီး





နှစ်ယောက်မို့ 'ကဲ့တယ်' ဟူသော ဂုဏ်ထူးဆောင်ဘွဲ့နှင့် နေခဲ့ကြသူများပါ...

မြင့်ဖြူဖြူက စည်းကမ်းကြီးသော အလုပ်ကြိုးစားလွန်းသော ဦးသက်မောင်နှင့် လက်ထပ်လိုက်သဖြင့် တည်ငြိမ်သွားသော်လည်း...

မြင့်မူမူသည် အမျိုးသားငယ်တို့ လောကတွင် နာမည်တစ်လုံးနှင့် 'လွယ်ဘယ်'ဆိုသော မဟာဘွဲ့ကိုပါ ထပ်ရခဲ့သည်။ မိဘမနိုင်တော့၊ နောက်ဆုံး ရုပ်ရှင်နှစ်ကားလောက်မှာ ဇာတ်ရံဝင်လုပ်လိုက်ပြီးချိန်တွင် အဘဉက္ကာပါဝင်လာရသော ပြဿနာ စ,တော့သည်။

ထိုစဉ်က ဦးဉက္ကာသည် အသက်လေးဆယ်နီးပါးရွယ် လူပျိုလူရိုးကြီးတစ်ဦး ဖြစ်ပါ၏၊ မိုးပွင့်ဖြူတို့၏အဘိုး 'ဦးမောင်မောင်မြင့်'၏ စိတ်ချယုံကြည်အားကိုးရဆုံးသော တပည့်တစ်ယောက်လည်းဖြစ်၍ စက်ရုံမှာမထား၊ တိုက်၏ ခေါင်းရင်းထောင့်တွင် ပျဉ်ထောင်အိမ်ငယ်တစ်လုံးနှင့် သီးသန့်နေစေခဲ့သည်။ စက်ရုံလုပ်ငန်းရပ်ကို နေ့လယ်၌ သွားရောက်လုပ်ကိုင်ရသော လခစားအလုပ်သမားတစ်ယောက်အဖြစ်သာ မကတော့၊ ဤခြံအတွက် အစစအရာရာ စောင့်ကြည့်ပေးဖော်ရသော ဘဏ္ဍာစိုးပမာလည်း ဖြစ်လာသူပါ။

ညဦးတိုင်းတွင် ညင်သာသော စောင်းခတ်သံကို သည်ဘက်တိုက်ကြီးဆီမှ သဲ့သဲ့မျှ ကြားရမြဲ...

ဦးဉက္ကာ ဘဝ၏ တစ်ဦးတည်းသောအဖော်သည် ဤစောင်းသာတည်း။

နောက်ပိုင်းတွင် သားမက်အဖြစ်နှင့် ဤခြံသို့ ရောက်လာသော အနုပညာရှင် ဦးသက်မောင်နှင့် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ စာပေဂီတကိစ္စများကို ဦးဥက္ကာ၏ အိမ်ငယ်လေးပေါ်တွင် ဆွေးနွေးပွဲက နေ့စဥ်လို ရှိနေပါ၏။

ချမ်းသာကြွယ်ဝမှုများဖြင့် အားလုံးနေသားတကျ ရှိနေကြချိန်တွင်...

"မြင့်မှုမှုမှာ ကိုယ်ဝန်ရှိနေပြီ... ကိုဥက္ကာနဲ့တဲ့"

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

ဦးဥက္ကာဘက်မှ တစ်ယောက်တည်းသော တိုက်ခိုက်သူမှာ ဦးသက်မောင်ပါ။

မြင့်မှုမှုသည် သံအမတ်တစ်ယောက်၏သားနှင့် တိတ်တဆိတ်လက်ထပ်ပြီးမှ သူ့ချစ်သူက နိုင်ငံခြားသို့ သူ့ကို စွန့်ပစ်ထွက်ခွာသွားခဲ့သဖြင့် မြင့်မှုမှုမှာ ကြုံရာလူကို လက်ညှိုးထိုးခဲ့ခြင်းဖြစ်ကြောင်း...

မြင့်မှုမှုကိုယ်တိုင်မှလွဲ၍ မည်သူမျှ မသိရှိကြပါချေ။

"ကိုသက်မောင်ရယ်... ကျွန်တော့်ကို ဒီအိမ်က နှင်လွှတ်လိုက်ရင်လည်း ကျွန်တော်သွားပါမယ်။ ဒါမှမဟုတ် မြင့်မှုမှုရဲ့အရှက်ကို ကာကွယ်ပါ... သူ့ကိုခေါ်သွားပါဆိုရင်လည်း ကျွန်တော်မငြင်းပါဘူး။ နာခံပါ့မယ်... ခုတော့ဗျာ... အယုတ်ညံ့ဆုံးစိတ်ထားနဲ့ သစ္စာတရားပျောက်ဆုံးနေတဲ့ ယောကျ်ားတစ်ယောက်အဖြစ်တော့ ကျွန်တော်ဘယ်လိုမှ မခံယူနိုင်ဘူး။ သေရတာမှ ကောင်းသေးတယ်။ ကျွန်တော်ဒီအိမ်က ထွက်သွားတော့မယ်"

ဟူသော ဦးဥက္ကာ၏ စကားများ၊ မျက်ရည်စက်များကို ဦးသက်မောင် ထာဝရ အမှတ်ရနေရှာသည်။





ဦးဥက္ကာ ရုတ်တရက် ပျောက်ဆုံးသွားသဖြင့် မစ္စည်းများ ခိုးယူထွက်ပြေးတိမ်းရှောင်နေသည်ဟု ရဲ၌ အမှုဖွင့်ကြသည်။

ဦးဥက္ကာကို အညာကျေးရွာ၌ ဖမ်းဆီးရမိသည်။ အချုပ်တွင်းမှ အတော်ကြာသွားရှာပါ၏။ နောက်ဆုံးတွင် စောင်းတစ်ခုမှလွဲ၍ သူနှင့်အတူ ဘာပစ္စည်းမှ ပါရှိမလာကြောင်း သက်သေခိုင်လုံ၍ဦးဥက္ကာ အပြစ်ကင်းစင်စွာ လွတ်မြောက်လာပါ၏။

အညာကျေးလက်ဒေသတွင် သူနေစဥ်က သူ့တွင် ငယ်ချစ်တစ်ဦး ရှိခဲ့သည်။ နောက်ပိုင်းတွင် 'ဒေါ်ညွန့်မေ'ဟု သိစေရသော ညွန့်မေမှာ ဖခင်ဒုက္ခိတကြီးကို မပစ်ရက်သဖြင့် ကိုဥက္ကာနောက်သို့ မလိုက်နိုင်ခဲ့ပေ၊ ဖခင်ကိုပြုစုရင်း၊ ကလေးကို စောင့်ရှောက်ရင်း ကျန်ရစ်ခဲ့သည်။ ယခု ကိုဥက္ကာ ပြန်ရောက်လာမှ ဖခင်လည်း မရှိတော့၍...

ပုပ္ပားတောင်ခြေမှ မြေလမ်းခွဲအတိုင်း သွားရသော သန်းကြီးကုန်းကျေးရွာအလွန်မှ 'လက်ပံကုန်း'ကျေးရွာတွင်ပင် အခြေချနေထိုင်ကြတော့သည်။ ပုပ္ပားတောင်ကလပ်နှင့် မိုင်သုံးဆယ်သာ ဝေးကွာသော်လည်း လမ်းပမ်းသွားလာမှုခက်ခဲပြီး ရေရှားလွန်းသည့်ဒေသ၊ မျက်နှာစိမ်းတို့ အရောက်အပေါက်နည်းသော ဒေသသို့တိုင်အောင် လိုက်လာကြပါ၍...

"ဟင်... မမကြီးတို့ပါလား၊ မြင့်မှုမှုလည်း ပါတယ်။ ဒါ...ဒါ... ကျွန်တော့်မိန်းမ၊ ညွန့်မေ..."

"တို့အားလုံးသိပါတယ်ကွယ်"

ဦးမောင်မောင်မြင့်၏ဇနီး ဒေါ်ခင်ခင်ကြီးမှာ မျက်ရည်များ ကျဆင်းရင်းက...



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေကတော့ ကိုဥက္ကာနဲ့ပဲ ထင်နေရှာတယ် အိမ်မှာလည်း သမီးကိုသတ်မယ်၊ နင်တို့ပါဆင်းနဲ့၊ ငရဲပွက်တဲ့ အတိုင်းပါပဲ"

ဦးဥက္ကာ-အသက်ပင်မရှူရဲ၊ သူ့ကျေးဇူးရှင် ဖြစ်ခဲ့ဖူးသော ဒေါ်ခင်ခင်ကြီးသို့သာ လင်မယားနှစ်ယောက်လုံး ဘာမှ မပြောရဲ မဆိုရဲ ကြပါပဲ အာရုံစိုက်၍ ကြည့်နေကြသည်။

ထိန်းသိမ်းဖုံးအုပ်ရန် မရတော့မည့်အခြေအနေရှိနေသော မြင့်မူမူမှာ ခေါင်းငုံ့လျက်သာနေသည်။ မျက်ရည်တစ်စက်မှမကျ။

"ဒီတော့ သမီးကို ဒီမှာ လာထားပါရစေ၊ ကိုဥက္ကာ သစ္စာရှိမှန်း မမကြီးသိပါတယ်ကွယ်။ သူလူပေါင်းစုံနဲ့တွဲခဲ့တဲ့ အမိုက်မပါ"

မြင့်မူမူကို ဒီမှာ ဘယ်လိုပုံစံနဲ့ ထားမှာလဲခင်ဗျာ"

"သူ့အဖေကိုတော့ ကိုဥက္ကာနောက် လိုက်သွားပြီ၊ ပေးစားလိုက်ပြီလို့ ပြောရမှာပေါ့"

"ဟာဗျာ"

"ကိုဥက္ကာတို့ ဇနီးမောင်နှံ နားလည်မှုရှိကြရင် ပြီးတာပါပဲ၊ သူ့ကို ဒီမှာထားပါရစေ၊ အားလုံး တာဝန် မမကြီးယူမှာပါကွယ်"

"မြင့်မူမူကို ဒီမှာ တစ်သက်လုံး ဘယ်လိုလုပ်ထားလို့ဖြစ်မှာလဲ မမကြီးရယ်၊ ကျွန်တော်လည်း ကျွန်တော့်ဇနီးပေါ်မှာ သစ္စာရှိပါတယ်၊ ဆိုတာ ပြချင်လို့၊ ဒီအချိန်မှ တမင်လက်ထပ်ခဲ့တာပါ၊ ရှင်းရှင်းပြောရရင် ခုလိုဖြစ်လာရမှာကိုလည်း ကြောက်လို့ပါ"

"ကိုဥက္ကာရယ်... ဒီလေးငါးလလေးတောင်မှ မကယ်နိုင်တော့ ဘူးလား၊ မကူညီနိုင်တော့ဘူးလားကွယ်"





ဒေါ်ခင်ခင်ကြီး ငိုတော့လည်း စိတ်မကောင်းမိ။ အခြေအနေကို ရိပ်စားနားလည်လာသော မညွန့်မေကဝင်၍...

"လေးငါးလဆိုတော့ ဒီက ညီမလေး မွေးဖွားပြီးချိန်အထိ ပေါ့နော်"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်ကွယ်။ ဒီအိမ်မှာ ခေတ္တခိုလှုံခွင့် လေး ပေးကြပါ၊ မွေးဖွားပြီးရင်တော့ ကလေးကို သင့်သလိုစီစဉ်ပြီး အမိုက်မကို မမကြီးကိုယ်တိုင် ပြန်ခေါ်သွားမှာပါ"

"ကဲ... ကိုဥက္ကာရယ်... သနားပါတယ်။ ဒီမှာပဲ လက်ခံထား လိုက်ကြရအောင်ပါရှင်။ ကျွန်မတို့ကလေးကလည်း လက်လွတ်တဲ့ အရွယ် ရောက်နေပါပြီလေ"

"ညွန့်မေ နားလည်ကျေနပ်တယ်ဆိုရင် ပြီးတာပါပဲလေ"

"ဘာမကျေနပ်စရာရှိလဲရှင်၊ ကိုဥက္ကာရဲ့ သစ္စာသမာဓိကို ကျွန်မ ယုံပါတယ်။ မြင့်မူမူကိုလည်း ကိုယ်ချင်းစာပါတယ်ရှင်။ သူ ဒီအိမ်မှာ နေပါစေ၊ ကလေးအဖေ အမည်ခံရမယ်ဆိုရင်လည်း ခံလိုက်ပါလို့ ကျွန်မ ကြည်ကြည်ဖြူဖြူ ခွင့်ပေးပါတယ်။ ကဲ... မမကြီးလည်း သမီးကို ထားခဲ့ပါ။ ညီမလေးလဲ စိတ်လက်ချမ်းသာစွာ နေရစ်ခဲ့ပါလို့ ပြောချင် ပါတယ်"

မြင့်မူမူမှာ တင်းမာ၊ မာန်ဝင့်လွန်းသော မျက်နှာထားနှင့် ကျန်ရစ် သည်။ မည်သူ့ကိုမျှ စကားမပြော၊ ဒေါ်ခင်ခင်ကြီးက ကိုဥက္ကာဇနီး မညွန့်မေလက်သို့ ငွေတစ်ထောင် အတင်းပေးပြီး ပြန်လာခဲ့သည်။

"မွေးဖွားချိန်ကျရင် မှာလိုက်ပါ"

ဟူသော နောက်ဆုံးစကားပြောခဲ့သော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူတို့၏အဘွား ဒေါ်ခင်ခင်ကြီးသည် သူ့သမီးငယ်အား သူသေဆုံးသွားပြီးသည့်အချိန်ထိ ပြန်လည်၍ မတွေ့ရရှာတော့...

"ကိုဥက္ကာနှင့် လိုက်ပြေးသွားပြီ"

ဆိုသော ပတ်ဝန်းကျင်သို့ သတင်းလွှင့်ရန်နှင့် စိတ်ကြီးသော ဖခင်ကိုတင်ပြရန် ဒေါ်ခင်ခင်ကြီး စီစဉ်ခဲ့သော်လည်း...

ကြေးနန်းမလာ၊ စာမလာသဖြင့် စိတ်ထင့်ပြီး မွေးဖွားချိန်လွန်ပြီး လောက်သည့်အခါ ဒေါ်ခင်ခင်ကြီးကိုယ်တိုင် လက်ပံကုန်းကျေးရွာသို့ လိုက်ခဲ့သည်။

"အိမ်မှာပဲ နေပါရစေ၊ အိမ်မှာပဲ မွေးပါရစေလို့၊ ပြောခဲ့တာကို လုံးဝ လက်မခံဘဲ ဒီကိုပို့ထားတဲ့ မိဘတွေကို သူ သိပ်စိတ်နာတယ်တဲ့။ သူ့အိမ်ကိုမှာလို့ လိုက်လာကြရင် အဆိပ်သောက်သတ်သေပစ်မယ် ဆိုလို့ မမှာဘဲ နေခဲ့ရတာပါ"

"အတော်ပဲ ခက်ခက်ခဲခဲမွေးရပြီး ကလေးက သေဆုံးသွား ပါတယ်။ သူလည်း နိုင်ငံခြားကိုရောက်အောင် လိုက်သွားမယ်။ သူ့ခြံကြီးကို ဘယ်တော့မှ မပြန်တော့ဘူးလို့ ပြောပြီး၊ လ,မလဲခင် ထွက်သွားတာ။ မမကြီးနဲ့ တစ်ပတ်ပဲလွဲပါတယ်ရှင်"

ဘာမှ မတတ်နိုင်တော့...

'ဘာလေးမွေးလဲ'ဟုပင် မမေးဖြစ်ခဲ့တော့ပါဘဲနှင့် ဒေါ်ခင်ခင် ကြီးမှာ မျက်ရည်စက်လက်နှင့် ရန်ကုန်သို့ ပြန်ခဲ့ရသည်။

"အမိုက်မ တစ်နေ့ပြန်လာမှာပါ"

ဆိုသော မျှော်လင့်ချက်ကို သူ၏ နောက်ဆုံးအချိန်အထိ ထားရှိ သွားရှာသေးသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ရွေ့ရလျောလာသော အချိန်ကာလထဲတွင် ဦးမောင်မောင်မြင့်နှင့် ဒေါ်ခင်ခင်ကြီးတို့ ကွယ်လွန်ခဲ့ရသည်။

နောက်... မျိုးဆက်အသစ်ဖြစ်သော ဦးသက်မောင်နှင့် ဒေါ်မြင့်ဖြူဖြူတို့မှာ ဤခြံကြီး၏ အရှင်သခင် ဖြစ်လာကြပြီး သမီးလေး မိုးပွင့်ဖြူနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ရာမှ ချစ်မေမေ ဒေါ်မြင့်ဖြူဖြူပါ အရွယ်မတိုင်ခင် ကွယ်လွန်ခဲ့ရရှာသည်။

စာပေအနုပညာလောကတွင် 'သက်မောင်'ဟူသော ကလောင် အမည်နှင့် အောင်မြင်ဆုံး၊ ငွေဝင်ဆုံးအချိန် ဖြစ်ပါ၏၊ အသက်မှာ လေးဆယ့်နှစ်နှစ်မျှသာ ရှိသေးသည်။

ယောကျ်ားတစ်ယောက်အနေနှင့် ဘဝသစ်တစ်ခုကို တည် ဆောက်ရန် အရွယ်ကောင်းချိန်ပါ၊ သူ့ကို နီးစပ်ရန် ချိန်ရွယ်သော အမျိုးသမီးများစွာထဲမှ ရုန်းထွက်ပြီး...

"မမတင့် ကျွန်တော်နဲ့ လာနေပေးပါ။ သမီးအတွက်ပါ ကျွန်တော့်ရဲ့သမီးလေးကို မိထွေးရဲ့မေတ္တာမဲ့တဲ့ အပူတောထဲမှာ မထားချင်ဘူး။ ကျွန်တော့်ဘဝ ခြောက်သွေ့ခဲ့ပြီး သမီးလေးဘဝ စိုပြည် အောင် ထားမယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ မမတင့်"

မုဆိုးမဒေါ်တင့်တင့်မှာ အိမ်ထောင်သည်သားနှစ်ယောက်နှင့် မနေချင်ချိန်ပါ။ ချွေးမများနှင့် နေရမည့်အစား မောင်အရင်း၏အိမ်မှာ စိမ် အုပ်ချုပ်ပေးရသည်က သူ့ဘဝအတွက် အဆင်ပြေလှသည်ဟူသော အတွေးနှင့်အတူ မောင်နှင့် တူမလေးပေါ်သို့ မေတ္တာစေတနာများစွာ ကျရောက်ရင်းက တစ်အိမ်လုံးကို ထိန်းပေးခဲ့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အရွယ်ရောက်လာသော တူမလေးကို အသေးစိတ် သွန်သင်ပြသခြင်းဖြင့် မိုးပွင့်ဖြူသည် တဘက်က ကျောင်းပညာမှာ ဘွဲ့ရအောင်သင်ပြီးခဲ့သလို တဘက်ကလည်း မြန်မာအမျိုးသမီးပီသလွန်းသော အိမ်ရှင်မလောင်းကောင်းတစ်ယောက် ဖြစ်စေရန် အနုစိပ် ပုံသွင်းထားပြီး ဖြစ်ချေသည်။

မိုးပွင့်ဖြူ မြန်မာစာအဓိကဖြင့် ကျောင်းပြီးစအချိန်တွင် စာရေးနိုင်းသည်။

သမီးကို သူ့လို ပရိသတ်ချစ်သော စာရေးဆရာတစ်ယောက် ဖြစ်လာရန် ရည်ရွယ်၍ မြန်မာစာယူခိုင်းပြီးမှ ဝတ္ထုကို စမ်းရေးစေသည်။

မိုးပွင့်ဖြူ ကြိုးစားပမ်းစားရေးသော ဝတ္ထုကို စူးစိုက်သော အာရုံဖြင့် အသေးစိတ် ဖတ်ကြည့်ပြီး...

"ဖတ်လို့တော့ကောင်းတယ်... ပရိသတ်ကို တင်ပြလောက်အောင် မထိုက်တန်သေးဘူး"

ဟူသော မှတ်ချက်များဖြင့် ပယ်ချခံခဲ့ရသည်။

အားလပ်လေ စိတ်လေ့လေ ဟူသော ခံယူချက်ဖြင့် သမီး၏ အားလပ်ချိန်ကို ဘာနှင့်အစားထိုးပေးရပါမလဲဟူသော အရိပ်ကြည့်စိတ်ဖြင့် တွေးနေမိဆဲ...

"သမီး စောင်းတီး သင်ချင်တယ် ဖေဖေ"

ဦးသက်မောင်၏ မျက်နှာမှာ ပီတိရည်များ ရွှန်းစိုလာသည်။ ကြည်နူးမှုအပြုံးဖြင့် ဝင်းပကြည်လွှင်လျက်ပါ။





"အေး... အသင့်တော်ဆုံးဖြစ်မယ့် စောင်းဆရာကို ဖေဖေကိုယ်တိုင် ရှာပေးမယ်"

ထာဝရမော့ပန်းနေတတ်သော ဖေဖေမှာ အလုပ်တိုက်သို့ မသွားနိုင်ခဲ့သည်မှာ ကြာပြီ။ အိမ်၌သာ ဆရာဝန်ညွှန်ကြားချက်အတိုင်း အနားယူရင်း လုပ်ငန်းများကို ဦးဆောင်စီစဉ်နေရချိန်ပါ။

"ယဉ်ကျေးမှုဌာနမှ စောင်းနည်းပြဆရာကြီး ဦးဥက္ကာ"

ဆိုသော အမည်ကို ကြားရစဉ်ကပင်...

"ဦးဥက္ကာများ ဖြစ်နေမလား"

ဟူသော အတွေးဖြင့် သတိတရရှိနေခဲ့သော်လည်း အလုပ်၌ နှစ်နေသဖြင့် မရှာဖွေနိုင်ခဲ့။

ဂျူဗလီဟောသို့ ပထမဆုံးသွားသည်။ အဆိုများ၊ အကများ၊ အတီးများ သင်နေကြသည့် ဌာနဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များကို မေးကြည့်သည့်အခါ...

"ကဇာတ်ဘက်မှာ မေးကြည့်ပါ၊ မရှိတော့ဘူးထင်တယ်"

ဆိုသော မတိကျသည့်အဖြေကို သယ်ဆောင်လျက် ကဇာတ်ဌာနရှိရာ ဂေါ်ဒွင်လမ်းဘက်သို့ လိုက်ခဲ့ရသည်။

သည်မှာဘက်တွင်ဖြင့် ကဇာတ်ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကို မြင်ရသည်။ တာဝန်ကြီး၍ စည်းကမ်းရှိလှပါ၏။

ကင်းတဲလေးမှစောင့်ရသည်။ ညနေချိန်က နေ့လည် ဆယ့်တစ်နာရီခွဲဆို၍ ဦးသက်မောင် နောက်တစ်နေ့ ထပ်၍လာရှာရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးတုန်းကတော့ ဒီမှာ တာဝန်ထမ်းဆောင်ပါတယ်။ အခုတော့ အသက်ကြီးလို့ အငြိမ်းစားယူသွားပါပြီ။

သူက ကမာရွတ် လှည်းတန်း ထန်းတစ်ပင် အနောက်ပိုင်းမှာ နေပါတယ်၊ လိပ်စာက ဒီမှာပါ"

ဟူသော စေတနာပါသည့် အဖြေကို ရရှိခဲ့ပါ၏။

ဆက်တိုက် မသွားနိုင်သေး။ နောက်တစ်နေ့တွင်မှ ဦးသက်မောင်သည် ကမာရွတ်သို့ လိုက်သွားခဲ့ပါ၏။ မြေလမ်း အကွေ့အဝိုက်လေးများစွာကို ဖြတ်သန်းပြီးမှ ဆွေးမြည့်စပြုနေသော ပျဉ်ထောင် အိမ်ငယ်လေးတစ်လုံးကို တွေ့ရှိရသည်။

အနှစ်နှစ်ဆယ်ကျော်...

ဆိုသော အချိန်သည်များကို ဖြတ်သန်းလာခဲ့သော်လည်း ပြန်လည်၍ တွေ့ရှိကြချိန်မှာ ကြားကာလများ ပျောက်ဆုံးသွားသည်။

ခွဲခွာချိန်နှင့် ပြန်လည်တွေ့ဆုံချိန်တို့မှာ နီးကပ်စွာ ရှိနေသည့်သို့ပင် ခင်မင်ညှာတာမှု မေတ္တာတရားများက ယခင်အတိုင်းသာ...။

ဦးသက်မောင်က ငါးဆယ်ကျော်အရွယ်၊ ဦးဥက္ကာက ခြောက်ဆယ်ကျော် ရွယ်ပါ၊ ဦးဥက္ကာမှာ ရုပ်ရည်များစွာ ကျဆင်း အိုဓာနေပါပြီ...

"ကျွန်တော့်ကို ခုလို သတိတရ လိုက်ရှာတာကို ကျေးဇူးတင်ဝမ်းသာပါတယ် ကိုသက်မောင်ရယ်... မမကြီးတို့ရော မြင့်ဖြူဖြူပါ သေဆုံးကြကြောင်း ကြားရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး ကျွန်တော့်ဇနီး မညွန့်မေလည်း ဆုံးရှာပြီ"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ခု ဘယ်သူနဲ့နေလဲ"

"တပည့်လေးတွေနဲ့ပါ"

"ဦးဥက္ကာ သွားနိုင်လာနိုင်သေးရဲ့လား"

"လူကျပေမယ့် သန်မာဆဲပါပဲဗျာ... မြို့ထဲလည်း ဒီလိုသွားလာနေတာပါပဲ။ တီးဖို့ ပွဲလမ်းသဘင်ရှိလည်း သွားနေကျပါ။ စိတ်ချပါ၊ သမီးလေးတတ်တဲ့အထိ ကျွန်တော်ကိုယ်တိုင် လာသင်ပေးပါ့မယ်။ အဖိုးစားနားတော့ မယူပါရစေနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ။ ပညာတန်ဖိုးက ဖြတ်မရပေမယ့် လုပ်အားတန်ဖိုးတော့ ကန်တော့ဦးမှပေါ့။ ဦးဥက္ကာက စေတနာနဲ့ သင်ပေးတာလို့ သဘောထား၊ ငွေကြေး မသတ်မှတ်နဲ့လေ၊ သမီးကလည်း သူ့စေတနာရှိသလို ကန်တော့ပါလိမ့်မယ်ဗျာ။

"များများစားစားတော့ မလုပ်ကြပါနဲ့ဗျာ"

ဦးသက်မောင်က ပြုံးနေရှာသည်။

"ဒါနဲ့ ကျွန်တော်တို့ရွာ လက်ပံကုန်းကနေပြီး တစ်ခါတည်း ပျောက်သွားလိုက်တဲ့ မြင့်မူမူနဲ့ရော အဆက်အသွယ်ရကြသေးလား"

"သေလားရှင်လား ဒီနေ့ထက်ထိ မသိကြရတော့ပါဘူး"

"အင်း... ဘယ်လိုပဲ မိုက်တယ်ဆိုပေမယ့် သနားစရာတော့ ကောင်းသား ကိုသက်မောင်ရယ်"

"ဒါပေါ့လေ... သိပ်အလိုလိုက်ခဲ့ကြတယ်။ ခေတ်မီတယ်ဆိုတာကို လိုက်ယူကြတယ်။ မြန်မာ့ယဉ်ကျေးမှုက လွတ်ထွက်တော့ ဘဝပါပျက်ရော"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်ပါတယ်"

"ဒါကြောင့် ကျွန်တော့်သမီးကို ကျွန်တော်ကိုယ်တိုင် ထိန်းနေတာပါ။ မြန်မာမှု အနုပညာရပ်ကို သိပ်စိတ်ဝင်စားစေချင်တယ် ဦးဥက္ကာ"

"စိတ်ချ... ကျွန်တော့်ဘက်က စိတ်သာချပါ ကိုသက်မောင်"

"ဒါနဲ့ မြင့်မူမူ မွေးသွားတဲ့ကလေးဟာ ယောကျ်ားလေးလား"

"မိန်း... မိန်းကလေးပါ"

"ဘယ်အရွယ်ဆုံးတာလဲ"

"မွေးပြီးတုန်းကပါ"

"နှမြောစရာပဲ။ ကဲ... ကျွန်တော်ပြန်မယ် ဦးဥက္ကာ။ ရောဂါဝေဒနာနဲ့ ဘယ်မှသွားနိုင်လာနိုင်တာ မဟုတ်ဘူး။ သမီးရဲ့ကိစ္စမို့သာ ထွက်လာရတာ။ ဦးဥက္ကာကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"ကျွန်တော်ကလည်း ဒီလိုပါပဲ ကိုသက်မောင်ရယ်။ စိတ်ချ။

သန်ဘက်ခါ နေ့လယ် ဆောင်းပါပို့ကြပြီး အရောက်လာခဲ့မယ်"

အဘဥက္ကာ ဤခြံမြေသို့ ပြန်လည်ခြေချလာခဲ့ခြင်း၏ နိဒါန်းခရီးအတွက် မေမေ့လက်ထက်မှစ၍ သိပြီးသော ဇာတ်လမ်းများကိုပါ မိုးပွင့်ဖြူမှာ ဆက်စပ်တွေးတောနေမိပါ၏။

■ ■ ■



## အခန်း ။နှစ်။

'နေလင်းဝေ'၏ အငှားလေးဘီးကား ခြံဝင်းထဲသို့ ဝင်လာလေမှ ဆောင်းကို စင်ပေါ်တင်ပြီး သံတံခါးကို တွန်းဖွင့်ပေးလိုက်ရသည်။

"ဆရာ အပေါ်မှာလား"

"ဆင်းလာတော့မှာပါ"

နာရီကို နှစ်ယောက်လုံး ကြည့်မိကြသည်။

နှစ်နာရီထိုးရန် ငါးမိနစ်...

နေလင်းဝေက စိတ်ပေါ့ပါးသွားဟန်ဖြင့် လွတ်လပ်စွာ ပြုံးလိုက်သည်။

ဦးသက်မောင်က သူ့ကို စောင့်ကြိုမနေစေချင်၊ သူစောင့်နေကြောင်းသာ ဦးသက်မောင် မြင်စေချင်သော နေလင်းဝေက...

"တော်ပါသေးရဲ့။ ငါးမိနစ်စောရောက်လို့"

"ရပါတယ်။ နောက်ကျလည်း ဖေဖေက ဘာမှမပြောပါဘူး"

"ဘာမှတော့ မပြောပါဘူး။ ဒါပေမယ့်... ကျွန်တော်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း နာရီကို လှမ်းကြည့်ပြတာ အဆူအရိုက်ခံရတာထက်တောင်ကြောက်သေးတယ်"

နေလင်းဝေ၏ စကားနှင့်အတူ နှစ်လိုဖွယ်ရာ ရယ်မောသံပါ ရောယှက်ထွက်ပေါ်လာပါ၏။

"မိုးပွင့်ဖြူ"

"ဟုတ်ကဲ့..."

"ဒီနေ့တော့ ဝမ်းသာစရာသတင်းပဲ"

"ဗဟိုတက်သွားတဲ့စာမူ ခွင့်ပြုလိုက်ပြီလား"

"ဟင့်အင်း... စိစစ်တုန်းပါ"

"ဝင့်ဝါဝါနဲ့ စာချုပ်တော့မလို့"

"ဟုတ်လား။ ဘယ်နှအုပ် ပေးမှာတဲ့လဲ"

"ဆယ်အုပ် ချုပ်ချင်တာ။ စာရေးဆရာမ ယောက်ျားက ငါးအုပ်လုပ်ပါဆိုပြီး ဝင်ရှုပ်နေလို့။ ဒါပေမယ့်... ရမှာပါ။ ဆရာသာ အက်(ဒ)ဗန့်(စ) ဘယ်လောက်ပေးမလဲ မသိဘူး"

"ဝင့်ဝါဝါ နာမည်တက်လာတယ်နော်...။ အခုထောင့်ခုနစ်ရာ လောက် ပြတ်နေပြီ။ ဒီတိုက်ရိုက်နဲ့ တင်လိုက်ရင် တက်သွားမှာပါ"

ညင်သာသော လှုပ်ခတ်သံကြောင့် လေကားကို မော့ကြည့်မိကြသည်။

ဦးသက်မောင်က လေးနက်တည်ငြိမ်သော ခြေလှမ်းများဖြင့် လှေကားထက်မှ သက်ဆင်းလာနေပါ၏။

ဆယ့်နှစ်နာရီတီတီမှာ ထမင်းစားပြီး ခဏနားသည်။ ၁ နာရီ





တီတီတွင် တရားထိုင်ပြီး ၂ နာရီတီတီတွင် ပြီးဆုံးပါ၏။ အားလုံး နာရီနှိုးသံနှင့် အကိုက် အလုပ်လုပ်နေသော ကိုသက်မောင်...

"စီပြီးသား သုံးဖောင်ပါ ဆရာ"

သူတို့နားအရောက်တွင် နေလင်းဝေက မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ဖြင့် စာရွက်များကို လှမ်းပေးလိုက်သည်။ စက်ပရူ(ဖ) မဟုတ်သေး။ လက်နှင့်ထုတ်ထားသော စာဖောင်ကြမ်းသုံးဖောင် ဝတ္ထုစာမျက်နှာ ၄၈ မျက်နှာစာ ဖြစ်ပါ၏။

"အေး... သမီး ပြင်ပြီးရင် ဖုန်းဆက်လိုက်လိမ့်မယ်လေ၊ ဘယ်တော့ဖောင်ပိတ်မလဲ"

"စီတာတော့ ပြတ်သွားပါပြီ။ နက်ဖြန်ညနေ သို့မဟုတ် သန်ဘက်ခါ နေ့လယ်လောက် ပိတ်နိုင်ပါပြီဆရာ"

"ဒါပြီးရင် ဓမ္မဒါန ဝင်မယ်နော်"

"အားလုံး စီစဉ်ပြီးပါပြီ ဆရာ"

ဦးသက်မောင်သည် ဖွေးနေသော ပိတ်ရှပ်အကျႌထဲမှ မျက်မှန်ကို ထုတ်ပြီး ပုံနှိပ်တိုက်မှ စာကြမ်းများကို ကြည့်နေသည်။ တစ်လုံးချင်း မဟုတ်၊ မျက်နှာအလိုက် အကြမ်းဖျင်းကြည့်ပြီး...

"ရော့...သမီး"

ဟု တာဝန်ပြောင်းပေးလိုက်သည်။ ဤဝတ္ထုမှာ နက်ဖြန် သို့မဟုတ် သန်ဘက်ခါအပြီးပြတ် ရိုက်နှိပ်မည်ဆို၍ ဤစာဖောင်များကို ချက်ချင်းဖတ်ရန် ညှော်ခန်းထိပ်ဝမှ စားပွဲဆီသို့ မိုးပွင့်ဖြူ ထလာခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ "မျိုးဆက်မောင်"၏...

"ရင်မှာနာတဲ့ ချစ်ငှက်ငယ်"

စာမူလက်နှိပ်စက်ကော်ပီကို လှန်၍ မိုးပွင့်ဖြူ တိုက်ရိုက်ဖတ်သည်။ ပရု(ဖ)ဖတ်သည်၊ စာပြင်သည်ဟူသော စာပုံနှိပ်စက်၏ အလုပ်တာဝန်ကို မိုးပွင့်ဖြူ လုပ်တတ်နေပြီ၊ လုပ်ရသည်။

"ဝင့်ဝါဝါကိုရဖို့ ကျွန်တော်လိုက်နေတာ ကြာပါပြီ။

"ဒီနေ့တော့ အသေအချာ စကားပြောခဲ့ပါပြီ ဆရာ၊ ရမယ်တဲ့"

"သူ့ကို စတင်ပေးတဲ့တိုက်မှာ ဘာဖြစ်လို့လဲ"

"နိမ်လို့တဲ့"

"မင်းကို ပေးမယ်ဆိုတော့ ဟိုတိုက်က ကျေနပ်ပါ့မလား"

"သူတို့စာချုပ် စေ့သွားပါပြီ။ ကျွန်တော် မရလည်း... အခြားဝိုင်းနေတဲ့ စာပေတစ်တိုက်တိုက်က လက်ဦးသွားမှာပဲ"

"ကိုယ့်ကြောင့် သူတစ်ပါးစီးပွား ပျက်စီးထိခိုက်တာမျိုး မဖြစ်ပါစေနဲ့"

"မဖြစ်စေရပါဘူး။ သူတို့ကိုယ်တိုင် လိုလိုလားလား ဒီတိုက်ကို ကူးလာချင်တာပါ"

"ဘယ့်လောက်လဲ"

"နှစ်ဆယ်ရာခိုင်နှုန်းနဲ့ ပြောခဲ့ပါတယ်"

"အင်း"

"စောင်ရေ ငါးရာတက်တာနဲ့ ငါးရာခိုင်နှုန်း တိုးပေးမယ်လို့လည်း ပြောခဲ့ပါတယ်"





ဝင့်ဝါဝါ၏ လက်ရှိစာမူခကို ဦးသက်မောင် တွက်ကြည့်လိုက်သည်။ နှစ်ဆယ်တန်စာအုပ် နှစ်ထောင် ရိုက်နေရပြီမို့... လေးသောင်းပေါ်တွင် နှစ်ဆယ်ရာခိုင်နှုန်းနှင့်ဆိုလျှင် ရှစ်ထောင်ပေးရပေမည်... မဆိုးပါ။

"ကြိုတင်ငွေ ဘယ်လောက်တောင်းလဲ"

"ဝင့်ဝါဝါ ယောကျ်ားကတော့ ငါးသောင်းလောက် လိုချင်ပုံရတယ်။ ကျွန်တော်ကတော့ စကားကျွံမခံခဲ့သေးပါဘူး။ ဆရာ့သဘောအတိုင်းပါ"

"ငါးသောင်း မများဘူးလား"

"များပါတယ်၊ ကျွန်တော်ကတော့ နှစ်လောက်၊ သုံးလောက်ပဲ ပေးချင်တယ်။ ဒါပေမယ့် ဝင့်ဝါဝါယောကျ်ားက ကားစီးချင်နေပြီ"

"ဆန္ဒများလာရင် သစ္စာလျော့လာတတ်တယ်"

"ဝင့်ဝါဝါကတော့ သစ္စာရှိပုံရပါတယ်။ ရိုးလည်းရိုးသားပါတယ်။ တက်နေတဲ့ နာမည်တော့ ဖျက်မှာ မဟုတ်ပါဘူးဆရာ။ စာချုပ်ကိုလည်း အပိုင်ချုပ်မှာပါ"

"အင်း... အနုပညာသမားတစ်ယောက်ဟာ အနုပညာစိတ်မကုန်ခမ်းသရွေ့၊ သူ့ အနုပညာကို သူမြတ်နိုးနေသရွေ့၊ ဘယ်တော့မှ သစ္စာမဖျက်ကြပါဘူး။ သိပ်တင်းကျပ်တဲ့ စာချုပ်မျိုး မချုပ်ပါနဲ့မောင်နေလင်း။ ငွေတော့ သုံးသောင်းပေးဖို့ ညှိကြည့်ပါ။ မဖြစ်လည်း... ငါးသောင်းပေးလိုက်ပေါ့"

"ဟုတ်ကဲ့... ဆရာ၊ ဆယ်အုပ်ရအောင်တော့ ကျွန်တော်ပြောပါ့မယ်။ တစ်အုပ် သုံးထောင်ဖြတ်တဲ့နှုန်းနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ့်အုပ်ရေတော့ ညှိပြီး စာချုပ်လေ။ ငွေကိုတော့ သူ လွတ်လွတ်လပ်လပ် ဆပ်ပါစေကွယ်။ သုံးထောင်မက ဆပ်ချင်လည်း ဆပ်ခွင့်ပြုလိုက်ပါ။ ငွေလိုလို့ မဖြတ်ပါနဲ့ဆိုတဲ့ အုပ်ကျရင်လည်း စာမူခ အပြည့်ပေးလိုက်ပါ"

"စိတ်ချပါ... ဆရာ။ ဆရာ့စေတနာကြောင့် ကျွန်တော်တို့ တိုက်ကို ရောက်လာတဲ့ စာရေးဆရာတိုင်း စိတ်ချမ်းသာကြရပါတယ်"

"ဆရာကိုယ်တိုင်က အနုပညာသမား တစ်ယောက်ပါ မောင်နေလင်း"

အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး '**သက်မောင်**'ဆိုသော ဦးသက်မောင်သို့ နေလင်းဝေ လေးစားစွာကြည့်ပြီး ခေါင်းညိတ်မိပါ၏။

"ငွေဘယ်တော့ယူမလဲ"

"ဒီကအပြန် သူတို့ဆီဝင်ပြီး မေးပါ့မယ်"

"နက်ဖြန်ကစပြီး ကြိုက်တဲ့အချိန်ယူလေ"

"ဟုတ်ကဲ့... ဆရာ"

"တိုက်မှာရော ဘာထူးခြားသေးလဲ"

"နယ်ကို အမှာစာခေါ်ထားတဲ့ မျိုးဆက်မောင်ရဲ့ အမှာစာတွေ ဒီနေ့ နှစ်ဆယ့်ရှစ်စောင် ထပ်ဝင်ပါတယ်။ မိုးပွင့်ဖြူဆီမှာ စာရင်းသွင်းဖို့ ပေးခဲ့ပါမယ်"

"အင်း"

"နောက် ခဲစာလုံးလဲဖို့ကိစ္စ ဘယ်တော့ လဲရမလဲ... ဆရာ"





"ဆရာ့ တရားစာအုပ်ပြီးရင် လုပ်လေ"

သူတစ်ပါးကို လျှောက်ဝေမည့် တရားစာအုပ်ကို အလကား ရိုက်ပေးရသည့်အတွက် မပြောရဲ၍သာ ငြိမ်နေရသည်။ တစ်ခါ... တစ်ခါတော့ ဆရာ၏ ဒါနနှင့် ကူညီမှုက များလွန်းလှသည်ဟု လူငယ်အမြင်နှင့် နေလင်းဝေ တွေးမိသည်။

"အခြား ဘာပြောစရာရှိသေးလဲ"

"ပြီးပါပြီဆရာ"

"ဒါဖြင့် နေ့လယ်စာစားပြီး ပြန်တော့လေ"

"ဟုတ်ကဲ့ဆရာ"

ဦးသက်မောင်က မိုးပွင့်ဖြူထားမှ ဖြတ်လျှောက်ပြီး စာကြည့် ခန်းတွင်း ဝင်သွားသည်။ လေးနာရီမထိုးမီက သူ၏စာဖတ်ချိန်...

ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူစာဖတ်မည်... နေ့လယ် စာအဖြစ် လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့်ကင်တစ်ချပ်က သူ ဆင်းလာပြီးတည်းက ရောက်နှင့်နေလေပြီ။ လေးနာရီမှာ ထိုအခန်း တွင်းမှထွက်ပြီး ခြံတွင်း၌ လမ်းလျှောက်သည်။ လမ်းလျှောက်ရပ်လျှင် လည်း မတ်တတ်နေပေမည်။ သူလုံးဝမထိုင်တော့။ ငါးနာရီတွင် ပြန်ဝင်လာပြီး ညနေစာ စားသုံးမည်...

ညနေနှင့် ည၌ဦးပိုင်းတော့ သတ်မှတ်ချက်မရှိတော့၊ ဧည့်သည် လက်ခံတွေ့ဆုံသည်။ နိုင်ငံခြားသတင်း နားထောင်သည်။ တစ်ခါ တစ်ရံ တယ်လီဖုန်းဆက်၍ မိတ်ဆွေများနှင့် နာရေးသာရေး ဆွေးနွေး မည်။ အလုပ်ကိစ္စ ညနေပိုင်း၌ မလုပ်တော့။ ညပိုင်း ဘုရားရှိခိုးပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းတွက်ချက်တတ်သည်။ စာမဖတ်ဘဲ သူမအိပ်တတ်။ အိပ်ရာထဲ၌ အိပ်ခါနီးတိုင်း တရားမှတ်ပြီးမှ အိပ်ပျော်တတ်ပါ၏။

"ပြန်ပြီ မိုးပွင့်ဖြူ"

"ကြာဆံဟင်း သောက်လို့ကောင်းရဲ့လား... ကိုနေလင်းဝေ"

"သိပ်ကောင်းတယ်၊ မိုးပွင့်ဖြူချက်တာဆို"

"ဟုတ်ပါတယ်... တိုက်ကိုပြန်မှာလား၊ ဒီမှာ နှစ်ဖောင် ယူသွားလို့ရပြီ"

"တိုက်မပြန်ဘူး။ ဒီနေ့ အင်္ဂါနေ့လေ၊ အစည်းအဝေးမှာ တင်ထားတဲ့ ဘာသာပြန်စာအုပ်များ ကျမလားလို့... စာပေစိစစ်ရေးရုံးကို သွားစောင့်လိုက်အုံးမယ်"

"ဒါဖြင့် ဖုန်းနဲ့ပဲ အစ်ကိုလှမြင့်ကို ပြောလိုက်တော့မယ်လေ"

"ကိုလှမြင့်က တကယ်စိတ်ချရပါတယ်"

တိုက်ထိုင်အယ်ဒီတာ စာပြင်ဆရာ 'ကိုလှမြင့်'မှာ အလုပ်ကိုရိုသေပြီး ရိုးသားလွန်းသော်လည်း လုပ်ငန်းလာဘ်မမြင်ရှာကြောင်း မိုးပွင့်ဖြူနှင့်ပြောကြပြီး နေလင်းဝေ နှုတ်ဆက်ပြန်သွားတော့သည်။

ကိုလှမြင့်မှာ ဖေဖေ၏တူအရင်းဖြစ်သည်။

ငွေကြေးကိစ္စ၊ အလုပ်ကိစ္စ စိတ်ချရလွန်းသောသူပါ။

ဖေဖေမှာ... အလုပ်ကိစ္စ၌ စည်းစနစ်ကျပြီး လုံးလဝီရိယ ခွန်အားကြီးမားလွန်းသောသူဟု သူ့အသိုက်အဝန်းမှာ မှတ်တမ်းတင်ထားကြလေသည်။

ဖေဖေသည် ပန်းနုရင်ကျပ်သည်တစ်ယောက်လို အသက်ရှူကျပ်ပြီး မောပန်းနေတတ်သဖြင့် ဆရာဝန်က...





"အနားယူပါ"

ဆိုသောစကားအပြင်၊ သူကိုယ်တိုင်ကလည်း အားကြိုးမာန်တက် မဆောင်ရွက်နိုင်တော့၊ မဆောင်ရွက်ချင်တော့၍...

"အလင်္ကာစာပေ ထုတ်ဝေဖြန့်ချိရေး" နှင့် "အလင်္ကာပုံနှိပ်တိုက်" ကြီးကို အဝေးမှသာ ဦးစီးနေတော့သည်။

ဘွဲ့ရပြီးစ တစ်ဦးတည်းသော သမီး၊ မိုးပွင့်ဖြူကို စင်မတင်သေးသော်လည်း အနုပညာစာပေဇာတ်ခုံ၏ နောက်ဘက်ပိုင်း၌ အသေးစိတ်လေ့လာသင်ကြား၍ စိတ်ဝင်စားအောင် အလုပ်များ ပေးထားခဲ့သည်။

မိုးပွင့်ဖြူမှာ ဖခင်မြတ်နိုးသော အနုပညာကို အပင်ပျိုးပေးရန်မလို၊ ရင်မှာ ရင်သန်ပွင့်ဝေနေပြီဖြစ်ကြောင်း တွေ့လာရသည်။ ဤအချက်ကို ဦးသက်မောင် အားတက်ဆုံးဖြစ်၏။

အနုပညာမျိုးစေ့လေးမှာ မပွင့်သေး၊ မဝေသေးသော်လည်း ဖူးနေ ငုံနေပါလေပြီ...

မိုးပွင့်ဖြူ၏ ဘဝအတွေ့အကြုံနှင့် ရင့်ကျက်မှုဆိုသည်များမှာလည်း... ငုံရုံအဆင့်၌သာ ရှိသေးကြောင်း ဦးသက်မောင်သိသည်။ သမီး၏ လှမ်းနေဆဲဘဝလမ်းဘေးမှာ ဦးသက်မောင် ထာဝရ လိုက်ပါရင်း...

အနုပညာလုပ်ငန်းများကို စတင်ဆောင်ရွက် စေခိုင်းနေချိန်မှာ...

ရိုးသားသောတူက ပုံနှိပ်တိုက်မှာ စက္ကူတစ်စ မင်တကော်က အစ မလေမလွင့်ရအောင် စိတ်ချနေရသည်။

ပြင်ပဆက်သွယ်ရေးတော့ မတုတ်ကျွမ်းရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်မောင်၏ စိတ်တိုင်းကျနီးနီး ထက်ထက်မြက်မြက် ဆောင်ရွင်နိုင်စွမ်းရှိသည့်သူမှာ သူ့တပည့်ရင်း...

နေလင်းဝေ... ပါတည်း...

■ ■ ■



## အခန်း ။သုံး။

အာနန္ဒာစေတီ ေ ဉ်အတွင်းမှ ကျောက်ထွင်းရုပ်တုများတွင် စောင်းကောက်တီးနေပုံ ရုပ်ကြွရုပ်လုံးများကို တွေ့ရ၍ စောင်းဟူသော တူရိယာသည် ပုဂံခေတ်တွင် ပေါ်ပေါက်နေပြီးဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်းကိုးရာ တစ်ထောင်ခန့်လောက်ကပင် တီးခတ် နားဆင်နေကြပြီဖြစ်ကြောင်း သိမှတ်နိုင်ပါ၏။

ရှေးက စောင်းကို ပိုးကြိုး ၇ ကြိုးဖြင့်သာ တီးခတ်ရာမှ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားဘုရင်မင်းမြတ်က...

"မောင်စ,ရယ် ခုနစ်ကြိုးတည်းကြားရတာ နားမအီမသာ ဖြစ်လှတယ်။ နောက်ထပ်များ တိုးတက်မချဲ့ထွင်နိုင်တော့ဘူးလား"

ဟူသော အမေးကြောင့် မြဝတီမင်းကြီးဦးစ,သည် ၁၃ ကြိုး တပ်နိုင်အောင် ပညာသည်များနှင့် တီထွင်ကြံဆ လုပ်ဆောင်ခဲ့ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စောင်းကို စိတ်ဝင်စားသော နှန်းတွင်းဂီတစာဆိုတော်ကြီး ဦးစသည်...

ပိတောက်ကိုတဲ့ မ,တယ်(တည်)

ရှားကောက်ခွေခွေနှင့်

သမင်ရေ အပေါ်ဖုံးပါလို့

ဆယ့်သုံးပင် ခင်ဝါပိုးကို

မှင်ရိုးမှာတွယ်

ကြိုးဖျားက ပန်းပွားသွယ်

ခြယ်လှယ်လို့စုပေါင်း

ဒူတေထံတျာနှင့်

မြည်ရှာလေ ပြည်စုံမက်တယ်

နန်းတော်ထွက်စောင်း...

ဟူ၍ စောင်းတည်ဆောက်ပုံကို စပ်ဆိုခဲ့ပါ၏။

စောင်းအိုးကို ပိတောက်သားနှင့် ထွင်းရပြီး ကောက်နေသည့် လက်ရုံးနေရာကို ရှားသားနှင့် ပြုလုပ်တပ်ဆင်ရပါ၏။ ကိုယ်ထည် အပေါ်က သမင်၏သားရေနှင့် ဖုံးအုပ်ပြီး သားရေကို နတ်သမီးပေါက်ဆိုသော အပေါက်များ ဖောက်ထားသဖြင့် တီးခတ်သည့်အခါ စောင်းအိုးမှတစ်ဆင့် သာယာငြိမ့်ညောင်းသော သံစဉ်များ ထွက်လာနိုင်သည်။

ကိုယ်ဝန်ဆောင် သမင်မ၏ ဝမ်းဗိုက်ရေမှာ စောင်းအတွက် သုံးရန် အကောင်းဆုံးဖြစ်သဖြင့် တကူးတက ရှာဖွေကြရသည်။ ထို ဝမ်းရေသည် တင်း၍ ပါးနေသောကြောင့် ဖြစ်ပါ၏။





ထိုအပေါ်တွင် ခင်တန်ဆိုသော အတန်းငယ်ကိုကပ်ပြီး ထိုခင်တန်မှ အပေါက်များဖောက်၍ စောင်း၏ကောက်နေသောနေရာတွင် ကြိုးများ သွယ်ယှက်ထားရလေသည်။

ရှေးအခါက ပိုးကြိုးများ အသေးအကြီးဖြင့် တီးခတ်ခဲ့ရာတွင် အသံသာသော်လည်း ကြိုးညှိရသည့် အခက်ခဲ၊ ကြိုးပြတ်သည့် ဒုက္ခများ ကြောခဏ ကြုံဆုံရတတ်လေသည်။

လွန်ခဲ့သည့် အနှစ်အစိတ်သုံးဆယ်ခန့်မှစ၍ ၁၆ ကြိုးအထိ တိုးချဲ့တီထွင်ပြီး နိုင်လွန်ကြိုးများဖြင့် အစားထိုးခဲ့သဖြင့် ကြိုးညှိ ကြိုးပြတ်သည့်ဒုက္ခမှ သက်သာခဲ့ကြရသည်။

"ရှေ့က စံကား၊ နောက်ဖလား"

ဟူသည့်အတိုင်း စောင်း၏ ဦးပိုင်းမှာ တရုတ်စကားပွင့်သဏ္ဌာန်နှင့် စောင်း၏နောက်တည့်တည့်မှကြည့်လျှင် ငွေဖလားပုံသဏ္ဌာန်ဖြစ်အောင် မှန်စီရွှေချ၍ အလှဆင်ကြသည်။ စောင်းကြိုးတိုင်း၏ ထိပ်မှာ ပန်းပွားအနီများ စီခြယ်ထားသဖြင့်လည်း ကျက်သရေပေါင်းစုံဖြင့် တင့်တယ် ခန့်ထည်ပေပေသော စောင်းဟူသည်...

မြန်မာတို့၏ အထွတ်အမြတ် ရတနာ ဂီတတူရိယာပါ။

"ကဲ... စောင်းရဲ့ တည်ဆောက်ပုံကို အကြမ်းဖျင်း သိထားပြီးတဲ့နောက်မှာ စောင်းစသင်ဖို့အတွက် အဘ နိဒါန်းစကား နည်းနည်း ပြောပြမယ်"

"ကောင်းပါပြီ အဘ"

"ပထမဆုံး အနေအထိုင်ပုံမှန်ရမယ်။ နောက် ကိုင်တွယ်ပုံ လက်အနေအထား စနစ်ကျဖို့ သိပ်အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..."

"ပြီးရင် ခြောက်ကြိုးဆွဲ၊ ခြောက်ပင်ဆွဲလည်းခေါ်တယ်။ အဆင်း၊ အတက်၊ တီးခတ်တတ်ဖို့ ပထမစပြီး သင်ရမယ်။ အတက်က နည်းနည်းလွယ်တယ်။ တစ်ရက်သင်ပြီး ဆက်ကျင့်ရင်ရတယ်။ အဆင်းကျတော့... နည်းနည်းခက်လာပြီ။ သုံးလေးရက်လောက် လေ့လာမှ ဖြစ်မယ်။ အဲ... 'အဲဒီ ခြောက်ကြိုးဆွဲမှာ လက်အနေအထားရော အနေအမြန်ရော မှန်ပြီး သံစဉ်မှာ ငြိမ်လာရင် ထံတျာတေရှင်ကို စတက်ရုံပဲ။ 'စည်းနဲ့ဝါး'ဆိုတာက စတီးရမယ်ပေါ့"

နားမရှင်းသဖြင့် မိုးပွင့်ဖြူ ငြိမ်နေမိသည်။

"သီချင်းအစ ထံတျာကလို့ ဆိုတယ်မဟုတ်လား...။ တူရိယာတိုင်း စည်းနဲ့ဝါးဆိုတဲ့သံစဉ် စတဲ့ ထံတျာတေရှင် ပစဉ်းတောင်သံ ကြိုးသီချင်းကို အလျင်တက်ရတယ်သမီး"

"အဲဒါပြီးရင် ကြိုးဘွဲ့ ၁၃ ပုဒ်ကို အကုန်သင်ရမယ်။ ၁၃ပုဒ်လုံး ကြိုးဘွဲ့လို့ခေါ်ပေမယ့် နောက်ပိုင်းငါးပုဒ်ကို သာနိုး သို့မဟုတ် သာနိုးပျော်ဘွယ်လို့ ဂီတပညာသည်တွေ ခေါ်ကြတယ်"

"အဲဒါ ဘာတွေလဲ အဘ"

"သမီးဖေဖေဆီမှာ မဟာဂီတစာအုပ် ရှိတယ်။ အဲဒီထဲမှာပါတဲ့ 'ကြိုးသီချင်း'တွေပါပဲ။ ဒါပေမယ့်... အကုန်မဟုတ်ဘဲ ဂီတသင်ရိုးအရ အစဉ်လိုက် သင်ပေးရမယ်"

"ဟုတ်ကဲ့..."





"ထံတျာ၊ သီတာ၊ သာယာ၊ ဝေဘာ၊ ထွေတလာ၊ ဘုံဆောင်၊ ဓေယျာ၊ စိမ်းလှ် စတဲ့ ကြိုးရှစ်ပုဒ်ရယ်၊ ကြိုးထဲကပဲ ခုန အဘပြောတဲ့ သာနိုးပျော်ဘွယ် ငါးပုဒ်ဖြစ်တဲ့... စံရာ၊ ရွှေပြည်၊ မြို့နန်း၊ ကိုးပါး၊ ရွှေဘုန်းဆိုတဲ့ ကြိုးသီချင်းတွေ တက်ပြီးရင်တော့ စောင်းပညာကိုတတ်ပါပြီ။ ကျန်တဲ့ ပတ်ပျိုး၊ ယိုးဒယား၊သာမက ခေတ်ပေါ်တေးတွေပါ တီးခတ်နိုင်ပြီပေါ့"

"အဲဒီ ဆယ့်သုံးပုဒ် တီးနိုင်အောင် ဘယ်လောက်ကြာကြာ သင်ရမှာလဲဟင် အဘ"

"အဲဒါ ပန်တျာကျောင်း စောင်းသင်တန်းရဲ့ ပထမနှစ် သင်ခန်းစာပဲ သမီး"

"ဟာ... တစ်နှစ်လုံး သင်ရမှာပေါ့နော်"

"သမီးကြိုးစားရင် နှစ်ဝက်လောက်နဲ့လည်း တတ်နိုင်တာပေါ့။ စိတ်မဝင်စား၊ မကြိုးစားရင်တော့ သုံးနှစ်သင်လည်း မတတ်နိုင်ဘူးပေါ့ကွယ်"

"သမီးကြိုးစားမယ် အဘ၊ ဂီတပညာကို သမီး သိပ်စိတ်ဝင်စားပါတယ်။ ခေတ်ပေါ်တေးနဲ့ စတီရီယိုတေးတွေလည်း ကြိုက်တယ်လို့ ကိုတင်ဝန်ခံထားပါရစေ၊ တော်ကြာ အဘက အထင်သေးနေမှာစိုးလို့"

"အနုပညာဆိုတာ ဘာလဲ သမီး"

"သမီး မဖြေတတ်ဘူး"

"အနုပညာဆိုတာ သိပ်ပြီး သိမ်မွေ့တဲ့ ခံစားမှုပဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာရှင်တွေဟာ သူတို့တတ်ကျွမ်းတဲ့ အနုပညာကို သူတို့ တစ်ဦးတည်း ဘယ်တော့မှ မခံစားကြဘူး။ မျှဝေတယ်"

"ဥပမာ သမီးဖေဖေဆိုရင် သူ့ရဲ့ အတွေးအခေါ်တွေကို စာနဲ့ ရေးပြီး သူ့ပရိသတ်ဖတ်စေဖို့ မျှဝေတယ်၊ အဘတို့ဆိုရင် စောင်းတီးခတ်ပြီး ကြားနာသူတွေ သာယာနာပျော်စေဖို့ မျှဝေတယ်"

"ဟုတ်ကဲ့ အဘ"

"အနုပညာရှင်တို့ မျှဝေသမျှ ကြည်နူးနှစ်သိမ့်စေ၊ ဝမ်းသာစေ၊ ဝမ်းနည်းစေ၊ ဒေါသဖြစ်စေ၊ ကြောက်လန့်စေ၊ ကြေကွဲစေ၊ ဆွတ်ပျံ့စေစတဲ့ ခံစားမှုများကို အနုပညာရှင်တွေဆီကတစ်ဆင့် ကူးစက်ခံစားရတာဟာ အနုပညာပဲ သမီး"

"ဒီတော့ စောင်းသံမှာ သာယာညွှတ်ပြောင်းသူ ရှိသလို ဂစ်တာသံနဲ့ ပျော်ရွှင်တက်ကြွနေကြသူလည်း ရှိမှာပဲပေါ့။ ဒါကို စောင်းကြိုးပိုက်ပြီး ဂစ်တာကို လက်ညှိုးညွှန် အပြစ်တင်နေဖို့ မလိုအပ်သလို ဂစ်တာသမားကလည်း စောင်းဆရာကို မလေးမစားနဲ့ ခေတ်နောက်ကျန်သူအဖြစ် မရှုတ်ချသင့်ဘူး။ ခံစားသူ ပရိသတ်က သူ့စိတ်ကြိုက် ရွေးပြီး ခံစားကြပါစေလေ"

"ဟုတ်တယ်နော် အဘ"

"အနုပညာရေစီးကြောင်းအရ ပြောင်းလဲလာတဲ့ အခြေနေကို နားလည်စွာ လက်ခံရမှာပေါ့ သမီး"

"ဟုတ်ကဲ့"

"ဥပမာဆိုရင် တို့များ ဇာတ်သဘင် အစဟာ... မြေဝိုင်းအကပဲ။ မြေစိုက်မီးတုတ်ကြီးများ ဝိုင်းထားတဲ့ မြေကြီးထဲမှာ က,ရတယ်၊





ပရိသတ်ကလည်း နည်းတော့ ဝိုင်းကြည့်လို့ရတယ်ပေါ့။ တိုးတက်သာတဲ့ လူဦးရေနဲ့ဆိုရင် များလာတဲ့ ပွဲကြည့်ပရိသတ်အတွက် မြေဝိုင်းကွင်းနဲ့ လုံလောက်ပါဦးမလား။ ပြီးတော့လည်း 'ခြေဖဝါးတော်က နာတယ်... နာတယ်... မောင်ရေ့ပဲ ဆိုပြီး လေးတစ်လှမ်း၊ ပဝါတကမ်း က,နေလို့လည်း မရတော့ဘူးလေ။ မျက်စိပသာဒ လှအောင် အကြားအာရုံတစ်မျိုးပြောင်းပြီး သာယာအောင် အကသစ်တွေ၊ သီချင်းသစ်တွေ တီထွင်ကြံဆလာရကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ဂီတမှာလည်း ဒီလိုပဲသမီး။ ပြောင်းလဲလာတဲ့ တီထွင်မှုတွေကို အပြစ် ပြောမနေသင့်သလို တဘက်ကလည်း ယဉ်ကျေးမှုကို မပြယ်မလွင့်ရအောင် ထိန်းသိမ်းနေသင့်တာပေါ့"

"ဟုတ်ကဲ့"

"အချုပ်ပြောရရင်တော့ အနုပညာဆိုတာ သိပ်လွတ်လပ်တဲ့ နှလုံးသားခံစားမှုမို့ ကြိုက်တဲ့အပိုင်းကို ကြိုက်သလို ခံစားကြပါစေကွယ်။ ကျွန်တော် ကျွန်မရဲ့ အနုပညာကို လက်ခံကြပါလို့ ဘယ်သူ့ကိုမှ ပြောလို့ မရနိုင်ပါဘူး။ သူတို့စိတ်ကြိုက် နှစ်သက်စွာ ခံစားတတ်သူများလာရင် အဲဒီအနုပညာရှင်ဟာ အောင်မြင်တယ်လို့ ဆိုရမှာပဲ။ ဒီတော့ ငါ့သမီးကြိုက်တဲ့ ဂီတကို ခံစားပါ၊ စောင်းပညာကိုလည်း တတ်အောင် သင်ပါ၊ ဟုတ်ပြီလား"

"အဘရဲ့ ခံယူချက်ကို သမီး သိပ် လေးစားသွားပါပြီရှင်..."

"ဒါကြောင့် စောင်းလည်းသင်၊ ကာလပေါ်လည်း အောင်မြင်အောင် ကြိုးစားလို့ ပြောထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ အဘ"

"အဘရဲ့ သား... သား... အဲ... တ... တပည့်ကိုပါ သမီးရယ်"

မရေမရာပြောသော စကားကို ဆိုပြီး မိုးပွင့်ဖြူနားမှ ဦးဥက္ကာ ထသွားသည်။ စောင်းကိုကိုင်လိုက်၊ ညှိလိုက် လုပ်ပြီးမှ ညှော့ခန်းထောင့်ရှိ ကော်ဇောခင်းထားသော ကြမ်းပြင်ပေါ်သို့ ဦးဥက္ကာ ပြန်လာထိုင်သည်။

စောစောဆီက မဟောမပန်း ပြောကြားနေသော ဦးဥက္ကာမှာ ချက်ချင်း နှုတ်ဆိတ်သွားပါ၏၊ သူ့စကား၏ အမှားအယွင်းအတွက် ငြိမ်သက်သွားကြောင်း သိသာလွန်းသည်။

"အဘရဲ့...သား...သား...ဆိုပြီးမှ တပည့်ဟု ပြောင်းလဲပြောဆိုလိုက်ခြင်းမှာ ဦးဥက္ကာအတွက် တစ်စုံတစ်ရာသော လျှို့ဝှက်ချက်များ ရှိလေသလား"

"ကဲ... စ,ကြရအောင်"

တွေဝေစေသော သံသယစိတ်များကို အဘ၏စကားများက ထွင်းဖောက်သည်။

"ဒီနေ့တော့ အထိုင်ရယ်၊ အကိုင်ရယ်၊ ခြောက်ကြိုးဆွဲရယ် စ,သင်မယ်"

"ဟုတ်ပြီ... အဲဒီလို ပုဆစ်တုပ်ပြီး မိန်းမပီပီထိုင်၊ လက်ဝဲပေါင်ပေါ် ဒူးထိပ်မှာ စောင်းဦးကို အညီတင်ရမယ်၊ အဲ... ဟုတ်ပြီ၊ ပြီးရင် စောင်းကို ခပ်စောင်းစောင်းလေး လက်ယာဘက် ခါးဘေးအရောက် ဝမ်းဗိုက်မှာထောက်ပြီး ကပ်ထားရမယ်"





"လက်ဝဲလက်က ကောက်နေတဲ့ စောင်းရဲ့ 'လက်ရုံး' အပြင်ကို လုံးဝ မထွက်စေရဘူး။ အတွင်းဘက် ကိုယ့်ဘက်က နံပါတ်လေးကြိုးပေါ်မှာ လက်သန်း၊ နံပါတ်ငါး ကြိုးပေါ်မှ လက်သူကြွယ်၊ ခြောက်ကြိုးပေါ်မှာ လက်ခလယ်ကို တင်ထားရမယ်။ လက်မက အောက်ဘက်မှာချပြီး ကြိုးသွယ်ပေါ်မှာ ကပ်ထားရမယ်၊ လက်ညှိုးက ထိပ်ဆုံးမှာနေပြီး ဟောဒီလိုလေး စောင်းကြိုးကို တို့ချိတ်ထားမယ်နော်"

ထိုင်နည်းကိုင်နည်းများကို အသေးစိတ် သွန်သင် ညွှန်ပြရင်း အနီးမှ ကပ်ထိုင်လျက် ပုံစံကျအောင် စနစ်တကျ ပြနေရှာသော အဘ ဦးဥက္ကာ...

"ပင်ပန်းနေပြီလား ဦးဥက္ကာ"

"ဟော ကိုသက်မောင် တရားထိုင်ပြီးပြီလား... မပင်ပန်းပါဘူး။ အခြေခံစနစ်ကျအောင် ပြပေးနေတာပါ"

"အထိုင်ရော ညာလက်ရော မှန်နေပြီ၊ ဘယ်လက်က ရှေ့ထွက်မကိုင်ရဘူးလေ သမီး။ စောင်းအတွင်းဘက် ကိုယ့်ရင်ခွင်ရှေ့မှာ လက်ကလေး ငါးချောင်းဟာ က,နေသလို ပုံကျရမယ်။ အဲ...အဲ ဟုတ်ပြီ"

ဦးသက်မောင် ကိုယ်တိုင် သမီး၏ဘေးမှာ လာထိုင်ပြီး ပုံစံပြသည်။

"ဖေဖေလည်း အစက ဦးဥက္ကာရဲ့ တပည့်ပဲပေါ့၊ ကြိုး ၃ ပုဒ် တက်ရသေးတယ် ပြဿနာရင့်လာလို့ ဦးဥက္ကာ လွှင့်သွားရတယ်လေ"

ငြိမ်းအေး ပြီးဆုံးခြင်းများဖြင့် ရင့်ကျက်နေပြီဖြစ်သော အဘိုးကြီးနှစ်ဦးလုံး ပြုံးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ၆–ကြိုးဆွဲ စမယ်၊ အောက်ဆုံးက အတိုဆုံးဖြစ်တဲ့ နံပါတ် ၁ ကြိုးမှာ လက်ယာ လက်ညှိုးတင်ထားမယ်။ နံပါတ် ၆ကြိုး ပေါ်မှာ လက်မရှိရမယ်။ အဲ... ဟုတ်ပြီ... အလယ်မှာ ကြိုးလေးကြိုး ခြားနေမယ်နော်"

မိုးပွင့်ဖြူမှာ ပုံစံမမှားစေရန် တည်ငြိမ်စူးစိုက်သော အာရုံဖြင့် ငုံ့ကြည့်ရင်း၊ လက်ကိုမရွေ့အောင် ထားရသည်။

"ကဲ... စ,တီးမယ်။ ၆ ကြိုးပေါ်မှာ ရောက်နေတဲ့ လက်မနဲ့တီးပြီး လက်မကို ဖယ်လိုက်ရမယ်။ တီးလိုက်စမ်း အဲ... ဟုတ်ပြီ"

"နောက်လက်ညှိုးကျတော့ ပညာခန်းပဲ၊ တီးသူတိုင်း လက်မလို စောင်းကြိုးနဲ့ ကွာကွာသွားတတ်ကြတယ်။ လုံးဝမကွာစေရဘူး။ ထိထားရမယ်။ ဒီမှာကြည့်... အဘပြမယ်"

ဦးဥက္ကာက သူ့ရင်ခွင်သို့ စောင်းကိုပြောင်းယူပြီး...

"တစ်ကြိုးကို တီးပြီးတာနဲ့ အပေါ်က နှစ်ကြိုးရှိရာမှာ လက်ညှိုးကို တစ်ခါတည်းဆွဲရင်း ကပ်ထားရမယ်။ ဒီမှာကြည့်စမ်း သမီး"

"ဟုတ်ကဲ့ အဘ"

"အပေါ်ကို လက်ကတက်သွားဖို့ မလိုဘူး။ လက်ကို ပုံသေထားရင်း ၁ ကြိုးတီးပြီးတာနဲ့ တတောင်လေးနောက်ဆုတ်လိုက်။ ဒီမှာ တွေ့လား။ စောင်းကြိုးတပ်ထားပုံအရ လက်နောက်ဆုတ်လိုက်တာနဲ့ နံပါတ် ၂ ကြိုးဆီ ရောက်ပြီးသား ဖြစ်သွားပြီ။ တွေ့တယ်နော်၊ ကဲ... ရော့... ပြန်တီး"

မိုးပွင့်ဖြူထံ စောင်းပြန်ရောက်လာပါ၏။

"မှန်တယ်သမီး... လက်ညှိုးက နံပါတ် ၂ ကြိုးကို ရောက်ချိန်မှာ





လက်မဟာ နံပါတ် ၇ ကြိုးကို တီးပြီးသား ဖြစ်ရမယ်။ တီးလိုက်စမ်း... အဲ... ဟုတ်ပြီ"

"ဒီမှာကြည့်၊ ဆိုလိုတာက လက်ညှိုးနဲ့ လက်မကြားမှာ စောင်းကြိုး ၄ ပင် အမြဲဝေးကွာ ခြားနားနေရမယ်နော်..."

"သမီး သဘောပေါက်ပါပြီ အဘ... လက်ညှိုးက ၂ ဆိုရင်၊ လက်မက ၇ နေရာ။ လက်ညှိုးက ၃ ဆိုရင် လက်မက ၈ နေရာ... ၄ ဆို ၉ နေရာ... ကြားမှာ လေးကြိုးအမြဲခြားပြီးတီးရင်း လက်မက နံပါတ် ၁၆ ကြိုးရောက်တဲ့အခါ လက်ညှိုးက ၁၁ ကြိုးမှာရှိနေရမယ် ပေါ့နော်... အဘ"

"ဟုတ်လိုက်လေသမီးရယ်... လက်ညှိုးနဲ့လက်မကြားမှာ အမြဲ လေးကြိုးခြားရမယ်၊ လက်မက ဖယ်တီးရမယ်၊ လက်ညှိုးက ကပ်ထား ရမယ်"

"ဟုတ်ကဲ့အဘ၊ လက်ညှိုးမကွာစေရဘူး။ လက်ညှိုးအပေါ် တက်ရင် လက်ရွေ့စရာမလိုဘူး။ တတောင်ကို နောက်ဆုတ် ဆုတ်သွား ရမယ်။ ဟောဒီလို... ဟောဒီလိုနော် အဘ"

ညင်းနွဲ့သာယာသော စောင်းကြိုးခတ်သံလေး ခပ်ခြားခြား ထွက်လာသည်။

အဘိုးကြီးနှစ်ဦး၏ နှလုံးအိမ်ဝယ် စောင်းညှင်းသံသာ ငြိမ့် ညောင်းစွာ ရိုက်ခတ်ပါသတည်း...

■ ■ ■

4



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။လေး။

"ငါ့မှာ အရေးကြီးတဲ့နေ့ဆိုရင် ယောဒီ မိုးကရွာပြီ"

"ငါ့သမီးရယ် မိုးနဲ့ပြိုင် ရန်ဖြစ်နေတယ်လား။ သမီးမွေးတာ ကိုက မိုးတွင်းကြီးမှာ မွေးတာပဲ၊ မွေးနေ့လုပ်လို့ မိုးရွာတာ ဘာစိတ်ညစ် စရာရှိလဲ"

"သမီးကို မွေးတဲ့နေ့တုန်းကလည်း မိုးတွေက တအားရွာတာပဲ ဆို... ဟုတ်လား... ကြီးကြီးတင့်"

"ဟုတ်တယ်သမီး... အေးမြစေတဲ့ အတိတ်နိမိတ်မိုးပေါ့ကွယ်"

"ဘယ်ဟုတ်ရမှာလဲ၊ မေမေဆုံးတဲ့နေ့ကလည်း ရွာလိုက်တာ။ အသုဘချတဲ့နေ့ကများ တစ်မိုးလုံး ပြိုကျလာသလား အောက်မေ့ ရတယ်။ သမီးအတွက် မိုးဟာ အမင်္ဂလာပဲ"

"ဒီလိုမပြောရဘူး သမီးရဲ့၊ ဒီလိုစွဲမှတ် မထားရဘူး၊ မောင်သက် မောင်က သမီးကို မိုးရွာတဲ့နေ့မှာမွေးလို့ မိုးပွင့်လေးလို ဖြူစင်တဲ့သမီး လေးလို့ မှတ်ယူအဓိပ္ပာယ်ဖွင့်ပြီး အမည်ပေးခဲ့တာလေ။ ဒီနေ့ သမီး





မွေးနေ့မှာ မိုးရွာတာ ဘာဖြစ်လဲ။ သူငယ်ချင်းတွေနဲ့ တိုက်ထဲမှာ စားကြ သောက်ကြနဲ့ ပိုပြီးတောင် ပျော်စရာကောင်းဦးမှာပါ"

"သမီးတော့ မိုးကိုမချစ်ပါဘူး။ မိုးရွာတာမြင်ရင် စိတ်ညစ် တယ်"

"အခြားနေ့မှာ စိတ်ညစ်ချင်ညစ် ဒီနေ့တော့ ပျော်ပျော်ရွှင်ရွှင် လေး နေလိုက်စမ်းပါ သမီးရယ်၊ မောင်သက်မောင်က သမီးပျော်ရွှင် စေချင်လွန်းလို့၊ စီစဉ်ပေးထားလိုက်တာတွေလည်း ကြည့်ပါဦး"

ရှစ်မိုင်ရှိ နာမည်ကြီး တရုတ်ဟိုတယ်တစ်ခုမှ ချက်ပြုတ်သူ Cook (ကွတ်)နှစ်ယောက်နှင့် အကူတစ်ယောက်ကို ခေါ်ထားပါ၏။ သူတို့ပေးထားသော စာရင်းအတိုင်း သားငါး အသီးအရွက်၊ ပုစွန်၊ ကဏန်းနှင့် ခေါက်ဆွဲများ အစုံဝယ်ခြမ်းပြီးပါပြီ၊ မီးဖိုခန်းမှာ တရုတ် ချက်ပြုတ်သူ Cook များကိုယ်တိုင် လိုးဖြတ်ခုတ်ထစ်နေကြပါ၏။ ကူညီသူ ကောင်လေးကလည်း အကွက်ကို စေ့နေသည်။

အိမ်ရှေ့တွင် ဗွီဒီအို ငှားရမ်းသည့်သူများကလည်း မိုးပွင့်ဖြူတို့ အိမ်မှ ဆိုနီတယ်လီဗွီးရှင်းဖြင့်ပြသရန် စက်များ တပ်ဆင်ပြင်ဆင်နေပြီ။ အကိုင်းဒက်(က)မှလည်း နိုင်ငံခြားတီးလုံးချည်းသာ စတီရီယိုဖြင့် ဖွင့်နေ ပါ၏။

ကြီးကြီးတင့်သည် အိမ်ဖော်နှစ်ဦး သူ့တူမနှင့်အတူ စားပွဲပေါ်၌ ပန်းကန်များ စနစ်တကျ ချနေကြသည်။

"ကြီးကြီးတင့်... အိုက်စကရင်(မ)စည် ဘယ်နေရာထားမလဲ"

"ဩော်... လာ...လာဟော့။ ဒီနေရာမှာ ထားမယ်။ ခွက်တွေ လည်း တစ်ခါတည်းဆေးရင်း ထည့်လို့ရအောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေလင်းဝေ ကိုယ်တိုင် ရေခဲမုန့်စည်ကို မ,၍ လက်ဆေးစတီးခွက်ဘေးတွင် ချပါ၏။

"စပျစ်သီးနဲ့ သစ်တော်သီး လောက်ပါ့မလား။ ကြည့်ပါဦး... ကြီးကြီးတင့်"

"လောက်ပါတယ်။ ရေခဲသေတ္တာထဲက ပလတ်စတစ်အံဆွဲနဲ့ အပြည့်ပဲဟာ"

ရေခဲသေတ္တာကို သူဖွင့်ကြည့်သည်။

"သစ်တော်သီးတွေတောင် စိတ်ထားပြီးပြီပဲ။ အိမ်ထဲမှာ ကျွန်တော် ဘာလုပ်ရဦးမလဲ"

"မလိုပါဘူး... မောင်နေလင်း။ သူ့ဧည့်သည်တွေလာမှ မီးဖိုလုပ်ငန်း စ,မယ်လေ။ အားလုံး အဆင်သင့် ဖြစ်နေပါပြီ"

"ဒါဖြင့် ကျွန်တော် အိမ်ရှေ့ထွက်လိုက်ဦးမယ်"

ထမင်းစားခန်းနှင့် ဧည့်ခန်းကူးတံခါးဝတွင် ဦးသက်မောင် ရပ်နေပါ၏။

"ဆရာ... နားနေပါ။ လိုသမျှအားလုံး ကျွန်တော် စီစဉ်ပြီးပါပြီ"

သူ့ရှေ့မှ ခေါင်းငုံ့ထွက်သွားပြီး သူငှားလာသော ဗီဒီယို ဗီတာမက် စက်သမားများအနီးမှာ ရပ်ရင်း...

"အဆင်ပြေရဲ့လား၊ လိုတာပြောနော်"

"စမ်းနေတုန်းပဲ ကိုနေလင်းဝေ။ အဆင်မပြေရင်တော့ ကျွန်တော်တို့ရဲ့ နှစ်ဆယ့်ခြောက်လက်မ တီဗီကို ပြေးယူရမှာပဲ"

"အဆင်ပြေသလိုလုပ်ပါ။ ကားလည်း အဆင်သင့်ပဲ"





နှစ်ရာငါးဆယ်နှင့် တစ်နေ့တာငှားထားသော တိုယိုတာဟိုင်းလက်(က်စ်)ကားကို လှမ်းကြည့်ရင်းမှ သတိရသွားသည်။

ကားရှေ့ခန်း မောင်းသူဘေးသို့ ပြေးပါ၏။ တိုက်ဆီသို့ အပြန်လမ်းတွင် သူ့လက်၌ တိတ်ခွေငါးခွေ ပါရှိလာသည်။ ခေတ်ဟောင်း၊ ခေတ်ပေါ်၊ စတီရီယိုနှင့် နိုင်ငံခြားတေး၊ အစုံ ပါရှိသည်။ ကက်ဆက်ရကော်ဒါတင် မှန်ဗီရိုပေါ်တွင် သူထားလိုက်သည်။ မိုးပွင့်ဖြူ ကြိုက်ရာကက္ကာကို ရွေး၍၊ ဖွင့်နိုင်ရန် အဆင်သင့်ထားပေးလိုက်ခြင်းပါ။

ဦးသက်မောင်သည် မွေးနေ့ပွဲအတွက် ပြင်ဆင်မှုများထက် နေလင်းဝေ၏ စေတနာပါသော ဖိဖိစီးစီး ဆောင်ရွက်မှုများကို ရှုးရှူးဒိုက်စိုက် လိုက်၍ကြည့်နေမိသည်။

တွေးခေါ်မြော်မြင်မှု ကြီးမားသော ဦးသက်မောင်ထံသို့ လင်းလက်သော အတွေးသစ်တစ်ရပ် ဝင်ရောက်လာပါသတည်း။

■

"မှတ်မိလား၊ ဂျီပြား ကိုးတန်းတုန်းက သူ့အိမ်ကို တိုင်စာရောက်လို့ သူ့အဖေ ဆိုက်ကားသမားကြီး ခေါ်လာတာလေ"

"အဟား...ဟား...ဟား"

နှုတ်ခမ်းတိုင်းမှ ရယ်သံများ ပြိုင်တူထွက်လာကြသည်။

"ခွေးကောင်တွေ... ငါ့မကောင်းကြောင်းဆို ရှေ့တန်းတင်ပြီ"

တင်ပါးပြား၍ ဂျီပြားဟု တင်စားထားသော 'မင်းအာကာ



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ပြည်တောင်စုရိပ်သာတွင်နေပြီး ရန်ကုန်ဆေးရုံကြီးမှ ခွဲစိတ်ပါရဂူ ဆရာဝန်ကြီး၏ သားဖြစ်သည်။ မိခင်မှာ အင်္ဂလိပ်စာဌာနက ဆရာမပါ"

တိုင်စာကို ဖြတ်ယူထားလိုက်သည်။ ကျောင်းပြေးလွန်းပြီး ဖ ဘာသာလုံးကျ၍ မိဘလာတွေ့ပါဟူသော မှာကြားချက်နှင့် ရိပ္ပိုကတ်ကို ကိုင်လျက်...

ဆင်း၁၀စ် (ယခု ဗိုလ်ရာညွန့်)လမ်းထိပ်မှ အသားနားဆုံး ဆိုက်ကားဆရာတစ်ဦး နှင့် ညှိနှိုင်းသည်။

နောက်တစ်နေ့တွင် ဆိုက်ကားဆရာသည် သူ့ရှာ၍ငှားလာသော တိုက်ပုံအင်္ကျီအသစ်နှင့်၊ သူပေးထားသော ပုဆိုးသစ်နှင့် ခပ်တည်တည်ပင် ကျောင်းသို့ ရောက်လာခဲ့သည်။

"ကျွန်တော်... မင်းအာကာမောင်ရဲ့ ဖခင်ပါ ခင်ဗျာ"

ရုံးခန်းနှင့် အတန်းပိုင်ဆရာမမှာ 'သူ့အဖေ ဟုတ်ရဲ့လား' ဟု ရှုးစမ်းလိုသော်လည်း မေး၍မသင့်သော မေးခွန်းမို့ သူ့အဖေအစစ်ဖြစ်လျှင် အားနာစရာဟူသော စိတ်ဖြင့်သာ ဆရာမကြီးက...

"ခုလို လာတွေ့တာ ကျေးဇူးတင်ပါတယ်။ နောက် ကျောင်းမှန်မှန်တက်ဖို့ တိုက်တွန်းပေးပါ"

ဟူသော ပို့ချက်လောက်ကိုသာ ပြောလိုက်ပါ၏။ ပြန်ထွက်လာချိန်တွင် ဆိုက်ကားဆရာကြီး နေ့တွက်ကိုက်သွားသည်။ လန်ကစ်စတာ(ယခု နဝဒေး)လမ်းပေါ် ပြန်အရောက်တွင် သူ့အိတ်တွင်းသို့ နီကြင်ကြင် စက္ကူတစ်ရွက် ရောက်ရှိလာသည်။





အဖေ... ငှားခ... တစ်ဆယ်ပါ။

"ကုလားမ ငိုပြီး ပြန်သွားတဲ့နေ့ရော မှတ်မိကြသေးလား"

"အောင်သိန်းဦးနော်... နင်... 'ခင်ဖြူစင်'ကို လိုက်တုန်းက အကြောင်း ငါလည်းပြောမှာ သိလား"

သိပ်လှသော်လည်း အသားနည်းနည်း ညိုသဖြင့် ကုလားမဟုခေါ်ကြသော သန္တာညိုထွန်းက ကြက်သားလုံးကြော်ကို ခက်ရင်းနှင့် ထောက်ယူရင်းက မျက်နှာတည်တည်နှင့် ဟောက်လိုက်သည်။

"ပြောပါလား... ဟ... ခင်ဖြူစင်ကို မကြိုက်လို့ မလိုက်တော့တာ ဘာဖြစ်လဲ"

"အောင်မယ်၊ နင့်... အကြောင်း မသိရင် ခက်မယ်"

"ပြောစမ်း သန္တာ၊ ငါတို့မသိသေးဘူး"

"သူပေါ့... အတန်းမတက်ဘဲ ခင်ဖြူစင့် အတန်းရှေ့က သုံးလလောက် ဆက်တိုက်သွားသွားရပ်နေတာ၊ ကြည်ခါနီးဆဲဆဲမှ ဘာဖြစ်လဲ သိလား"

"ပြော"

"အိကိုက 'သွယ်မာအေး'ကို လမ်းကြုံလို့ လိုက်တယ်လေ၊ ခင်ဖြူစင်နဲ့က ညီအစ်မ တစ်ဝမ်းတည်း ကွဲတာ၊ သူမသိဘူး။ ခင်ဖြူစင်က သူနဲ့ ကြည်တော့မယ့်ဘဲလို့ သူ့အစ်မကို ပြတော့၊ 'ဟဲ့... အဲဒါ ငါ့ကိုလည်း လိုက်တယ်'လို့ ပြောတော့၊ ခင်ဖြူစင် ဒီကောင့်ကို အပြတ်ပြောလွှတ်တာ နှစ်ယောက်လုံး လွှတ်ရော"

"ရယ်သံ သိပ်မလျှံ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တက္ကသိုလ်ရောက်မှ ဖြစ်တာ ကုလားမ။ တရားနဲ့ဖြေလို့ ရတယ်၊ နင်... အဖြစ်က အ–ထ–က တုန်းက..."

"တော်နော်... အောင်သိန်းဦး"

"ပြော်ဟော့... ပြော"

"တို့ မေ့နေပြီ"

"တို့ ငါးတန်းနှစ် ထင်တယ်... မိုးတွင်းကြီး သရက်သီးတွေ စားပြီး ချီးတွေပန်းတာလေ"

"ကဲ..."

ဖွန်းနှင့် လှမ်းခေါက်သော်လည်း ဂျပန်မင်းသား ဆန်နီရှိဗာ၏ အက်ရှင်ဖြင့် အောင်သိန်းဦးက ရှောင်လိုက်သည်။

"မှတ်မိပြီ မှတ်မိပြီ... လက်နှစ်ချောင်း ထောင်သွားတဲ့ ကုလားမ ပြန်မလာ၊ ပြန်မလာနဲ့ လိုက်ရှာကြစမ်းဆိုတော့ အိမ်သာရှေ့မှာ စကပ် တစ်ခုလုံး ချီးတွေပေလို့ ထိုင်ငိုနေတာ..."

"တော်ကြဟယ်... ငါ တကယ်စိတ်ဆိုးတယ် သိလား"

ကုလားမ အမည်ခံ သန္တာညိုထွန်းက နီသောမျက်နှာကို ရှုပစ် လိုက်ပြီး ထမင်းဝိုင်းမှ ထသွားသည်။

"အိမ်သာကိုလား"

အားလုံး ဝိုင်းဟားကြသည်။

"ကြီးကြီးတင့်ရေ... ပေနေတာတွေ ဆေးပေးလိုက်စမ်းပါ"

သန္တာညိုထွန်းမှာ ကလေးဘဝက အဖြစ်မှန်မို့ သူ့ရုက်စိတ်မွန်စွာ သူငယ်ချင်းများနားမှ ထသွားသဖြင့် ဝိုင်းအော်ကြတော့သည်။





"ဟဲ့... ဘာတွေပေသွားလို့လဲ... ဘယ်မလဲ၊ ကြီးကြီးတင့် ဆေးပေးပါမယ်"

မီးဖိုခန်းထဲမှ အော်သံကြားသဖြင့် အရေးတကြီး ထွက်လာ ရှာသော ကြီးကြီးတင့်စကားကြောင့်-ကျယ်လောင်သော ရယ်သံများ အရှိန်မသေတော့...

"အလကား ကြီးကြီးတင့်ရေ... 'အောင်သိန်းဦး'နဲ့ 'ဝဏ္ဏစိုး'တို့ သန္တာ့ကို စ,နေကြတာ..."

မိုးပွင့်ဖြူမှာ ထသွားသော သန္တာညိုထွန်းကို လိုက်ခေါ်ရသည်၊ သန္တာနှုတ်ခမ်းရှူလေ... သူတို့ဟားကြလေပါ။

"တော်ကြဟယ်... ဟင်းတွေစုံပြီ။ စားကြလေ၊ ခေါက်ဆွဲ များများ စားကြဦးနော်"

မိုးပွင့်ဖြူမှာ ငယ်သူငယ်ချင်းများနှင့် ဆုံရသဖြင့် ပျော်ရွှင်မှုများ နှင့် လိုက်ပြည့်နေသည်။ ကို(စ်) အလိုက်ချပေးသော တရုတ်ဟင်းလျာစုံ ကို သူ မစားနိုင်၊ သူငယ်ချင်းများ အားပါးတရ စားနေကြသည်ကိုဖြင့် ကြည်နူးမဆုံးနိုင်အောင်ပါ။

"ဒါနဲ့ တို့ ဘွဲ့ယူဖို့လည်း ဝေးဦးမယ် ထင်တယ်နော်။ ငွေသွင်းဖို့ တောင် မကြေညာသေးဘူး"

'စုစုဝင်း'က၊ သန္တာညိုထွန်းဘက်သို့ လှည့်ပြီး သူငယ်ချင်း စိတ်ပြေရန် စကားလမ်းကြောင်း လွှဲလိုက်သည်။

"ငါတော့ ဘွဲ့ယူရမှာတောင် အားနာတယ်"

ရေတင်အောင်က ပါးစပ်ပြည့်စားရင်း မဲ့၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်အောင်တို့ မိဘများက သိမ်ကြီးဈေးတွင် ပုစွန်ခြောက်ငါးခြောက်ဆိုင် ထွက်သည်။ တစ်နေ့ သူငယ်ချင်းများ သူ့အိမ်သွားခိုက် တင်အောင့်မိခင်က ပုစွန်ခြောက်များ အရောင်လှ၍ အလေးချိန်တိုးစေရန် ရောက်သီးရည်နှင့် ရေရိုးရိုး ထိုးနေသည်ကို မြင်သဖြင့်...

'မင်းတို့က ရေနဲ့ ကြီးပွားတာပဲ'ဟု ပြောကြရာမှ 'ရေတင်အောင်' ဖြစ်လာသည်။ သူနှင့် ဆက်နွယ်လျက် 'လေ... လှဦးထွန်း'ဟုလည်း ရှိသေးသည်။ သူ့မိခင်က စိန်ပွဲစားမို့ လေနှင့် စီးပွားရှာသည်ဆိုပြီး လေလှဦးထွန်းဟု ခေါ်ကြသည်။

ဤငယ်သူငယ်ချင်းဝိုင်းမှာ လေလှဦးထွန်း မပါတော့။ သင်္ဘောလိုက်သွားလေပြီ။

"မင်းစကား ဆက်ပါဦး၊ ဘာလို့ ဘွဲ့ယူရမှာ 'အားနာတာလဲ'"

မျက်မှန်နှင့် ပိန်ပိန်သေးသေးလေးမို့ 'ညှပ်စိ'ဟု ခေါ်ကြသော 'အဂ္ဂါက'မေး၍...

"မတန်လို့လေကွာ... ပရယ်တီကယ်(လ်) မှန်မှန်ဝင်ပြီး သူများလုပ်ပြီးသား ကူးချတာ၊ လက်ချာက... ဆဲရာတွေဆို ငါမမြင်ဖူးလိုက်ဘူး"

ရေတင်အောင်ကဲ့သို့သော သူများဝိုင်းဟားကြပါ၏။

"နင်တို့ထဲမှာ ခိုးမချဘဲအောင်တဲ့ကောင် တစ်ကောင်မှမရှိဘူး"

သန္တာညိုထွန်းက မကျေနပ်ဆဲမို့ မျက်စောင်းထိုးရင်း ပြောလိုက်သည်။

"ဟ... တက္ကသိုလ်ရဲ့ အဋ္ဌာရသထဲမှာ ခိုးချနည်းပါ ပါသင့်ပြီ။ ယောက်ျားလေးဖြစ်ပြီး 'အောင်တင့်လွင်'တို့များ ထူ,ပါကွာ... ကျခဲ့တယ်။ သူ့ဘောက ကောင်မလေး မမေးရဲလို့တဲ့။ တက္ကသိုလ်ကျောင်းသားဆိုတာ အရှက်နည်းတဲ့အရည်အချင်းလည်း ရှိရတယ်"





"ဩော်... ခိုးချတယ်ဆိုလို့... ဒီအက်(စ)အေ ဝင်သွားတဲ့ 'သွဲ့ထူး' သွားသတိရတယ်"

"ရှင်းစမ်း"

"ဖတ်(စ)ယားတုန်းကပါ၊ ခိုးချဖို့စာတွေ သူ့ပေါင်မှာ ရေးလာတယ်လေ။ မိုးကရွာ ဘတ်(စ)ကားတိုးစီးပြီး စာမေးပွဲခန်းထဲ ရောက်တော့ အားကိုးတကြီး သူ့ပုဆိုး လှန်ကြည့်လိုက်တာ... စာတွေ အကုန်ပျက်ကုန်လို့ ကျရော"

"တက္ကသိုလ်စာမေးပွဲဆိုတာ လက်ရုံးရည်ရော... နှလုံးရည်ပါ အသုံးချတတ်ရတယ်။ ဘောခုံ၊ ရှေ့-နောက် ကြားလောက် သိလောက်အောင် ကစ်တတ်၊ ကန်တတ် ရသေးတယ်"

"သူခိုးတွေ တော်ကြတော့ဟာ"

စုစုဝင်းက ထဟောက်သည်။

ခဏမျှသာ ငြိမ်သွားပြီးနောက် တစ်ယောက်နှင့်တစ်ယောက် ကောင်းကွက်ကိုရှာ၍ ငယ်ကျိုးငယ်နာ ဖော်နေကြပြန်သည်။

"တို့ ငယ်သူငယ်ချင်းတွေလည်း ငါ့မွေးနေ့ပွဲမှာ တစ်နှစ်ထက် တစ်နှစ် နည်းကုန်ကြပြီနော်"

"အေး... တချို့လည်း အလုပ်ဝင်၊ နိုင်ငံခြား အပြီးထွက်သွား၊ သင်္ဘောလိုက်သွားနဲ့"

"အေမိနဲ့ 'နွယ်နွယ်ဦး'တို့က ယောက်ျားရကုန်ကြလို့ မလာနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူး၊ ယောက်ျားရလည်း လာပေါ့"

"သြော်… အေမီက ဆည်မြောင်းအင်ဂျင်နီယာနဲ့ရပြီး ပရော ဂျက်ရှိရာ တောမှာနေရတယ်။ နွယ်နွယ်ဦးကတော့ ဆင်းရဲရှာတယ်… လေဟာပြင်မှာ ဆေးရောင်းနေတယ်… ကိုယ်ဝန်ကြီးနဲ့"

ဟာသများမှသည် ရှန်းကန်စပြုနေရသော သူငယ်ချင်းများ၏ ဘဝများသို့ ရောက်လာကြသည့်အခါ အဖြည်းဖြည်း တည်ငြိမ်လာကြ တော့သည်။

ကျောင်းမှ ထွက်စမို့ အတည်မကျသေးသော ဘဝလမ်းခွဲထိပ်မှ မိမိတို့၏ အဖြစ်များကို အလေးနက် တွေးတတ်လာသူများ ရှိသလို၊ ရဲတင်အောင်တို့၊ အောင်သိန်းဦးတို့ဆိုလျှင် ရယ်စရာကို ရှာကြ၍ အမြဲနောက်ပြောင်… မြူးပျော်နေကြသူများသာ။ မိုးပွင့်ဖြူတို့သာ အောင်သွားပြီး သူတို့ တတိယနှစ်မှာ ရှိနေကြဆဲ…

"ကဲ… တော်ပြီကွာ… ငါတော့ အာဘာ (ABBA)ရဲ့ စတိတ် ရှိုးပဲ သွားထိုင်ကြည့်တော့မယ်"

စက်မှုတက္ကသိုလ်မှ 'အေးဝင်းမြင့်'က စားဝိုင်းမှ အလျင်ထပြီး TV ရှေ့မှ ခင်းထားသော ခုံများဆီသို့သွား၍ အဲန်နာ၏တေးများကို စတင်နားထောင်တော့သည်။

Abba in Japan မို့ A နှင့်စသော အဲန်နီနှင့် အဲန်နာ… အမျိုး သမီးနှစ်ယောက်လုံး အထူးကြိုးစား သီဆိုနေဟန် မြင်ရသည်။

နောက် တစ်ယောက်ပြီးတစ်ယောက် ထလာကြသည်။ စုံလင် လှသော စားသောက်ပွဲရှည်ကြီးမှာ ပွေပွပေကျဲလျက်…၊





အိုက်စကရင်များ၊ ကိတ်များ၊ သစ်သီးစုံများက အနားသို့ အဆင်သင့် ရောက်လာပါ၏။

"မိုးပွင့်ဖြူရယ်… နင့်အဘိုးကြီးက နင့်ကို တကယ်ချစ်တယ် နော်"

"ဘာဖြစ်လို့လဲ"

"တို့များ ငယ်ငယ်တည်းက နင့်မွေးနေ့ဆို အမြဲကောင်းကောင်း လုပ်ပေးတာ ခုချိန်ထိပဲ"

"ဖေဖေက ငါ့ကို သိပ်ချစ်တာ"

"အေး… ဒီနေ့ရဲ့ ကုန်ကျစရိတ်ဟာ ထောင်ကျော်မယ် မိုးပွင့်ဖြူ တို့လို ဝင်ငွေနည်းတဲ့ မိသားစုအဖို့တော့ သုံးလစာလောက် စားလို့ ရတယ်"

စုစုဝင်းကို မိုးပွင့်ဖြူ ငဲ့ညှာစွာ ကြည့်မိသည်။

"အန်ကယ်က သိပ်လည်း မကျန်းမာဘူးလေ၊ နင်ငယ်ငယ် လေးတည်းက မိန်းမဆုံးသွားတာ၊ မိန်းမ ထပ်မယူရှာဘူး။ နင့်ဆို လည်း လိုလေသေးမရှိ ထားပေးရှာတယ်။ နင့်အဘိုးကြီး ကျေးဇူး တရားကို တို့တွေထက် နှစ်ဆပိုသိပါ မိုးပွင့်ဖြူ၊ သူဟာ ဖခင်နေရာရော မိခင်နေရာကပါ နှစ်ယောက်စာ နင့်အတွက် သူ့ဘဝကို မြှုပ်နှံရင်းနှီး ပေးထားရှာတာ"

လေးနက်သော စုစုဝင်း၏ စကားသည် မိုးပွင့်ဖြူ၏ အသိ ဉာဏ်တွင်းသို့ ကျောက်စက်ကျရေလို အေးငြိမ်းလွန်းစွာ ဖြည်းဖြည်းချင်း စီးဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူပါမှ သူငယ်ချင်းပေါင်း ဆယ့်နှစ်ယောက် ဖြစ်သော်လည်း အောက်ထပ်တစ်ခုလုံး ပွက်ပွက်ညံအောင် ဆူနေပါ၏။ လူသုံးဆယ်စာလောက် ချက်ပြုတ်ထားသော်လည်း အကြောင်းကြောင်းကြောင့် မလာနိုင်သူ များနေသည်။ သည်သို့ဖြင့် ငယ်သူငယ်ချင်းပေါင်းများသည် 'ကျောင်း' ဆိုသော စုဝေးနေရာမှသည်...

ဖြာထွက်သွားသော ဘဝလမ်းခွဲများစွာအတိုင်း ကျောင်းကြီးကိုကျောခိုင်း၍ လျှောက်သွားရင်းက အချင်းချင်း တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားကြရပေတော့မည်။

သည်အထဲတွင် သည်နေ့ လူငယ်နှင့် လူလတ်ရွယ်၊ ထက်ဝက်လောက်တွင် 'သဘောသား' ရောဂါများ ပြို့တွခံစားနေကြရကြောင်း တွေ့ရသည်။

ထွက်ခွင့် ရပြီးသွားသူများ၊ ထွက်ရန် နီးကပ်နေသူများ၊ တစ်နေ့သူများ၊ ကြိုးစားနေသူများ၊ ပွဲစားနှင့် အကြိတ်အနယ် စကားပြောနေရသူများ၊ မိဘကပါ ငွေနှင့်လိုက်ပေးနေသူများ၊ ငွေမတတ်နိုင်၍ ကြံစည်နေဆဲလူငယ်များ၊ စိတ်ကူးယဉ်စနှင့် စိတ်ကူးယဉ်နေကြသူများက ရန်ကုန်မြို့၏ ရပ်ကွက်တိုင်း လမ်းတိုင်းလိုလိုတွင် ရှိနေကြရုံမကတော့။ နယ် လူငယ်များဆီသို့ပါ ဤဝေဒနာ ပျံ့နှံ့နေလေပြီ။

မိုးပွင့် ဖြူဆီလာကြသော သည်နေ့ သူငယ်ချင်းငါးယောက်ထဲတွင် သုံးယောက်က လိုက်ရန် ရည်ရွယ်ချက်ရှိနေကြပါ၏။ တစ်ယောက်က PMG စတက်နေသည်။ စပါယ်ရှယ် အောင်ရန်





အသံဖမ်း အသံပို့နိုင်ဖို့အတွက် တစ်ရာနှစ်ဆံယ်တန် သူ့စက်ကလေးနှင့်နားအူအောင် တတီတီနှိပ်နေကြောင်းလည်း ချုတ်ကြသည့်အထဲတွင်ပါဝင်ပါ၏။ နှစ်ယောက်က Cadet နှင့်ထွက်ပြီး သူက R.O ရေဒီယိုအရာရှိဖြင့် ထွက်နိုင်ရန် အကြံကြီးကြံနေသူပါ။ ABBA၏ စတိတ်(ချ်)ရှိုးပြီးချိန်တွင် နိုင်ငံခြားဒွိ အလစ်ဇဘက်ဘုရင်မပင် သူ့ဆွေတော်မျိုးတော် မြေးကလေးများနှင့် သွားကြည့်ခဲ့၍ နာမည်ကြီးနေသည်ဆိုသော Super Man ဇာတ်ကားဆယ်မျိုး လူစွမ်းကောင်း ဇာတ်လမ်း စတင်ပြသသည်။

သူပြီးလျှင် အနောက်တိုင်းဒွိ ယနေ့တစ်ကျော် ပြန်ခေတ်စားနေသော သရဲကားနှစ်ကားကလည်း အဆင်သင့်ရှိနေပါ၏။ ဘုရားသခင် ကျိန်စာသင့်သော Oweman အိုမဲန် အပိုင်းတစ်မှ သုံးအထိလည်း ငှားရမ်းထားသည်။ သူငယ်ချင်းများ အချိန်ရသလောက် အချိန်ပြည့် ကြည့်ချင်ရာ ကြည့်နိုင်ရန်ပါ။

နေ့လင်းဝေ၏ မိဘ်ဆွေများထံမှနှင့်၊ တစ်ခွေ အစိတ်ဖြင့် ငွေနှင့်ငှားရမ်းထားသည်များလည်း ပါရှိပါ၏။

ထိုတစ်နေ့လုံး မကုန်နိုင်မခမ်းနိုင်အောင် အလျှံပယ် အစားအသောက်များနှင့်...

နားဆင်စရာ...

ရှုမြင်စရာ ကဏ္ဍများစွာနှင့်အတူ...။

မိုးပွင့်ဖြူနှင့် သူငယ်ချင်းများတို့၏ ရယ်မောသံသည်သာ တစ်အိမ်လုံး လျှံလျက်ပါ။

www.burmeseclassic.com



အသက်နှစ်ဆယ် တင်းတင်းပြည့်သွားသော သမီးလေး မိုးပွင့်ဖြူ၏ မွေးနေ့မင်္ဂလာရက်မှသည် သူ့ဘဝတစ်လျှောက်လုံး...

ယနေ့လိုပင် ပြည့်စုံခြင်းများစွာဖြင့် ပြုံးပျော်ကြည်နူးနိုင်ပါစေ ဟူသော ဦးသက်မောင်၏ စေတနာတို့သည်...

■ ■ ■



## အခန်း ။ငါး။

အလင်္ကာစာပေရောက် ဝင့်ဝါဝါ၏ ဒုတိယစာအုပ်မှာ စောင်ရေ ထိုးတက်လာသည်။

"စောင်ရေက နှစ်ထောင့်ငါးရာ ကုန်ခြေရှိပေမယ့် စက္ကူကို နှစ်ထောင်ပဲလျှောက်ပြီး လေးငါးရာလောက် ပိုရိုက်ပါလားလို့ အကြံ ပေးနေကြပါတယ်။ ဆရာမပြောဘဲ ဘာမှ ကျွန်တော် မလုပ်ပါဘူး"

"မောင်နေလင်း"

"ဟုတ်ကဲ့ ဆရာ"

"တစ်သက်လုံး မှတ်ထားကွယ်။ စီးပွားရှာတဲ့နေရာမှာ သစ္စာ မရှိရင် ဘယ်တော့မှ မကြီးပွားဘူး"

"ကျွန်တော် မလုပ်ပါဘူး။ ပြောပြတာပါ"

"အေး... ခုခေတ် ထုတ်ဝေသူနဲ့ စာရေးဆရာတွေဟာ အတော်ပဲ ညှိနှိုင်းတိုင်ပင်လာကြတာ တွေ့ရတယ်။ ဝမ်းသာစရာပဲ။ ဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တုန်းကတော့ အနုပညာသမားဆိုရင် ခံဘက်ကချည်းပဲ။ ဒီမှာ မောင်နေလင်း"

"ဟုတ်ကဲ့ဆရာ"

"အနုပညာသမားရဲ့ အညွန့်ကိုချိုးတဲ့ စီးပွားရေးသမားဟာ သူတို့ရဲ့အမြစ်ကို တူးဖော်ချိုးဖြတ်နေတာနဲ့ တူတူပဲ"

"ဟုတ်ကဲ့"

"အညွန့်ကျိုးသူက အညွန့်သစ်ထွက်နိုင်တယ်။ အမြစ်ပြတ်သူက အပင်ပါလဲပြီပေါ့"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ"

"ကိုယ်နဲ့ လက်တွဲလာတဲ့ အနုပညာရှင်တွေပေါ်မှာ တရားသဖြင့်သာ အမြတ်စွန်းရာပါ။ သူတို့လည်း စိတ်ချမ်းသာကြပါစေကွယ်"

"စိတ်ချပါ... ဆရာ၊ ကျွန်တော်တို့ အလင်္ကာစာပေဟာ ဖြောင့်မှန်တယ်။ စာရေးဆရာကို တင်ပေးတယ်လို့ နာမည်ရနေပါတယ်။ နယ်တွေကလည်း ဖြန့်ဝေမှုမှာ ကျေနပ်ကြပါတယ်။ ဆရာ့သြဝါဒ အတိုင်း ကျွန်တော် လုပ်ပါတယ်"

"ဆရာက ပုံစံချပေးရုံပါ။ အောင်မြင်အောင် စွမ်းဆောင်နိုင်တာက မောင်နေလင်းရဲ့ အရည်အချင်းပါ၊ မောင်နေလင်းကို ဆရာ အမြဲ ကျေးဇူးတင်နေပါတယ်"

သူ ကြည်ညိုလေးစားခဲ့သော အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး 'သက်မောင်'။ ပြီးတော့ သူ၏ကျေးဇူးရှင် အလုပ်ရှင် သမ္မေး





ဦးသက်မောင် ကိုယ်တိုင်က ချီးမွမ်းလိုက်သဖြင့် တစ်ကိုယ်လုံး ရှိန်းကနဲ နွေးသွားသည်အထိ လှိုက်ခုန်စွာ ခံစားရသည်။ မျက်နှာမှာ ပန်းနုရောင် သမ်းလာသည်။ ချီးမွမ်းခြင်းခံ၍ တကယ်ကြွစွာ ကြည်နူးသွားပါ၏။

"ကားသံကြားတယ်၊ ဝင့်ဝါဝါတို့ လာကြပြီထင်တယ်ဆရာ"

နေလင်းဝေက ခြံတွင်းသို့ ဖျတ်လတ်စွာ ထွက်ကြိုသည်။

ဘားလမ်းမှ ငှားလာသော ဖယ်မလီယာ ပရိုက်ဗိတ် တက္ကစီပေါ်မှ ဝင့်ဝါဝါ၏ ခင်ပွန်းဇာ ဝင့်ဝါစွာ ဆင်းလာပါ၏။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်၊ ပိရိပျ ဂျင်းဘောင်းဘီနှင့်၊ ဝပ်ကင်းရှူးနှင့်၊ နေကာမျက်မှန်နှင့်ပါ။

သူ့ဇနီးအတွက် ခုံကို ချိုးဖယ်ပေးလိုက်ပါ၏။ အသားလတ်လတ်၊ အရပ်ပုပုနှင့် မလှပ၊ မချောမွေ့လှသော်လည်း ဝင့်ဝါဝါ၏ မျက်နှာမှာ တည်တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ပါ။ မာန်မာန ကင်းစင်သော မျက်ဝန်းများက ကြည်လဲ့နေပါ၏။ ဝင့်ဝါဝါ ဆိုသော်လည်း ဝင့်ဝါမှု မရှိရှာဘဲ အောင်မြင်ခြင်းဒဏ်ကို ခံနိုင်မည့်ဟန်ပန်မျိုးနှင့်ပါ။

တကယ် ဝင့်ဝါသူဇာ ဝင့်ဝါဝါ၏ခင်ပွန်း 'ကိုမြင့်အေးဖေ' သာ...

"ဒါ... သမီးလေ၊ မိုးပွင့်ဖြူတဲ့။ မြန်မာစာနဲ့ ဒီနှစ်ပဲ ကျောင်းပြီးသွားပြီ"

"ဟုတ်လား... ဆရာ့သမီးပဲ။ ဆရာ့ဗီဇတော့ ပါမှာပေါ့။ မြန်မာစာနဲ့လည်း အောင်တယ်ဆိုတော့ စာရေးပါလား"

"မိုးက ရေးချင်ပါတယ်။ ဖေဖေက ပေးမရေးသေးလို့ပါ... မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ပါလဲ ဆရာကြီး"

"နုသေးတယ်... ဆရာမ။ အတွေ့အကြုံက သုညပဲလေ၊ စာရေးတယ်ဆိုတာ အတွေးအခေါ်ရယ်၊ အတွေ့အကြုံရယ်... ပြည့်စုံကြွယ်ဝဖို့ သိပ်လိုအပ်တယ်။ ကျောင်းကဘွဲ့နဲ့ မပတ်သက်လှပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဝင့်ဝါဝါဆိုရင် အသက်သုံးဆယ် ပြည့်ပြီးရောပေါ့။ ကလေးသုံးယောက်လည်း ရှိနေပြီ။ ဘဝအစကလည်း ရုန်းကန်ခဲ့ရတယ်လို့လည်း ပြောဖူးတယ် မဟုတ်လား။ ဒါကြောင့် စာကောင်းတွေ ထွက်လာနိုင်တာပေါ့။ သိပ်အသက်ကြီးသွားရင်လည်း ခေတ်နဲ့ကွာဟသွားနိုင်တယ်။ သမီးအရွယ်ဆိုလည်း ငယ်သေးတယ် ဝင့်ဝါဝါ"

"ဟုတ်ကဲ့ပါ... ဆရာကြီး"

"ကဲ... ကော်ဖီသောက်ကြဦး၊ မုန့်လည်းစားပါ"

"ဟုတ်ကဲ့... မနေ့ကပဲ ပြီးသွားတဲ့စာမူပါ ဆရာကြီး"

ဝင့်ဝါဝါက မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ဖြင့် စာမူအပ်၍...

"ပြုပြင်စရာရှိလည်း ပြုပြင်ပါ"

"တစ်ယောက်ရဲ့ အတွေးအခေါ် အနုပညာကို တစ်ယောက်က မပြုပြင်အပ်ပါဘူးကွယ်။ ဒီတိုင်း တင်လိုက်မှာပါ။ စာပေစိစစ်ရေးကသာ တိုင်းပြည်နဲ့ မအပ်စပ် မလျော်ကန်တာရှိရင် ပြုပြင်–ဖြတ်တောက်ခိုင်းပါလိမ့်မယ်"

"ကောင်းပါပြီ... ဆရာကြီး"

"သမီး...ရော၊ လက်နှိပ်စက်ရိုက်ဖို့ သိမ်းထားလိုက်။ ပေးဖို့ကျန်တဲ့ငွေကို မောင်နေလင်းနဲ့မေးပြီး ထုတ်ပေးလိုက်ပါ"





ဧည့်ခန်းတွင်းမှ နေလင်းဝေနှင့် မိုးပွင့်ဖြူတို့ ထွက်သွားကြသည်။

"ဆရာကြီးကို ဆွေးနွေးစရာရှိပါတယ်"

ဝင့်ဝါဝါက သူ့ခင်ပွန်း၏ စံ,လာသောစကားကို အားနာဟန်ဖြင့် သွားပုံရပါ၏။ ဘာမှတော့ ဝင်မပြောပါ။

"ပြောပါ ကိုမြင့်အေးဖေ"

"ကလောင်တစ်ခု ထပ်မွေးချင်ပါတယ်။ ဆရာကြီးတိုက်က တင်ပေးရင် တက်သွားမှာပါ"

"ဘယ်လို"

"ဒီလိုပါဆရာ... တစ်ယောက်ယောက်က ရေးပေးပြီး သူ့ညီမ၊ သို့မဟုတ် သူ့တပည့်အမည်ခံပြီး အမျိုးသမီးတစ်ယောက်ရဲ့ အမည်နဲ့ ထုတ်ချင်ပါတယ်။ ရုပ်ပြလုပ်ပေးမယ့် အမျိုးသမီးလည်း ရှိပါတယ်။ ကျွန်တော့် နှမလိုခင်တဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဩော်... မောင်ရင့်အသိမိန်းကလေးကို စာရေးဆရာမ အမည်ခံခိုင်းမယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ရေးပေးမယ့်သူက..."

"ကျွန်တော့်မိတ်ဆွေပဲ ဆိုပါတော့၊ နာမည်ကတော့ မပြောပါရစေနဲ့။ သူ့ဝတ္ထုတွေ ကျွန်တော်ဖတ်ကြည့် အတော်လေးကောင်းပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဒီကိစ္စမျိုးတွေ အတော်လေး ကြားနေရတယ်။ အမည်ခံသူရော၊ ထုတ်ဝေသူကိုရော၊ စီးပွားအပိုင်းကဏ္ဍကိစ္စမို့ ဆရာ့အနေနဲ့ ဘာမှမပြောလို မဝေဖန်လိုပါဘူး"

"ဟုတ်ကဲ့"

"ဆရာ့အနေနဲ့တော့ ဒါမျိုး ဘယ်တော့မှမလုပ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မူပိုင်ရှင် အနုပညာသမားကို ရက်စက်ရာကျလွန်းလို့"

"ရေးသူကိုယ်တိုင်က ကျေနပ်တာပဲ ဆရာရယ်"

"သူကျေနပ်ပေမယ့် သူ့အနုပညာကို သတ်တာဟာ သူ့ဘဝကို သတ်ထားတာနဲ့ ဘာထူးလဲ"

"ကဲပါ မောင်ရယ်... ဒီကိစ္စ ထားလိုက်ပါတော့၊ ပြော်မျက်နှာဖုံးဆွဲဖို့ အိုင်ဒီယာလေးက ဒီလိုဝါဆရာ"

ဝင့်ဝါဝါက အားနာလာသဖြင့် စကားစကို တမင်ဖြတ်လိုက်ကြောင်း မြင့်အေးဖေသိ၍ သိပ်တော့ မကျေနပ်...

စေ့စပ်သေချာသော စာရေးဆရာမလေး ဝင့်ဝါဝါသည် သူ့ဝတ္ထု၏ ဇာတ်ဝင်ခန်းပုံများ ဆွဲရန် ပုံကြမ်းနှင့် စာညွှန်းလေးကိုပါ ဦးသက်မောင်ထံသို့ အပ်နှံပါ၏။

မိုးပွင့်ဖြူပေးသော ငွေကိုယူပြီး တခြားသော စကားများ စာပေကိစ္စများ ခေတ္တဆွေးနွေးကြသည်။ သူတို့ နှုတ်ဆက်ပြန်ချိန်တွင်...

"ဟင်... ကား ဘယ်ထွက်သွားပါလိမ့်"

မြင့်အေးဖေက ယောက်ယက်ခတ်သော အကြည့်နှင့် ဝဲယာလှည့်ရှာနေသည်။ ဝင်းဝါဝါကတော့ ငြိမ်ငြိမ်သက်သက် ရပ်လျက်ပါ။





နေလင်းဝေက ပြုံး၍...

"ဒီမှာ အေးအေးဆေးဆေးနေရအောင်ဆိုပြီး ကျွန်တော် ငွေရှင်းပြီး ပြန်လွှတ်လိုက်ပါတယ်။ လာပါ... ဆရာ့ကားနဲ့ ပြန်မို့ဖို့ စီစဉ်ထားပါပြီ၊ ကျွန်တော်ပါ လိုက်ခဲ့မှာပါ"

"ဟာ... အားနာစရာကြီးရှင်"

"အခြားလူမှမဟုတ်ဘဲ ဆရာမရယ်... လာပါ"

နေလင်းဝေက ဦးဆောင်ပြီး ဦးသက်မောင်၏ ဖိးယက်ကား နောက်ခန်းတံခါးကို ဖွင့်လိုက်သည်။ ဝင့်ဝါဝါတို့နှစ်ယောက် တက်ပြီးမှ သူက ရှေ့ခန်းဒရိုင်ဘာ၏ဘေးတွင် ဝင်ထိုင်ပြီး ထွက်ခွာသွားတော့သည်။

ကော်ဖီနှင့် မုန့်ပန်းကန်များကို သိမ်းဆည်းနေသည့် မိုးပွင့်ဖြူသို့ ဦးသက်မောင်က စူးစိုက်စွာ ကြည့်ရင်းက...

"သိမ်းဆည်းပြီးရင် ဖေဖေ့အခန်းကို ခဏလာခဲ့ပါသမီး"

အပေါ်ထပ်သို့ တက်သွားပြီး ဒရင်းဘက် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲ၍ နားနေရှာသည်။ မောပန်းသော ဝေဒနာကြောင့် ဦးသက်မောင်မှာ လေးလေးနက်နက်စကားများ အချိန်ကြာကြာ ပြောရသလောက် မောနွမ်းတတ်ပါ၏။

"နေကောင်းရဲ့လား ဖေဖေ"

"ကောင်းတယ် သမီး၊ သမီးကို ပြောစရာရှိလို့"

"ပြောလေ ဖေဖေ"

ဦးသက်မောင်မှာ မိုးပွင့်ဖြူသို့ မကြည့်ပါဘဲ ခြံတွင်းသို့ မျက်နှာမူလျက်မှ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကို ပြောတော့မယ်လို့ ဖေဖေ ကြံစည်တာကြာပြီ။ သမီးရဲ့ မွေးနေ့ပွဲလုပ်တဲ့နေ့ကစပြီး ဆုံးဖြတ်ခဲ့တာ"

"ဘာများပါလိမ့် ဖေဖေရယ်"

"ဖေဖေဟာ...ဖခင်တစ်ယောက် အနေနဲ့ရော မိခင်တစ်ယောက် နေရာကပါ သမီးကို တာဝန်ယူနေရတယ်ဆိုတာ..."

"သမီး နားလည် သဘောပေါက်ပြီးသားပါဖေဖေ"

"အေး... ဒါကြောင့် ဖခင်တစ်ယောက် အနေနဲ့ မမေးအပ်တဲ့ စကားပဲ မေးပါရစေ"

"ရှင် ဖေဖေ"

"သမီးမှာ ရည်ရွယ်ရည်မှန်းထားတဲ့ ချစ်သူရှိသလား"

"အို... မရှိ... မရှိပါဘူး ဖေဖေရယ်"

"ဒါဖြင့် ဖေဖေ ပြောပါရစေ"

"ပြောပါ၊ ဘာများလဲ ဖေဖေရယ်"

"ဖေဖေ မောင်နေလင်းကို သဘောကျတယ်"

"ရှင်"

"သမီးရဲ့ အိမ်ထောင်ဘက်အတွက် ဖေဖေ သဘောကျတယ်"

"အို..."

အရှက်၏ အဆိပ်သည် ဦးထိပ်မှ ခြေဖျားသို့တိုင် ပျံ့နှံ့ပါ၏။

"ဖေဖေသိချင်တာ နှစ်ခု၊ တစ်ခုက သိရပြီ၊ သမီးမှာ ချစ်သူ မရှိသေးဘူးဆိုတဲ့ အဖြေ။ ဒုတိယအနေနဲ့ ဖေဖေက မောင်နေလင်းနဲ့ လက်ထပ်ပေးချင်တယ် ဆိုတာ သမီးအနေနဲ့ လက်ခံနိုင် လက်မခံနိုင် ဆိုတာကိုပါပဲ သမီးလေး"





မိုးပွင့်ဖြူမှာ ထာဝရ ရင်းနှီးရောဝင်စွာ နေခဲ့သော ဖေဖေ၏ မျက်နှာကို မကြည့်ရဲတော့၍ ခေါင်းငုံ့ထားမိသည်။

"သမီး"

မိုးပွင့်ဖြူ မထူးနိုင်ခင်မှာပင် ထပ်ခေါ်လာသည်။

"သမီးလေး မိုးပွင့်ဖြူ"

"ရှင် ဖေဖေ"

ရှက်ကြောက်စိတ်များနှင့်တုန်ခါနေသော သမီး၏အသံနှင့် ဟန်ပန်လေးများကို သနား ကရုဏာများစွာဖြင့် ကြည့်ပြီး...

"သမီး စဉ်းစားပါဦး... သမီး စိတ်မချမ်းသာမယ့် အလုပ်ကို ဖေဖေ ဘာမှမလုပ်ဘူး သမီးစိတ်ချ၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ခုကိစ္စကိုလည်း သမီး အေးအေးဆေးဆေး စဉ်းစားပါ။ သမီး တစ်သက်တာ အေးချမ်းစွာ မှီခိုရမယ့် ခင်ပွန်းဖြစ်လိမ့်မယ်ထင်လို့ သမီးရဲ့ စိတ်ချမ်းသာစေဖို့အတွက် ဖေဖေ စဉ်းစားပေးတာပါသမီး"

"သမီးနားလည်ပါတယ် ဖေဖေ"

"သမီးစိတ်ဆင်းရဲမယ်ဆိုရင် ဖေဖေ မစီစဉ်ပါဘူး သမီး အချိန်ယူ စဉ်းစားပါဦး။ ဖေဖေ့ကိုကြောက်လို့ ချစ်သူ မရှိဘူးဆိုပြီး မညာနဲ့နော် သမီးလေး။ ဖေဖေ့ကို ပွင့်ပွင့်လင်းလင်းပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး မညာပါဘူး၊ သမီးမှာ တကယ်မရှိတာပါဖေဖေ"

"သမီးရဲ့ အေးငြိမ်းစွာ နေထိုင်မှုကိုကြည့်ပြီး သမီးမှာ ချစ်သူ မရှိသေးဘူးဆိုတာ ဖေဖေသိပါတယ်။ မောင်နေလင်းနဲ့ ကိစ္စ ကိုလည်း..."

"ဖေဖေ"

"ပြောပါသမီး"

"ဖေဖေ့ဆီက ဒီစကားမျိုး ကြားရလိမ့်မယ်လို့ မမျှော်လင့် မထင် မှတ်မိခင်တည်းက သမီး ဆုံးဖြတ်ထားတာ ရှိပါတယ် ဖေဖေ"

"ဘာလဲ သမီး"

"သမီးရဲ့ တစ်သက်မှာ ဖေဖေစိတ်မချမ်းသာစေမယ့် ကိစ္စ ဘာမှမလုပ်ဘူးလို့ သန္နိဋ္ဌာန် ချမှတ်ထားခဲ့ပါတယ် ဖေဖေ"

"သာဓုပါကွယ်"

မိုးပွင့်ဖြူမှာ မေတ္တာကျက်သရေဖြင့် ပြည့်လျှမ်းနေသေ ဖခင်ကြီး၏မျက်နှာကို ကြည်ညိုစွာကြည့်ပြီး ရှက်စိတ်တို့ကို ခြေ လိုက်သည်။

"အခုကိစ္စမှာလည်း သမီးကို အချိန်ပေးမနေပါနဲ့ စဉ်းစားခိုင် မနေပါနဲ့ ဖေဖေ။ ဖေဖေ ကြိုက်သလို စီစဉ်တာ သမီးနာခံပါ့မယ်"

"မဟုတ်သေးဘူးကွယ်... တစ်သက်လုံး အတူနေရမှာက သ နဲ့လေ"

"မဟုတ်သေးဘူး ဖေဖေ... အဓိက,က သားမက်တော်ရမ သူဟာ ဖေဖေ့စိတ်ကြိုက်ဖြစ်ဖို့၊ ဖေဖေ... စိတ်ချမ်းသာစေဖို့ပါ"





"သမီးလေးရယ်"

"ဖေဖေ့... စိတ်ကြိုက်ဖြစ်လို့ ဖေဖေစိတ်ချမ်းသာမယ်ဆိုရင် သမီးလည်း စိတ်ချမ်းသာမှာပါ ဖေဖေ"

"ဖေဖေ ဝမ်းသာတယ် သမီး"

"သမီး... အဲဒီလို ဘာလို့ ချက်ချင်း ဆုံးဖြတ်လဲ ဖေဖေ သိလားဟင်"

"ပြောပါ... သမီး"

"ဖေဖေ့ဘဝတစ်ခုလုံး သမီးအတွက်ရင်းပေးထားလို့ပါပဲ"

"ဒီလိုလည်း မဟုတ်သေးပါဘူးကွယ်။ မိဘဆိုတာ..."

"ဟုတ်ပါတယ် ဖေဖေ... မေမေဆုံးတော့ ဖေဖေဟာ လေးဆယ့် နှစ်ပဲ ရှိပါသေးတယ်။ ဒီအရွယ် မုဆိုးဖိုယောက်ျား ကိုးဆယ့်ကိုး ရာခိုင်နှုန်းလောက်ဟာ၊ နောက်အိမ်ထောင် ပြုကြတာချည်းပါပဲ၊ သမီးကို ထွေးနဲ့ နေရမှာစိုးလို့၊ ဖေဖေရဲ့ဘဝကို အသစ်မစဘဲ မေမေနဲ့ အတူ ဆုံးပေးခဲ့တဲ့ ကျေးဇူးတရားကြောင့် သမီးဘဝကိုလည်း ဖေဖေ့ကို ပြီး အပ်ပါတယ်ဖေဖေ၊ ဖေဖေကြိုက်သလိုသာ စီမံပါနော်"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ။ ငါ့သမီးစကား ကြားရတာ ရင်ချမ်းမြေ့လိုက်တာ၊ မောင်နေလင်းဟာ အလုပ်လည်း ကြိုးစားတယ်။ ရိုးသားတယ်။ ဖေဖေ အပင်စိုက်ခဲ့တဲ့ လုပ်ငန်းကို ရှင်သန်အောင် ဆက်လက် ထိန်းသိမ်းနိုင်မယ့် သူငယ်ပါပဲ၊ ကိုလည်း သိပ်လေးစားရှာတယ်"

"ဟုတ်ပါတယ် ဖေဖေ။ ဖေဖေ့ အတွက်ရော၊ လုပ်ငန်းအတွက် နေလင်းဟာ အံဝင်ခွင်ကျ ဖြစ်ပြီးသားသူပါ..."



www.burmeseclassic.com

"ဟုတ်တယ် သမီး... ငါ့သမီး ခုလို ချက်ချင်းဆုံးဖြတ်ပေး ပေမယ့်၊ ဖေဖေက ချက်ချင်း မစီစဉ်သေးပါဘူး။ သူ့ကိုထပ်ပြီး လေ့လာ အကဲခတ်ဦးမှာပါ၊ ကျေနပ်တဲ့အထိ ကြည့်ဦးမှာပါ၊ ပြီးမှ လက်ထပ် ပေးဖို့ စီစဉ်မှာပါ သမီး"

"ကောင်းပါပြီ ဖေဖေ... ဖေဖေ့သဘောပါ"

မိုးပွင့် ဖြူ၏ လွယ်ကူလွန်းသော အဖြေသည် သူ၏နှလုံး သည်းပွတ်မှ ပွင့်ထွက်လာခြင်း မဟုတ်ပါ။

ဦးနှောက်အသိဉာဏ်၏ အဖြေသာ...

ဤဆုံးဖြတ်ချက်သည် မိုးပွင့်ဖြူ၏ နှလုံးသားမှာ ချစ်ခြင်း မေတ္တာဆိုသည့် အနက်နဲဆုံးသော ခံစားမှု၊ မရောက်ရှိ မဖြစ်ထွန်း ကာလဆီက ပြောခဲ့မိခြင်းမို့၊ နောင်အခါတွင်...

■ ■ ■



## အခန်း ။ခြောက်။

စည်း နဲ့ ဝါး

စည်း နဲ့ ဝါး

စည်း နဲ့ ဝါး

၁၆ ကြိုး ရှိသော စောင်း၏ တတိယ နံပါတ် ၃ ကြိုး ဖြစ်သည့် စ်သံကို လက်ညှိုးနှင့် တီးလျှင်...

"စည်း..."

ဆိုသော သံစဉ်ကို ရမည်။

သံမှန်ကြိုး... နံပါတ် ၉ ကို တီးလျှင်...

"နဲ့..."

ဆိုသော အသံဖြစ်လာမည်။

လေးပေါက်ဖြစ်သော နံပါတ် ၁၁ ကြိုးကို တီးလျှင်...

"ဝါး..."

ဆိုသော အသံ ထွက်လာမည်...



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်း... နံပါတ် ၃ ကြိုးကို လက်ညှိုး၊ ၉ ကြိုးကို လက်မ ၁၁ ကြိုးကို လက်မနှင့် အချက်ကျတီးခတ်ခြင်းဖြင့်...

"စည်းနဲ့ဝါး...စည်းနဲ့ဝါး"

ဆိုသော စောင်းသင်ခန်းစာ၏ အစ,ကို မိုးပွင့်ဖြူ ပြန်လည် အမှတ်ရစွာ သုံးခါတီးခတ်ပြီးသည်နှင့်...

ထံတျာတေရှင်... ထံတျာတေရှင်...

တောပင်တောလုံး နှံ့ပါလို့လေး...

ထက်စငယ်. ကောင်းကင်... မိုးတည့်...

မိုးတိမ်ပြင်...

စံရှင်စံပျော်ပါး... ရွှေဖော်တစ်စု... များငယ်နှင့်လေး...

သည်မိုး... သည်မိုး... ဒေဝါ...

...မိုးတည့်... မိုးဒေဝါ...

"ဟုတ်ပြီ၊ ငါ့သမီး သိပ်ဟုတ်သွားပြီ၊ စည်းဝါးတောင် အဘ လိုက်ဆိုပေးတဲ့အတိုင်း တစ်ချက်မှ မမှားအောင် တီးနိုင်တယ်"

အဘဥက္ကာ၏ ချီးမွမ်းသံကြောင့် မိုးပွင့်ဖြူမှာ ငုံ့နေရာ မျက်နှာလေး မော့ပြီး ကြည်နူးခြင်းအပြည့်ဖြင့် ပြုံးမိသည်။

အကြောလျှော့၍ ထိုင်ခြင်း မဟုတ်သဖြင့် ကိုယ်ခန္ဓာ ပန်းလျလှသည်။

တီးခတ်နေစဉ် လက်ကွက်မမှားစေဖို့ အာရုံစိုက်နေခို အသက်အောင့်ထားမိလေသလား မသိပါ။ ရင်မှာ မောဟိုက်သွာ ရသည်။





ခေါင်းကို စောင်းငုံ့စွာ ငုံ့ပြီး သံစဉ်ကြိုးများပေါ်သို့ လက်ညှိုးနှင့် လက်မ တီးခတ်မှုမှန်စွာ ကျရောက်စေဖို့ တပင်တပန်း ငုံ့ကြည့်ထားမိ၍ ဘက် ဇက်တစ်ခြမ်း တောင့်တင်းနာကျင်သွားသဖြင့် စောင်းကိုချပြီး က်ပေါ် လက်ကလေးနှိပ်ပြီး မော့ထားမိပါ၏။

အဆက်မပြတ် တီးခတ်ထားခဲ့သော လက်ညှိုးနှင့် လက်မ မှာလည်း မထိမကိုင်ချင်လောက်အောင် ကျိန်းနေ၊ နာနေတော့သည်။

"သီချင်းအစ ထံတျာက ဆိုတဲ့အတိုင်း အစပိုင်းကို ပြန်တီးခိုင်း တာလည်း အဆင်ကို ပြေလို့ပါပဲလား"

"အဘ မြောက်လေ... သမီးက စောင်းကို လက်ကမချပဲ တီးလေပဲ အဘရဲ့"

"အဲဒါကြောင့် ခုလောက် မြန်မြန်တတ်တာပေါ့၊ ခုဆို ဝန်ကြီး ပဒေသရာဇာရဲ့ ထံတျာတေရှင်ဆိုတဲ့ ပုစဉ်းတောင်သံ ကြိုးနဲ့ သီတာ သာယာနဲ့ ဝေဘာဂီရိဆိုတဲ့ ဝန်ကြီးပဒေသရာဇာပဲ ရေးတဲ့ ကြိုး သီချင်းရယ်...။

"ထွေတလာလာ၊ နေမသာသာ၊ ချမ်းပင်ချမ်းမှု အေးဆိုတဲ့... ကြိုးသီချင်း၊ ငါးပုဒ်ကို ငါ့သမီးကြီး တီးနိုင်ပြီ..."

"အဘပြောတဲ့... ထံတျာ–သီတာ–သာယာ–ဝေဘာ– ထွေတလာ–ဆိုတဲ့ ကြိုးငါးပုဒ်မှာ လေးပုဒ်က ဝန်ကြီးပဒေသရာဇာ ရေးတယ်နော်။ အခု နောက်ဆုံးပုဒ်ကရော ဘယ်သူရေးတာပါလဲ"

"မြောက်ဘက်တိုက်ဝန် နေမျိုးမဟာကျော်ထင် လက်ထက် နော်ရထာက ၁၁၃၂–ခု တန်ဆောင်မုန်းလမှာ ရေးတယ်တဲ့သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့။ ဒါဆို သမီးနောက်ထပ် ကြိုးသုံးပုဒ်နဲ့ သာနိုးပျော်ဘွယ် ၅ ပုဒ် တီးတတ်ဖို့ ကျန်သေးတယ်ပေါ့နော် ဘဘ"

"အင်း နောက် နှစ်လ သုံးလလောက်ဆို ကုန်မှာပါ။ ကြိုးနဲ့ သာနိုးကို သီးခြားလို့ မမှတ်နဲ့နော် သမီး၊ အခေါ်ခွဲထားတာ အားလုံးကြိုးအွဲ့ကြီးပဲ၊ စောင်းမှာ ဘာသာရပ် လေးမျိုးရှိတယ်"

"လေးမျိုးတောင် ဟုတ်လား၊ ဘာတွေလဲဟင် အဘ"

"ပထမက အခု သမီး သင်နေ တတ်နေတဲ့ **'သံရိုး'**လို့ ခေါ်တဲ့ 'ကြိုးဘွဲ့သီချင်းခန့်' "

"ဒုတိယက **'အောက်ပြန်'**ဆိုတဲ့ 'ပတ်ပျိုးသီချင်းများ'ပေါ့..."

"တတိယက **'မျှဉ်ရိုင်း'**လို့ခေါ်တဲ့ 'တေးထပ်' "

"နောက်ဆုံးကတော့ **'ပုလဲ'**ဆိုတဲ့ 'ယိုးဒယားသီချင်းများ' ဖြစ်တယ် သမီး"

"အမယ်လေး ဒါတွေအားလုံးတတ်ဖို့ ဘယ်လွယ်မလဲနော် ဘဘ"

"တတ်ရမှာပေါ့ သမီးရဲ့... အခု ကြိုး ၁၃ ပုဒ်ကိုသာ ဂရုစိုက်ပြီး တတ်အောင်ကြိုးစား၊ ကျန်တာတွေ သိပ်မခက်တော့ပါဘူး"

"ခက်ပါတယ် အဘရယ်... စောင်းစတ်သံဟာ မြန်မာလူမျိုးတွေ ဂုဏ်ယူမယ်ဆိုလည်း ယူထိုက်လောက်အောင် သာယာလွန်းပါပေတယ်။ အဲဒါကို... စန္ဒရားလို၊ အော်ဂန်လို ဘာစက်ကိရိယာတီထွင်မှုမှ မပါပဲ လက်ကွက်နဲ့ တေးသွားသံစဉ်ပေါ်အောင်တီးခတ်ရတာ၊ တကယ့်ကို မလွယ်တဲ့ ဂီတအနုပညာရဲ့ အထွတ်ထိပ်ပါပဲ"





"စောင်းပညာဟာ တကယ်တော့ မလွယ်ဘူးဆိုတာ အဘဝန်ခံပါတယ်။ ဒါပေမယ့် 'ဝါသနာရယ်' 'မြတ်နိုးမှုရယ်'၊ 'ကြိုးစားခြင်းရယ်' ပေါင်းစပ်လိုက်ရင် ဘယ်မှာမတတ်ဘဲ နေပါ့မလဲကွယ်"

"သမီး သိပ်စိတ်ဝင်စားပြီး ဒီပညာကို သိပ်မြတ်နိုးပါတယ် အဘရယ်... သမီးကို အစဆုံး တတ်ကျွမ်းတဲ့အထိ သင်ပေးပါနော်"

"အဘလုံးဝ တာဝန်ယူပါတယ်သမီး"

"သိပ်စေတနာပါတဲ့ အဘရဲ့ တပည့်ဖြစ်ရတာ သမီး သိပ်ကံကောင်းတာပဲ။ အဘနဲ့ စောင်းသင်နေရတာ သိပ်ပျော်တာပဲ အဘရယ်"

"ဝမ်းသာပါတယ်ကွယ်... အိမ်မှာတောင် ပြောမိသေးတယ်။ သမီးက သိပ်ပြီး စိတ်အားထက်သန်ကြောင်း၊ သိပ်ကြိုးစားကြောင်းနဲ့ အဘက ကြိုးဆယ့်သုံးပုဒ် ပြီးဆုံးတဲ့အထိ ဖိဖိစီးစီး သင်ပေးဖို့ တာဝန်ယူထားတဲ့အကြောင်းတွေပေါ့"

"ဘယ်သူ့ကိုပြောတာလဲ အဘ"

"အဘရဲ့... တ... တပည့်တွေကိုပေါ့ကွယ်"

"အဘမှာ တပည့်ဘယ်နှစ်ယောက် ရှိလဲဟင်"

"အတူနေတာ နှစ်ယောက်ပါ"

"ယောကျ်ားလေးလား၊ သမီးလို မိန်းကလေးရော သင်သေးလား"

"ယောကျ်ားလေးတွေချည်းပါ"

"နေရတာ အဆင်ပြေရဲ့လား အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ပြေအောင်နေရတာပေါ့ သမီးရယ်"

"ဖေဖေကလေ... အဘ ငယ်ငယ်က သိပ်ရိုးကြောင်း၊ သူ သိပ်ခင်ကြောင်းတွေ ပြောပြောပြတယ် အဘရဲ့။ သမီးကလည်း အဘကို သိပ်ချစ်ခင် ကြည်ညိုပါတယ်ဆိုတာ အဘယုံပါ၊ လက်ခံပါနော်"

"ယုံပါတယ်သမီးရယ်၊ ကျေးဇူးတင်ပါတယ်"

"ဒါဆို... ဒီအိမ်မှာပဲ လာနေပါလားနော် အဘ"

"ဟင်"

"ဘာဖြစ်လို့လဲ။ သမီးကို သမီးလေးလိုပဲ သဘောထားတယ်ဆို၊ အဘက ကျန်းမာသန်စွမ်းနေလို့သာ။ ဖေဖေ့ထက်တောင် အသက်ကြီးတာပဲ။ ဒါကြောင့် အဘရယ် ဖေဖေရယ်ကို သမီး အားပါးတရ ပြုစုချင်တယ်၊ မိဘနဲ့ ဆရာသမားကို ပြုစုခွင့်ရရှိဖို့ ခဲယဉ်းတယ် မဟုတ်လား အဘရဲ့။ သမီးတို့အိမ်မှာ လာနေပါနော်"

"အဘအပေါ်မှာ ဒီလိုသဘောထားတတ်တာ ဝမ်းသာပါတယ် သမီးရယ်၊ ချမ်းချမ်းသာသာနဲ့ နေရမယ်ဆိုတာလည်း အဘသိပါတယ်။ ဒါပေမယ့် မဖြစ်သေးပါဘူး သမီးရယ်"

"အို... ဘာဖြစ်လို့လဲ အဘရဲ့"

"အဘမှာ သံယောဇဉ်လေးတွေ ရှိသေးတယ်ကွယ်"

"သံယောဇဉ်"

"ဟုတ်တယ် သမီး"

"ဒါနဲ့ အဘမှာ ဇနီးဆုံးပြီး သားသမီးလည်းမရှိဘူးဆို"





"အဘပြောပါရော... တပည့်လေးတွေ ရှိတယ်လို့"

"ဒါဆို အမြဲမနေနိုင်တောင်မှ ဒီမှာ တစ်ပတ် ဆယ်ရက်လောက် လာလာနေပါလားနော်"

"အေးကွယ်... အမြဲ တွေ့နေရမှာပဲ။ အဆင်ပြေတဲ့ တစ်ချိန်ချိန်မှာ လာနေပါ့မယ်။ ကဲ... 'ညွန့်တက်သံသာ ဆင်မင်းကြိုး' ဖြစ်တဲ့ 'ဝေဘာဂီရှိ တောင်ငယ်တွင် သိကြားနတ်ယာဉ်ဆင်'ဆိုတဲ့ စတုတ္ထကြိုးဘွဲ့ 'ဝေဘာ'ကို ကျေအောင် ပြန်စကြရအောင်လား သမီး..."

"ဟုတ်ကဲ့ အဘ"

အဘရှေ့တွင် ကျို့ရို့စွာထိုင်ပြီး စောင်းကို ရင်ခွင်မှာ ပိုက်လိုက်သည်။

ညင်သာသော စောင်းညှင်းသံနှင့် အေးမြ ငြိမ်သက်သော အလှများစွာကို ပိုင်ဆိုင်သည့် မိုးပွင့်ဖြူ၏ ကိုယ်ဟန်လေးကို ကြည့်ရင်း...

ဦးဥက္ကာ သနားသွားမိသည်။

ချမ်းသာ ကြွယ်ဝခြင်းများစွာဖြင့် ဖွဲ့စည်းထားသော အေးငြိမ်းသည့်ဘဝကို ပိုင်ဆိုင်သူ...

လှပခြင်းများစွာဖြင့် တည်ဆောက်ထားသော အလှရှင်မလေးအတွက် သနားစရာဆိုသော ခံစားမှု မဖြစ်ထွန်းထိုက်သော်လည်း...

အမိ၏ မေတ္တာမဲ့ရခြင်းကို အခြေပြုမိလေသလား။ တပင်တပန်း ကြိုးစားအားထုတ်၍ စောင်းထိုင်တီးနေရှာသည်ကိုပင် သနားမိလေသလား မသိပါ။

အဘဥက္ကာ ရင်တွင်းမှ စီးကျလာသော ကရုဏာ မေတ္တာတို့သည် သန့်စင်အေးမြလွှန်းသော စိမ့်စမ်းရေသို့ပါ...



www.burmeseclassic.com

www.burmeseclassic.com



သတ္တလောကသား အားလုံးအတွက် စွမ်းအင်ကြီးမားဆုံးသော အရာသည် မေတ္တာပါ...

သည်မေတ္တာ၏ အင်အားသည် ထုတ်လွှတ်သည်နှင့် တန်ပြန်အောင် ပြန်လည်ရရှိတတ်သော တန်ခိုးတော်ရှိပါ၏။

ဤနိယာမ နယ်မြေတွင်းမှ အဘဥက္ကာနှင့် မိုးပွင့်ဖြူတို့၏...နှလုံးသား နှစ်ခုစီမှ စီးသွယ်ယှက်ကူးနေသော ဖခင်ဆန်သည့် မေတ္တာတုံ့ပြန်ခြင်း များစွာဖြင့် ကြည်ညိုလေးစားစွာ ချစ်နေရှာသော မိုးပွင့်ဖြူတို့...

နှစ်ဦး၏... မေတ္တာများ၊ ကရုဏာများတို့သည်...

■

သမီးလေးက ဦးဥက္ကာကို ကျွန်တော့် နီးပါး ချစ်ကြည်ညိုနေရှာတာပါ၊ နေနိုင်ရင် အလျှင်လိုပဲ ဒီခြံမှာ လာနေပါလားဗျာ"

"နေချင်ပါတယ် ကိုသက်မောင်ရယ်... ဒါပေမယ့် သိတဲ့အတိုင်း သံယောဇဉ်လေးတွေက ရှိနေသေးတယ်လေ"

"ကျွန်တော်များ တာဝန်ပျက်ကွက်နေလေသလားလို့ မကြာခဏ တွေးမိပါတယ်"

"ဒီလို မတွေးပါနဲ့ ကိုသက်မောင်... ကျွန်တော်နဲ့ ရေစက်ပဲပေါ့လေ... ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံလို့ပဲ ခံယူထားပြီးသားပါ။ ဒီအတွက် နည်းနည်းမှ စိတ်ညစ်မခံစမ်းပါနဲ့ဗျာ"





"ဦးဥက္ကာပေါ်မှာ တစ်ဘက်သတ် တာဝန်ကြီး ပိနေသလို ဖြစ်နေပြီ..."

"တော်တော့ ကိုသက်မောင်၊ ကလေးကြားသွားမယ်။ ဓိခြံကို ဘစ်သက်ပြန်မလာဘူး၊ ဘာဒုက္ခမှ မပေးတော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်ထားပြီးသားပါ။ ကျွန်တော့်ကို ကိုသက်မောင် လိုက်လံရှာဖွေခေါ်လာလို့ ရောက်ခဲ့ရတာပါ... ဒီကိစ္စကို ကလေးလုံးဝမသိပါစေနဲ့။ သက်ဆိုင်တာက သူပဲလေ"

မိုးပွင့်ဖြူမှာ တံခါးဝတွင် ရပ်ရင်း ပုဆွာစကားပိုဒ်များကို ကြားနာနေမိသည်။ အဖြေမရှိ...

"ကဲ... ခုလို ကျွန်တော် ပြန်ရောက်လာတာဟာ ကလေးကို ဆောင်းသင်ဖို့ပါ။ တခြားကိစ္စတွေ မပြောပါနဲ့လို့ တောင်းပန်ပါရစေ ကိုသက်မောင်ရယ်..."

"ကောင်းပါပြီ ဦးဥက္ကာ"

အဘိုးကြီးနှစ်ယောက်စကားသံတိတ်သွားကြပါ၏။ လက်ဖက်ရည်နှင့် မုန့်များ အတူစားသုံးနေကြသံကိုသာ သဲ့သဲ့ကြားနေရသည်။

"ကျွန်တော့်ကို ကိုသက်မောင် လိုက်လံရှာဖွေခေါ်လာလို့ ရောက်ခဲ့ရတာပါ။ ဒီကိစ္စကို ကလေးလုံးဝ မသိပါစေနဲ့၊ သက်ဆိုင်တာက သူပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဆိုင်တာက သူပဲလေ"

"ဆိုတာ ငါ့ကိုပြောနေကြတာ၊ ငါ့ရဲ့ဘဝမှာ ဒီအိမ် ဒီခြံနဲ့ ဒီဖေဖေကလွဲပြီး ပြင်ပ ဝန်းကျင်မှာ သက်ဆိုင်စရာများ ရှိသေးလို့ လားကွယ်"

"အဘဥက္ကာက ငါ့ကို သမီးတဲ့၊ ကလေးတဲ့။ သူ ငါ့ကို သိပ် ချစ်ရှာတယ်၊ ငါကလည်း ချစ်တယ်"

"ငါဟာ သူ့သမီးများလား"

"အို… မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ဖေဖေဟာ ငါ့ကို သိပ်ချစ် တာပါ"

"ဖေဖေရယ်… သမီး ဖေဖေ့သမီးပဲ ဖြစ်ပါရစေ၊ ဖေဖေ့သမီးပဲ ဖြစ်ပါရစေ"

တွေဝေစိတ်၊ စိုးရိမ်စိတ်၊ သံသယစိတ်တို့သည် နေပြောက်များ အဖြစ်နှင့် အေးရိပ်နေသော မိုးပွင့်ဖြူ၏ ဘဝတွင်းသို့ ထိုးဖောက် ဝင်ရောက်လာပါ၏။

"မငြင်းပါနဲ့ ဦးဥက္ကာ… ယူသွားပါ"

"ဟာ… ဒီလောက်ငွေ ကျွန်တော် တာဝန်ကြီးလွန်းလို့ပါ ကိုသက်မောင် မယူပါရစေနဲ့"

အခန်းတွင်းမှ အသံများ ပြန်လည် ထွက်ပေါ်လာလေမှ မိုးပွင့်ဖြူ၏ အာရုံများ ပြောင်းသွားသည်။

"ဦးဥက္ကာ ယူသွားတယ်ဆိုရင် သမီးကလည်း ဝမ်းသာရှာမှာ။ သမီးကို ကန်တော့ခိုင်းရမယ်။ သမီး… သမီးရေ"





ဦးသက်မောင်က စကားပြောရင်း နောက်ဆုံးအသံကို မြှင့်၍ ခေါ်လိုက်ပါ၏။

အခန်းဝမှ မိုးပွင့်ဖြူ ဝင်သွားချိန်တွင်…

"ထိုင်ဦး သမီး၊ ဖေဖေပြောမယ်၊ သမီးကို စောင်းသင်ပေးခဲ့ သူ လုံးဝ မယူဘူးဆိုပေမယ့် လစဉ် စာအိတ်ထဲ ငွေတစ်ရာငါးဆယ် ထည့်ပြီး သမီးကို ကန်တော့ခိုင်းခဲ့တယ်နော်"

"ဟုတ်ပါတယ် ဖေဖေ"

"အခု သမီးနဲ့ သမီးရဲ့အဘဟာ တစ်ယောက်နဲ့တစ်ယောက် လည်း သားအဖလို ဘ ယောဇဉ် ဖြစ်နေကြပြီ။ အကြောင်းကိစ္စ မရှိတောင် မတွေ့ရဘဲ နေနိုင်ကြတော့မှာ မဟုတ်ဘူး မဟုတ်လား"

"ဒါ အမှန်ပါပဲ ဖေဖေ"

"အေး… ဒါကြောင့် ဦးဥက္ကာလည်း လာရင်နဲ့ သမီးနဲ့ စောင်းသင်ကြ၊ ဆိုကြ၊ တီးကြနဲ့ဆိုရင် ငါ့သမီးလည်း အားလပ်ချိန်မှာ ပျော်ရွှင်ကြည်နူးဖွယ်ရာ အချိန်တွေ ကုန်ရလေအောင် တစ်နှစ်လောက် ဆက်မသင်ချင်ဘူးလား"

"တစ်နှစ်မက သင်ချင်ပါတယ်၊ စောင်းတီးနေရရင် သမီး ပျော်ပါတယ်ဖေဖေ"

"ဒါကိုသိလို့ ဖေဖေက သမီးအတွက် တစ်နှစ်စာ… ငွေ တစ်ထောင့်ရှစ်ရာကို တစ်ခါတည်း ယူထားပါလို့ ပေးနေတာ၊ ဒီမှာ သမီး… ဟိုတစ်ပတ်လာတုန်းက အိမ်သွပ်မိုးတွေ ပေါက်နေလို့ မိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ယိုလိုက်လာလို့ ပြောဖူးတယ်။ အဲဒါလေးပြင်ရအောင် ရော့ ဒီငွေကို သမီးရဲ့အဘကို သမီးပဲ ယူသွားအောင်ပြောပြီး၊ ကန်တော့ပေတော့"

"သမီးအဘ သမီးပိုင်ပါတယ် ဖေဖေရဲ့... ဒီမှာ အဘသမီးကို စောင်းသိပ်တတ်စေချင်တယ် မဟုတ်လား၊ သမီးကလည်း ဘယ်လောက် ဝါသနာကြီးနေတယ်၊ ဇွဲကြီးနေတယ်ဆိုတာ အဘအသိနော်၊ ဒါပဲ... ဒီငွေ အကန်တော့မခံရင် သမီးဘယ်တော့မှ စောင်းမသင်တော့ဘူး"

ငွေကို အမှန်ပင် သူ မလိုချင်လှသော်လည်း မိုးပွင့်ဖြူ၏ အလိုဆန္ဒမှန်သမျှကို လိုက်လျောလိုသောစိတ်ဖြင့် နောက်ဆုံးတွင် ဦးဥက္ကာ လက်ခံလိုက်ရရှာသည်။

"ဝမ်းသာပါတယ် ဦးဥက္ကာရယ်၊ သူ့သမီး ပေးမှပဲ ယူပေတော့တယ်။ ကျွန်တော်တို့အတွက် ဒီငွေလောက်ဟာ မီးခံသေတ္တာမှာ အိပ်နေမှာပါ၊ ဦးဥက္ကာအတွက် မိုးတွင်းမှာ လုံလုံခြုံခြုံနေဖို့ တကယ်လိုအပ်နေတာပါ"

"ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာ၊ အားလည်းနာပါပဲ ကိုသက်မှောင်ရေ၊ ခင်ဗျားပြောသလို ကျွန်တော့်အနေနဲ့ တကယ်လိုအပ်ချိန်မှာရတဲ့ ငွေပါ၊ ဒါကြောင့် ဒီငွေနဲ့ ထိုက်တန်အောင် သမီးကို တစ်နှစ်ပတ်လုံး လာသင်ပေးပါ့မယ်။ ကျွန်တော်တာဝန်ကျေစေရပါ့မယ်၊ စိတ်ချပါခင်ဗျာ"

■ ■ ■



**အခန်း ။ ခုနစ်။**

"ကိုဝေ...ကြိုးစားလှချည်လားဗျ"

"ဟာ... ကိုလေးသူ... ထိုင်"

"ဘာတွေလဲ"

"ဝင့်ဝါဝါရဲ့ ဝတ္ထုသစ်လေ၊ ဒီနေ့ ဖောင်ပိတ်တော့မှာမို့ အလုပ်...နေတာပါ။ စာရေးဆရာဆီက အမှာစာက နောက်ကျမှရတယ်လေ၊ ...ခါ စာပေစိစစ်ရေးပြေးတင်၊ စာလုံးပေါင်း ဆယ်လုံးကျော် မှားလို့... ...တစ်ကျပ်ပြားသုံးဆယ် ဘဏ်မှာသွားသွင်းပြီး စာပေစိစစ်ရေး ပြန်ပို့... စောင့်နေရလို့၊ မဟုတ်ရင် မနေ့တည်းက ပြတ်ဖို့ပဲ"

"ဝင့်ဝါဝါ ဒီတိုက်ရောက်မှ အတော် တက်လာတယ်နော်..."

"ဟုတ်တယ်၊ လက်ကုန်ရက် ထွက်နိုင်အောင် လုပ်ရတာ ...ချောင်ဘူး ကိုလေးသူရေ့... စာရေးဆရာနဲ့ ထုတ်ဝေသူ သားအဖ ...ကြားမှာ ကျွန်တော်တော့ ပြေးနေရတာပဲ"

"ခင်ဗျား အဘိုးကြီး သားအဖက ဘာလုပ်တာလဲ"

www.burmeseclassic.com



"ပရု(ဖ)တွေ တစ်ဖောင်ချင်း ကြည့်တယ်လေ"

"မလွယ်ပါလား၊ မြို့ထဲကနေ ဝွတ္တလစ်အထိ နေ့တိုင်းနေ့တိုင်း သွားပြီး ရိုက်ပြီးသားစာတွေရဲ့ အမှားကို ကြည့်စေ ပြင်စေရတာ ကိုဝေမို့ စိတ်ရှည်တယ်ဗျာ"

"မရှည်လို့လည်း ဘယ်နှယ်လုပ်မလဲလေ၊ အလုပ်ရှင် ကျေနပ်အောင်၊ တာဝန်ကျေရမှာပေါ့၊ များသောအားဖြင့် ကားလွှတ်ပေးပါတယ်။ တစ်ခါတလေ သုံးဘီး၊ တစ်ခါတလေ ဘတ်စကားနဲ့ ကြိုသလိုပေါ့ဗျာ"

နေလင်းဝေမှာ ဂီတသံသာ မဂ္ဂဇင်း အယ်ဒီတာ ကိုလေးသူ့သို့ လက်ဖက်ရည်မှာပေးပြီး စကားပြောရင်း၊ အလုပ်လုပ်ရင်းဖြင့် ရှုပ်နေသည်။ စာစီသမားများကို ယနေ့ ငွေရှင်းပေးရမည်။ ကြိုယူထားသောငွေများဖြတ်လျက် လက်မှတ်ထိုးခိုင်းရပါဦးမည်။ စက်ဆရာနှစ်ယောက်ကလည်း ငွေကြိုတောင်းထားကြသည်။ စာဖောင်များလာသယ်ရှိ စာအုပ်ချုပ်လုပ်ငန်းဖြစ်သည့် ဘိုင်းဒင်းမှ ကုလားလေးများ ရောက်မလာသေးသဖြင့် လိုက်ရပါဦးမည်။

သူ့ကို လွှဲထားပါသည် ဆိုသော်လည်း၊ သူ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့် ဘာမှမလုပ်ရဲ၊ ငွေကိစ္စ စာရင်းနှင့် သုံးရသည်။ အဘိုးကြီးတူအရင်း ကိုလှမြင့်ကလည်း ထာဝရတိုက်မှာထိုင်နေပါ၏။ အဘိုးကြီးကလည်း စနစ်ကျ၍ စည်းကမ်းကြီးလှပါသည်။

"ကိုဝေ... ကျွန်တော် အကြံပေးမယ်ဗျာ။ တစ်နေ့နှစ်ခေါက်သွားရတဲ့ဒုက္ခ ကင်းသွားအောင် ခင်ဗျားနေတဲ့ တောင်ဥက္ကလာကနေပြီ ဝွတ္တလစ်ခြံကြီးကို ပြောင်းလိုက်ပါလား"





"ဘယ်လို... ကိုလေးသူ"

ကိုလေးသူက ပြုံးယောင်ယောင် မျက်နှာနှင့် စက်ခန်းတွင်းရောက် ကိုလှမြင့်သို့ တစ်ချက်လှမ်းကြည့်ပြီးမှ လေသံကိုနိမ့်၍...

"မိုးပွင့်ဖြူကို ရအောင်ယူနိုင်ရင်လေ"

"ဟာဗျာ..."

"မဟာဗျာနဲ့။ အဲဒါဆို အားလုံး အဆင်ပြေရော။ ခင်ဗျားမှာ ညည်းစားရှိနေလို့လား။ ကောင်မလေးမှာရော..."

"သူ့မှာ မရှိသေးတာတော့ ကျွန်တော် အသိပါ။ ကျွန်တော်ကတော့ အချစ်တွေ၊ ရည်းစားတွေ ဆိုတာ ဒုတိယကိစ္စပဲ။ အလုပ်က ပထမပါ။ ဒါပေမယ့် အဘိုးကြီးက ကျွန်တော်နဲ့ ဘယ် သဘောတူပါ့မလဲဗျာ။ ကျွန်တော်က ငမွဲပဲ"

"အဘိုးကြီးကို တက်တောင်းနေစရာ မလိုပါဘူး။ ကောင်မလေး ကိုယ့်ဘက်ပါလာအောင်သာ ခင်ဗျား ကြိုးစားပေါ့။ ဒါဆို... အဘိုးကြီးက စဉ်းစားလာမှာပဲ။ သူ့လုပ်ငန်းမှာ ခင်ဗျားက တကယ်အားကိုးစိတ်ချရတဲ့သူ၊ သူ့သမီးရဲ့ချစ်သူလည်း ဖြစ်လာရင် ငြင်းနေမှာ၊ ဆွဲက်နေမှာ မဟုတ်ဘူး။ အဘိုးကြီးက သူ့သမီးလေးကို သိပ်ချစ်တာ ကျွန်တော်တို့အသိပဲ။ မိုးပွင့်ဖြူကိုသာ ပိုင်အောင်ကြံစမ်းပါဗျာ"

တစ်ကြိမ်တစ်ခါမျှ မစဉ်းစား မတွေးတောမိခဲ့သော အကြံ ဉာဏ်ပါတကား...

သူနှင့် တရင်းတနှီးနေခဲ့သော မိုးပွင့်ဖြူ၏ အလှများ၊ ဖြူစင်သော စိတ်သဘောထားများကို တွေ့မြင်နီးစပ်ခဲ့ရပါသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ရန်အထိ တစ်ခါမျှ မကြံရွယ် မစဉ်းစားခဲ့မိ။

လက်လှမ်းမမှီနိုင်သော သီးခြားဘဝချင်းဟုသာ မှတ်ယူခဲ့မိသည်။

ယခုတော့...

ကိုလေးသူ၏ အကြံအတိုင်း လက်တစ်ကမ်းစာ အကွာမှ မိုးပွင့်ဖြူ၏ ဘဝတွင်းသို့များ သူ ဝင်ရောက်ခွင့်ရခဲ့ပါလျှင်...

လုပ်ငန်းများ၊ ကြွယ်ဝမှုများ၊ အလှတရားများ အားလုံး၏ အရှင်သခင် ဖြစ်လာရတော့မည့် နေလင်းဝေ...

"သိပ်လှပြီး သိပ်ချစ်စရာကောင်းတဲ့ မိုးပွင့်ဖြူလေးကိုသာ ငါ ပိုင်ဆိုင်ခွင့်ရခဲ့ရင်...

"သူတို့သား၊အဖအတွက်လည်း ငါ အစွမ်းကုန် ရှေ့က ဆောင်ရွက်ပေးပါ့မယ်။ ငါ့ဘဝလည်း အထွတ်ထိပ်မှာ ရပ်တည်နိုင် ပြီပေါ့"

■ ■ ■



**အခန်း ။ရှစ်။**

## အာကာယံထဲ... မိုးဘွဲ့ပတ်ပျိုး

## ကိုလွမ်းလှိုင်...

စောင်းညှင်းခတ်သံ ပဏာမ မြင်ရပြီးမှ အနီးသို့ ကင်မရာ ချဉ်းကပ်၍ ရင်ဘတ်လောက်ဆီမှာ ထိုးလိုက်သော စာတန်း...

## ကိုလွမ်းလှိုင်...

အာကာယံထဲ× × × စံမြဲမြန်းလို့× × × နန်း ဖန်ဆောင် × × လှိုင်းရွှေတိမ်တောင် × × စိမ့်ကြီး မြိုင်ကြီး × × ရိပ်ကြီးသာခေါင် × × မှိုင်းဝေဆာ မှောင်

မြအရောင်လို× × တစ်တောင်လုံး× × ပြိုမည့် ဟန်လို× × မိုးဆင်လာဖုံး× × ဆိုင်းတွေတွေ× × မှိုင်းဝေဝေ× ×



www.burmeseclassic.com

www.burmeseclassic.com



"အသံသိပ်ကောင်းပါလား။ ဘယ်သူတဲ့လဲ...သမီး"

"ကိုလွမ်းလှိုင်တဲ့ ဖေဖေ"

ရုပ်မြင်သံကြားမှ အကြည့်မခွာပါပဲ ဖြေနေသဖြင့် ဦးသက်မောင် ထပ်၍မမေးတော့။

အောင်မြင်သောအသံမှာ မာ၍မနေ။ ညက်သော ငြိမ့်ညောင်းလွန်းလှသဖြင့် နားဆင်သူ၏ရင်ကို အေးမြစေသော အသံပိုင်ရှင်ဖြစ်၍ သမီးချစ်၏ အာရုံကို မပျံ့လွင့်စေလိုပါ။ ဦးသက်မောင်မှာ ဧည့်ခန်းမှ ထထွက်လာခဲ့သည်။

ဗုဒ္ဓဟူးနေ့ည သီချင်းကြီးကဏ္ဍကို မည်သူမျှ နားမထောင်ကြ။ အိမ်ဖော်လေးများက အိပ်ငိုက်သည်ဟုပြောပြီး နောက်ဖေးမှ ထွက်မလာ။

ဧည့်ခန်းရှိ တယ်လီဗေးရှင်းရှေ့တွင် မိုးပွင့်ဖြူတစ်ယောက်တည်း ထိုင်လျက်...

အသံကောင်းသော အမျိုးသားတို့ သီချင်းကြီးသီဆိုလျှင် ပိုမို၍ ရင်ခွဲစရာကောင်းပါ၏။

အပြင်တွင် မိုးရွာနေသည်။

ကိုလွမ်းလှိုင် သီဆိုနေသည်က မိုးဘွဲ့။

တစ်ယောက်တည်း ရှိုက်မက်မြတ်နိုးစွာ နားဆင်နေသူက မိုးပွင့်ဖြူ...

ဓောင်းတီးလက်ကွက်ကို အသေးစိတ် အနီးကပ်ပြသည်။ မိုးပွင့်ဖြူမှာ တီးခတ်နေသော လက်ညှိုး၊ လက်မနှင့် ဓောင်းကြိုးနံပါတ်များကို





...ဖွမ်းသမျှ စူးစိုက်လွန်းသော အာရုံဖြင့် လိုက်လံမှတ်သားနေဆဲ...၊ ...ောင်းမြင်ကွင်းက မေးမိုန်မှုန်ဝါးသွားသည်။

တေးသံသာ... ကျော့လာပါ၏...

ပြီးတော့ ဆင့်ပေါ်မှ ခြေချပြီး ဒူးကိုလက်နှင့် ဝိုက်ကိုင်ထားသော...

ကိုလွမ်းလှိုင်၏ ရုပ်လွှာ...

တိုက်ပုံအဝါနု၊ ရုပ်အင်္ကျီဖြူ၊ ယောလုံချည်အနက်မှာ အဝါ ...ပြာကွက်လေးများနှင့် တည်ငြိမ်ဣန္ဒြေရလွန်းစွာ ထိုင်ဆိုနေရာမှ ကင်မရာ ...က မျက်နှာပြင်သို့ မြင်သာအောင် အနီးကပ် ဆွဲပြပါ၏။

နက်မှောင် အုံကောင်းသော ဆံပင်ကို သပ်ရပ်စွာ ဖြီးထားထားပါ၏။ နဖူးပြင်က မကျဉ်းမကျယ်၊ မျက်ခုံးထူထူက သူ့မျက်နှာ...ပြင်မှာ အပေါ်ထင်ဆုံးဖြူဖွေးသောသွားများ ပေါ်လွင်အောင် သီဆိုနေသော တိကျသည့် နှုတ်ခမ်း။ အသားညို၍ အရုပ်မြင့်ပေလိမ့်မည်။ ...ခြားသော အဆိုတော်များလို မိတ်ကပ်မပါ၊ နှုတ်ခမ်းနီဆိုးထားခြင်း ...ရှိ... ပင်ကိုမျက်နှာနှင့် ယောကျ်ားပီသလွန်းသော အနုပညာရှင်...

"ကိုလွမ်းလှိုင်"တဲ့...

မိုးညဦးမှာ စတင်မှတ်သားဖူးသော ဂန္ထဝင်တေးဂီတ... အဆို...ရှင်...

✻

"သမီး ပြီးအောင်နားထောင်လေ"

အခုဆိုနေတဲ့ အမျိုးသမီးရဲ့ ဘုန်းတော်ဘွဲ့ပြီးရင် ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဆေးသောက်ဖို့ အချိန်ကျပြီလေ၊ ညနေစာ ထမင်းစားမကောင်းလို့ ဂျပန်ခေါက်ဆွဲထုပ် ပြုတ်ပေးမလို့... သမီး လုပ်လိုက်တော့မယ်နော် ဖေဖေး..."

"ကောင်းပါပြီ သမီးလေး"

သူ့အတွက် ဘဝသစ်တစ်ခု မ,စသည်နှင့် တန်မျှစွာ ပြန်လည်၍ ပြုစုခံနေရသဖြင့် ဦးသက်မောင် ကြည်နူးကျေနပ်စွာ ပြုံး၍ ကျန်ရစ်သည်။

ကြက်သားစွပ်ပြုတ်နှင့် ရော၍ထည့်လာသော ခေါက်ဆွဲပန်းကန်နှင့် မိုးပွင့်ဖြူ ထွက်လာချိန်တွင် ဖေဖေမှာ ကိုနေလင်းဝေနှင့် စကားပြောနေပါ၏။ သူ ဘယ်အချိန်က ရောက်နေမှန်းမသိ။

သူ့ကို မြင်လိုက်ရတော့ ရင်မှာ လှပ်ခါ တုန်ခိုက်သွားရသည်။

"ငါ့ဘဝကို တစ်နေ့နေ့မှာ ပိုင်စိုးလွှမ်းမိုးသွားမယ့်သူပါလား"

ဟူသော အသိကြောင့်ပါ...

ဘာပဲဖြစ်ဖြစ် ဖခင်ကြီး စိတ်ချမ်းသာစေဖို့အတွက် သူစီမံဖန်တီးပေးသော ဘဝလမ်းအတိုင်းသာ လှမ်းလျှောက်ပါတော့မည်ဟု မိုးပွင့်ဖြူ ခံယူပြီးသား...

"ဒီနေ့ နောက်ကျလိုက်တာနော်"

"ဟုတ်တယ် မိုးပွင့်ဖြူ။ ဒီည တိုက်မှာပဲ အိပ်တော့မယ်။ အိမ်မပြန်တော့ဘူး။ ဘိုင်းဒင်းက ဒီညချုပ်အလင်း စာအုပ်ချုပ်တာ သွားစောင့်ရမယ်"

"နက်ဖြန် အစစ်ခံနိုင်ပြီလား"





"မိုးမရွာရင်တော့ ဖြတ်လို့မီပါလိမ့်မယ်။ မိုးသိပ်ရွာနေရင်တော့ စာအုပ်အနေခ့ဲက ကော်မခြောက်လို့ စာအုပ်ဖြတ်လို့ရမှာ မဟုတ်ဘူး"

စာပေစိစစ်ရေးမှ စာမူပြင်ဆင်ခြင်း။ စာအုပ်ဘဝတွင် ပြင်ဆင်ပြီးသားများနှင့် ယှဉ်၍ဖတ်ကြည့်ခြင်းများ ပြီးစီး၍ ခွင့်ပြုချက်များရပြီးချိန်တွင် စက္ကူကော်ပိုရေးရှင်းမှ ထုတ်ယူထားသော စက္ကူနှင့် ညီမျှသည့်စောင်ရေ အပြည့်ရိုက်နှိပ်ပါကြောင်း စာအုပ်များနှင့်အတူ သွား၍ အစစ်ခံရသည်။ သက်ဆိုင်ရာကိစ္စများ ပြီးစီးလေမှ စာအုပ်များ မြန်မာပြည်အနှံ့သို့ ဖြန့်ဝေသည့်ကိစ္စ လုပ်ကိုင်ခွင့်ရသည်။

နေလင်းဝေမှာ... ရုံးကိစ္စပြီးစီးလျှင် သူ့ကြောင့် စာအုပ်ဘယ်သောအခါမှ နောက်ကျသည်ဟု မရှိစေရ။ မျက်နှာဖုံးကြော်ငြာမှ အစ အသေးစိတ် အကွက်စေ့အောင် လုပ်သွားနိုင်သူအဖြစ် ဖေဖေက ထာဝရ ချီးမွမ်းခဲ့ရသော ကိုနေလင်းဝေပါတည်း။

"လာမယ့် တနင်္လာနေ့ကျရင် မောင်နေလင်း အားမလား"

"ဆရာ ဘာခိုင်းစရာရှိလို့လဲ၊ ကျွန်တော့်ကိုယ်ပိုင်ကိစ္စ ဘာမှမရှိပါဘူး"

"သမီးလေး... ဘွဲ့ယူဖို့ ဘွဲ့ဝင်ကြေးငွေ သုံးဆယ်သွင်းဖို့ကိစ္စနဲ့ သူကျောင်းသွားရမယ်။ ဦးမလိုက်နိုင်လို့ မောင်နေလင်းကို လိုက်ပို့ခိုင်းမလို့"

နေလင်းဝေမှ မိုးပွင့်ဖြူကို တစ်ချက် လှမ်းကြည့်လိုက်သည်။ မိုးပွင့်ဖြူ ခေါင်းငုံ့သွားပါ၏။

"ငါကြားတာမှ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မယုံကြည်စိတ်ဖြင့် ဦးသက်မောင်သို့ ကြည့်မိသည်။

"ဟုတ်ကဲ့ဆရာ... ကျွန်တော် ဘယ်အချိန် လာရမလဲ" မိုးပွင့်ဖြူ ရွှင်မြူးစိတ်နှင့် သားအဖနှစ်ယောက်လုံးသို့ မေးမိသည်။

"ဖေဖေသွားခိုင်းတဲ့အချိန် သွားမှာပါ"

"နေ့လယ်ပေါ့ကွာ... ဆယ့်တစ်နာရီလောက်ပေါ့။

"ဒီကြားထဲလည်း တွေ့ဦးမှာပဲ"

"ဟုတ်ကဲ့ပါဆရာ"

အလုပ်အကြောင်း ရောက်သွားကြသည်။

မိုးပွင့်ဖြူမှာ နေလင်းဝေအတွက် လက်ဖက်ရည်တစ်ခွက် ချပေးပြီး ချုပ်မြင်သံကြားမှ မြန်မာရုပ်ရှင်ကားဟောင်းကို စိတ်မပါဘဲ ပြန်လှည့်၍ ထိုင်ကြည့်နေမိပါ၏။

ခါတိုင်းဆိုရင် အိမ်ကကားနဲ့ ငါ့ဟာငါ သွားနေကျပဲ။ ကိုနေလင်းဝေနဲ့ တမင်းနီးစပ်အောင် ဖေဖေ သွားခိုင်းတာပါ။

"သူနဲ့ သွားရမှာ တစ်မျိုးကြီးပဲ။ မသွားချင်ပါဘူး"

"သြော်... ဒါပေမယ့် ဖေဖေ စီစဉ်ပေးတဲ့အတိုင်း သူ့ဘဝထဲ ဝင်ဖို့တောင် ငါဆုံးဖြတ်ပြီးပြီပဲလေ"

နေလင်းဝေ မှာလည်း...

"အဘိုးကြီးဟာ ခါတိုင်းဆို သမီးကိစ္စ သူကိုယ်တိုင်လိုက်တာ။ အခု ငါ့ကိုဘာလို့ ယုံယုံကြည်ကြည်နဲ့ အတူသွားစေရတာပါလိမ့်"





"တကယ်ပဲ၊ သူနေမကောင်းလို့ ငါ့ကို ရိုးရိုးသားသား ပို့ခိုင်းတာလား။ အရေးထဲ ငါကလည်း ကားမဲမောင်းတတ်"

"ကိုလေးသူ ပြောခဲ့တဲ့အတိုင်း ဖြစ်ဖို့ လမ်းစလားကွယ်"

"သိခွင့်မရသေးသော နေလင်းဝေအတွက် မယုံရဲသော အျော်လင့်ချက်သည် မိုးကုပ်စက်ဝိုင်းကို ထိတွေ့နိုင်ရန် သွားနေသည့် သူလိုများ ဖြစ်နေလေမလား"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း ..။ကိုး။

ထိုတစ်နေ့လုံး မိုးရွာနေသည်။

မိုးရာသီ၏ ဇရာချိန် ဖြစ်သော်လည်း အားမာန်က ပြည့်ဆဲပါလား။

"တစ်မိုးလုံးများ အရည်ပျော်ကျနေသလား မှတ်ရတယ်။ ရွာလိုက်တဲ့မိုး"

"ဟုတ်ပါရဲ့ ကြီးကြီးတင့်ရယ်၊ မိုးကုန်ခါနီးနေလေ... ပိုရွာလေပါပဲ။ အဘက ပြန်ချင်နေပြီ။ အတင်းဆွဲထားရတာ"

"အေးလေ... သူ့ခမျာ ပြန်ရမယ့်ခရီးကလည်း မနီးရှာဘူး"

"ဒီလောက်မိုးတွေလေတွေကြားမှာ မပြန်ပါနဲ့။ ဒီမှာ ညစာစားပါလို့ ဇွတ်အတင်းကို ပြောထားရတယ် ကြီးကြီးတင့်ရဲ့"

"ဪ... ဒါကြောင့် သမီးအဘကို ထမင်းကျွေးဖို့ ကိုယ်တိုင်ဝင်ချက်နေတာကို၊ ကြီးကြီး ဘာဝိုင်းလုပ်ရမလဲ"





"ရတယ်။ ကြီးကြီးတင့်က နေကောင်းတာ မဟုတ်ဘူး။ မိုးအေးအေးနဲ့ သွားကွေးနေချည်ပါ။ သမီးအဘကို သမီးကိုယ်တိုင် ချက်ကျွေးချင်လို့ပါ"

ဒေါ်တင့်တင့်က တူမ၏ မီးဖိုချောင် လုပ်ငန်းခွင်ကို ပြုံးပြုံးကြီးကြည့်ပြီး အပေါ်ထပ်သို့ တက်သွားပါ၏။

မိုးပွင့်ဖြူ ငယ်စဉ်က အားလုံး သူတာဝန်ယူခဲ့သူပါ။ ယခုတော့ မိုးပွင့်ဖြူလည်း ကျောင်းပြီးပြီမို့ သူ့တာဝန်များ လျော့လာသည်။

မိုးပွင့်ဖြူမှာ ချက်တတ်သည် ဆိုပါသော်လည်း နေ့စဉ်ချက်ပြုတ်နေကျ မဟုတ်၍ အလုပ်နှင့် အထာမကျလှသေး။ အဘဉက္ကာ ထမင်းစားရေးအတွက် ကိုယ်တိုင်ဝင်၍ စီစဉ်နေမိကာမှ အချိန်တွေ ပိုကြာနေသည်။

"ညွန့်ရေ... မိုးအေးအေးနဲ့ ဟင်းခါးပူပူကလေးမှ လိုက်မှာနော်၊ ဒန့်သလွန်ရွက် သွားခူးပါလား"

"ဟုတ်ကဲ့... မမမိုး"

"ဪ... နေပစေ... နေပစေ၊ မိုးတွေသိပ်ရွာနေတယ်။ အအေးမိရင် မကောင်းပါဘူး။ ဒန့်သလွန်သီး ရှိသေးလား။ ရေခဲသေတ္တာထဲမှာ ကြည့်ပါဦး"

အိမ်ဖော်မလေး ညွန့်က ဒန့်သလွန်သီး သုံးတောင့် ထုတ်လာသည်။ တစ်တောင့်သာယူပြီး ရေငွေ့များစင်စေရန် အဝတ်သန့်ဖြင့် သုတ်ပြီး မီးသွေးမီးဖိုပေါ် တင်၍ ဖုတ်လိုက်သည်။ အနံ့များ ထွက်လာချိန်တွင် ပြန်ယူ၍ ခွဲလိုက်ပြီး ခွဲသည့်ဇွန်းနှင့်ပင် အလယ်မှ



www.burmeseclassic.com

www.burmeseclassic.com



အစေ့နှင့် အနှစ်များကို ခြစ်ယူ၍ ပုစွန်ပြုတ်ရည်အိုးထဲသို့ ခတ်လိုက်ပါ၏။ ပုစွန်ညှီနံ့ ပျောက်ရန် ကြက်သွန်ဖြူ စားပြားရိုက်၊ ငရုတ်ကောင်းမီးသင်းပြီးထောင်း၍ ထည့်လိုက်ရသည်။

အဆင်သင့်ရှိသော ရေခဲသေတ္တာတွင်း ပုစွန်ထုပ်များ ပြုတ်ထားပြီးပါပြီ။ မထားမြင့်ဆိုသော မွန်မကလေးက ပုစွန်များ ခွာနေသည်။ ကြက်သွန်နီ။ သံပရာရည် ရှမ်းရှမ်းနှင့် ပုစွန်တစ်ခွက်သုပ်မည်။

မနက်က ဘဲသားဆီပြန်ချက် ရှိပါ၏။ အာလူး အစိတ်ကို အကြွပ်ကြော်ပြီးမှ ငရုတ်သီးနှင့် ပြန်နှပ်ထားသော ဟင်းတစ်ပွဲလည်း ပါရှိသည်။ ငါးမပါ၍ ဂျပန်ငါးသေတ္တာ တစ်ဗူးဖောက်ပြီး ခရမ်းချဉ်သီး ကြက်သွန်ဥကြီးများ အကွင်းလိုက်လှီး၍ ချက်လိုက်သေးသည်။ တညင်းသီးနှင့် တို့စရာများ အစုံအလင်။

"အဘရေ... ထမင်းစားကြစို့"

"ငါ့သမီး မောနေရောပေါ့"

"မမောပါဘူး အဘရဲ့။ အဘ စားမယ်ဆိုလို့ ဝမ်းသာပြီး ချက်နေတာ"

"ငါ့သမီးဟာက နောက်တောင် ကျနေပြီပဲ။ ကဲ... ဦးဥက္ကာ လာပါ၊ စားကြရအောင်"

ချစ်ခင်ကြည်ညိုရပါသော အဘဥက္ကာနှင့် ချစ်လှစွာသော ကျေးဇူးရှင် ဖေဖေတို့ သူကိုယ်တိုင် ချက်ပြုတ်ထားသည့် ထမင်းကို အားပါးတရ စားနေကြသည်ကိုကြည့်ပြီး ရင်ချမ်းမြေ့လွန်းရပါသော မိုးပွင့်ဖြူ။





"အဘ ထမင်းယူပါဦးနော်"

"တော်ပါပြီ သမီးရယ်"

"စားမကောင်းဘူးလား"

"အိမ်မှာထက် နှစ်ဆ စားပါတယ်။ စားလို့ သိပ်ကောင်းပါတယ်ကွယ်"

"ဝမ်းသာလိုက်တာ အဘရယ်"

"ခုလို အဘကို ဟင်းကောင်း ကျွေးကောင်းတွေနဲ့ ထမင်းဘာစ်နှပ် ကျွေးမွေးရတဲ့ အကျိုးကြောင့် ငါ့သမီးလေးတို့သားအဖ ဆတက်ထမ်းပိုး တိုးပြီး ချမ်းသာကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေလို့ အဘ ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်"

"အထူးသဖြင့် ငါ့သမီး သိပ်စိတ်ဝင်စားနေတဲ့ ဓောင်းပညာကို အမြန်ဆုံး၊ အတော်ဆုံး တီးခတ်တတ်ပါစေလို့ အဘ ဆုတောင်းပေးပါတယ်"

"အဲဒါက အဘပေါ်မှာတည်တာလေ အဘရဲ့"

"အခု ကြိုးရှစ်ပုဒ်ရပြီလေ။ သာနိုး ငါးပုဒ်ပြီးအောင် အဘ ခုလို နေ့တိုင်းလာပြီး ကြပ်ကြပ်မတ်မတ် သင်ပေးမှာပါ"

"သမီးတော့ ဘိန်းစွဲသလို စွဲနေပြီ အဘရေ၊ စောင်းပဲ တီးနေချင်တော့တယ်"

"အနုပညာ အစွဲအလမ်းဆိုတာ အင်အားအကြီးဆုံး စွဲလမ်းမှုပဲ ဘာနဲ့မှ မတူဘူး။ အစားပစ်၊ အအိပ်ပစ်ပြီး ကိုယ့်အနုပညာမှာ မြုပ်နှံနိုင်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးဥက္ကာ။ ကမ္ဘာကျော် ပန်းချီဆရာကြီး 'ဗင်းဆဲန့် ဗင်ဂို'ဆိုရင် သူ့ပန်းချီကားတစ်ချပ် မပြီးမချင်း သူ့ပန်းချီခန်းထဲက လုံးဝ မထွက်တော့ဘူးတဲ့။ တစ်ခါတစ်ရံ တစ်လ နှစ်လ ကြာတဲ့အထိ ပဲတဲ့။ သူ့အိမ်သူ အိမ်သားတွေက အစာသွားပေးလို့သာ စားလိုက် တယ်။ သူ့အတွက် စားမှု အိပ်မှုမှာ ဘာအရသာမှ မရှိဘူးတဲ့။ သူ့ အရသာနဲ့ အာရုံအားလုံးဟာ ပန်းချီကားထဲ ရောက်သွားပြီဆိုပဲ။ သူ ထွက်လာတဲ့အခါ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေရှည်လို့၊ လူလည်း နံစော်လို့ပေါ့၊ ဒီအထိ ဇွဲကြီးတတ်တယ်"

"ဟုတ်တယ် ကိုသက်မောင်၊ ကျွန်တော်ဆိုလည်း ဒီအသက် ရွယ်ထိ စောင်းနဲ့လက်နဲ့ မပြတ်နိုင်သေးတာ ကြည့်ပါတော့"

"သမီးလည်း ဒီအတိုင်းဖြစ်မယ် ထင်ဝါရဲ့။ အားတာနဲ့ စောင်းပိုက်တော့တာပဲ"

"ကောင်းမြတ်သော စိတ်တည်ငြိမ်မှုပါပဲ ကိုသက်မောင်၊ မိန်းကလေးတွေနဲ့ ပိုပြီး အံဝင်ပါတယ်"

"ကဲ... ဦးဥက္ကာ ပြန်မှထင်တယ်။ အပြင်မှာ မှောင်တောင်နေပြီ"

"အို... ဖေဖေကလည်း နေပါစေဦး။ အဘ လက်ဖက်စားဦး လေ..."

"တော်ပါပြီ သမီးရယ်"

"မဟုတ်ဘူးသမီး။ လူကြီးဆိုတာ မှောင်ရင့် သွားလို့လာလို့ သိပ်မကောင်းတော့ဘူး။ ပြန်ပါစေတော့"

"ကဲ... အဘ သွားမယ်နော်သမီး"





"မိုးကလည်း မစဲလှသေးဘူး အဘရယ်၊ တစ်ယောက်တည်း ပြန်လို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်သမီး။ အဘသွားနေကျပါ"

"အိမ်မှာ ကားရှိပေမယ့် ဒရိုင်ဘာက ခွင့်ယူထားတယ်၊ ဖေဖေ ကလည်း ဆရာဝန်က ကားမမောင်းရဘူးတဲ့။ သမီးကလည်း မမောင်း တတ်၊ ကားနဲ့ အဘကို လိုက်ပို့ချင်လိုက်တာ"

"ဖြစ်ပါတယ် သမီးရဲ့၊ ညစာ စားနေလို့ နောက်ကျတာပဲ။ အိမ်မှာ ညစာ စားရမယ့်တာဝန်တစ်ခု အေးသွားတာပေါ့။ မိုးအေးအေး နဲ့ တန်းအိပ်ရုံပဲပေါ့။ အဘသွားမယ်နော် သမီး"

"ဟုတ်ကဲ့... အဘ"

"နက်ဖြန်ကျတော့ သာနိုးငါးပုဒ် စ,မယ်။ ဧယျာတောင်ကျွန်း ဆက်မယ်နော်..."

"ဟုတ်ကဲ့... အဘ နက်ဖြန် စောစော လာနော်။ သမီး သီချင်း သစ် တက်ချင်လှပြီ။ ဒီနေ့ သမီးကြောင့် နောက်ကျသွားရပြီ"

"ရပါတယ် သမီးရယ်... ကဲ... အဘ သွားပြီကွယ်။ ဝင်...ဝင်... အိမ်ထဲကို... မိုးမိရင် ငါ့ သမီး အအေးပတ်နေပါဦးမယ်"

လွယ်အိတ်နွမ်းတစ်လုံးကို လွယ်လျက် ဖဲထီးနက်ကို ခပ်စိုက် စိုက် ဆောင်းပြီး မိုးထဲရေထဲ၊ အမှောင်ထဲသို့ တိုးဝင်သွားရှာသော အဘက...

တိုက်တွင်းမှ မိုးပွင့်ဖြူ အအေးမိမှာကို စိုးရိမ်သွားရှာသေးသည်။ ပုဆိုးတိုတိုလေး ဝတ်ပြီး ခပ်သုတ်သုတ်လေး လှမ်းလျှောက် သွားရှာသော အဘ၏ ပုံသဏ္ဌာန်ကို အာရုံမြင်ကွင်းထဲမှ ဖျော်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်မထွက်၊ အဘသို့ ချစ်ကြည်ညိုစိတ်သည့်သာမက သနားရလွန်း
သော ကရုဏာစိတ်တို့...

မိုးပွင့်ဖြူ၏ ရင်မှာ အပြည့်လျှံပါ။

■

ကြီးကြီးတင့်နှင့် ဖေဖေတို့ အိပ်ရာဝင်ကြပြီ။

မိုးပွင့်ဖြူသည်သာ တယ်လီဖေးရှင်း အပြီးတွင် ဖုန်းသု
ဖုံးအုပ်ပြီး ဒီနေ့ အဘသင်သွားခဲ့သော 'စိမ်းလဲ့' ကြိုးကို ပြန်လည်
တီးခတ်ရန် စောင်းကို ရင်ခွင်မှာ ပိုက်ပွေ့ထားဆဲ...

"ဦးသက်မောင်... ဦးသက်မောင်ခင်ဗျာ"

ခြံဝမှ ခေါ်သံကြောင့် ခြံထိပ် မီးလုံးကို ဖွင့်လိုက်သည်။

ခြံဝတွင် မိုးကာအင်္ကျီနှင့် လူသုံးယောက်။

မိုးပွင့်ဖြူက ထီးယူပြီး တိုက်အပြင်ပသို့ ထွက်လိုက်သည်။

နိုင်ခဲ့သော ခြံ၏ သံတံခါးက အားကိုးလောက်ပါသည်
ထိုလူစုနှင့် အနီးမကပ်မီ...

"ဘာကိစ္စလဲရှင့်"

"ကျွန်တော်တို့ ရပ်ကွက်ကောင်စီကပါ။ ဦးသက်မော
ရှိပါသလား"

"ဖေဖေ နေမကောင်းလို့ အိပ်နေပါပြီရှင်၊ ပြောစရာရှိ
ကျွန်မကိုပြောပါ"





"ဦးဉက္ကာဆိုတာကို သိပါသလား ခင်ဗျ"

"သိပါတယ်ရှင်... ကျွန်မရဲ့အဘပါ။ ဒီအိမ်က ညဉ့်ဦးကမှ
ပြန်သွားပါတယ်။ ဘာ... ဘာဖြစ်လို့ပါလဲရှင်"

"လမ်းထိပ်မှာ ကားတိုက်ခံထားရပါတယ်။ အဲဒါ ဆေးရုံကို
ခုန်းဆက်..."

"ဟာ... အဘ... အဘကို ကားတိုက်တယ်... ဟုတ်လား၊
ဒဏ်ရာပြင်းလားရှင်... အခု... အခု အဘ ဘယ်လိုဖြစ်နေလဲဟင်"

"စိတ်မကောင်းစရာပဲ၊ ကျွန်တော်တို့ကို လာအကြောင်းကြား
တည်းက သေနေပါပြီ"

"ရှင်... ရှင်..."

"အမယ်လေး..."

"ဖေဖေ... ဖေဖေ"

မိုးပွင့်ဖြူမှာ ရူးသွပ်သွားမလောက် ချောက်ချားစိတ်ဖြင့် ဖခင်ကို
အားကိုးတကြီး အော်ခေါ်လိုက်ပြီး၊ တိုက်တွင်းသို့ ပြေးဝင်လာမိသည်။

"သမီး... သမီးလေး... ဖေဖေဒီမှာ အားလုံးကြားတယ်။ ဟဲ့...
သွန်း လူကြီးတွေကို တံခါးသွားဖွင့်ပေးလိုက်စမ်း..."

"ဖေဖေ... ဖေဖေရဲ့ ကယ်ပါဦး၊ အဘ မသေရဘူး၊ အဘ
သေပါဘူးနော်... ဖေဖေ..."

"သမီးလေးရယ်..."

မိုးပွင့်ဖြူသို့ နှစ်သိမ့်လိုက်ပြီး ရပ်ကွက်လူကြီးများကို ကြိုသည်။
ကျက်တည်ငြိမ်ခြင်းများဖြင့် ပြဿနာကို ရင်ဆိုင်ရသော်လည်း
သက်မောင်ကိုယ်တိုင် မျက်စိပျက် မျက်နှာပျက် ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းထိပ် မြောင်းဘေးမှာ လွင့်ကျနေတော့ တော်တော်နဲ့ မမြင်ကြဘူး ဖြစ်မှာပေါ့၊ ဒီလမ်းထဲက ကားတစ်စင်း မီးထိုးဝင်လာမှ မြင်လို့ ဆင်းကြည့်တော့ သွေးအိုင်ထဲမှာလဲပြီး သေဆုံးနေပါပြီ"

ဦးသက်မောင်က နာရီကို မော့ကြည့်လိုက်သည်။

"ဆယ်နာရီ၊ ဆယ်မိနစ်"

"ဒီလမ်းထိပ်မှာဆိုရင် ကျွန်တော်တို့အိမ်က ပြန်သွားတဲ့ ခြောက် နာရီခွဲပြီးချိန်လောက်တည်းကများ အတိုက်ခံရတာလားဗျာ"

"မပြောတတ်ဘူး၊ ကျွန်တော်တို့လည်း မကိုင်မရွှေ့ရဲသေးဘူး လေ... ဆေးရုံနဲ့ ရဲကို ဒီကအကြောင်းကြား မလို့ပါ၊ ဖုန်းဆက်မယ် နော်..."

"ဆက်ပါ... ဆက်ပါ"

"လွင့်ကျနေတဲ့ သူ့လွယ်အိတ်လေးထဲက ဂီတကောင်စီဝင် ကတ်ပြားမှာ ဦးဥက္ကာလို့ ပါပါတယ်။ လမ်းထဲက ကလေး●စ်ယောက် ကလည်း ဒီခြံကို အမြဲစောင်းလာသင်နေတဲ့ အဘိုးကြီးလို့ ပြော ပါတယ်"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်ဗျာ... ကျွန်တော့်သမီးလေး ဆရာပါ"

ရပ်ကွက်ကောင်စီလူကြီးက ဖုန်းဆက်နေသည်။ ဦးသက်မော နှင့် တခြားအရပ်လူကြီးများ စကားပြောနေကြဆဲ...

"ဟဲ့... ဟဲ့... သမီး... မိုးရေကြီးထဲ ဘယ်လဲ"

"အို... လုပ်ကြပါဦး"





ဒေါ်တင့်တင့် ဆွဲထားသည့် လက်မှ လွတ်သွားသော မိုးပွင့်ဖြူ ကြောင့် ဒေါ်တင့်တင့် ကျူးအော်လိုက်သည်။ အိမ်ဖော်မလေး နှစ်ယောက်ထက် စောစီးစွာ ပြေးထွက်နိုင်သူက ဦးသက်မောင်ပါ၊ သမီးအတွက် ပူပန်ဇော...

"သမီး...သမီးလေး...ဘာလုပ်မလို့လဲ"

"အဘဆီ သွားပါရစေ ဖေဖေရယ်... အဘဆီသွားပါရစေ..."

"မဟုတ်တာ သမီးရယ်... သွားကြည့်လို့ရော ဘာထူးတော့ မှာလဲ"

"အဘ သေချင်မှသေမှာ ဖေဖေရဲ့။ အို... လွှတ်ပါ... သမီး သွားကြည့်ပါရစေ၊ သမီး သွားကယ်ပါရစေ... ဖေဖေရယ်"

"သမီးရယ်...နေပါဦး...နေစမ်းပါဦး"

သူ့မိခင်ရင်း ဒေါ်မြင့်ဖြူဖြူ သေဆုံးစဉ်က သမီးသည်မှု ပရိ ဆ၀ မတောက်လောင်ခဲ့ရှာ... သူငယ်သေးသည့်ပြင် မိခင်က ငြိမ်းချမ်း စွာ ကွယ်လွန်ရှာခဲ့၍လေလားဟု ဦးသက်မောင် တွေးမိသည်။

ဦးဥက္ကာ၏အဖြစ်... သမီး၏ လက်ရှိအခြေအနေကြောင့် ဦးသက်မောင်ပင် ဘာလုပ်ရမှန်း မသိတော့...

"သမီး... သမီး... ဒီမှာ ဖေဖေ့စကား နားထောင်စမ်း၊ ဖေဖေ့ကို ကြည့်စမ်း။ တစ်ယောက်တည်း ဘယ့်နှယ်လုပ်သွားမလဲ၊ ဟိုကလူကြီး တွေ သက်ဆိုင်ရာကို အကြောင်းကြားပြီးရင် အားလုံးသွားကြမယ်၊ ဟုတ်ပြီလား"

"ဖေဖေရယ်... သမီး အဘကို မကယ်ရတော့ဘူးလေး"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူ၏ ရင်ပွင့်ကွဲမတတ် ငိုသံလေးကြောင့် ဒေါ်တင့်တင့်ပင် မျက်ရည်ကျလာသည်။

"မမတင့်... မမတင့်"

"ဟေ..."

"သူတို့ပြီးရင် တိုက်ကို ဖုန်းဆက်လိုက်စမ်းပါဗျာ၊ မောင်နေလင်းနဲ့ လှမြင့်ပါ လာခဲ့ကြစမ်းလို့"

"အေး... အေး"

ဒေါ်တင့်တင့်မှာ အယောင်ယောင်အမှားမှားဖြင့် အပြေးပြေး အလွှားလွှား ဖြစ်နေရှာသည်။

"ရဲကရော ဆေးရုံကြီးကပါ ချက်ချင်း လာခဲ့ပါမယ်တဲ့၊ ကျွန်တော်တို့ လမ်းထိပ်ကပဲ သွားစောင့်နေပါမယ်"

မိုးပွင့်ဖြူတို့ သားအဖလည်း လူကြီးများနှင့်အတူ လိုက်ခဲ့ကြသည်။

မိုးရေထဲမှာ ထီးမပါ၊ ထီးဆောင်းဖို့လည်း သတိပင် မရနိုင်...

ရေကူးကန်လမ်းထိပ်နှင့် လမ်းငယ်အချိုးကွေ့ ထိပ်အရောက်တွင်...

လက်နှိပ်ဓာတ်မီးနှင့် တစ်ယောက်ကထိုးပြသည်။

လမ်း၏ဘေးဆုံးရှိ ခြံစည်းရိုး၏အောက်ခြေ မြက်တောထဲတွင် မှောက်လျက်လဲနေသော ဦးဥက္ကာ၊ သူ့ပတ်လည်တွင် သွေးအိုင်ငယ်တစ်ခု ဖြစ်ထွန်းနေသည်။ မိုးရေများနှင့်အတူ ပျံ့နှံ့စီးမျောလျက်...

မျက်နှာက သည်မှာဘက်သို့ လှည့်လျက် လုံးဝ ငြိမ်သက်နေပြီဖြစ်သော...





ဦးဥက္ကာ၏ သက်မဲ့ကိုယ်ခန္ဓာ...

"အဘ... အမယ်လေး... အဘရယ်"

ဆို့ဆို့နစ်နစ် ငိုရှိုက်သံလေးနှင့်အတူ ပြေးထူရန်သွားသော မိုးပွင့်ဖြူကို ဝိုင်းဆွဲထားကြရပါ၏။

လက်နှိပ်ဓာတ်မီးရောင်ကိုလည်း ပိတ်ပစ်လိုက်ကြသည်။

အမှောင်ထဲတွင် အဘဥက္ကာတစ်ယောက် ပျောက်ဆုံးလေပြီ...

ဤလောကကြီးမှ ထာဝရပျောက်ဆုံးသွားခြင်းဖြင့် ကွယ်ပျောက်သွားရရှာတော့မည့် အညတြ စောင်းပညာရှင်ကြီးပါတကား...

မိုးပွင့်ဖြူကို တွဲယူ၍ အိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။

ဦးသက်မောင်မှာ သူ့ကိုယ်၌ မိုးရွှဲနေသည်ကို လုံးဝ သတိမရနိုင်တော့၊ သူကိုယ်တိုင် တုန်တုန်ယင်ယင် ဖြစ်နေရှာပါ၏။

"နေလင်းဝေ ဖုန်းကိုင်တယ်၊ သူရော လှမြင့်ရော ခုပဲ လာခဲ့ကြမယ်တဲ့"

"ကြီးကြီးတင့်ရေ... သူတို့လာလို့လည်း ဘယ်သူမှ အဘကို ကယ်နိုင်ကြတော့ပါဘူးရှင်"

မိုးပွင့်ဖြူမှာ ကြမ်းပြင်တွင် ကြမ်းတမ်းစွာ ထိုင်ချလိုက်ရင်း...

"သမီး ဆွဲထားမိလို့"

"အဘအပြန် မှောင်နေလို့"

"ခုလို အဘသေရတာ..."

"သမီးကြောင့်... သမီးကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဘ သေရတာ သမီးကြောင့်"

"အို...ဒီလို မပြောရဘူး။ ဒီလို စိတ်ထဲစွဲမထားရဘူးသမီးလေး"

"ဟုတ်တယ် ဖေဖေ... ဟုတ်ပါတယ်။ သမီးကြောင့် အဘ အပြန်နောက်ကျရတာ၊ သမီးကြောင့် သေရတာ"

"မဟုတ်တာကွယ်။ တိုက်သွားတဲ့ကားက လူမဆန်လွန်းလို့ပါ"

"သူသာ ချက်ချင်းတင်ပြီး ဆေးရုံတင်ရင် အသက်မီချင်မီဦးမှာ"

"ခုတော့ ရက်ရက်စက်စက် တိုက်သတ်ခဲ့ပြီး ထွက်ပြေးသွားတယ်"

"အဲဒါ ဘယ်ကကားလဲ"

"တိုက်သွားတာ ဘယ်သူလဲ"

"သမီးသိချင်တယ်၊ သမီး လက်စားချေချင်တယ်"

"အို... သမီးရဲ့အဘ သေသလို သူ ပြန်သေရအောင် သမီးကိုယ်တိုင်ကားနဲ့တိုက်သတ်ချင်တယ် ဖေဖေရဲ့"

"သမီးလေးရယ်"

"အဘသေရတာ သမီးအတွက် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုပါ ဖေဖေ"

"ဖေဖေ နားလည်ပါတယ် သမီးရယ်... ဟော့... မထားမြင့် သမီးအဝတ်လဲဖို့ သွားယူခဲ့စမ်း"

"မင်းလည်း တစ်ကိုယ်လုံးရွှဲလို့ပဲ၊ လဲဦးလေ"





"ကျွန်တော်က ကိစ္စမရှိပါဘူး။ သြော်... မမတင့် 'ဒေါက်တာတိုးအောင်'ကို ဖုန်းဆက်ပါဦး... သမီးကို လာကြည့်ပေးဖို့"

ဖခင်ကြီး၏ စိုးရိမ်ပူပန်လွန်းသော ကရုဏာနှင့် မေတ္တာတို့သည် မိုးပွင့်ဖြူ တစ်ကိုယ်လုံးသို့ လွှမ်းခြုံထားသည်သို့ပါ...

"သြော်... ညဉ့်ဦးဆီက..."

"အဘ သွားပြီကွယ်... ဝင်... ဝင်... အိမ်ထဲကို မိုးမိရင် ငါ့သမီး အအေးပတ်နေပါဦးမယ်"

ဆိုသော အဘဥက္ကာ၏ ဖခင်ဆန်သော အကြင်နာစကားသံလေးများသည် မိုးပွင့်ဖြူ၏ နားမှာ ယခုပင် ကြားနေရဆဲလိုပါ...

"အဘရယ်"

"အဘ အပြန်နောက်ကျလို့ ခုလိုဖြစ်ရတာပါ။ အပြန်နောက်ကျအောင်လုပ်မိတာ ငါ"

"အဘသေရတာ ငါ့ကြောင့်"

"အဘသေရတာ ငါ့ကြောင့်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။တစ်ဆယ်။

"အဘသေရတာ ငါ့ကြောင့်လို့ စိတ်ထဲ စွဲမနေနဲ့နော် သမီးလေး"

"ကားတိုက်တဲ့လူသာ အချိန်မီ ကယ်ပြီး ဆေးရုံပို့ဖြစ်ခဲ့ရင် မသေနိုင်ဘူးတဲ့"

"ကားတိုက်တဲ့ ဒဏ်ရာထက် မေ့လဲနေချိန်မှာ အချိန်မီ ဆေးရုံကို ရောက်မလာလို့ သွေးလွန်ပြီး သေရတာလို့ ဆရာဝန်ရဲ့ ဆေးမှတ်တမ်းမှာ ဖော်ပြထားတယ်လေ သမီး"

အိပ်ရာဘေးမှထိုင်ပြီး သမီးငယ်သို့ ပြောကြားဖြေရှင်းနေရှာသော ဖခင်ကြီးကို သနားသွားမိသည်။

မိုးပွင့်ဖြူမှာ ချစ်လှစွာသော အဘ၏ အဖြစ်ဆိုးအတွက် ရပ်တည်နိုင်စွမ်းပင် မရှိတော့၊ ကြေကွဲ နာကျင်ရလွန်းသော စိတ်ဖြင့် ညကလည်း တစ်ညလုံး မအိပ်နိုင်။ ယနေ့လည်း တစ်နေ့လုံး အိပ်ရာမှ မထနိုင်...





"သမီး မေမေလည်း သေဆုံးခဲ့ပြီ၊ ဖေဖေလည်း သေဆုံးရမယ်။ နောက်ဆုံး သမီးကိုယ်တိုင်လည်း ဒီလမ်းကို သွားရမှာပဲ။ သတ္တဝါတိုင်း သေခြင်းတရားကို မလွဲမသွေ ကြုံတွေ့ကြရမယ်လေ။ ကိုယ့်အတိတ်ကံအတိုင်း အချို့လည်း ငြိမ်းချမ်းစွာ သေခြင်းတရားကို ရင်ဆိုင်ရတယ်။ အချို့လည်း ခုလို ဥပစ္ဆေဒကကံနဲ့ သေကြရတယ်။ အင်း... ဦးဥက္ကာအတွက်တော့ ဒီဘဝနဲ့ပဲ ပြီးဆုံးပါစေ။ ကောင်းရာသုဂတိသို့ လားပါစေ... ဆိုတဲ့စိတ်နဲ့ မေတ္တာပို့အမျှဝေရုံကလွဲလို့ ဖေဖေတို့ ဘာမှမတတ်နိုင်ကြတော့ပါဘူးကွယ်..."

"ဒါပေမယ့် ဖေဖေရယ်... ကားတိုက်တဲ့လူဟာ လူစိတ်မရှိလို့ပါ။ သူသာ စာနာစိတ်နဲ့ ကယ်သွားရင် အဘသေရမှာ မဟုတ်ဘူးနော်"

"အင်း"

"လောကမှာ ဒီထက် ရက်စက်ယုတ်မာတဲ့လူမျိုး ရှိနိုင်ပါဦးမလား ဖေဖေရယ်"

ဦးသက်မောင်သည် သက်ပြင်းချပြီး သမီးကို ဘယ်သို့သော စကားလုံးမျိုးနှင့် နှစ်သိမ့်ရပါမလဲ ဟု၍တွေးရင်း ကြည့်နေရှာသည်။

"အဲဒီလူကို သမီးတွေ့ချင်စမ်းပါဘိတော့"

"ဒီလောက်... ယုတ်မာရိုင်းစိုင်း ရက်စက်တဲ့လူကို သမီးကိုယ်တိုင် တွေ့မြင်ချင်လိုက်တာ"

"အဲဒီစိတ်တွေ ဖယ်ထုတ်လိုက်စမ်းပါ သမီးရယ်... ပရိဒေဝတွေ၊ ဒေါသတွေနဲ့ ငါ့သမီးရဲ့ အဖြူစင်ဆုံး နှလုံးသားလေး လောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းနေတာ ဖေဖေမကြည့်ချင်ဘူး သမီးရယ်… ဖေဖေတို့လည်း တတ်နိုင်သမျှ ကူညီကြမှာပဲ။ ဟော… ကားသံကြားတယ်။ မောင်နေလင်း ပြန်လာပြီထင်တယ်”

မိုးပွင့်ဖြူ၏ အိပ်ခန်းပြတင်းမှတစ်ဆင့် ခြံဝင်းတွင်းသို့ ဦးသက်မောင် ကြည့်လိုက်သည်။

ဦးသက်မောင်၏ ဖီးယက်၊ ကားနီလေး ဝင်လာသည်၊ ဒရိုင်ဘာ၏ဘေးတွင် နေလင်းဝေ လိုက်ပါလာပါ၏။

“အပေါ်တက်ခဲ့ဟေ့… မောင်နေလင်း”

ဦးသက်မောင်၏အသံကြောင့် မိုးပွင့်ဖြူ အိပ်ရာပေါ်မှ ဆတ်ကနဲ ထထိုင်လိုက်သည်။

ဦးသက်မောင်က လှေကားထိပ်မှ ဆီးကြိုသည်။ အပေါ်ထပ်၏ ဧည့်ခန်းမှာထိုင်ပြီးကြချိန်တွင် မိုးပွင့်ဖြူမှာ သူ့အခန်းဝတွင် ရပ်လျှက်–

“ကဲ… ပြောပါဦး”

“အိမ်မှာတော့ လူတွေအများကြီးပဲ။ အိမ်ကျဉ်းကျဉ်းလေးနဲ့ လူနဲ့အပြည့်ပဲမို့ ကျွန်တော်လည်း မထိုင်တော့ဘဲ ပေးခဲ့တယ်”

“ဘယ်သူ့ကိုလဲ”

“ဦးဥက္ကာနဲ့ ဘာတော်လဲမသိပါဘူး။ လူငယ်တစ်ယောက် ထွက်လာတယ်။ ဦးသက်မောင်နဲ့ သမီး မိုးပွင့်ဖြူကို သိပါသလားလို့ မေးတော့…”

“အင်း… ဘာပြောလဲ”

“သိတာပေါ့ဗျာ… သူတို့အိမ်သွားလို့ သေရတာပဲတဲ့”





မိုးပွင့်ဖြူသို့ ဦးသက်မောင် လှမ်းကြည့်လိုက်သည်။ ဖြူရော်သွားသော သမီး၏မျက်နှာကို ကြည့်ပြီး လက်ကိုဆွဲယူ၍ သူ့အနီးမှာ ထိုင်စေပါ၏။

မျက်ရည်စီးနေသော မျက်နှာလေးနှင့် နေလင်းဝေ၏ စကားကို မျှော်လင့်တကြီး စောင့်စားနေရှာသည်။

“ဒါနဲ့… ကျွန်တော်လည်း အဲဒီစာအိတ်ကို ပေးခိုင်းလိုက်ပါတယ်။ ငွေပါပါတယ်။ ဦးဥက္ကာအတွက် ကူငွေပါ ဆိုပြီး ပေးခဲ့ပါတယ်”

“လက်ခံသူက ဘယ်သူတဲ့လဲ”

“ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ။ ကျွန်တော်လည်း ဘယ်လိုရင်ဆိုင်ရမှန်း မသိတာနဲ့…”

“ဘယ်လို”

“ဩော်… ဒီအိမ်ကဆိုတဲ့စိတ်နဲ့ ထူပူသွားမိတာပါ။ အားလုံးကလည်း ကျွန်တော့်ကို ဝိုင်းကြည့်နေကြလို့ ကျွန်တော်လည်း မျက်နှာပူပူနဲ့ ငွေအိတ်ကိုပေးခဲ့ပြီး ပြန်လာခဲ့ပါတယ်”

“လက်ခံလိုက်သူ နာမည်ရော”

“မမေးခဲ့မိဘူး ဆရာ”

ဦးသက်မောင်က တည်တည်ငြိမ်ငြိမ်သာ ကြည့်နေတော့သည်။ ဘာမှမပြော။

နေလင်းဝေမှာ ဆရာ့ရှေ့ရောက် အပြစ်ရှိ တပည့်တစ်ယောက်လို မလုံမလဲ မျက်နှာနှင့် ကြည့်လိုက်ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



"ရက်လည်ပြီးလောက်ကျရင် ကျွန်တော် တစ်ခေါက် သွားပါ့မယ်ဆရာ။ ဆရာတို့ကူငွေကို ရရှိကြောင်း သက်သေခံတဲ့ စာတစ်စောင်ကို အဆင်ပြေသလို ရေးခိုင်းပြီး ကျွန်တော်ယူလာပြပါမယ်"

"မောင်နေလင်း"

"ဟုတ်ကဲ့… ဆရာ"

"ဆရာဟာ ဒီလို လူတစ်ယောက်ပေါ်မှာ သံသယ ရှိတတ်လို့လား။ ဒီစကားမျိုး မင်း မပြောသင့်ဘူး"

"ကျွန်တော်မှားရင် ခွင့်လွှတ်ပါဆရာ"

'နေလင်းဝေ၏မျက်ဝန်းမှာ စိုးရိမ်စိတ်ဖြင့် ဝိုင်းဝိုင်းလည်နေပါ၏။

"သက်ဆိုင်သူရဲ့လက်ထဲကို ရောက်သွားစေချင်တဲ့စိတ်ကြောင့်ပြောနေတာ"

"ပေးခဲ့သူကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်ဆရာ။ ဦးဥက္ကာနဲ့ ဘယ်လို ပတ်သက်သလဲလို့ မမေးခဲ့မိတာသာ ကျွန်တော့်အမှားပါ။ ဒါပေမယ့် ဒီလူဟာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ပဲ ဖြစ်မှာပါ"

"အေးပါ… ဒီငွေကို ဦးဥက္ကာအတွက် သုံးဖြစ်သွားရင် ပြီးတာပါပဲ"

"ဒါတော့ သုံးမှာပါဆရာ။ အိမ်လေးကလည်း သေးသေးလေးချို့တဲ့ပုံလည်း ရပါတယ်"

ဦးသက်မောင်နှင့် နေလင်းဝေတို့ စကားသံ တိတ်သွားတော့ မိုးပွင့်ဖြူ၏ ရှိုက်သံလေး လွင့်လာသည်။





"သမီး"

မိုးပွင့်ဖြူ မကျေနိုင်ရှာ။

"နက်ဖြန် အသုဘ ပို့ချင်တယ်ဆို၊ ပို့လို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဖေဖေ၊ သမီးနေကောင်းပါတယ်။ စိတ်မကောင်းလွန်းလို့၊ မဖြေနိုင်လွန်းလို့ပါ ဖေဖေရယ်"

"ဒါကြောင့် လိုက်ပို့ရင် ငါ့သမီး ပိုပြီးခံစားရမှာစိုးလို့"

"ဟင့်အင်း… ဖေဖေ၊ ဒါတော့ သမီးကို မတားနဲ့။ အဘရဲ့နောက်ဆုံးခရီးကို သမီးလိုက်မပို့ရရင် သေတဲ့အထိ သမီး ဖြေလို့ရမှာမဟုတ်တော့ပါဘူး… ဖေဖေရယ်"

ဦးသက်မောင်က ဘာမှမပြောတော့။ နေလင်းဝေသို့သာကြည့်နေသည်။ ဦးသက်မောင် ဘာများပြောလေမလဲဟူ၍ နေလင်းဝေသည်လည်း စိုးထိတ်စွာ စောင့်စားနေရဆဲ…

"ကဲ… ဒါဖြင့် နက်ဖြန်ကို မောင်နေလင်းပဲ လိုက်ပို့ပေးလိုက်။ ဆရာကတော့ လိုက်နိုင်မှာမဟုတ်ဘူး။ ကောင်မလေးတစ်ယောက်လည်း ထည့်ပေးလိုက်မယ်။

"ဟုတ်ကဲ့… ဆရာ၊ ဘယ်အချိန်ပါလဲ"

"ဒီနေ့ သတင်းစာမှာပါတယ်လေ…၊ နေ့လယ် တစ်နာရီတဲ့"

"ဟုတ်ကဲ့… ကျွန်တော် ကားငှားခဲ့ရမလား"

"နက်ဖြန်တော့ အိမ်က ဒရိုင်ဘာ လာပါလိမ့်မယ်ထင်တယ်။ မှာထားတာပဲ"

"သူ့အမျိုးသမီး မီးဖွားလို့ ခွင့်ဆယ်ရက် ယူထားတယ်ဆို…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်... ဒီမှာ အကြောင်းပေါ်လာလို့ ခဏလုပ်ပေးပါဦး လို့ မှာထားရတာ။ သူ့မိန်းမလည်း ဆေးရုံက ဆင်းပါပြီ"

"ဟုတ်ကဲ့... ဒါဖြင့် ကျွန်တော် ဆယ့်နှစ်နာရီမထိုးခင် ဒီအိမ်ကို အရောက်လာခဲ့ပါ့မယ်"

"အေး...အေး...မင်းလည်း ကားမောင်းလေးဘာလေး သင်ထား ဦးမှပေါ့။ ခုလို အကြောင်းပေါ်လာရင် အိမ်ကကား မောင်းနိုင်တာပေါ့"

"ကျွန်တော်... ကျွန်တော် ကားမမောင်းရဲပါဘူး ဆရာရယ်..."

နေလင်းဝေမှာ ပြောမိပြီးမှ အမှားကို ကျူးလွန်လိုက်မိသလို နှောင်တမျက်ဝန်းနှင့် မိုးပွင့်ဖြူကို ကြည့်လိုက်မိသည်။

အကယ်၍ သူသာ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ် ထားပါလျှင် သည်နေရာမျိုးမှာ အကွက်ပင်၊ ကားသည်လည်း သူ့ လက်ထဲ ရောက်လာနိုင်မည်။ မိုးပွင့်ဖြူနှင့်လည်း ပိုမိုရင်းနှီးခွင့်၊ တွဲသွား တွဲလာခွင့် ရရှိပေမည်သာ။

ကားမမောင်းရဲပါဘူးဟု ပြောလိုက်မိခြင်းကို မှားပြီဖြစ်ကြောင်း သိသော်လည်း ပြန်၍ ပြင်ချိန်မရတော့။ အမှားကိုဖုံးရန် စကားလုံးရှာ၍ မရပါနိုင်။

သူ့ဆောင်ရွက်ချက်ကို အပြည့်အဝ ကျေနပ်မှု မရရှိသော ဦးသက်မောင်နှင့် မျက်ရည်စက်လက် ဖြစ်နေရှာသော မိုးပွင့်ဖြူတို့ရှေ့မှာ ကြာရှည်စွာ မနေလိုပါ၍ နှုတ်ဆက်ပြီး ငုံ့ငုံ့လျှိုးလျှိုးပင် နေလင်းဝေ ပြန်ထွက်သွားတော့သည်။

■





ရန်ကုန်ဆေးရုံကြီးမှ မျက်နှာကြီး အသုဘ၏ ဘေးအခန်းတွင် အဘဦးဥက္ကာ၏ ရုပ်ကလာပ်မှာ ညှိုးမှိန်ချို့တဲ့စွာ ရှိနေပါ၏။

အိမ်ဖော် မထားမြင့်နှင့်အတူ အလောင်းစင်ထားရာ အခန်းသို့ ကော်ခဲပင်ပန်းသော ခြေလှမ်းများဖြင့် လှမ်းတက်ခဲ့ရသည်။

မိုးပွင့်ဖြူ မြတ်နိုးလွန်းရသော... ဓာနုပညာကို ဓေတနာများစွာ သွင်းစပ်၍ မျှဝေသင်ပြပေးခဲ့ရှာသော...

"ကျေးဇူးရှင် အဘဥက္ကာရယ်"

စိတ်ထဲမှပင် တိုးတိုးလေး ရေရွတ်ရင်း ထိုင်၍ ကန်တော့ သည်။

ပြီးတော့ အဘ၏ သက်မဲ့မျက်နှာလေးကို ကြည့်ပြီး ရင်ထဲမှာ ငိုက်ဆို့တက်လာသည်။

မိုးပွင့်ဖြူ ဘယ်လိုလုပ်ရှားလိုက်မိမှန်း မမှတ်မိတော့။ မထားမြင့် မနိုင်မနင်း ဆွဲချခေါ်ဆောင်လာသည်ကိုသာ သိလိုက်သည်။

"ဟို ချောချောကောင်မလေးက ဘယ်သူလဲ"

"သူ့သမီးဆိုတာလား"

"မဟုတ်ပါဘူး။ ဟိုကားကြီးပေါ်က ဆင်းလာတာ"

ဆိုသော အဘတို့ ရပ်ကွက်သူများ၏ ဝေဖန်ပြောကြားသံများ အပူသည်မလေး၏နောက်မှာ ကျန်ရစ်သည်။

နေလင်းဝေက လိုက်မလာပါ။ ကားနားရောက်မှ ကူတွဲပြီး ကားထဲသို့ ဝင်စေပါ၏။

အဘ၏ နောက်ဆုံးခရီးမှာ သိုက်မြိုက် စည်ကားခြင်း မရှိ ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူ၏ ကားပါမှ ကိုယ်ပိုင်ကား နှစ်စီးသာ။ ဘတ်(စ်) ကားကြီးက သုံးစီးပါ။ ထန်းတာစ်ပင် အနောက်ရပ်ကွက်မှ စေတနာပါ သော ရပ်ကွက်သူ ရပ်ကွက်သားတို့ လိုက်ပါပို့ဆောင်ဖို့ ဖြစ်ပါမည်။

လမ်းတစ်လျှောက်လုံး မိုးပွင့်ဖြူ ငိုရင်း လိုက်ပါလာမိသည်။

"ဆင်းမနေပါနဲ့တော့ မိုးပွင့်ဖြူရယ်၊ ဘာထူးတော့မှာလဲနော်"

"အဘကို ကြည့်ပါရစေဦး ကိုနေလင်းဝေရယ်..."

"ဘာထူးတော့မှာလဲကွယ်...၊ ဟိုမှာ သင်္ဂြိုလ်ဖို့ သွင်းတော့မယ် စောစောကလည်း ကန်တော့ပြီးပြီပဲ"

"ဟုတ်ပါတယ် မမမိုးရယ်၊ မိုးတွေလည်း ရွာနေပါတယ်။ ဆင်း လို့လည်း မထူးတော့ပါဘူး။ ပြန်ကြပါစို့နော်"

မိုးပွင့်ဖြူထံမှ ငြင်းဆိုသံ မကြားရသည်နှင့်...

"ကဲ... ကိုဘိုခင်ရေ... မောင်းတော့ဗျာ"

နေလင်းဝေ၏ နှိုးဆော်သံဆုံးသည်နှင့် အိမ်မှ ဒရိုင်ဘာသည် ကြံတောသင်္ချိုင်းမှ အမြန်ဆုံး ပြန်လည်ထွက်ခွာနိုင်ရန် မောင်းနှင်ပါ တော့သည်။

သြော်... စေတနာရှင်ကြီး ဦးဥက္ကာ၏...

ဘဝ...

ခန္ဓာနှင့်...

အနုပညာတို့သည်...

မီးလောင်တိုက်၌ လောင်မြိုက်စေခဲ့ပြီ။ သူ့ရင်မှ ကရုဏာ၊ မေတ္တာ နှင့် စေတနာတို့သည်လည်း တစ်ချိန်တည်းမှာပင် ဆုံးရှုံးလောင်ကျွမ်း ခဲ့ချေ ပါပြီ။





မိုးပွင့်ဖြူအတွက် ဘယ်သောအခါမှ ပြန်လည် ရရှိနိုင်မှာ မဟုတ်သော ဆုံးရှုံးခြင်းများဖြင့် ဆုံးရှုံးခဲ့ရသော ထိုနေ့မှာ...

မိုးသည် သည်းထန်စွာ ရွာသွန်းလျက်...

"ကိုဘိုခင်... ဖြည်းဖြည်း မောင်းပါဗျ။ မိုးကလည်း တအား ရွာနေတာ၊ တိုက်ကုန်လိမ့်မယ်"

"မကြောက်ပါနဲ့ ဆရာရဲ့။ ကားမြန်မြန်မောင်းတာ အကျင့်ပါနေ လို့ပါ"

"အရှိန်လျှော့လိုက်စမ်းပါ... မိုးပွင့်ဖြူ သိပ်ငိုနေတယ်"

ကားရှိန်လျှော့လိုက်သော်လည်း 'ဘာဆိုင်လို့လဲ၊ ကားမြန်တာနဲ့ သူငိုတာနဲ့' ဆိုသော အကြည့်ဖြင့်သာ ကိုဘိုခင်က နေလင်းဝေကို ကြည့်သည်၊ ဘာမှတော့ မပြောပါ"

"သြော်... အဘရဲ့ နောက်ဆုံးနေ့မှာ မိုးကလည်း ရွာလိုက်တာ"

မှုန်မှိုင်းနေသော မိုးလမ်းတစ်လျှောက်မှာ မိုးပွင့်လေးများနှင့် အတူ မိုးပွင့်ဖြူ၏ မျက်ရည်စက်တို့သည်လည်း အဆက်မပြတ် ကြွေလျက်သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကိုယ်ခန္ဓာကို လျှော့လျက် ငေးငေးငိုင်ငိုင် ထိုင်နေဆဲ၊ သံတံခါးဝတွင် လူရိပ်ပေါ်လာသည်။

ခြံထိပ်တွင် ကိုဘိုခင်ရော ကားပါ ရှိနေဆဲမို့၊ ညော့်သည်သည် အကြောင်းကျိုးပြော၍ ဝင်လာသူဖြစ်ဟန် တူပါ၏။

"ဦးသက်မောင် ရှိပါသလားခင်ဗျာ"

"ဖေဖေ နေမကောင်းလို့ အိပ်နေပါတယ်ရှင်၊ အထဲဝင်ပါ၊ ဘာကိစ္စရှိလို့ပါလဲ"

တည်ကြည် ရိုးသားမှုအသွင်ကို ဆောင်နေသော လူငယ်တစ်ယောက်မို့ မိုးပွင့်ဖြူက တံခါးကို တွန်းဖွင့်ပြီး ဖိတ်ခေါ်လိုက်သည်။

"ငါမြင်ဖူးလိုက်တာ၊ သူ... ဘယ်သူပါလိမ့်"

သည်ဧည့်သည်ကို တစ်နေရာရာမှာ အသေအချာ မြင်ဖူးခဲ့သည်ကဖြင့် သေချာသည်။ ဘယ်နေရာမှာဟုသာ ရုတ်တရက် စဉ်းစား၍ မရခြင်းပါ။





"ဒါဖြင့်... သူ့သမီး မမိုးပွင့်ဖြူဆိုတာရော ရှိပါသလားခင်ဗျာ"

"မိုးပွင့်ဖြူဆိုတာ ကျွန်မပါ။ လာပါ... အထဲဝင်ထိုင်ပါ။ ဘာကိစ္စရှိလို့လဲ သိပါရစေ"

"ကျွန်တော်... ဦးဥက္ကာရဲ့ သားပါ"

"ရှင်... အဘရဲ့သား... ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ... ဒီက ကူလိုက်တဲ့ ငွေတစ်ထောင်ကို လာပြန်ပို့တာပါ"

"ရှင်"

"အဖေ့ရဲ့ နောက်ဆုံးခရီးကို ကျွန်တော့်ရဲ့ စွမ်းအားနဲ့ပဲ အားလုံးပြီးဆုံးစေခဲ့ပါတယ်။ ကျွန်တော် ဘယ်သူ့ဆီကမှ အကူငွေကို လက်မခံပါဘူး"

"အို..."

"အဲဒါ၊ လာပြန်ပို့တာပါခင်ဗျာ... ရက်လည်ပြီးမှ လာပို့နိုင်လို့ နောက်ကျသွားရပါတယ်"

မိုးပွင့်ဖြူကိုယ်တိုင် ပေးလိုက်သော စာအိတ်လေးအတိုင်းပင်၊ လှမ်းပေးနေသော သူ့လက်ကိုသာ ကြည့်ပြီး...

"သြော်... အဘ... ကျွန်မရဲ့ အဘအတွက် ပါဝင်ကူညီခွင့်ပေးပါရှင်... ပြန်မယူပါရစေနဲ့"

"ကျွန်တော် ဘယ်သူ့ဆီကမှ လက်မခံလို့ပါခင်ဗျာ... ဘယ်လိုမှ မအောက်မေ့ပါနဲ့"

ဦးဥက္ကာ၏ သားဆိုသူသည် မိုးပွင့်ဖြူထံမှ ကွေ့ဝိုက်၍ လက်ခံလှမ်းတာမှ စားပွဲပေါ်သို့ စာအိတ်ကို တင်ခဲ့ပြီး...

www.burmeseclassic.com



"ကျွန်တော့်ကို ပြန်ခွင့်ပြုပါခင်ဗျာ"

မိုးပွင့်ဖြူမှာ သူ့ကို ငေးငေးမောမော ကြည့်နေမိသည်။ သူကြည့် ၍ နှုတ်ဆက်ချိန်မှာလည်း သူ့ကိုကြည့်နေမိသည်။ သူ မျက်နှာ လွှဲချိန်မှာလည်း သူ့ကို ကြည့်နေမိဆဲပါ...

သူသည် မိုးပွင့်ဖြူကို ကျောခိုင်း၍ လာလမ်းအတိုင်း ပြန် လျှောက်သွားတော့သည်။ အသားညိုညို အရပ်မြင့်မြင့်...

မိုးပွင့်ဖြူမှာ ကြောင်ငေးစွာ ရပ်လျက်၊ ဘာစကားတစ်လုံးမှ တုံ့ပြန်မပြောဖြစ်လိုက်နိုင်ခင်မှာပင် သူသည် ခြံဝင်းတံခါးမှ လွန်မြောက် ပျောက်ကွယ်သွားပါတော့သည်။

သူ့ရုပ်လွှာ...

နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ နက်မှောင်သော ဆံပင်အို ကောင်းကောင်းနှင့် သည်မျက်နှာကို မိုးပွင့်ဖြူ ပြန်လည် ဖမ်းယူမိပါပြီ

**"ကိုလွှမ်းလှိုင်..."**

ဟုတ်ပါသည်။ မိုးတစ်ညဦးက 'အာကာယံထဲ၊ မိုးဘွဲ့ပတ်ပျိုး ကို... စွဲရစ်မြတ်နိုးဖွယ် သီဆိုသွားခဲ့ဖူးသော ဂန္ဓဝင်တေးဂီတ အဆိုရှင်

"အို... ကိုလွှမ်းလှိုင်... ကိုလွှမ်းလှိုင် ဆိုသူဟာ အဘရဲ့သား တဲ့"

"အဘကလည်း တစ်ခါမှ ငါ့ကို ပြောမပြခဲ့ဖူးပါလား"

"ဒါပေမယ့် သူဟာ တာဝန်ရှိ သားတစ်ယောက်မို့သာ ဒီငွေ ပြန်လာပေးတာပေါ့နော်"





မိုးပွင့်ဖြူမှာ သူ ထားခဲ့သော စာအိတ်ကို ဖွင့်ယူကြည့်မိသည်။ သူတို့ပေးလိုက်သော ငွေစက္ကူချပ်များအတိုင်း...

"သမီးအဘရဲ့ ဈာပနကိစ္စအတွက် သမီးစုထားတဲ့ ငွေထဲက သူချင်တယ် ဖေဖေရယ်"ဟု ဆိုခဲ့ပြီး ဆယ်တန် အသစ်ကလေးများ အရွက် ၅၀ ငွေငါးရာ...

"ဖေဖေက ငါးရာပေးမယ်သမီး၊ ငွေတစ်ထောင်ကို မောင်နေ သင်း ပို့ခိုင်းလိုက်မယ်လေ။ ဒါလောက်ဆို သူ့အသုဘကိစ္စမှာ လှလှပပ လေး ဖြစ်သွားမှာပါကွယ်"

ဟူ၍ ပို့ခဲ့သည့်ငွေ... ရာတန် ငါးရွက်နှင့် ဆယ်တန်များ...

"ဩော်... ကိုလွှမ်းလှိုင်ရယ်... အမိမဲ့ သားတစ်ယောက် အနေနဲ့ အဘအတွက် ဘယ်လောက် ကြေကွဲစွာ ခံစားရမယ်ဆိုတာ ဒီက ကိုယ်ချင်းစာမိပါတယ်ရှင်..."

"တည်တည်ငြိမ်ငြိမ်လေး လာပြန်ပေးသွားပေမယ့်... ဒီက အပေါ်မှာ ဘယ်လောက်များ နာကျည်းမုန်းတီးနေလေမလဲဆိုတာ တွေးမိပါတယ်ရှင်"

"ဒီအိမ်ကို လာရှင်းက ဖြစ်ရတာမို့ ဒီကသတ်တာနဲ့ အတူတူပဲ ဆိုများ ယူဆနေပါသလား"

"ယူဆပါ... ယူဆပါ... အမှန်ကလည်း ဒီကကြောင့်ပါ။ အဘ သဆုံးရတာ ဒီမှာ လုံးလုံး တာဝန်ရှိပါတယ်။ ကျွန်မ သတ်မိသလို ရင်ထဲမှာ ခံစားနေရပါတယ်ရှင်"

"ဒါဆိုရင်...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ အဘရဲ့ အသက်နဲ့ ခန္ဓာကို သေဆုံးစေတယ် ကိုလွှမ်းလှိုင်ရဲ့ အသည်းနှလုံးကိုလည်း တစ်ချိန်တည်းမှာပဲ ကြေကွဲ လောင်ကျွမ်းစေခဲ့တာပေါ့နော်"

"အဘကတော့ ဘယ်သောအခါမှ ပြန်လည် ရှင်သန်လာနိုင် တော့မှာ မဟုတ်ဘူးလေ..."

"အဘအတွက် တာဝန်ရှိ ပုဂ္ဂိုလ်ဖြစ်တဲ့ အဘရဲ့သား ကိုလွှမ်း လှိုင်ရဲ့ ရင်ထဲက..."

"အခဲမကျေမှုနဲ့ ကြေကွဲ ဝမ်းနည်းမှုတွေ ပြေသင့်သလောက် ပြေအောင် ဘယ်လိုတောင်းပန်ရမလဲ..."

"အို... မကျေနပ်သည့်တိုင်... ဖြေရှင်းခွင့်ရအောင်တော့ ကျွန်မ ကြိုးစားမယ်"

"စိတ်နာလို့ လာပြန်ပေးတဲ့ငွေကို အဘအတွက် လှူပေးပါ ဒါမှမဟုတ် ကျွန်မကိုယ်တိုင် လှူလိုက်ပါ့မယ် ဆိုတာလေးတော့ သိ ရအောင်..."

"ကျွန်မကို လာပြောခွင့်ပြုပါ"

"လာတောင်းပန်ခွင့်ပြုပါ"

"အို... ကျွန်မကို စကားပြောခွင့်လေးတော့ ပေးပါဦး ကိုလွှမ်း လှိုင်ရယ်ရှင်..."

■ ■ ■



## အခန်း ။တစ်ဆယ့်နှစ်။

ရန်ကုန်မြို့မှ လမ်းငါးခွဆုံတိုင်း မစည်ကားကြ၊ ကားအများဆုံး နှင့် လမ်းငါးခုလုံး အမြဲ ကားပြည့်နေတတ်သည့် နေရာတစ်ခုသာ ရှိပါ၏။ ကမာရွတ် လမ်းငါးခွဆုံ...

ကျပ်တည်းသော ယာဉ်ကြောကို ဖြတ်သန်းပြီး လှည်းတန်း ဈေးအလွန်တွင် ကားရပ်လိုက်သည်။ ကားကို ထားခဲ့ပြီး မြေနိမ့်လမ်း အတိုင်း ဆင်း၍ အဘပြောခဲ့ဖူးသော ကမာရွတ်ထန်းတစ်ပင် အနောက် ပိုင်း ၃ ရပ်ကွက်ဆိုသော နေရာကို မေးရင်းမြန်းရင်း ရောက်လာနိုင်ခဲ့ ပါပြီ။

ခြံမြေများကို ခွဲခြမ်းစည်းကာ၍ အိမ်ရာကွက်များ ချလျက် ဆောက်လုပ်နေထိုင်ကြသော နေရာလေး...

"တလောက ဆုံးသွားတဲ့ စောင်းဆရာကြီး ဦးဥက္ကာရဲ့အိမ်..."

ဟူသော ညွှန်ပြချက်ကြောင့် မိုးပွင့်ဖြူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ တစ်ထပ်အိမ်မြင့်လေး ဖြစ်သည်။ ကျဉ်းကျဉ်းလေးသာ၊ အိမ်လေးက အိုဟောင်းလှပါပြီ၊ မိုးပွင့်ဖြူမှာ တုန်ယင်နေသော ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ လှမ်းတက်လျက်...

"ကိုလွမ်းလှိုင် ရှိပါသလားရှင်"

"အစ်ကို အိပ်နေတယ်ရှင့်"

"ဟုတ်လား... မနိုးပါနဲ့ကွယ်... နိုးတဲ့အထိ ထိုင်စောင့်နေပါ့မယ်နော်"

အဲသားဖြူဖြူဖွေးဖွေး မိန်းကလေးတစ်ယောက်က ဖျာဟောင်းလေးတစ်ချပ်ကို အိမ်၏ ခေါင်းရင်းဘက်မှာ ခင်းပေးလိုက်သည်။

"အို..."

အသားလှ၍ အရွယ်ငယ်သေးသော မိန်းကလေးသည် မျက်စိ တစ်ဘက်လပ်နှင့်။

သူ့ လက်ယာဘက် မျက်စိတစ်ခုလုံး ဖြူဖွေးနေသည်။ ငြိမ်သက်နေသော သူငယ်အိမ်မှာ နှာခေါင်းရိုးရာဘက်သို့ ကပ်လျက် စွေစောင်းနေပါ၏။

ကျန်တစ်ဖက်ဖြင့် ခေါင်းကိုစောင်းကာ အားယူကြည့်နေရ၍ သာမာန် မိန်းမလှတစ်ယောက်၏ မျက်နှာမျိုး အကြည့်မျိုး မဟုတ်နိုင်ရာတော့...

"ငယ်ငယ်လေး၊ လှလှလေးနဲ့ မျက်စိတစ်ဖက် ပျက်နေရှာတယ် သနားစရာပဲ၊ အဘနဲ့ ဘာတော်လဲမသိဘူး"

မိုးပွင့်ဖြူ သူ့ကို ကြည့်မိသလို... သူကလည်း တစ်လုံးတည်းသော မျက်စိဖြင့် အားယူ၍ အစွမ်းကုန် အကဲခတ်နေသည်။





မိုးပွင့်ဖြူမှာ သူနှင့် အကြည့်ချင်းမဆုံဖြစ်အောင် အိမ်ရှေ့ခန်းလေးသို့သာ ဝေ့ဝဲကြည့်မိသည်။

အဘ ဆုံးစမို့လားမသိ၊ ပစ္စည်းများက စနစ်မကျ... အားလုံး ဖရိုဖရဲနှင့်...

ခေါင်းရင်း ဘုရားစင်အောက်တွင် ဓာတ်ပုံဟောင်းကြီးတစ်ပုံကို ချိတ်ထားသည်။ အဘနှင့် ဒေါ်ညွန့်မေ ဆိုသူတို့၏ ငယ်ရုပ်လွှာ။

"ဪ... အဘရယ်"

အဘ၏ ငယ်ရုပ်လွှာနှင့် ဓာတ်ပုံဘေး ဗီရိုလေးပေါ်မှ ပန်းပွားအနီနှင့် ခန့်ညားလှသော စောင်းကြီးကို ကြည့်ပြီး မိုးပွင့်ဖြူ၏ ရင်မှာ ဆို့တက်လာသည်။

စောင်းတင်ထားသော ဗီရိုငယ်နောက်ရှိ ဝါးထရံကာထားသော အိမ်ခန်းတွင်းမှ လှုပ်ရှားသံ ကြားလိုက်ရသည်။

ဆယ်မိနစ်ခန့် အကြာတွင် မျက်နှာသစ်ပြီးစ... ဆံပင်ကို ဖြီးသင်ပြီးစ လူတစ်ယောက် ထွက်လာသည်။

ကိုလွမ်းလှိုင်ပါပဲ...

သူသည် သိပ်အံ့သြသွားသလို... ခပ်တောင့်တောင့်ကြီး ရပ်ကြည့်လိုက်ပြီးမှ...

"ဟင်... မမိုးပွင့် လိုက်လာတယ်"

'မမိုးပွင့်'ဆိုပါလား။ အယောင်ယောင်အမှားမှားဖြင့် ဖြူတစ်လုံး မေ့ကျန်ခဲ့လေသည်လား။

"ကိုလွမ်းလှိုင်ကို တောင်းပန်ချင်လွန်းလို့ လိုက်လာခဲ့တာပါရှင်"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို... ဟုတ်လား၊ ကျွန်တော့်ကို ဘာများ တောင်းပန်စရာ ရှိလို့လဲဗျာ"

"ဩော်... ကျွန်မတို့ခြံကိုလာရင်း သေဆုံးခဲ့ရတဲ့ အဘအတွက်..."

မိုးပွင့်ဖြူ၏ စကားမဆုံးမီ သူ့ကိုကြည့်နေသော ကိုလွမ်းလှိုင်သည် ထိတ်လန့်စရာတစ်ခုနှင့် ကြုံလိုက်ရသလို... စောစောက အမျိုးသမီးငယ်သို့ ထိတ်ထိတ်ပျာပျာ အမူရာနှင့် လှည့်ကြည့်လိုက်ပြီး စိုးရိမ်တကြီး လေသံနှင့်...

"ဒါတွေ ဘာမှ ပြန်ပြောမနေပါနဲ့တော့။ အဖေလည်း သေပြီပဲ။ တောင်းပန်စရာ မလိုတော့ပါဘူး။ မမိုးပွင့် ပြန်ပါ"

မိုးပွင့်ဖြူမှာ တအံ့တဩ သူ့မျက်နှာကို ကြည့်လိုက်မိသည်။ တောင်ပန်ခြင်းများဖြင့် ရောက်လာသော မိန်းမသားငယ်တစ်ယောက်ကို ချက်ချင်းကြီး နှင်ပစ်လိုက်သော ကိုလွမ်းလှိုင်ရယ်...

"အဘအတွက် ခံစားရလွန်းလို့ အရဲစွန့်ပြီး လိုက်လာခဲ့ရတာပါ"

မိုးပွင့်ဖြူ၏အသံများ တုန်လာသည်။

"ကိစ္စအားလုံး ပြီးပြီပဲ။ တောင်းပန်စရာအကြောင်းလည်း မရှိပါဘူးလေ။ ပြန်... ပြန်ပါတော့ မမိုးပွင့်"

ကိုလွမ်းလှိုင်က မျက်စိပျက်နေသော မိန်းကလေးကိုသာ စိုးရိမ်တကြီး ကြည့်ရင်း... သူ့ပိုင်နက်မှ ထွက်ခွာပါရန် ထပ်ခါထပ်ခါ နှင်နေပါပြီ။





"ပြန်ပါ့မယ်ရှင်၊ ဒီလောက်နှင်နေမှတော့ ကျွန်မ ပြန်ပါ့မယ်"

မိုးပွင့်ဖြူမှာ အင်အားအားလုံး ကုန်ဆုံးသွားသူ တစ်ယောက်လို... မနည်းအားယူ၍ထပြီး လှေကားထစ်မှ ဆင်းသက်ရင်း ကြွေလာသောမျက်ရည်များကို ကုန်စင်အောင် လက်ကိုင်ပဝါလေးနှင့် သုတ်လိုက်ရပါသည်။ ထပ်၍ ကြွေမလာဖြစ်အောင် အံခဲအားတင်းလျက် နှစ်ပေါင်းများစွာ အဘနေထိုင်သွားခဲ့သော အိမ်လေးကို ကျောခိုင်း ထွက်ခွာလာခဲ့ရပါပြီ။

ခြံများကို ဖြတ်သန်းလျက် မြေလမ်းကျဉ်းကလေးအတိုင်း တစ်ယောက်တည်း လျှောက်လာရသည်။ ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းများရှိရာ လမ်းကျယ်နား ရောက်ခါနီးတွင် ဘေးမှ သူတစ်ယောက် လိုက်လာသည်ဟု သိနေသည်။ လှည့်မကြည့်မိပါ။

လှည်းတန်းလမ်းမပေါ်ရှိ ကားရပ်ထားရာသို့ တက်ခဲ့ရသည်။ ကားထဲတွင် ကိုဘိုခင် ရှိမနေပါ။ ခဏကြာမည်ဆို၍ ကားကို လှမ်းမြင်သော အရပ်တွင် သူရှိနေပါလိမ့်မည်။ နံနက်ဦးမို့ လက်ဖက်ရည်ဆိုင်မှာများ ထိုင်နေလေသလား။

ဝဲယာသို့ ဝဲလှည့်ကြည့်ပြီး ကားထဲမှ စောင့်နေရန် ကားတံခါးကို ဖွင့်နေဆဲ...

"ကျွန်တော်လိုက်လာပါတယ် မမိုးပွင့်။ ကားထဲ ဝင်ထိုင်ပါခင်ဗျာ"

"ရှင်..."

"ကျွန်တော် ဒီကရပ်နေပါ့မယ်၊ မမိုးပွင့် ကျွန်တော့်ဆီ လာတဲ့ ကိစ္စများပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို... ကိုလွမ်းလှိုင်"

သူ ဘာမှမပြောတော့။ နာခံဟန်ဖြင့်သာ ငြိမ်သက်နေပါ၏။ မိုးပွင့်ဖြူမှာ အံ့သြလွန်း၍စိတ်ဖြင့် ဘာမှ မပြောနိုင်ပါ၍...

"ကျွန်တော့်လုပ်ရပ်ဟာ သိပ် ရိုင်းစိုင်းသွားမှန်း သိပါတယ်။ ကျွန်တော့်ညီမလေးကြောင့် ဒီလိုပြောလိုက်ရတာပါ။ မမိုးပွင့် စိတ်ဆိုးထိုက်ပါတယ်။ ဒီအတွက် ကျွန်တော့်ကို ပြောချင်သလို ပြောနိုင်ပါတယ်။ ပြီးတော့၊ ကျွန်တော့်ဆီလာတဲ့ကိစ္စလည်း အမိန့်ရှိပါ... သိပါရစေ"

မိုးပွင့်ဖြူမှာ ကိုလွမ်းလှိုင်ကို ဘယ်လိုနားလည်ရမှန်း မသိတော့၍ ပြောစရာ စကားလုံးများလည်း ရှာ၍မရတော့ပါ။

"မိုးပွားလေးတွေ ကျနေတယ်။ ကားထဲဝင်ထိုင်ပါ မမိုးပွင့်"

နှစ်ယောက် ယှဉ်ရပ်နေရာမှ ဝင်ထိုင်လိုက်မိသည်။ သူက ကားဘေးမှာ ရပ်လျက်...

"ကျွန်တော့်ဆီလာတဲ့ကိစ္စ သိပါရစေ၊ ကျွန်တော်လည်း ငွေရှာလို့ မရသေးတာနဲ့ မလာနိုင်သေးတာပါ... အတော်ပါပဲ၊ အဲဒီကိစ္စလည်း တောင်းပန်ချင်လို့ပါ"

"ရှင်... ငွေ... ဟုတ်လား"

"ဟုတ်ပါတယ်... အဖေ ငွေကြိုယူထားတယ်လေ။ အဲဒါ မကျေသေးဘူး မဟုတ်လား၊ ကျန်ငွေကို ကျွန်တော် ပြန်ဆပ်ပါ့မယ်လို့ ကတိပေးပါတယ်"





မိုးပွင့်ဖြူမှာ အံ့သြစိတ်နှင့် သူ့ကိုကြည့်မိသည်။ ကားထဲသို့ မြင်သာအောင် ကိုယ်ကို ကိုင်းညွတ်၍ ပြောနေရှာသော သူ့မျက်နှာမှာ ဆါသရိပ်၊ မကျေချမ်းစိတ်များ ကင်းစင်နေသည်။ မိုးပွင့်ဖြူသို့ အားနာနေဟန်က အထင်းသား...

"ကိုလွမ်းလှိုင်"

"ဟုတ်ကဲ့"

"မိုး ပိုရွာလာပြီ... ကားရှေ့မှာ ခဏလာထိုင်ပါနော်"

"ဟုတ်ကဲ့"

သူသည် ကားဦးဘက်မှ ဖျတ်လတ်စွာ ကွေ့ဝိုက်ပြီး ကားရှေ့ခန်းတွင် ဝင်ထိုင်သည်။

"ကျွန်တော့်အိမ်ကို လိုက်လာပြီး ကျွန်တော့်ရဲ့စကား ရိုင်းပျသွားရတဲ့အတွက် ခွင့်လွှတ်ဖို့ ကျွန်တော် ထပ်တောင်းပန်ပါတယ်။ ဘာမှမသိသေးတဲ့ ညီမလေးကို ဘာမှ မသိစေချင်လို့ပါ"

"ရှင်"

"မမိုးပွင့်တော့ ဘာမှ နားလည် မှာ မဟုတ်ပါဘူးလေ။ ကျွန်တော်တို့ မိသားစုရဲ့ အတွင်းရေးပါ။ အဖေ ကားတိုက်ခံရလို့ ဆုံးတယ်လို့ပဲ သူသိပါတယ်။ မမိုးပွင့်တို့ခြံက အပြန်မှာဆိုတာ သူ မသိပါဘူး။ နောက်ဆုံး အဖေဟာ မမိုးပွင့်ဆီမှာ ငွေကြေးယူပြီး ဆောင်းသင်ပေးနေတယ်ဆိုတာကအစ သူ မသိရှာပါဘူး၊ မမိုးပွင့်က ဒါတွေပြောလိုက်မှာစိုးလို့... နှင်လိုက်ရတာပါ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ရှိုင်းစိုင်းမှုအတွက် တောင်းပန်ဖို့ နောက်က လိုက်ခဲ့တာပါခင်ဗျာ"

ဪ... တောင်းပန်ဖို့လာသူကို ပြန်ပြီး တောင်းပန်နေရာပါလား...

"ဒီကလည်း တောင်းပန်ဖို့ လာတာပါ"

"အဲဒါကို ကျွန်တော် နားမရှင်းဘူး။ ကျွန်တော့်ကို ဘာများ တောင်းပန်စရာရှိလို့လဲ"

"ဪ... အဘသေရတာ ဒီကကြောင့်လို့ ခံယူထားမိပါတယ်။ အဲဒီနေ့ ညနေစာကို စားစေချင်လွန်းတဲ့ စေတနာနဲ့ ကိုယ်တိုင်ချက်ပြုတ် ကျွေးနေလို့၊ အဘ အပြန်နောက်ကျသွားရလို့ ခုလို ဖြစ်ရတာပါ။ ဒီက အိမ်ကိုလာရင်း ဖြစ်ရတာမို့ ကိုလွမ်းလှိုင့် စိတ်နာမနေဘူးလားဟင်"

"ဪ... မမိုးပွင့်ရယ်... ဘာဆိုင်လဲဗျာ။ စေတနာနဲ့ ကျွေးမွေးခဲ့တာပဲ။ မမိုးပွင့်နဲ့ ဆုံခွင့်မရပေမယ့် မမိုးပွင့်ရဲ့ စေတနာတွေ၊ ကြည်ညှိုလေးစားမှုတွေ အဖေ ခံယူခဲ့တာတွေကို ကျွန်တော် သိနေခဲ့ပါတယ်။ ငါကြောင့် ဆိုတဲ့စိတ်ကို ဖြေဖျောက်လိုက်ပါလေ။ အဖေရဲ့ ဆိုးရွားလွန်းတဲ့ ကံကြမ္မာလို့ပဲ ယူဆလိုက်ပါတော့... ဒီအဖေနဲ့ ဒီသားပဲ ရှိကြတဲ့ ကျွန်တော့်မှာ အဖေ ရုတ်တရက်ကြီး ခုလိုဖြစ်သွားတော့ သိပ်ပြီး ဝမ်းနည်းပူဆွေးရတာပဲ ရှိပါတယ်။ ဘယ်သူ့ကိုမှ အပြစ်တင်လိုတဲ့စိတ် မရှိပါဘူး မမိုးပွင့်ရယ်။ ဒီအတွက် ကျွန်တော့်ကို တောင်းပန်စရာမလိုပါဘူး ခင်ဗျာ။ စောစောက မမိုးပွင့် မျက်ရည်ကျသွားရတဲ့အတွက်





ကျွန်တော် စိတ်မကောင်းဘူး။ အဖေ့အတွက် ကျန်ခဲ့တဲ့ သားတစ်ယောက်အနေနဲ့ ကျွန်တော် လုံးဝ ကျေနပ်ပါတယ်၊ စိတ်မကောင်းမရှိပါနဲ့လို့သာ ပြောပါရစေခင်ဗျာ"

စကားလုံးပေါင်း များစွာနှင့် သူ ကျေနပ်သည်အထိ တောင်းပန်ပါမည်ဟူသောစိတ်ဖြင့် လာခဲ့သော မိုးပွင့်ဖြူသို့ သူက ရှည်လျားစွာဖျောင်းဖျနှစ်သိမ့်မှု ပြန်လည်ပေးဆက်နေလေသည်။

"ကျွန်တော့်အဖေပေါ်မှာ တင်ရှိနေတဲ့ ကြွေးကို ပေးနိုင်တဲ့နေ့မှာ ကျွန်တော် လာခဲ့ပါဦးမယ်"

"ရှင်"

"အဖေယူထားတဲ့ ငွေအတွက်ပါ"

"ဪ... ဒါကို အကြွေးလို့ သဘောထားရက်ဝါတော့မလား၊ ပြန်ယူရက်ပါတော့မလားရှင်"

"ဒါပေမယ့် ကျွန်တော့်မှာ တာဝန်ရှိနေပါတယ် မမိုးပွင့်"

"ဒီလိုမယူဆပါနဲ့ ကိုလွမ်းလှိုင်၊ အဘသေဆုံးရတဲ့အတွက် သုကျိုးမရတဲ့စိတ်ရယ်၊ ဒီက သိပ်မြတ်နိုးတဲ့ စောင်းပညာလေးကို ဆုံးခန်းတိုင်အောင် မသင်လိုက်ရတဲ့အတွက်ရယ်သာ ခံစားနေရတာပါ။ ငွေကို နည်းနည်းလေးမှ သတိမရပါဘူး။ ပြန်ပေးရင်လည်း လက်မခံပါဘူး"

"ဒီတော့လည်း ကူငွေပေးသလို အတင်း လာထားခဲ့ရမှာပေါ့..."

"ဒီလို ဇွတ်လုပ်လို့ ဒီတစ်ခါတော့ မရတော့ပါဘူး"

"ကျွန်တော်လည်း ချက်ချင်းကြီး မလာနိုင်သေးပါဘူး မမိုးပွင့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်... အဖေ ရှာပေးနေ ကိစ္စ ကုန်ကျထားတဲ့ ကြွေးလေးတွေ ပေး ဆပ်ရပါဦးမယ်။ ဒီအတွက် ညကလည်း စတူဒီယိုမှာ အသံသွင်းတာ မိုးလင်းခါနီးမှ အိမ်ပြန်ရောက်လို့ပါ"

"အားနာစရာကြီး၊ ဒီကလာလို့ နိုးသွားရတာပေါ့နော်..."

"ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ ဆင်းရဲသားဆိုတာ ဒုက္ခဒဏ်ကို ခံနိုင်ပြီးသားပါ"

ကိုလွှမ်းလှိုင်သည် ဘေးတိုက်အနေအထားနှင့်ပင် စကားပြော နေသည်။ မိုးပွင့်ဖြူဘက်သို့ သူလှည့်မကြည့်၊ တန်ခိုးတော်ရှင် တစ်ယောက်ရှေ့မှာလို မိုးပွင့်ဖြူ ဘာစကားများ ပြောရမှန်း မသိတော့ မပြောရဲတော့။ ကိုလွှမ်းလှိုင်က တစ်ချက်လှည့်ကြည့်လိုက်ပြီး...

"ကျွန်တော့်ကို ဘာပြောစရာရှိပါသေးလဲ"

"ဟင်... မရှိ... မရှိတော့ပါဘူး"

"ဒါဖြင့် ကျွန်တော်ပြန်မယ်နော်... ကျွန်တော်နဲ့ အကြာကြီး စကားပြောနေလို့ မသင့်မှာစိုးလို့ပါ။ ကျွန်တော် လိုက်လာခဲ့ပေမယ့် လမ်းမှာ စကားပြော လာရင် မမိုးပွင့် ကဲ့ရဲ့ပြုက်မှာစိုးလို့ ကားနားအထိ လိုက်လာခဲ့တာ ခွင့်လွှတ်ပါ... ဒါဖြင့် ကျွန်တော် ပြန်မယ်နော်"

"ဟုတ်ကဲ့... ကိုလွှမ်းလှိုင်"

"အဖေ့ ကိစ္စအတွက်နဲ့ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့လို့ နောက်ဆုံး ပြောခဲ့ပါရစေ။ ကျွန်တော်သွားတော့မယ်နော် မမိုးပွင့်"

မိုးပွင့်ဖြူ ခေါင်းညိတ်ပြလိုက်ရသည်။ သူ ကားထဲမှ ဆင်းသွား ပြီးသည်အထိ စကားတစ်လုံးမှ မပြောဖြစ်လိုက်။





မိုးရေလမ်းမှာ ပြန်လျှောက်သွားသော ကိုလွှမ်းလှိုင်သည် သူ့ကို တစ်ချက်မျှ ပြန်လှည့်မကြည့်။

သူသည်သာ ငေးငေးမောမော သူ့နောက်ကျောပြင်ကို လိုက် ကြည့်နေမိသည်။

အဘ၏သားဆိုသော စိတ်နှင့် အဘကို တမ်းတမိ၍လား သိပါ။ ရင်ထဲမှာ ဆို့ကျင်လာသည်။ ဝဲလာသော မျက်ရည် မျက်ဝန်း ကြောင့် မိုးမှုန်များဖြင့် မှုန်ဝေနေသော ဝန်းကျင်ကို ငေးမောရင်း...

သြော်...ကိုလွှမ်းလှိုင်ဆိုသူရယ်...

■ ■ ■

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။တစ်ဆယ့်သုံး

ဒုတ်ဆန်းပစ်ကပ်ကား အနီရောင်တစ်စင်း၊ ထိုနေ့ ထိုအ လောက်က အပြင်းမောင်းနှင်သွားကြောင်း လမ်းထိပ်အိမ်များ လူနှစ်ဦး နှစ်ယောက်လုံး မြင်လိုက်ကြကြောင်းလည်း ယာဉ်ထိန်း ထွက်ဆိုသက်သေခံထားပြီးသော်လည်း...

"ဦးဥက္ကာကို တိုက်သတ်ခဲ့သည့်ကား"

ကို ယခုအချိန်အထိ ရှာဖွေ၍ မတွေ့ရှိကြသေး။

သဘောသွားကားဟု တင်စားခေါ်ကြသော ဤလိုပစ် ကားမျိုးကလည်း ရန်ကုန်မြို့ရှိ လမ်းတိုင်းတွင် လက်ညှိုးထိုး၍ သဖြင့် ရှာဖွေတွေ့ရှိရန် ခဲယဉ်းသည်။

ကားတိုက်ခြင်းမှာ လူသတ်မှု မမည်ပါ။ လူသေမှု ပုဒ်မ အရသာ အကျုံးဝင်ပါသည်။ ဦးဥက္ကာကို တိုက်သတ်သော ကား အမုန်းအငြိုးနှင့် သက်သက်သေစေအောင် တိုက်သတ်ခြင်း မဟု





ပါ။ ဦးဥက္ကာကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေမည့်လူမျိုး ဤလောကတွင် မရှိပါနိုင်။

မတော်တဆ တိုက်မိခြင်းဖြစ်ကြောင်း မိုးပွင့်ဖြူ လက်ခံနိုင် ၏။

သို့ပါသော်လည်း...

ဒဏ်ရာနှင့် လဲနေရှာသော အဘိုးအိုကို ရက်ရက်စက်စက် ပြီးထွက်ခွာသွားသည့် ကားသမား၏ လူမဆန်လွန်းသော ရက်စက် ကြောင့် အဘ သေဆုံးရခြင်းဖြစ်ကြောင်း ဆေးစာက သက်သေခံ ပြီမို့...

ဤကိစ္စကို...

လူသေမှုဟု မိုးပွင့်ဖြူ မသတ်မှတ်နိုင်။ လူသတ်မှု အဖြစ်နှင့် သာ တထစ်ချ ရင်ထဲမှာ စွဲမှတ်ယူပါမည်။

ဤနှလုံးသားမဲ့ သူသတ်သမားကို သက်ဆိုင်ရာမှ အမြန်ဆုံး ဖွေတွေ့ရှိကြပါစေဟု မိုးပွင့်ဖြူ အချိန်ပြည့် ဆုတောင်းနေမိသည်။

ချစ်လှစွာသော အဘလို သူတော်ကောင်းကြီး တစ်ဦးကို လူ့ လုံးသား ကင်းမဲ့စွာ တိုက်သတ်ပြီး သေစေခဲ့သော လူယုတ်မာကို တွေ့ချင်လွန်းလှပါပြီ။

"ဘာတွေ စဉ်းစားနေလဲ မိုးပွင့်ဖြူ၊ လက်မှတ်ရလာပြီ"

"ဪ... ကျေးဇူးပါပဲ ကိုနေလင်းဝေ၊ သုံးစောင်နော်..."

"ဟုတ်ပါတယ်"

နေလင်းဝေမှာ နှစ်စောင်ပဲရတယ်ဟု ပြောပြီး ဝယ်ခဲ့ရ ကောင်း သားဟု စဉ်းစားသေးသည်။

www.burmeseclassic.com



"သမီးက သမ္မတရုံကကား ကြည့်ချင်တယ်လို့ ပြောထားဖူးတယ် မောင်နေလင်း စိတ်ပြေလက်ပျောက်ဖြစ်အောင်လို့ပါ သမီးနဲ့ထားမြင့်နဲ့ နှစ်ယောက်တည်းဖြစ်နေလို့ မင်းလိုက်ပို့ပေးလိုက်ပါ"

ဆိုသော ဦးသက်မောင်၏ အမိန့်ကြောင့်သာ သုံးစောင်ဝယ်ခဲ့ရသည်။ ဖြစ်နိုင်ပါလျှင် အိမ်ဖော်မလေး မထားမြင့်ကို ချန်လှပ်ထားခဲ့လိုပါသည်။

"ဩော်... ဘယ်သောအခါမှ မိုးနဲ့ နှစ်ယောက်တည်း တွဲခွင့်ရပါ့မလဲကွယ်"

မိုးပွင့်ဖြူသို့ ကြိုတင်လက်မှတ်ဖြတ်ပိုင်းကို ပေးပြီး မချင့်မရဲစိတ်နှင့် ကြည့်နေမိသည်။

မိုးပွင့်ဖြူနှင့် ဦးသက်မောင်တို့ သိရှိနေကြသလို...

နေလင်းဝေက မသိရှာသေး။

"အရေးကြီးတာက အဘိုးကြီးပဲ။ အဘိုးကြီးက ငါ့ကို ကြည်လျှင် ကောင်မလေးကိုရမယ်။ ကောင်မလေး အလျှင်ကပ်ပြီးမှ အဘိုးကြီးက မကြည်ရင် ငါတော့ ဆွေးပြီ"

နေလင်းဝေတို့မှာ နပ်ပြီးသား။

အကြင်နှာ အရိပ်အယောင်သာပြသည်။ မိုးပွင့်ဖြူသို့ စကားတစ်လုံးမျှ မလှစ်ဟ။

မိမိ၏ဘဝကို တစ်ချိန်ချိန်မှာ အပ်ရမည့်သူဟု သိထားပြီးရှိလားမသိပါ။ မိုးပွင့်ဖြူမှာလည်း နေလင်းဝေနှင့် တွေ့လေတိုင်း ရင်လှိုက်ခတ်ရသော ခံစားမှုမျိုး မရှိခဲ့။ ငြိမ်သက်အေးချမ်းစွာပင်။ အလျှင်အတိုင်းပုံမှန်ဆက်ဆံနိုင်ခဲ့ပါသည်။





အတူသွားရသည့်အခါတိုင်း နေလင်းဝေ၏ စူးရှသောအကြည့်နှင့် အရေးတယူ ပိုရှိလာသော အပြုအမူများကို တွေ့လာရပါသော်လည်း ကျေးဇူးတင်သည့်အဆင့်မှလွဲ၍ ရင်သိမ့်ခါစေသော ကြည်နူးမှုမျိုး မခံစားရပါ။

မိမိ၏ဘဝသည် နေလင်းဝေ၏ဘဝနှင့် ပေါင်းစပ်ကာ တစ်နေ့နေ့တွင် ငြိမ်းအေးသာယာစွာ နေထိုင်လျက် ဖခင်ကြီး စိုက်ပျိုးခဲ့သော နေ့ပညာ သီးစားပင်မှ အသီးများကို ဆွတ်ခူးကာ မတောင့်မတာ မပူပန် နေရမည့်ဘဝကို ရင်ဆိုင်ရပေမည်ဟု ယုံမှတ်ထားခဲ့မိသော မိုးပွင့်ဖြူ...

အကြောင်းစုံ မသိသေးပါသော်လည်း အခြေအနေပေးလာပြီဟု သိနေသော နေလင်းဝေမှာ ခါတိုင်းထက်ပို၍ အလုပ်ကြိုးစားကာ ဒီမ်ကိစ္စများကို အရေးထားလာသည်။ ယနေ့လည်း နက်ဖြန်ကြည့်ရမည့် ရုပ်ရှင်လက်မှတ်ကို လာပို့ပြီး ပုံနှိပ်စက်မှ ခဲစာလုံးသစ်များ လဲရန်မှာခိုင်းဆိုထားသည်ဟု ဆိုကာ ပြန်ထွက်သွားတော့သည်။

ဖေဖေက ကားပေးလိုက်ပါ၏။ ထုံးစံအတိုင်း ကိုဘိုခင်ကကားကို ကြမ်းတမ်းစွာ မောင်းထွက်သွားတော့သည်။

စက္ကူကော်ပိုရေးရှင်းမှာ တန်းစီစောင့်နေရသော စာမူများစက္ကူထုတ်ခွင့် မရကြသေးသဖြင့် အလုပ်ပြတ်နေသည့် အချိန်၊ ခဲစာလုံးများ လဲချိန်မှို့ ရိုက်နေသည့်ဝတ္ထု မရှိ၊ စာပြင်ရသော မိုးပွင့်လည်း အလုပ်အားနေရတော့သည်။

ညှော်ခန်းတွင်းမှာ တင်ထားသော စောင်းကြီးကို ငိုင်၍ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားထက်သန်စွာဖြင့် စေတနာပါပေါင်းစပ်ကာ သင်ပြ တီးခတ်နေတတ်သည့် အဘ၏ ရုပ်လွှာက စောင်းနှင့်အတူ မိုးပွင့်ဖြူ၏ အမြင်မှာ ရှင်သန်လာသည်။

"လှို့ဝှက်လွန်းသော အဘရယ်"

အဘ၏ အနုပညာမှလွဲ၍ အဘ၏ဘဝကို တစေ့တစောင်းမျှ ကြည့်ခွင့် သိခွင့်မရခဲ့...

အဘတွင် သားတစ်ယောက်၊ သမီးတစ်ယောက် ရှိနေသည်က အစ မိုးပွင့်ဖြူ မသိစေရအောင် ဘာကြောင့်များ တိမ်မြုပ်ဖုံးအုပ်ထားခဲ့ ရပါသည်လဲ...

"မမမိုး... ညှို့သည် ရောက်နေတယ်၊ ဖွင့်ပေးလိုက်ရမလား"

"ဘယ်သူတဲ့လဲ"

"လွှမ်းလှိုင်လို့ ပြောပြပါတဲ့"

"ဟင်..."

"မရှိဘူး ပြောလိုက်ရမလား"

"အို... မပြောနဲ့... မပြောနဲ့... သွားဖွင့်ပေးလိုက်ပါ"

အလောတကြီး ပြောလိုက်မိသည်။

"ကိုလွှမ်းလှိုင် ရောက်လာသည်" ဆိုသော သတင်းစကား သည်ပင် ချောက်ချားစရာလိုလို၊ ဝမ်းသာစရာလိုလို၊ ဝမ်းနည်းစရာ လိုလိုနှင့် လှိုက်ဖိုရင်ခွေးရသော မိုးပွင့်ဖြူပါ။

"မထားမြင့်ရေ... ညှို့သည်အတွက် ကော်ဖီနဲ့ ကြောင်အိမ် ထဲက သစ်သီးကိတ်ကို လှလှလေး လှီးထည့်ခဲ့နော်..."





ထမင်းစားခန်းဝမှ အရေးတကြီးပြောပြီး ညှို့ခန်းဝသို့ ပြန်ထွက် လာ၍ ကြိုသည်။

တိုက်ပုံအကျီအနက်၊ အကျီအဖြူ၊ လုံချည် အနီကွက်နှင့် သပ်သပ်ရပ်ရပ် တည်တည်ခန့်ခန့်နှင့် ကိုလွှမ်းလှိုင်...

"လာပါ... ထိုင်ပါ ကိုလွှမ်းလှိုင်"

"လာသာ လာရတယ် မျက်နှာတော့ ခပ်ပူပူပဲ"

"ရှင်..."

"ငွေပြည့်မှ လာရင်လည်း သိပ်နောက်ကျနေမှာစိုးလို့ပါ၊ အဖေ့ဆီမှာ ငွေရှစ်ရာလောက် မမိုးပွင့်တို့ငွေ ကျန်နေပါတယ်၊ အဲဒါ အခု သုံးရာပဲ လာပို့နိုင်ပါတယ် မမိုးပွင့်။ ကျန်ငွေငါးရာကို နောက် လကုန်တဲ့နေ့မှာ ကျွန်တော် ဆက်ဆက်ပြန်လာဆပ်ပါ့မယ်။ တစ်လခွဲ လောက်တော့ အချိန်ပေးပါခင်ဗျာ၊ ဒီမှာ အခုပါလာတဲ့ ငွေသုံးရာပါ"

စာအိတ်လေးတစ်ခုကို စားပွဲပေါ် တင်လိုက်သည်။

မိုးပွင့်ဖြူမှာ ပြောချင်သော စကားလုံးများက ရင်နှင့်အပြည့်မို့၊ ဘာကစ၍ ပြောရမှန်း မသိနိုင်အောင် ကြောင်ကြောင်ငေးငေး ကြည့်နေ မိသည်။

"မမိုးပွင့် ဖေဖေ ဦးသက်မောင်ရော နေကောင်းပါရဲ့လား ခင်ဗျာ"

"ဟုတ်ကဲ့... ကောင်းပါတယ်"

"ဒါဖြင့် ဒါပါပဲ ခင်ဗျာ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ နောက် တစ်လခွဲကြာတော့ တစ်ခေါက်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထလိုက်သော ကိုလွမ်းလှိုင်သို့ ခပ်ရဲရဲပင် ကြည့်လိုက်ပြီး…

"ကိုလွမ်းလှိုင်ရယ်… ထိုင်ပါဦးရှင့်၊ ဒီက ပြောချင်တာလေးတွေလည်း ပြောခွင့်ပြုခဲ့ပါဦး"

"ဪ… ပြောပါ မမိုးပွင့်"

"ခုလို လုပ်တာတော့ သိပ်စိမ်းကားလွန်းပါတယ်"

"ခင်ဗျာ"

"အဘနဲ့ ဒီကနဲ့ဟာ သားအဖလို မေတ္တာမျိုးနဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာခဲ့ကြတာပါ"

"ဟုတ်ကဲ့… အဖေကလည်း ပြောပြပါတယ်"

"အဘ သေဆုံးခဲ့ရတဲ့အတွက် အိပ်ရာထဲ လဲအောင်၊ ဆရာဝန်နဲ့ ခေါ်ကုယူရအောင် ခံစားရပါတယ်၊ အဘအတွက် ဒီလောက်ခံစားရတဲ့ သူတစ်ယောက်အနေနဲ့ အဘရဲ့ ဈာပနမှာသုံးဖို့၊ ကိုယ်ပိုင်စုထားတဲ့ ငွေလေးနဲ့ ကူခဲ့တာလည်း ပြန်ပေးခံခဲ့ရပြီးပါပြီ။ အခုဟာကတော့ တရားလွန်လွန်းနေပါပြီ ကိုလွမ်းလှိုင်…"

"ဘာကိုပါလဲ မမိုးပွင့်"

"အဘကို ကန်တော့ပြီးသားငွေကို ပြန်လာပေးတာတော့ ရက်စက်လွန်းပါတယ်ရှင်။ သိပ်ပြီး စိမ်းကားတတ်တဲ့ လူတွေမှပဲ၊ အသက်ဆုံးသွားရသူရဲ့ငွေကို လက်ခံကြမှာပါ"

"ကျွန်တော့်ဘက်ကလည်း စဉ်းစားကြည့်ပါလေ၊ ကျွန်တော့်အဖဆီမှာ မမိုးပွင့်တို့ကြွေး၊ သံသရာပါမသွားစေဖို့ သားတစ်ယောက်အနေနဲ့ တာဝန်ရှိတယ် မဟုတ်ပါလား ခင်ဗျာ"





"ဒီက ပေါ်မှာလည်း အဘဟာ သမီးတစ်ယောက်လို ဆက်ဆံခဲ့တာပါ ကိုလွမ်းလှိုင်။ ဒီဘက်က နှစ်ယောက်ရဲ့ ဆက်ဆံရေးကိုလည်း မသိဘဲနဲ့ အို… ဒီငွေ ပြန်ယူရရင် ကျွန်မ သေမှာပဲ…"

မိုးပွင့်ဖြူ၏ မျက်နှာတစ်ခုလုံး နီမြန်းလာသည်။ ခံစားမှုလွန်ဝေဒနာရှင် မိုးပွင့်ဖြူ၏ မျက်ဝန်းမှ မျက်ရည်ဥများ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

ကိုလွမ်းလှိုင်သည် မိုးပွင့်ဖြူသို့ အလန့်လန့် အထိတ်ထိတ် ကြည့်လိုက်ပြီး ငွေအိတ်ကို ပြန်ကောက်ယူလိုက်ပါ၏။

"ဒါဖြင့် ငွေရှစ်ရာပြည့်အောင်စုပြီး အဖေ့အတွက် ကောင်းမှုကုသိုလ်တစ်ခုခု လုပ်လိုက်ပါမယ်နော်… ငိုတော့ မငိုလိုက်ပါနဲ့ဗျာ"

မိန်းမလှမျက်ရည်ကြောင့် ကိုလွမ်းလှိုင်ပင် ထိုင်ရမလိုလို၊ ထရမလိုလိုနှင့် အယောင်ယောင်အမှားမှား ဖြစ်သွားရသည်။

ကော်ဖီဗန်း ကိုင်ထွက်လာသော မထားမြင့်မှာ ငိုနေသော သူ့မမမိုးနှင့် ယောင်ကြောင် ဖြစ်နေသော ဧည့်သည်ကို ကြည့်ပြီး ဗန်းကိုကိုင်လျက် ဟိုကြည့်သည်ကြည့် ဖြစ်နေပါ၏။

မိုးပွင့်ဖြူက မျက်ရည်သုတ်ပြီး တစ်ချက် လှမ်းကြည့်လိုက်လေမှ ဗန်းကို စားပွဲပေါ်သို့ချပြီး သုတ်ကနဲ ဝင်ပြေးသွားလေတော့သည်။

"လုပ်သင့်တဲ့ ကိစ္စလို့ ထင်မိလို့ပါဗျာ။ ကျွန်တော် မှားနေပါတယ်ဆိုရင် တောင်းပန်ပါတယ်။ အဖေ့အတွက် အလှူလုပ်ပါမယ်။ နောက်လည်း လာမပေးတော့ပါဘူး။ ကျေနပ်ပါရဲ့လား မမိုးပွင့်ရယ်"

"ကျေ… နပ်… ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ငိုရှိုက်မှုကို ထိန်းသိမ်းနေ၍ စကားမပြောဖြစ်၊ ကိုလွမ်းလှိုင်မှာ အိမ်ရှင်က စကားမဟ၍ ဘာမှ မပြောဝံ့တော့...

"ကော်ဖီသောက်လိုက်ပါဦး၊ မုန့်လည်းစားပါ"

ကိုလွမ်းလှိုင် မုန့်မစားပါ၊ ကော်ဖီတစ်ခွက် ကုန်အောင် သောက်လိုက်ပြီး...

"ကျွန်တော် ပြန်ရတော့မလား မမိုးပွင့်၊ ကျွန်တော့်ကို ဘာများ ပြောစရာရှိပါသေးလဲ"

"အချိန်ရမယ်ဆိုရင်တော့ အဘအကြောင်းလေးတွေ မေးပါရ ပြောပါရစေလားရှင်"

"ကျွန်တော် ဒီနေ့ အားပါတယ်... မမိုးပွင့်ကို အားနာလို့ ပြန်မယ် ပြောရတာပါ"

"အားမနာပါနဲ့၊ အေးအေးဆေးဆေးနေပါဦးနော်"

"ဟုတ်ကဲ့... ရပါတယ်... နေပါ့မယ်"

'ဒီက' 'ဒီက'နှင့် သူ့ကိုယ်သူ နာမ်စားသုံး၍ မိမိကို အရေးတယူ ဆက်ဆံနေရှာသော မိုးပွင့်ဖြူသို့ ကိုလွမ်းလှိုင် ခံစားမှုရင်ဖြင့် ကြည့်မိသည်။

သူတစ်ပါးအပေါ်တွင် ထာဝရ အကောင်းမြင်တတ်သော အဖေ ဦးဥက္ကာထံမှ မိုးပွင့်ဖြူ၏ ချီးမွမ်းခန်းများစွာကို ကြားရနေကျ ဖြစ်သော်လည်း သည်မျှလောက် ပြေလည်မည်မထင်ခဲ့မိ။

လူတန်းစားနှစ်ရပ်လို အဆင့်ချင်းကွာခြားလှသော မိမိကို တန်းတူထားရုံမက လေးလေးစားစား ဆက်ဆံနေရှာသော မိုးပွင့်ဖြူ...





ဖခင်ကြီးကို ကြေးစား ဂီတပညာရှင်အဖြစ် စောင်းခေါ်သင်ခဲ့သည်။ ဖခင်သေဆုံးသည့်အခါ ကျန်ရစ်သော ကြွေးကို ပြန်ပို့လျှင် လက်ခံမည်ဟုပင် ထင်ခဲ့သည်။ သူ့တွင် တာဝန်ရှိသည်ဟုသာ မြင်ခဲ့မိသော ကိုလွမ်းလှိုင်...

ယခုမူ မိုးပွင့်ဖြူသည် သူ့ဖခင်အဲတွက် ကြေကြေကွဲကွဲ ခံစားရင်း နှမြောတသခြင်းများစွာဖြင့် 'သူ့ကြောင့်'ဟု ယူဆပြီး နှောင်တမျက်ရည် စက်လက်နှင့် မိန်းကလေး...

အပြစ်ပြစရာ နေရာမရှိအောင် ပြည့်ပြည့်စုံစုံ လှလွန်းသော ရုပ်သွင်နှင့် လိုက်ဖက်အောင် စိတ်ထားလှလွန်းသူရယ်...

လက်ရှိနေရာကို မေ့လျော့သွားသည်။

လေးစားမြတ်နိုးခြင်းများစွာဖြင့် စိုက်ကြည့်နေမိသော မိမိ၏ မျက်ဝန်းနှင့် အကြည့်ချင်းထိခတ်မိလေမှ အားနာစိတ်ဝင်လာသော ကိုလွမ်းလှိုင်မျက်ဝန်း လွှဲရသည်။

"အဘအကြောင်း မေးချင်လို့ပါ"

"မေးပါခင်ဗျာ"

"ဒီက သိပ်ချစ် သိပ်ကြည်ညို လေးစားရတဲ့ အဘရဲ့ အကြောင်းလေးတွေကို ကြားနေ သိနေ ပြောနေချင်လို့ပါနော်"

အလွမ်းဝေသော မျက်နှာလေး...

"အဘဟာ ဒီအိမ်ရောက်လာတာ တစ်နှစ်ပြည့်တော့မယ်... သူ့မှာ သားရှိတယ်၊ သမီးရှိတယ်လို့ တစ်ခါမှ မပြောဖူးခဲ့ပါဘူး"

"မလိုအပ်လို့ ဖြစ်မှာပါလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ ဒီကမေးတယ်၊ တပည့်တွေနဲ့နေတာပါတဲ့၊ အဲဒါ ဘာဖြစ်လို့ ဒီလိုပြောတာလဲ ကိုလွမ်းလှိုင် သိလားဟင်"

ကိုလွမ်းလှိုင် ချက်ချင်းမဖြေနိုင်...

ခက်ခဲသော ပုစ္ဆာတစ်ခုကို နှုတ်နှင့် ဖြေဆိုရသော နောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်လို တွေးတွေးဆဆ နှိုင်းနှိုင်းချိန်ချိန် အချိန်ယူပြီးမှ...

"သြော်... အဖေက ဆင်းရဲတယ် မဟုတ်လား၊ သူ့မှာ သားတွေ သမီးတွေရှိရက်နဲ့ မမိုးပွင့်ကို စောင်းလာသင်ပြီး ငွေရှာရတယ်ဆိုရင် မမိုးပွင့်ရဲ့ အသနား အကြင်နာတွေ လျော့သွားမှာစိုးလို့ပဲ ဖြစ်ပါလိမ့်မယ်"

အဖြေသည် ကျေနပ်အားရစရာ မကောင်းလှသော်လည်း တုံ့ပြန်ချေပရန် အကြောင်းမရှိပါ၍ မိုးပွင့်ဖြူ ငြိမ်နေလိုက်ရသည်။

"မမိုးပွင့်ဖြူမှာ မောင်နှမ ညီအစ်မအရင်း မရှိဘူးနော်"

"ဟုတ်ကဲ့... တစ်ယောက်တည်းပါ။ ကျောင်းလည်း ပြီးသွားပြီ မို့ အားနေတဲ့အချိန်တွေမှာ စောင်းကို တီးခတ်စိတ်ဖြေနေချင်ကာမှ..."

မိုးပွင့်ဖြူ စကားရပ်ပြီး သက်ပြင်းကို ချလိုက်ပါ၏။ ငိုချင်လာသောစိတ်ကို ထိန်းလိုက်ပြီး...

"ဒါနဲ့ ကိုလွမ်းလှိုင်မှာ ညီမလေးရှိတယ်နော်... သိပ်လှတာပဲ၊ မျက်စိက ဘယ်လိုဖြစ်သွားတာလဲ"

"ကျွန်တော်... ကျွန်တော်လည်း မသိပါဘူး မမိုးပွင့်"





တည်ငြိမ်ခြင်းမရှိတော့...

သူ့ညီမအကြောင်းကို မပြောစေလိုမှန်း သိသာလှသည်။ အဘသည် လည်းကောင်း၊ ကိုလွမ်းလှိုင်သည် လည်းကောင်း။ သူတို့၏ ဘဝများကို အဘယ်ကြောင့်များ ပိတ်ဆီးထားကြရပါသည်လဲ...

ကိုလွမ်းလှိုင် မျက်နှာပျက်သွားသည်။ ဤမျက်စိတစ်ဖက်လပ် မိန်းကလေးနှင့် ပတ်သက်၍ သူတို့ သားအဖတွင် တိမ်မြုပ်ထားချင်သော အတိတ်ဆိုးများ ရှိနေလေသလား...

"ဒါဖြင့် အခု ကိုလွမ်းလှိုင်တို့ မောင်နှမနှစ်ယောက်တည်းလား"

"ဟုတ်ပါတယ် မမိုးပွင့်"

"သူ့ကို မကုဘူးလားဟင်"

"အမေရှိတုန်းကတော့ ရန်ကုန်လာပြီး ပြဖူးပါတယ်။ ကုမရတော့ဘူးဆိုတာနဲ့ ဒီတိုင်းနေခဲ့ရပါတယ်။ အမေဆုံးတော့ သူ ကိုးနှစ်သမီးပါ။ ခုတော့ မိုးပွင့်ဖြူရယ်... ကျွန်တော့်ဘဝထက် ကျွန်တော့်ညီမလေးဘဝကို ပိုပြီး ဦးစားပေးနေရတော့မှာပေါ့လေ။ အဖေသိပ်ချစ်တဲ့ သမီးပါ၊ အဖေ အမေ ကိုယ်စား ကျွန်တော့်ညီမလေးကို ကျွန်တော်ပဲ ဆက်ပြီး စောင့်ရှောက်သွားပါတော့မယ်။ ဒါနဲ့ အဖေနဲ့ စောင်းသင်ကြတာ အတော်တတ်ပြီဆို၊ ကြိုးဘွဲ့တွေ ပြီးသွားပြီလား"

ကိုလွမ်းလှိုင် စကားလွှဲလိုက်သော်လည်း မိုးပွင့်ဖြူ စိတ်ဝင်စားသော စကားလမ်းကြောင်းပေါ် ရောက်လာပါ၍...

"သာနိုးပျော့ဖွယ် ငါးပုဒ်စဖို့ စီစဉ်ပြီးသားပါ။ သိပ်ကို သင်ချင်တတ်ချင်နေတုန်းမှ အဘက ဖြစ်ရရှာတယ်။ ဒီမှာ ကိုလွမ်းလှိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..."

"စောင်းကိုကိုင်တိုင်း အဘကို သတိရလွန်းလို့ မျက်ရည်ကျခဲ့ရပါတယ်၊ စောင်းကို ကိုင်နိုင်စွမ်း ရှိလာတဲ့တစ်နေ့မှာ အဲဒီ သာနိုးငါးပုဒ်ကို သင်ချင်လှပါတယ်ရှင်၊ ဆရာကောင်းများရှိရင် ညွှန်ပြပေးပါလားနော်"

ကိုလွမ်းလှိုင်သည် မိုးပွင့်ဖြူထံမှ အကြည့်ကို လွှဲပြီး ကြမ်းပြင်သို့ စိုက်ကြည့်ပြီး ငြိမ်နေသည်။

"ဘယ်မှာ ဆက်သင်ရင် ကောင်းမလဲလို့ ကိုလွမ်းလှိုင် လမ်းမညွှန်နိုင်ဘူးလားဟင်"

"လမ်းညွှန်နိုင်ရုံ မကပါဘူးဗျာ...၊ အို... ဒါပေမယ့်... မထိုက်တန်ပါဘူးလေ"

"ကိုလွမ်းလှိုင် ဘာကိုပြောတာလဲ"

"ကျွန်တော့် ကိုယ်ကို ပြောတာပါ"

"ရှင်..."

"ကျွန်တော်ဟာ ပန်တျာကျောင်းက စောင်းနည်းပြဆရာပါ။ ဒါပေ..."

"အို... ကိုလွမ်းလှိုင်ဟာ သီချင်းကြီးအဆိုရှင်သာ မဟုတ်ဘဲ အဘလို စောင်းပညာလည်း တတ်ကျွမ်းတယ်လားရှင်"

"ဗျာ... ကျွန်တော် သီချင်းကြီးဆိုတာ မမိုးပွင့် သိတယ်လား အဖေက ပြောပြသွားတာလားဟင်"





မိုးပွင့်ဖြူမှာ သူ့ကိုမကြည့်ပါဘဲ ကြည်လဲ့သော မျက်ဝန်းဖြင့် ခေါင်းကို ဖြည်းဖြည်းခါ၍...

"အဘဟာ ကိုလွမ်းလှိုင် ဆိုတဲ့ နာမည်ကိုတောင် ပြောပြသွားတာ မဟုတ်ခဲ့ပါဘူးရှင်"

"အဖေပြောလို့ ကျွန်တော့်ကို သိနေတယ်မှတ်လို့ပါ"

"ဗုဒ္ဓဟူး တစ်ညဦးမှာ မိုးဘွဲ့ပတ်ပျိုး သီဆိုသွားတဲ့ ကိုလွမ်းလှိုင်ကို ဒီက မှတ်မိနေတာပါ"

အသံတိုးတိုးလေးနှင့် မျက်လွှာချပြီး ပြောနေသော မိုးပွင့်ဖြူသို့ ကြည့်နေမိသည်။ မိမိကို သည်လို သည်လို သိနေနှင့်သူဟု ဆိုလာသဖြင့် လေးစားမြတ်နိုးလွန်းစိတ်ဖြင့် သူ့ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ချင်သလိုလို၊ သူ့နား ပြေးကပ်ပြီး ရင်ခွင်ထဲမှာ မြုပ်သွားအောင် ဖက်ပစ်လိုက်ချင်သလိုလို ရင်မှာ လှိုက်ခုန်ဆူဝေလာသည်။

"မမိုးပွင့်ဆိုတဲ့ အနုပညာကို ခံစားတတ်လွန်းတဲ့ မိန်းမလှလေးရယ်"

ရင်မှ တမ်းတတွယ်တာစိတ်ဖြင့် ရင်တွင်းမှ ပြောမိခြင်းပါ။

"ကိုလွမ်းလှိုင်"

"ဟုတ်ကဲ့... မမိုးပွင့်"

"မထိုက်တန်ဘူးဆိုတာ ဒီက စောင်းအဆင့်က သိပ်နိမ့်နေလို့လားဟင်၊ ကိုလွမ်းလှိုင်ဟာ နိုင်ငံတော်ရဲ့ စောင်းပညာရှင်တစ်ယောက် မို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... မမိုးပွင့်ရယ်"

"ဒီကကို မသင်ပေးနိုင်ဘူးလို့ ပြောချင်တာလား"

"သင်နိုင်မယ်ဆိုရင် သင်မှာမို့လား"

"အို... သင်မှာပေါ့"

"ဟင်..."

"ဘာဖြစ်လို့ အံ့သြနေတာလဲဟင်"

"ဩော်... အနုပညာ ကိစ္စကို ရှေ့တန်းတင်လွန်းလို့။ စဉ်းစားပါဦး"

"သူပြောတာ ဒီက နားမလည်ဘူး"

ကိုလွမ်းလှိုင်ထံမှ ပထမဆုံး မြင်ရသော အပြုံး...

"ကျွန်တော်တစ်ခု အကြံပေးပါရစေ"

"ပြောလေ..."

"ဦးသက်မောင်ထံမှာ အရင် ခွင့်တောင်းပါဦးလား မမိုးပွင့်ရယ်၊ ဦးဥက္ကာရဲ့သားကို စောင်းသင်ပေးခွင့်ပြုမှာလားလို့"

"ရှင်..."

"အဲဒီလို မေးကြည့်လို့ သင်ရမယ်ဆိုရင် ကျွန်တော် လာခဲ့ပါမယ်"

မိုးပွင့်ဖြူမှာ ဖခင်၏ စည်းမျဉ်းနှင့် အုပ်ထိန်းခြင်း မကင်းသေးကြောင်း သူကိုယ်တိုင်လည်း စဉ်းစားလာမိပါပြီ။

"သင်ခွင့်ရမယ်ဆိုရင်တော့ ကျွန်တော့်ကို ခေါ်ခိုင်းပါလေ။ သင်ခွင့် မရဘူးဆိုရင်တော့ တစ်ခါတည်းပဲ နှုတ်ဆက်သွားပါရစေတော့။ ကျွန်တော် ပြန်ပါဦးမယ် မမိုးပွင့်"





ရှုးရှုးနှစ်နှစ် စိုက်ကြည့်ပြီး ညင်ညင်သာသာ နှုတ်ဆက်ထွက်ခွာသွားသော ကိုလွမ်းလှိုင်၏ ရုပ်လွှာ ပျောက်ကွယ်သွားသော်လည်း...

ကိုလွမ်းလှိုင်နှင့် ပတ်သက်၍ တစ်စုံတစ်ခုသော အရာသည် မိုးပွင့်ဖြူ၏ ရင်ခွင်မှာ ကျကျန်ရစ်ခဲ့သည်သို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။တစ်ဆယ့်လေး။

"သမီးကို ဖေဖေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့... ဖေဖေ"

"ဒီတိုက်နဲ့ခြံဟာ ဖေဖေ့နာမည်နဲ့လည်း မဟုတ်ဘူး။ သမီးရဲ့ မေမေရဲ့ နာမည်နဲ့လည်း မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့နာမည်နဲ့လဲ"

"သမီးရဲ့ဘွားဘွား၊ သမီးမေ့မေရဲ့ မိခင် ဒေါ်ခင်ခင်ကြီးရဲ့ နာမည်နဲ့ ခုချိန်ထိ ရှိဆဲပဲ"

"ဪ... အဲဒါ သမီးသိတယ်လေဖေဖေ ဘာဖြစ်လို့လဲ"

"ဖေဖေ ရောင်းချင်တယ်"

"ဟင်... ဒါနဲ့ ဒီခြံမှာ နေရတာ အေးငြိမ်းလွန်းလို့ ဖေဖေ စိတ်ချမ်းသာတယ်ဆို"

"ဖေဖေ့အတွက် မဟုတ်ပါဘူး။ သမီးအတွက်ပါ"





"အို... သမီးအတွက် ရောင်းရတယ် ဟုတ်လား။ ဖေဖေ ပြောတာ သမီး နားမလည်ဘူး။ ငွေလိုလို့လားဟင် ဖေဖေ"

"ငွေမလိုပါဘူး သမီး"

"ဒါဖြင့်..."

"ဖေဖေပြောပြမယ်။ သမီးရဲ့အဘွားမှာ သမီးနှစ်ယောက်ရှိတယ်လေ၊ သမီးမေမေ မြင့်ဖြူဖြူရဲ့အမွေဆက်ခံသူက သမီး"

"အန်တီ ဒေါ်မြင့်မူမူရဲ့ အမွေဆက်ခံသူရော ကျန်သေးလို့လား"

"အမွေဆက်ခံသူ မကျန်ဘဲ သူကိုယ်တိုင် ကျန်နေသေးတဲ့ အတွက်ပဲ သမီး"

"ရှင်... အန်တီမြင့်မူမူ ရှိသေးတယ်လား"

"သူဟာ ဦးဉက္ကာဇော်ဆီသွားပြီး ကလေးမွေးတယ်လေ၊ ကလေး သာ ရှိရင်လည်း ကလေးသံယောဇဉ်ကြောင့် ဒုက္ခမခံတော့ဘဲ ဒီအိမ်ကို ပြန်ချင်ပြန်လာမှာ၊ ခုတော့ မွေးလာတဲ့ကလေးက ဆုံးသွားတော့ သူလည်း တစ်ကိုယ်တည်း လွင့်ထွက်သွားလိုက်တာ သတင်းအစအန ဆောင် ပျောက်ဆုံးနေတယ်"

"နိုင်ငံခြား ထွက်သွားတယ်ဆို"

"သတင်းကြားရုံပဲ ရှိတယ်။ ဘယ်နေ့ ဘယ်အချိန်က ဘယ် တိုင်းပြည်ကို ထွက်သွားတယ်ဆိုတာ ဘယ်သူမှ သတင်းအတိအကျ သိတာ မဟုတ်ဘူး သမီး၊ ဖေဖေ့စိတ်ထဲမှာ သူဟာ တစ်နေ့ရာရာက ပြန်ပေါ်လာလိမ့်မယ်လို့ ထင်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ပြန်ရောက်လာမှာကို ဖေဖေ စိုးရိမ်နေတယ်လား"

"ဟုတ်တယ်သမီး...သူဟာ သမီး သိမီလိုက်တဲ့ သမီးရဲ့ မေမေနဲ့ ဆိုရင် အကျင့်စာရိတ္တချင်းက ဆန့်ကျင်ဘက်ပဲ"

မမျှော်မှန်းနိုင်သော အရပ်ဒေသဆီမှာ ရှိနေသော ဒေါ်မြင့်မူမူ အတွက် ဦးသက်မောင် သောကလွှန်ကဲနေသည်။

"ဒါကြောင့် ဒီခြံကို ရောင်းလိုက်ချင်တာ"

"တကယ်တော့ သူလည်း တစ်ဝက်ဆိုင်တယ် မဟုတ်လား ဖေဖေရယ်"

"အေး... ရောင်းပြီးမှ တစ်ဝက်ခွဲပေးလိုက်ရရင် ကိစ္စမရှိဘူး။ ဒီအိမ်ပေါ် တက်လာမှာ စိုးရိမ်လို့ပဲသမီး"

"ရှင်..."

"သူ့မှာ ငယ်စိတ်သာ ရှိနေဦးမယ်ဆိုရင်တော့ ဖေဖေတို့အတွက် လောင်မီးစာတစ်ခု ရောက်တာနဲ့ မခြားသလိုဖြစ်မှာပဲ သမီး"

ဦးသက်မောင်လို သိမီလိုက်ခြင်း မရှိသော မိုးပွင့်ဖြူအတွက် ဒေါ်မြင့်မူမူနှင့် ပတ်သက်ပြီး ထိန်လန့်ပူပန်စရာ အဖြစ်နှင့် မမြင်မိသေးပါ။

"ဒါကြောင့် ဖေဖေကိုယ်တိုင် တွယ်တာမြတ်နိုးလှတဲ့ ဒီခြံကြီးကို ရောင်းပြီး အခြေဖျက်၊ ခြေရာ ဖျောက်ပစ်လိုက်ချင်တယ် သမီးရယ်"

"ဒါတော့ ဖေဖေ့သဘောပါ။ ဒါပေမယ့်... ဒေါ်မြင့်မူမူ အသက် ထင်ရှား ရှိသေးတယ်။ မြန်မာပြည် တစ်နေရာမှာ ရှိနေတယ်ဆိုတဲ့





အခိုင်အမာသတင်း ကြားရတာမှ မဟုတ်သေးဘဲ ဖေဖေရယ်။ ဖေဖေ စိတ်ချမ်းသာနေတဲ့ ဒီတိုက်ကြီးမှာပဲ သမီးတော့ ဆက်ပြီး နေစေချင်ပါတယ်"

"ဖေဖေကလည်း နေချင်ပါတယ်။ ပြောပြီကော သမီးအတွက် ပါလို့..."

"သမီးအတွက် သက်သက်တော့ ဒီကိစ္စကို မလုပ်ပါနဲ့ဦးလား ဖေဖေ။ အကယ်၍ ဒေါ်မြင့်မူမူ အသက်ထင်ရှား ရှိစေဦး... ရောက်လာစေဦး... ဒေါ်မြင့်မူမူဆိုတာ သမီးရဲ့ အဒေါ်အရင်းပဲ"

"သူ့မှာ ဒီလိုသွေးဆိုတဲ့ တွယ်တာတတ်တဲ့ စိတ်မျိုး မရှိဘူး သမီး"

"ဒါ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ကိစ္စတွေပါ ဖေဖေ။ လူဆိုတာ အရွယ်လိုက်ပြီး ရင့်ကျက်လာတာမျိုးလည်း ရှိတတ်ပါတယ်။ နောင်တနဲ့ ပြန်လာခဲ့ရင်တော့၊ နူးညံ့သိမ်မွေ့မှုတွေပါ အတူပါလာမှာပါ ဖေဖေရယ်၊ သမီးအတွက် အရာရာကို သိပ်ပြီး သောကရောက်မနေပါနဲ့လားနော်... ဖေဖေက နေကောင်းတာလည်း မဟုတ်ဘူး"

"ချစ်တတ်လွန်းတဲ့ မိဘတိုင်းရဲ့ ရင်မှာ သားသမီးအတွက် ထာဝရ သောကရှိနေတတ်ကြပါတယ်သမီး"

"ဒါပေမယ့်... သမီးအတွက် ဖေဖေ သောက ကင်းပေးပါ"

"ကောင်းပါပြီလေ... ဒါဖြင့်လည်း ဒီကိစ္စကို ဖေဖေ... အဆော တလျင် မဆောင်ရွက်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်... ဖေဖေရယ်။ ဒါနဲ့... သမီး ပြောထားတဲ့ ကိစ္စကိုရော ဖေဖေ ဘာမှပြန်မပြောသေးဘူးနော်"

"ဘာကိစ္စလဲ... သမီး"

"တောင်းသင်ဖို့ကိစ္စလေ"

"ဪ..."

ဦးသက်မောင်သည် ဘာစကားမှ မပြောသေးပါဘဲနှင့် သမီးချစ်သို့ စိုက်ကြည့်နေသည်။ ပြီးတော့... ဝေးလံသော အရပ်ဆီသို့ မျှော်ကြည့်သလို... အကြည့်က တည်ငြိမ်လျက်နှင့်...

"ဦးဥက္ကာရဲ့သား ဆိုသူနဲ့ မပတ်သက်ချင်ပါနဲ့တော့လား... သမီးရယ်"

■

မိုးပွင့်ဖြူမှာ ကျွန်းသားရောင် စားပွဲပေါ်တွင် မှန်စီရွှေချ ဒေါက်နှင့် အခန့်သားတင်ထားသော တောင်းကို မယူလိုက်သည်။

ပြီးတော့ ရင်ခွင်မှာ ပိုက်ရင်း ဖြည်းညှင်းစွာ တီးခတ်ကြည့်မိသည်။

"ဦးဥက္ကာရဲ့သား ဆိုသူနဲ့ မပတ်သက်ချင်ပါနဲ့တော့လား သမီးရယ်"





ဟု ပြောလိုက်သော အသံတို့သည် တောင်းကြိုးခတ်သံနှင့်အတူ ပြန်လည်၍ ပဲ့တင်ထပ်လာသည်။

ဒေါ်မြင့်မှုမှ အသက်ထင်ရှား ရှိမရှိ ဆိုခြင်းများ၊ အမွေကိစ္စ မရှုပ်ထွေးစေရန် ခြံကို ရောင်းချရကောင်းမလားဆိုသော ဆွေးနွေးချက်များကို မိုးပွင့်ဖြူ စိတ်မဝင်စားလှ...

"တောင်းမသင်ရတော့ဘူး"

ဆိုသော ဝါသနာ ပင်ညွှန့်လေးကို အချိုးခံလိုက်ရခြင်းအတွက် ရင်မှာ နာကျင်ဝမ်းနည်းလာသည်။

ဂီတဟူသည့် မြတ်နိုးအပ်သော ရတနာတစ်ခုလုံး ဆုံးရှုံးရခြင်းမို့ နှမြောတသစိတ်နှင့် တောင်းကိုကြည့်ပြီး အဘအတွက် ကြေကွဲရသော စိတ်များကြောင့် မိုးပွင့်ဖြူ မျက်ရည်များ ကျလာတော့သည်။

ညိုးနွမ်းမျက်နှာနှင့် အခန်းတွင်းမှ ထွက်လာသော မိုးပွင့်ဖြူကို စိတ်မချ၍ ဦးသက်မောင်မှာ အပေါ်ထပ်မှ ဆင်းလိုက်လာခဲ့ပါ၏။

လှေကား တစ်ဆစ်ချိုးမှရပ်လျက် ကြမ်းပြင်မှာ ပုံ့ပုံ့လေးထိုင်ပြီး ငိုင်နေသော သမီးချစ်ကို လှမ်းကြည့်နေမိသည်။

သံစဉ်မပီသသော တီးခတ်ခြင်းဖြင့် တောင်းကြိုးကို ခတ်ပြီး ငေးရှာသော သမီးငယ်၏ မျက်ဝန်းမှ မျက်ရည်များ စီးဆင်းကျနေသည်ကို ဦးသက်မောင် မြင်တွေ့ရပါပြီ...

"ဪ... ငါ့သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

သက်ဆင်းလာသော ခြေလှမ်းများ မြန်ဆန်သွားသည်။ မိုးပွင့်ဖြူမှာ ဖခင်၏အရိပ်ကြောင့် မျက်ရည်ကို ခိုးသုတ်လိုက်သည်။ မိမိကို မမြင်စေချင်၍ ကျိတ်ငိုရှာပါလားဟူသော အသိဖြင့် ဦးသက်မောင်၏ရင်မှာ ထိခိုက်သွားတော့သည်။

"သမီး... သမီးလေး"

သမီးငယ်၏ရှေ့မှာ ထိုင်ချလိုက်ပြီး ခေါင်းကို လှမ်းယူ၍ သူ့ဒေါက်ပေါ်တွင် ညင်ညင်သာ တင်လိုက်ပြီးမှ...

"ဖေဖေ့စကားကို တစ်သက်လုံး နားထောင်ခဲ့ရှာတဲ့ သမီးလေးရယ်"

ဦးသက်မောင်မှာ သမီးချစ်၏ ခေါင်းကို သပ်လျက် လက်မောင်းလေးကို ဆွဲမ၍ ဆိုဖာပေါ်တွင် ထိုင်စေသည်။

"ငါ့သမီး ခေါင်းဆက်သင်ချင်နေတယ် မဟုတ်လား"

မိုးပွင့်ဖြူ ဘာမှ မပြောရဲပါဘဲနှင့် ဦးသက်မောင်သို့သာ ဆန္ဒကြွယ် မျက်ဝန်းများဖြင့် ကြည့်နေရှာသည်။

"သမီး သိပ်ဝါသနာပါနေတဲ့ပညာကို ဖေဖေ မတားရက်တော့ပါဘူးကွယ်... ဆက်ပြီး သင်စေရပါ့မယ်... သင်ခွင့်ပေးပါတယ် သမီးလေးရယ်"

■ ■ ■



အခန်း ။တစ်ဆယ့်ငါး။

မိုးနှောင်းကာလ၏ မိုးပွင့်မိုးစက်လေးတို့ စွန့်ခွာပြန်သွားခဲ့ကြပြီ...

ဆောင်းလေနှင့် လိုက်ပါလာတတ်သော မြူနှင်းပွင့်တို့သည်လည်း နွေ၏ နေကြောင့် ဤမြေမှ ပြန်လည်ထွက်ခွာ သွားကြပါပြီ—

ရော်ရွက်ကျင်တို့ ကြွေသက်စေအောင် နွေလယ်နေ၏ အပူဒဏ်က ပြင်းပျလှပါသော်လည်း...

× × ရှုကြည့်တိုင်း × တွေတွေ × × × ×
လင်းလေလေ × × ရောင်ချင်း × × စပ်ကြလေ ×
ရှုကြည့်တိုင်း × တွေတွေ × × × ×
လင်းလေလေ × ရောင်ချင်း × × စပ်ကြလေ × × ×
× × ယဉ်မျိုး × × သာမျိုးစုံ × × × ×



www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုံ × × မထူးခြား × × ပါ... လို့ × ×
သိကြား × တစ်ဆူ × လို့... × × ×

"သိပ်တော်တာပဲ... လက်ကွက်ကို ညက်နေတာပဲဗျာ"

"ဟင်... ကြည့်စမ်း။ ဘယ်အချိန်က ရောက်နေတာလဲ"

"ကြာလှပြီ... ဆိုနေ တီးနေတာ ရပ်သွားမှာ စိုးလို့ ငြိမ်နေတာ၊ ပြီးတော့ သိပ်ကြည့်ကောင်းလို့"

"ဆရာကောင်းတပည့်မို့ပါ"

မိုးပွင့်ဖြူက စောင်းကို ဒေါက်ပေါ်မှာတင်ပြီး...

"ဝင်လာလေ... ဘာလို့ ရပ်နေတာလဲ"

"အိမ်ရှင်က ခုမှ ဝင်လာခိုင်းတာလေ"

"လာနေကျများ... အပိုတွေ"

လွင့်ကြည်လွန်းသော ကြည်နူးဖွယ် ရယ်သံလှိုင်းများက စကြာဝဠာအနှံ့ ခရီးဆန့်တော့မတတ်။

"ထမင်းစားခဲ့ပြီးပြီလား"

"ပြီးပြီ"

"ဒါဖြင့် အတော်ပဲ၊ သူ့ဖို့ ဒူးရင်းသီး အိုက်စကရင် လုပ်ထားတယ်"

"အားနာစရာကြီး... များရဲ့လား"

ကိုပြုံးလှိုင်ဟု အမည်ပြောင်းသင့်နေသော ကိုလွှမ်းလှိုင် အပြုံးတွေ လှိုင်နေပါ၏။





"များပါတယ်... မိုးပွင့်တို့ နှစ်ယောက်တည်း ကျန်တော့တယ်၊ အိမ်သားတွေ ကျွေးပြီးပြီ၊ သူ မဝင်ရင် ဒီက မစားပါဘူး"

"သူပြောတာ ဒီက နားမလည်ဘူး"

ဆိုသော ပထမဆုံး 'သူနှင့် ဒီက' နာမ်စားလေးများကို ရင်ထဲစွဲနေမိသည်။

"သြော်... ဒီကရော စားရက်မှာတဲ့လား၊ မမိုးပွင့်ဆိုတဲ့ လွမ်းလှိုင်ရင်ထဲက အချစ်ပွင့်မလေးရယ်"

မိုးပွင့်ဖြူက ရေခဲသေတ္တာအပေါ်ထပ် ရေခဲခန်းထဲမှ သတ္တုဗူးရှည်ရှည်လေးကို ထုတ်ယူလာသည်။ စားပွဲပေါ်မှ စိန်သားကွက်ဖော်ထားသော ဖန်ပန်းကန်အတွင်းသို့ အပြည့်ခပ်ထည့်ပေးလိုက်ပြီး...

"စားနော်"

"မမိုးပွင့်လည်း စားလေ"

"အလကား စားပြီးပြီ... သူစား"

"အဲဒါ ညာတာ၊ စောစောကပြောတာ တကယ်ဖြစ်ရမယ်။ ဒါတွေ ဘယ်ကုန်မှာလဲ... စားပါ"

"တော်ပြီ... စားစမ်းပါ"

"ဒါဆို ကျွန်တော်လည်း မစားတော့ဘူး"

မိုးပွင့်ဖြူက မျက်နက်ဝန်း ရွှန်းရွှန်းလေးနှင့် ကြည့်လိုက်ပြီး၊ ဗီရိုပုလေး၏ မှန်တံခါးကို တွန်း၍ငွေဇွန်းငယ် တစ်ချောင်းကိုသာ ယူလာသည်။

ပြီးတော့ တစ်ပန်းကန်တည်းမှာပင် အတူ ခပ်စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရဲ့လား"

"သိပ်ကောင်းတာပဲ၊ မမိုးပွင့်လည်း စားစမ်းပါ၊ ဘာလို့ ညှာနေတာလဲကွယ်"

"သူ့ကို စားစေချင်လို့ပေါ့။ ဒီထဲမှာ ရှိပါသေးတယ်"

ပုံးထဲမှ အကျန်ကို ထပ်ခပ်ထည့်ပြီးသည့်တိုင် တစ်ယောက်နှင့်တစ်ဦး ညှာနေကြဆဲပါ...

သူကိုယ်တိုင် ဒူးရင်းသီး အသားများနွာ၍ ပြောင်းမှုန့်မထည့်တော့ဘဲ Custard Powder နှင့် ကြက်ဥ၊ မလိုင်၊ ဆားနှင့် သကြား၊ နွားနို့ အချိုးကျ ရောစပ်ပြီး ရေခဲသေတ္တာ ဖရီဇာ အအေးခန်းမှာထည့်၍ လုပ်ထားသော ဒူးရင်းသီး အိုက်စကရင်ကို ကိုလွမ်းလှိုင် နှစ်ခြိုက်စွာ စားနေသည့်အတွက် ရင်ချမ်းမြေ့လွန်းရပါဘိ။

"ဝရဲ့လား ဟင်"

"ဗိုက်တင်းလို့ ဖျာခင်းပြီး အိပ်ချင်စိတ်တောင် ပေါက်လာပြီ။ ကျောင်းသားကို ကျောင်းပိတ်မှထင်တယ်"

"ပိတ်ပေါ့... တတ်ပြီးသားပါနော်... ခုန တွေ့တယ်မှတ်လား"

"တကယ်ပါ... ပါရမီပဲ ထင်ပါရဲ့။ နည်းနည်းလေး ပြတာနဲ့ များများတတ်သွားတဲ့ မမိုးပွင့်ရယ်... ဆရာတော့ လန့်လာပါပြီ"

"ဟင်... ဘာကိုလန့်တာလဲ... ဆရာ့ထက် တပည့် လက်စောင်း ထက်သွားမှာကိုလား"

"မဟုတ်ပါဘူး... ဆရာကို အလုပ်ဖြုတ်ပစ်တော့မှာကိုလန့်တာ"

"အသက်ခြောက်ဆယ်ပြည့်ပြီလား"





"အဲဒီအချိန်ကျရင် တောင်ဝှေးလေးဆွဲပြီး ပင်စင်လစာ လာထုတ်မယ်နော်"

သည်တစ်ခါ ကြည်နူးမှု ရယ်သံများကလည်း သမုဒ္ဒရာပြင်မှ လှိုင်းညွန့်များနှယ် ကျယ်ပြန့်ရှည်ဝေးပါ၏။

"ကဲ... စောင်းယူတော့လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"သာနိုးပျော်ဖွယ် ငါးပုဒ်လုံး ရနေပြီပဲ"

"ဩော်"

ကိုလွမ်းလှိုင် ဘာစကားမှ မဆက်နိုင်တော့ပါ...

အဘဦးဥက္ကာနှင့် သင်ရန် ကျန်ရှိနေသေးသော သာနိုးငါးပုဒ် သင်ခန်းစာကို ဆက်လက်သင်ကြားပေးရန် ငှားရမ်းသဖြင့် သူလာ၍ သင်နေရခြင်းပါ...

ယခုတော့ သင်ကြားမှု ပြီးဆုံးပြီဆိုသည့်သဘော၊ မလိုအပ်တော့ ဟူသော အဓိပ္ပာယ်...

"မမိုးပွင့်"

"အင်"

"ကျွန်တော် လာစရာမလိုတော့ဘူးလို့ ပြောတာလား"

မိုးပွင့်ဖြူ ဘာမှမ[illegible]ဖြေ။ သူ့ကိုသာ ကြည့်နေသည်။

"ဒါဆိုလည်း အဖေကျန်ခဲ့တဲ့ငွေကို တွက်လိုက်ပါလေ"

ပိုတာ ကျွန်တော် ငွေလည်တဲ့အခါ လာပို့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုလွမ်းလှိုင်မှာ မိုးပွင့်ဖြူထံပါးမှ အရှိန်အဟုန်ပြင်းစွာလွင့်ထွက်သွားရသူတစ်ယောက်လို ခံစားရသည်။

မိုးပွင့်ဖြူ၏ အကြည့်စိမ်းကြောင့် ပိုမို၍ အနေရခက်လာတော့သည်။

ဖြတ်သန်းနေရသော စက္ကန့်တိုင်းသည် ပင်ပန်းဖွယ်ချည်းဖြစ်နေရပါ၏။

"မမိုးပွင့်ရယ်... တစ်ခုခုလေးတော့ ပြန်ကြားပါဦး၊ ကျွန်တော် အနေခက်လှပါပြီ... ပြန်စေချင်ရင်လည်း ပြန်ပါတော့လို့ နှင်လိုက်ပါ"

စောစောဆီက ပျော်ရွှင်နေသော ရင်မှာ ရေတိုက်စားသော ကမ်းပါးလို အပျော်များ ချက်ချင်း ပြိုရပါပြီ...

ဘာစကားတစ်ခွန်းမှ မပြန်ကြားပါဘဲနှင့် မိုးပွင့်ဖြူအပေါ်သို့ တက်သွားတော့သည်။

ကိုလွမ်းလှိုင်၏ရင်မှာ ခံစားမှုသစ်ဖြင့် နာကျင်လာသည်။ ကြေကွဲစိတ်ဖြင့် အားငယ်လာမိသည်။

"သြော်... မမိုးပွင့်ရယ်... မတန်မရာလွန်းတဲ့ ဘဝနှစ်ခုမှန်း အစောကြီးတည်းက သိပြီးသားပါဗျာ...

"အမြတ်နိုးထိုက်ဆုံး မိန်းမနားမှာ မကြာခဏ ချဉ်းကပ်ခွင့်လေး ရနေချင်တာ ကျွန်တော့်ရဲ့ အဆုံးစွန် ဆန္ဒပါပဲ...

"အချစ်ရယ်...

"အချစ်ရဲ့ အလှလေးတွေကို မြင်နေပါရစေ၊ အချစ်ရဲ့ အကြင်နာလေးတွေကို ခံယူပါရစေ...





"မပိုင်ဆိုင်ထိုက်မှန်း သိနားလည်ပြီးပေမယ့်...

"ခွဲခွာရခြင်းဆိုတဲ့ စွန့်လွှတ်မှုကိုတော့ မရင်ဆိုင်ရဲပါဘူး။ မရင်ဆိုင်ပါရစေနဲ့ဦးနော်..

"အချစ်ရယ်... နှင်မှာလား။ မပြန်ချင်ဘူးကွယ်..."

နှလုံးသားမှ နှလုံးသားသို့ ပြေးကြားနေမိဆဲ ခြေခုံမိုမို့ ဖွေဖွေးလေးကို စတင် မြင်ရသည်။ လှေကားထစ်မှ ဆင်းသက်လာနေပါပြီ။

တရားသူကြီး၏ စီရင်ချက်ကို တရားခွင်မှာ မတ်တတ်ရပ်၍ ကြားနာနေရသော တရားခံ၏ ခံစားချက်ထက် မိမိခံစားမှုက ပိုမိုပြင်းပြပေလိမ့်မည်ဟု ကိုလွမ်းလှိုင် ထင်မိသည်။

"ရော့... သူ့ဖို့"

"ဘာလဲ"

"တိုက်ပုံအင်္ကျီစ"

"အို... မယူချင်ပါဘူး"

"မရပါဘူး။ ပထမဆုံးရတဲ့ ဝင်ငွေနဲ့ ဝယ်ပေးတာ"

"ဝင်ငွေ"

"ဟုတ်တယ်။ အခု စာမူတွေတင်ရင် စာလုံးပေါင်း မမှားဘူးလေ၊ မှားရင် တစ်လုံး ဆယ်ပြား ပေးရတယ်။ စာရေးဆရာက ဘယ်မှာ သတ်ပုံ ငဲ့ကြည့်အားမှာလဲ။ သူ့ခမျာ ဇာတ်လမ်းရော အရေးအသားပေါ်မှာပါ အာရုံစိုက်နေရတာ မဟုတ်လား။ အဲဒါ ဖေဖေက မိုးပွင့်ကို ဖတ်ခိုင်း ပြင်ခိုင်းတယ်။ စာရင်းကိုင်ခိုင်းတယ်။ အဲဒါအတွက် စာတစ်အုပ်ကို တစ်ရာ့ငါးဆယ်ပေးတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..."

"အဲဒီထဲက အိုက်စကရင် လုပ်ပြီး ဘုန်းကြီးကျောင်း လှူတယ်။ သိပ်လေးစားရတဲ့ ဆရာ့ကိုလည်း လှူတယ်"

"အလှူခံပုဂ္ဂိုလ် မဖြစ်ပါရစေနဲ့။ မယူရက်ပါဘူး မမိုးပွင့်ရယ်၊ ပြန်ထားခဲ့ပါရစေနော်"

"ဘာလဲ... ဒီက တိုက်ပုံချုပ်ဝတ်ရမှာလား"

"ပေးချင်တဲ့လူ ပေးလိုက်ပေါ့"

"ပေးချင်တဲ့လူက ဒီလောကမှာ ဒီတစ်ယောက်တည်းရှိတာ"

သာယာချိုလွင်လွန်းသော စောင်းခတ်သံ...

ရွှန်းလက်လွန်းသော မျက်နက်ဝန်း ကြယ်ပွင့်လေးတစ်စုံ။

"ကျွန်တော့်ကို ဘာလို့များ ရင်ပန်းနေစေချင်ရတာလဲဟင်..."

"ဘာကိုလဲ။ ဒီက ဘာလုပ်လို့လဲ။ လက်ဆောင်ပေးတာပဲဟာ"

"ဒါကိုပြောတာ မဟုတ်ပါဘူး"

"ဘာကိုပြောတာလဲ"

"ကျွန်တော် ပြန်ရတော့မလား။ အလုပ်ကိစ္စ ပြီးဆုံးပြီလား။ နောက် ဘယ်တော့မှ မလာရတော့ဘူးလားဆိုတာတွေ သိချင်မှုပါပြီ"

စိုးရိမ်မှုမှ ဖြစ်တည်လာသော နွမ်းမောသံနှင့် အားငယ်ခြင်း မျက်ဝန်းများ...

"အို... ဒီက ဘာများ ပြောမိလို့လဲကွယ်"

"သာနိုးပျော်ဖွယ် ငါးပုဒ်လုံး ရနေပြီပဲဆို၊ စောင်းမတီးချင်တော့ဘူးဆို"





မိုးပွင့်ဖြူ ပြုံးလာသည်။

"တစ်ခါလာရင် ငွေပြန်အမ်းမယ်ဆိုတဲ့ စကားပဲ ပြောပြောနေလို့ ဘာမင် နှုတ်ပိတ်နေတာ သိရဲ့လား"

"ဩော်... ငွေမကျေခင် အလုပ်ပြီးရင် အမ်းရမှာပေါ့"

"ဒီကရဲ့ စေတနာတွေ ခင်မင်လေးစားမှုတွေပါ ပြန်အမ်းနိုင်လို့လား"

"အမ်းနိုင်တာပေါ့။ မမိုးပွင့်ထက် ကျွန်တော်က ဆယ်ဆလောက် ပိုနေတာပဲ"

"ဒါဖြင့်လည်း အမ်းခဲ့... အမ်းခဲ့။ စောင်းပညာတော့ သင်လို့ မဝသေးဘူး။ ငွေအမ်းမယ်ဆိုပြီး မာနကြီးတတ်တဲ့ ဆရာမျိုးနဲ့ မတွေ့ပါရစေနဲ့လို့ ဆုတောင်းပြီး ဆရာသစ်ရှာမယ်၊ သိလား"

"ဟောဗျာ... စောင်း မတီးချင်ဘူးဆို၊ သီချင်းတွေ ရနေပြီဆိုလို့ ပြန်ခိုင်းတာယ်ထင်လို့လည်း ပြောရသေးရဲ့၊ ရန်တွေ့ခံနေရပါလား"

"ရန်မတွေ့တတ်ပါဘူး။ ပြန်ချင်ပြန်ပါ"

"ဘယ်ပြန်ချင်ပါ့မလဲဗျာ။ အလုပ်ရှင်က အလုပ်သင်ဖို့ မလိုဘူးဆိုပြီး ပြန်ခိုင်းနေသလားလို့ပါ"

အငြိုးလေး၊ အတောလေး၊ စကားနာလေးများနှင့် ခွန်းဖွဲ့နေသော်လည်း နှစ်ယောက်လုံး၏ မျက်နှာမှာ အပြုံးပွင့်များ အပြည့်။

"တမနက်လုံး တီးနေတာ လက်တောင် နာနေပြီ။ ရလည်း ရနေလို့ပါ။ ပြီးတော့လည်း စကားပြောချင်လို့"

မိုးပွင့်ဖြူ၏ နှုတ်ခမ်းလေးများ ပြုံးလျက်နှင့်၊ သူ့ကိုတော့ ကြည့်။



www.burmeseclassic.com

www.burmeseclassic.com



"အမူရာလေးတွေ၊ အပြုံးလေးတွေ၊ အပြောလေးတွေက ရင်ခိုက်လွန်းစရာချည်းပါလား ချစ်ရယ်"

သူ့ကို မကြည့်သော မိုးပွင့်ဖြူသို့ အားရပါးရ စိုက်ကြည့်ရင်း... ပြောကြားနေမိသော နှလုံးသား စကားများပါ။

"ဒါက ယူသွားမှာလား၊ ထားခဲ့မှာလား"

"ယူမှာပေါ့"

တက်ထရက်(စ)အစ ထည့်ထားသော အိတ်ကို ကိုင်ရင်း မိုးပွင့်ဖြူ နှစ်သိမ့်စွာပြုံး၍ ကိုလွမ်းလှိုင်သို့ ကြည့်လာသည်။

"မမိုးပွင့်ရယ်... နောက်ကို ဘာမှ မပေးပါနဲ့နော်... လာတိုင်း ကျွေးမွေးနေတာတွေလည်း များလှပါပြီ။ ဘာမှ မတုံ့ပြန်နိုင်တဲ့ဘဝမို့ အားနာလှပါပြီလို့ အားငယ်စွာနဲ့ တောင်းပန်ပါရစေဗျာ"

ရိုးသားပွင့်လင်းခြင်းများဖြင့် သူ့ဘဝမှန်ကို အမြဲ တင်ပြတတ်ရှာသော ကိုလွမ်းလှိုင်သို့ ကရုဏာမျက်ဝန်းဖြင့် မိုးပွင့်ဖြူ ကြည့်မိသည်။

ကြင်နာမှုမှသည် အားအင်တစ်ရပ် ဖြစ်လာခဲ့ရပြီး ဤလူ အတွက် တတ်နိုင်မှုထက် လွန်ကဲပြီး စွမ်းဆောင်ပေးရဲသော သတ္တိထူးများ ရင်၌ ဖြစ်ထွန်းလာရပြီ။

"အဲလိုစကားတွေ မပြောနဲ့ကွယ်။ အားငယ်စကားတွေ ကြားရရင် ငိုချင်လာတယ်"

"မပြောနဲ့ဆို မပြောပါဘူးဗျာ။ ငိုတော့ မငိုလိုက်ပါနဲ့ အိမ်လိုက်လာတဲ့အခေါက်တုန်းက မျက်ရည်ကြွေသွားတာ ခုထိ ရင်ထဲမှာ နာနေတုန်းပါ"





'မပိုနဲ့နော်' ဆိုသော စကားစုကို နှုတ်နှင့်မပြော၊ မျက်ဝန်းနှင့် ပြောသည်။

စကား မပြောဖြစ်ကြ။

သူတို့၏ ဝန်းကျင်သို့ အပြုံးပွင့်တို့သာ အလွင့်လွင့် အကြွေကြွေ ချွေချနေမိကြသည်။

"ဂျပန်သီချင်းပါလား"

မိုးပွင့်ဖြူက စတီရီယိုကက်ဆက်ခလုတ်ကို နှိပ်ပြီး ပေါ်ထွက်လာသော သီချင်းကို ကိုလွမ်းလှိုင်က သိနေသည်။

"နားငြီးမှာလား"

"အို... သိပ်ကောင်းပါတယ်။ ဂီတဆိုတာ အနုပညာ မျိုးနွယ်စုမို့ ခံစားမှုပဲ။ စောင်းကိုပိုက်ပြီး ကုန်းဘောင်ခေတ်မှာ ကျန်နေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ။ ရွေ့လျောလာတဲ့ အချိန်ကာလများနဲ့အတူ တေးဂီတဆိုတာလည်း ဆန်းသစ်လာမှာပဲပေါ့"

"ဒီခံယူချက်မျိုး ရှိတယ်လား"

"သိပ်ရှိတာပေါ့... မမိုးပွင့်ရယ်။ ကျွန်တော်လည်း ခံစားတတ်တဲ့ လူသားပဲ။ စတီရီယိုတေးတော့ မဆိုတတ်ဘူး။ ကျွန်တော့်အလုပ်နဲ့လည်း မအပ်စပ်ဘူးလေ။ ကာလပေါ်မှာ ကျွန်တော် ဆိုပါတယ်"

"ဟုတ်လား... မကြားမိဘူး"

"မာတ်ပြားသုံးပုဒ် ရထားပါတယ်။ သိပ်တော့ နာမည်မကြီးလှပါဘူး"

"နားထောင်ချင်လိုက်တာ၊ သီချင်းကြီးတုန်းကတော့ အသံကောင်းလွန်းလို့ လူပါ မှတ်မိနေခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီအကြောင်း ကျွန်တော် ခဏခဏ ပြန်သတိရတိုင်း ဝမ်းသာနေမိတာ"

အရှက်နှောသော အပြုံးပန်းလေး မိုးပွင့်ဖြူ၏ နှုတ်ခမ်းမှာ ပွင့်လာ၏။

"ကျွန်တော်တို့ ဝိုင်းခေါင်းဆောင်ဆီမှာ အသံသွင်းထားတာ ရှိပါတယ်။ သွားယူလာခဲ့ပါမယ်။ ဒီမှာလည်း တိတ်ခွေတွေ အများကြီးပဲနော်"

"တစ်ယောက်တည်းနေရတဲ့ အချိန်အားဘဝကို ဂီတခံစားရင်း ကုန်လွန်စေခဲ့တယ်။ အဲဒီတိတ်ခွေတွေက စတီရီယိုတေးသံရှင် နာမည်ကြီးတွေရဲ့ တေးပေါင်းစုပါ။ မိုးပွင့်ဟာက ရယ်စရာကြီးနော်။ စောင်းကိုလည်း ရင်ခွင်က မချချင်ဘူး။ စတီရီယိုတေးလည်း လက်လွှတ်မခံနိုင်ဘူး"

"ဂီတတိုင်းမှာ ခံစားမှုရှိပါတယ် မမိုးပွင့်"

"အဘကိုယ်တိုင်လည်း ဒီလိုခံယူချက် ရှိပါတယ်"

"ဟုတ်တယ်။ အဖေ ရှိတုန်းက ကာလပေါ်မှာ ကျွန်တော် ဆိုတာကို အားပေးခဲ့ရှာပါတယ်။ ကျွန်တော်က အဆိုထက် တေးရေးမှုကို ပိုပြီး အားသန်ပါတယ်"

ဦးဉက္ကာ၏အကြောင်း ရောက်သွား၍ နှစ်ဦးလုံး၏ နှုတ်ခမ်းမှ အပြုံးများ ပျောက်ဆုံးသွားကြသည်။

လူတစ်ယောက်လုံး သေဆုံး ဆုံးရှုံးခဲ့ရသော်လည်း ယခုအချိန်ထိ ဘာသတင်းအစအနမှ မပေါ်လာသေး။ အကုသိုလ် တရားသည်





လူသတ်သမားကို မျက်နှာသာပေးထားဆဲ ရှိပေသည်။ သို့သော်လည်း သူ့အသက်နှင့်အမျှ ကံကောင်းနေနိုင်မည် မထင်ပါ။ တစ်ချိန်ချိန်မှာ တစ်နေရာရာက အကြောင်းတိုက်ဆိုင်စွာ ပေါ်ထွန်းလာပေလိမ့်မည်ဟုသာ မိုးပွင့်ဖြူတို့ စောင့်စားနေရုံပါ။

"ဦးလေးတို့ ဘယ်သွားကြလဲဟင်... မမိုးပွင့်"

ဖခင်အတွက် သူ့ရင်မှ သောကကို သိမ်းလိုက်ပြီး မမိုးပွင့်၏ မျက်နှာ ပြန်လည်ကြည်သာလာပါစေရန် စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းပါ။

"ကြီးကြီးတင့်တော့ ရှိပါတယ်။ ဖေဖေကတော့ မြို့ထဲခဏ သွားပါတယ်။ သမီးလိုက်ခဲ့ပါလားလို့ ခေါ်သေးတယ်။ ဒီနေ့ စောင်းသင်တန်း ရှိတယ်ဆိုပြီး နေခဲ့တာ"

"ညာတာပေါ့"

"ဘာညာလို့လဲ"

"သင်တန်းရှိတယ်ဆိုပြီး သင်လည်း မသင်ဘဲနဲ့"

လှပသော မျက်စောင်းလေးတဝင့်...

"ကျောင်းပျင်းတဲ့ကလေးဆိုရင် တုတ်နဲ့ရိုက်ရတယ်နော်"

"ဒီက ပျင်းလို့ မသင်တာမှ မဟုတ်ဘဲ"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ပျော်လို့"

အရိုးအသားများ ကြေသွားအောင် ဖျစ်ညှစ်ပစ်လိုက်ချင်သော စိတ်ဖြင့် ကိုလွမ်းလှိုင် စူးစူးဝါးဝါး ကြည့်လိုက်မိသည်။ မထိမ်မြင်



www.burmeseclassic.com

www.burmeseclassic.com

အပြုံးလေးနှင့် မိုးပွင့်ဖြူသို့ နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းမှ ဖြစ်တည်လာသော ကြည်နူးခြင်း အပြုံးလွင်လွင်ဖြင့် ကိုလွှမ်းလှိုင် ကြည့်နေရသည်။

မထိဝံ့ မကပ်ဝံ့၍ မချင့်မရဲစိတ်နှင့် မလွဲတမ်း ကြာမြင့်စွာ ကြည့်နေမိတော့သည်။

"ဖေဖေပြန်လာတဲ့ ကားသံကြားမှ ဆောင်းကို ပိုက်ထားရမယ်"

မိုးပွင့်ဖြူက အကြည့်ကိုလွှဲပြီး စကားစရသည်။ အိမ်ရှင်မဟုတ်ပါလား။

"ဟုတ်တယ်။ ဦးလေးလာရင် ခဏသင်ပြီး ပြန်မယ်။ အလကားနေရင်း ဦးလေးကို မျက်နှာပူနေသလိုလို၊ ကြောက်နေသလိုလိုပါပဲ"

"ဖေဖေက မသင်ရဘူးပြောပြီး ဒီက ငိုနေတာမြင်မှ သင်တော့လို့ ပြောတာကို ပြန်ပြောမိတာ မှားပြီ"

"မမှားပါဘူးဗျာ။ ဒီပညာကို မျက်ရည်နဲ့ စက်လဲယူရလောက်အောင် တန်ဖိုးထားမှန်းသိရလို့၊ လေးစားစိတ်နဲ့ ကြိုးစားသင်ပေးခဲ့တာပါ"

"တကယ် ကျေးဇူးတင်ပါတယ်။ ရက်ပေါင်း လပေါင်းများလှပြီ။ တစ်ပတ်မှာ သုံးရက် တစ်ခါမှ မပျက်သေးဘူး"

"မပျက်ရုံဘယ်ကမလဲ၊ နာရီဝက်လိုလို လမ်းထိပ်မှာ ရပ်နေရသေးတယ်"

"ဟင်...တကယ်"

"တကယ်ပါ"





"အို... နေပူကြီးထဲ... လာခဲ့ ပြီးရော"

"ဘယ်ကောင်းပါ့မလဲဗျာ"

"ကောင်းပါတယ်။ တခြားအိမ်မှ မဟုတ်တာ၊ နေပူကြီးထဲ ရပ်နေရတော့ ခေါင်းကိုက်ပြီး နေမကောင်းဖြစ်မှာ စိုးရိမ်လို့"

"စိုးရိမ်တယ်တဲ့လား မမိုးပွင့်ရယ်။ ကျွန်တော်တို့လို ဆင်းရဲသားဆိုတာ နေထိ၊ မိုးမိလို့ မဖျားတတ်ပါဘူး"

"ဒီဆင်းရဲသား ဆိုတာကြီးကိုပဲ အမြဲ ဂုဏ်ယူပြီး ပြောနေတာပဲ"

"ဟောဗျာ ဆင်းရဲတယ်ဆိုတာ ဂုဏ်ယူစရာမှ မဟုတ်တာ..."

ကိုလွှမ်းလှိုင် အားပါးတရ ပြုံးရင်း ပြောပါ၏။

"ဒါဖြင့် ဘာလို့ ခဏခဏ ပြောနေလဲ"

"အကြောင်းတိုက်ဆိုင်တိုင်း ဟုတ်မှန်တဲ့ စကားကို ပြောရတာပါ"

"မပြောပါနဲ့၊ မကြားချင်ပါဘူး"

"မပြောနဲ့ဆိုလည်း မပြောပါဘူး၊ ဒါပေမဲ့ ချမ်းသာတဲ့လူဟာ ဆင်းရဲတဲ့စကား ဘယ်ကြားချင်ပါ့မလဲ"

တမင် နောက်လိုက်ခြင်းပါ။ ကိုလွှမ်းလှိုင် မျှော်လင့်သလိုပင် ဒေါသမျက်စောင်းလေး လှလှပပ မြင်ရသည်။

"သူနော်... ဆရာဖြစ်နေလို့"

"မဟုတ်ရင် ဘာလုပ်မှာလဲ"

"ဆွဲထုပစ်ချင်တယ်"

"ဒါဆို သူ ဆရာ မဖြစ်ချင်တော့ဘူး"

www.burmeseclassic.com



ကိုလွမ်းလှိုင်၏ အပြုံးနှင့် အပြောကြောင့် လက်လှမ်းရှယ်မိပြီးမှ မသင့်စိတ်ကြောင့် ပြန်ထိုင်ရသည်။ စားပွဲပေါ်ရှိ စက္ကူလက်သုတ်ပဝါကို အမြန်လုံးပြီး ထိအောင် ပစ်ပေါက်လိုက်မိသည်။

တွေ့ကြုံဆုံဆည်းရချိန် များလာလေ ရင်းနှီးမှုက လွန်လွန်ကဲကဲ ပိုမိုလာလေပါ။

တစ်ပတ်မှာ သုံးကြိမ်၊ တစ်နေ့ နှစ်နာရီ သုံးနာရီမျှ ကြုံခွင့်ရသော အချိန်ကို နှစ်ယောက်လုံး စက္ကန့်နှင့်အမျှ မျှော်လင့်နေမိကြလေပြီ…

ကိုလွမ်းလှိုင်၏ ရင်ထဲမှာ ပွင့်ကွဲမတတ် သိုမှီးပိတ်ဆီးထားရပါသော မေတ္တာတရားများကို သူ့အသက်နှင့်အမျှ ထိန်းသိမ်းသိုဝှက်ထားရန် သန္နိဋ္ဌာန် ချပြီးသားပါ။ ရင်မဆန့်လျှင်လည်း နှလုံးသားကွဲပါစေ၊ သေလွန်သည်၏ အခြားမဲ့သို့ အချစ်များစွာကို ဝိညာဉ်နှင့်အတူ ဆောင်ယူသွားပါမည်။

သည်တစ်သက်တွင် အမြတ်နိုးဆုံး အချစ်ဦးရှေ့မှာ သူ့မေတ္တာတရားများကို ဘယ်သောအခါမျှ မတင်ပြပါဟုလည်း သူဆုံးဖြတ်ပြီးသားပါ။

မိုးပွင့်ဖြူသည်လည်း…

အချိန်နှင့်အမျှ တွယ်တာစိတ်ဖြင့် တမ်းတနေမိသည်ကပင် အချစ်လား…

သနားစိတ်ဖြင့် သက်ညှာနေမိသည်က ကရုဏာလား…

တွေ့ဆုံနေရချိန်လေး ကုန်ဆုံးသွားမှာ စိုးရိမ်စိတ်ဖြင့်…

အတူနေရစဉ် ကာလကို ရှိုက်မက်မြတ်နိုးစွာ ကြည်နူးနေရသည်ကပင် မေတ္တာတရားလား…





ဆိုသည်များကို မကွဲမပြားစိတ်နှင့် အချိန်ပြည့် သူ့အတွေးကမ္ဘာကို စိုးမိုးနေသူက 'သူ'ဆိုသော ကိုလွမ်းလှိုင်…

"ဘာလို့ ငြိမ်နေတာလဲ၊ ပျင်းနေပြီလား"

"ကြည်နူးခြင်း နယ်မြေမှာ ပျင်းတယ်ဆိုတဲ့အရာ မရှိပါဘူး မမိုးပွင့်ရယ်"

ပန်းဆိုသော်လည်း မပီပြင်သေးသော ဘဝကို အငုံဟု ခေါ်ပါသည်။

ချစ်စကားဆိုသော်လည်း မပီပြင်သေး၍ ကိုလွမ်းလှိုင်၏ စကားကို ချစ်ပွင့်ဖူးငုံဟုပင် ပြောရလေမည်လား…

ဤမပီသသော အလှအပ စကားလုံးလေးများ တို့သည် နှလုံးသား အသစ်ဖူးသော အချစ်ဦးတို့၏ရင်ကို ရွှင်စေ၊ လန်းစေ ကြည်နူးစေ။

■ ■ ■



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။တစ်ဆယ့်ခြောက်။

ပူလောင်မြင်းပြသော နွေလများကို လွန်မြောက်လာခဲ့ပြီ...

တစ်နှစ်ကြာ ထွက်ခွာသွားခဲ့သော မုတ်သုံသည် မိုးငွေ့ မိုးဥ

များကို စုဆောင်းအားဖြည့်ကာ ပြန်လည်ရောက်လာခဲ့ပါပြီ...

ယနေ့သည်... ပွင့်ဝါ... ကို မျက်လုံးအစားထိုး၍ ခွဲစိတ်ကုသ

သောနေ့...

ပွင့်ဝါ ဆေးရုံတက်ရေးကိစ္စ... ရတ်တရက်ကြီး ခွဲစိတ်ကုသ မည့် အစီအစဉ်များနှင့် နေ့ည အစောင့်ဆရာမများ ရရှိရေး၊ ဆေးဝါး ဝယ်ယူခြင်း၊ အစားအစာများ ပို့သမှု စသော လူနာတစ်ယောက်၏ တာဝန်ကို ကိုယ်ရောစိတ်ပါ စေတနာများစွာနှင့် ကူညီနေသူမှာ မိုးပွင့်ဖြူပါ...

"မမမိုး ဆေးရုံပြန်မသွားခင် နာရီဝက်လောက် အချိန်ပေးပါ တဲ့... ဘဘကြီးက စကားပြောချင်လို့တဲ့"



BURMESE CLASSIC .com



"ဟင်... ဖေဖေ နေမကောင်းဘူးလား"

"ကောင်းပါတယ်... ထိုင်နေပါတယ်၊ စကားပြောစရာ ရှိလို့တဲ့"

"သြော်... အေး... အေး၊ ခုပဲ လာခဲ့မယ်လို့ ပြောပေးပါ မထားမြင့်"

"မြန်းမြန်းလုပ်ပါ။ မမမိုး ကြည့်ရတာ မောလိုက်တာ..."

"ဟိုမှာ ခွဲစိတ်ကုသတာလည်း အောင်မြင်စေချင်တယ်။ ဒီမှာ ဖေဖေကလည်း နေမကောင်းလို့ စိတ်မချတာနဲ့ မမ ပျာယာခတ်နေ မိတာပါ၊ ရေချိုး အဝတ်လဲပြီးတာနဲ့ လာခဲ့မယ်"

စကားပြောရင်း ရေချိုးခန်းတွင်း ဝင်ခဲ့သည်။

"ဒီကိစ္စမှာ ငါနဲ့ ကိုလွမ်းလှိုင်နဲ့ တတွဲတွဲ သွားလာနေတာကို ဖေဖေ ပြောမလို့များလား"

စိုးထိတ်စိတ်များဖြင့် ဆေးရုံသွားဖို့ တစ်ခါတည်း ဝတ်စား ပြင်ဆင်၍ ဖခင်ကြီးအခန်းသို့ ဝင်လာခဲ့ရသည်။

ဦးသက်မောင်၏ ကျန်းမာရေးအခြေအနေမှာလည်း တစ်နေ့ ထက်တစ်နေ့၊ တစ်လထက်တစ်လ ကျဆင်းနေပြီ ဖြစ်ကြောင်း မိုးပွင့်ဖြူ သိနေပါ၏။

"သမီးပြန်လာတော့ သတိရနေပြီလား"

"မရသေးပါဘူး ဖေဖေ၊ မျက်စိနှစ်ဖက်လုံး ပိတ်ပြီး မေ့နေတုန်း ပါပဲ၊ ဖေဖေရော နေကောင်းရဲ့လား"

"နေကောင်းတယ် သမီး။ ဒီနေ့ ထမင်းစားလို့လည်း ကောင်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့်ပတ်သက် ဆက်နွယ်လာသူတိုင်းကို တဘက်လူတို့၏ နေရာမှ ထာဝရ ရပ်ကြည့်ပေးတတ်သော ဖေဖေ၏ ခွင့်လွှတ်နိုင်မှု ကြင်နာမှုများကြောင့် ဖေဖေ၏ သွင်ပြင်သည် ထာဝရ ငြိမ်းချမ်း၍ မျက်နှာမှာလည်း ကြည်လင်နေပေသည်။

ယခုလည်း မကျေနပ်သော အသွင်ပြင်မျိုး လုံးဝ မမြင်ရပါ၊ တည်ငြိမ်နေကျအတိုင်း ဖေဖေ့မျက်နှာသည် ကြည်လင်စွာ တည်ကြည် ငြိမ်သက်လျက်ပါ။

"ဖေဖေ... သမီးကို ပြောစရာရှိတယ်ဆို"

"ဟုတ်တယ်... သမီး"

"ဆေးရုံက ပြန်လာ၊ လာချင်း ဖေဖေ့ဆီ တက်လာတာပါ၊ ဖေဖေ အိပ်နေတာနဲ့ ပြန်ဆင်းသွားတာ၊ သမီးကို ပြောစရာရှိတာ ပြောပါ ဖေဖေ.."

"သမီး... ခွဲစိတ်ခန်းထဲအထိ ဝင်ကြည့်ခွင့်ရတဲ့ မျက်လုံးအစား ထိုး ခွဲစိတ်ကုသမှုအကြောင်းကို ဖေဖေ သိချင်လိုက်တာ... သမီးအချိန် ရရဲ့လား"

"ရပါတယ်... ဖေဖေ... အစောကြီး ရှိပါသေးတယ်။ ဆေးရုံ မဖွင့်သေးပါဘူး... မသွားသေးပါဘူး။ သမီးလည်း ပြောပြမလို့ပါပဲ။ ဖေဖေက ဆန်းသစ်တဲ့ အကြောင်းအရာတွေဆို စိတ်ဝင်စားတတ်တာ သမီးသိလို့ပါ"

"သြော်... ဟိုတုန်းက စာရေးတော့ ကိုယ်သိဖို့ထက် ကိုယ့်စာ ဖတ်သူတွေ သိပါစေ၊ လက်လှမ်းမမီနိုင်တဲ့ အကြောင်းရာသစ် တွေကို





ဖေဖေ့စာကတစ်ဆင့် ဗဟုသုတ ရကြပါစေဆိုပြီး အပင်ပန်းခံခဲ့တာပါ။ ဖေဖေရဲ့စာကို နှစ်သက်လို့ပဲဖတ်ဖတ်၊ အပျင်းပြေ အချိန်ပိုလို့ပဲဖတ်ဖတ်၊ ဖတ်နေသူရဲ့ ဆုံးရှုံးသွားရတဲ့ အချိန်တွေကို ကိုယ့်စာကြောင့် အချည်းနှီး ဖြစ်သွားကြမှာ စိုးရိမ်မိတယ်။ တစ်ကြောင်းစာပဲဖြစ်ဖြစ် ဖတ်သူ့အတွက် အထောက်အကူလေး ရရှိသွားနိုင်ပါစေဆိုတဲ့ စေတနာတွေနဲ့ ရေးခဲ့တာချည်းပါပဲ၊ ကဲ...ကဲ... ဖေဖေ့ကို ပြောပြစမ်းပါ။ အသက်ကြီး လာလို့ ဝတ္ထုတွေ မရေးချင်တော့ပေမယ့် လူသားတွေအတွက် အရေး အကြီးဆုံး ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုဖြစ်တဲ့ မျက်စိအကြောင်းကို ဖေဖေသိပ်သိချင်ပါတယ်သမီး..."

ပွင့်ဝါသည် ကိုလှ ်းလှိုင်၏ ညီမလေး...

ကိုလွမ်းလှိုင်နှင့် မိုးပွင့်ဖြူတို့၏ ရင်းနှီးမှု၊ အရှိန်ဟုန် မြင့်မားလာ ချိန်တွင် ပွင့်ဝါကို မိုးပွင့်ဖြူ ထပ်၍ သွားတွေ့ဖြစ်ခဲ့သည်။

ရုပ်ကလေးက လှလိုက်တာ၊ မျက်စိပျက်နေတာကို ကုပေးချင် လိုက်တာ ဟူသော စကားများ စပ်မိချိန်တွင် ပွင့်ဝါမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် ပြသစာရင်းသွင်း ထားပြီး ဖြစ်ပါသည်။

မိုးပွင့်ဖြူတို့နှင့် မျက်စိခွဲစိတ်ကု ဆရာဝန်ကြီးမှာ ရင်းနှီးပြီးသား မို့ ပွင့်ဝါ၏ မျက်စိအကြောင်းကို သူတို့မောင်နှမနှင့်အတူ သွားရောက် ဆွေးနွေးခဲ့ဖူးသည်။

ယခုတော့ 'မျက်စိလှူဒါန်းခဲ့သော အလှူရှင် ကွယ်လွန်သဖြင့်' ပွင့်ဝါတို့ အိမ်သို့တိုင် ဆေးရုံမှ ချက်ချင်းအကြောင်းကြား ခေါ်ယူ ခဲ့သည်။

www.burmeseclassic.com



ကိုလွမ်းလှိုင်ကလည်း မိုးပွင့်ဖြူသို့ တယ်လီဖုန်းဖြင့် အကြောင်းကြား၍ မိုးပွင့်ဖြူ မျက်စိဆေးရုံကြီးသို့ ချက်ချင်း လိုက်သွားပြီး ခွဲစိတ်ကုသမှု ပြီးဆုံး၍ သူ့ခုတင်ပေါ်သို့ ပြန်ရောက်လာမှ ပြန်လာခဲ့ခြင်း ဖြစ်၏။

"ဆေးပညာနဲ့ပတ်သက်ပြီး လူသားတွေရဲ့ အောင်မြင်မှုကတော့ တကယ့်ကို အံ့မခန်းပါပဲ ဖေဖေရယ်။ ခွဲစိတ်တဲ့ ဆရာဝန်ကြီးကလည်း သမီးရှေ့တင် မျက်စိကို ဖွင့်ခွဲဖြတ်တောက် ပြန်ချုပ်တာများ မယုံရဲစရာ ကောင်းလောက်အောင် အံ့သြရပါတယ်"

"ဟုတ်လား"

"ဟုတ်တယ် ဖေဖေရဲ့၊ သာမာန် လူသားတစ်ယောက် လုပ်နိုင်ဖို့ ခက်ခဲလွန်းတဲ့ အတတ်ပညာပါပဲ။ နိုင်ငံခြားပြန် မျက်စိခွဲစိတ်ကုပါရဂူဟာ မြန်မာပြည်မှာ လေးယောက်တည်း ရှိပါသေးတယ်"

"ကြည့်ရတာ သမီး မကြောက်ဘူးလား"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် လူတစ်ကိုယ်လုံးမှာ အနူးညံ့ဆုံးဖြစ်တဲ့ မျက်လုံးပျော့ပျော့ အိအိကြီးကို ဓားတွေနဲ့ အလွှာလွှာခွဲပြီး သွေးတွေထွက်လာတာ မြင်ရတော့ အသည်းယားစရာကြီး..."

"ဘယ်နေရာကို ခွဲတာလဲ"

"မျက်လုံးသူငယ်အိမ်ကိုပါ။ အနက်နဲ့အဖြူရဲ့ကြား တည့်တည့်ကို ခွဲတာ ပြီးတော့ ပြန်ချုပ်လိုက်တာများ သမီးတို့ အမျိုးသမီး အပ်ချုပ်ပညာသည်တွေ ဘယ်လိုက်မီမလဲ။ အနုစိတ် ချုပ်ရိုးသေးသေးတွေ ညီလို့စီလို့။ ချုပ်တဲ့ကြိုးကလည်း သာမာန်မျက်စိနဲ့ မမြင်လွယ်တဲ့





10/0 အရွယ် (Virgin Silk) အမျိုးစင် ပိုးကြိုးခေါ်တဲ့ ပိုးမရဲ့ဗိုက်ထဲက ကြိုးကို စနစ်တကျ ထုတ်ယူထားတဲ့ ပိုးကြိုးနှင့် ချုပ်ရတာ၊ နိုင်ငံခြားက မှာယူရတာ သိပ်ဈေးကြီးတာတဲ့"

"သမီးဟာက မျက်စိအစားထိုးကုတာ မပြောသေးဘဲ ဘယ့်နှယ့်ချုပ်ပြီးသွားတဲ့ဆီကို ရောက်သွားရတာလဲ"

"ဟုတ်ကဲ့... ပြောချင်ဇော ကြီးသွားလို့ပါ။ ဆရာဝန်ကြီး အသေးစိတ် ရှင်းပြခဲ့တဲ့အကြောင်းကို ပြောပြပါမယ်ဖေဖေ"

■

❋

ကုသ၍ မရရှိနိုင်တော့ဘဲ၊ အစားထိုးမှသာ မြင်လာနိုင်မည့် မျက်စိဝေဒနာရှင်များမှာ၊ ဆေးရုံကြီးတွင် စာရင်းပေး၍ မျက်စိလှူဒါန်းခဲ့သော စေတနာရှင်တို့၏ ကွယ်လွန်ချိန်ကို စောင့်ဆိုင်းနေရသည်။ သို့မဟုတ်ပါကလည်း သေဆုံးသူ၏ ဆွေမျိုးမိသားစုများ၏ သဘောတူညီမှုရမှသာ မျက်စိကို ထုတ်ယူခွင့်ရှိသည်။

သားအမိချင်း၊ ဇနီးမောင်နှံချင်း၊ ချစ်သူချင်း ဘယ်လိုပင် စေတနာရှိရှိ... ကောင်းနေသောသူက ဘယ်လိုပင် ပေးချင်... ပေးချင် ပေးခွင့်မရှိပါ။

အသက်ရှင်လျက် ရှိနေသော လူကောင်းပကတိ၏ မျက်စိကို ဆရာဝန်များအနေနှင့် ထုတ်ယူခွင့် မရှိပါပေ။

ထိုနေ့က မျက်စိလှူဒါန်းခဲ့သော အမျိုးသားကြီးတစ်ဦး ရန်ကုန်ဆေးရုံကြီးတွင် သေဆုံးသွားပြီဖြစ်ကြောင်း အကြောင်းကြားချက်အရ...

www.burmeseclassic.com



မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံမှ ဆရာဝန်ကြီးနှင့် သူနာပြု ဆရာမတို့မှာ ဆေးရုံမှကားဖြင့် ချက်ချင်းသွားကြရသည်။

အကြောင်းကြားသူက သေဆုံးပြီး နှစ်နာရီအတွင်း အကြောင်းကြားပြီး ထုတ်ယူသူက ၂၄ နာရီအတွင်း ထုတ်ယူနိုင်မှသာ မျက်ကြည်လွှာ အစားထိုး ကုသမှုကို ပြုလုပ်နိုင်ပေမည်။

သေဆုံးချိန်မှ နောက် ၄၈ နာရီအတွင်း အစားထိုး ခွဲစိတ်ကုသမှု ပြုနိုင်မှသာ မျက်ကြည်လွှာရှင်သန်၍ ကြည်လင်ရန် အလားအလာ ကောင်းနိုင်မည်ဟုလည်း ဆရာဝန်ကြီးက ရှင်းပြခဲ့သည်။

မျက်လုံးထုတ်ရန် ပိုးလွတ် (Sterilized) ကိရိယာများနှင့် အဝကျယ် ရေခဲဗူးတွင် အထူးစီစဉ်ထားသော (Liquid Paraffin) ပါရှိသည့် ပုလင်းနှစ်လုံးပါ သယ်ဆောင်သွားရပါ၏။ ထုတ်ယူပြီးသော မျက်လုံးကို ဘယ်ညာရေးမှတ် စာကပ်၍ ထည့်ယူလာရန် ဖြစ်ပေသည်။

ဆေးရုံကြီးရှိ သူသေဆုံးခဲ့သော အခန်းတွင် ရှိနေသော အလောင်းကို နေရာရွှေ့၍ လှူရှင်ခွဲသည်သို့ပင်၊ ဆရာဝန်က လက်အိတ်များစွပ်၍ ပိုးသတ်ကိရိယာများဖြင့် မျက်လုံးအလှူရှင်၏ သက်မဲ့ခန္ဓာမှ မျက်လုံးကို ထုတ်ယူပြီးနောက်... အသုဘအခန်းနားတွက် အမြင်လှ စေဖို့ မျက်လုံးဟောက်ပက်နေရာတွင် ဝွမ်းများထည့်၍ မျက်လုံးကို မှိတ်ထားစေခဲ့ရသေးသည်။

မျက်စိဆေးရုံသို့ ပြန်ရောက်သည့်အခါ သုည ဒီဂရီမှ လေး ဒီဂရီ စင်တီဂရိတ်မျှသာ အပူရှိန်ရှိသော ရေခဲသေတ္တာတွင် ထည့်၍





အစားထိုးခံမည့် လူနာကို ခွဲစိတ်မှုအသင့်ခံယူရန် ပြင်ဆင်ထားရပါ တော့သည်။

မျက်လုံးတွင်းမှ ရောဂါပိုးများစွာကို သေစေနိုင်သော ဆိုဖရာမိုင်ဇင်း ကဲ့သို့ မျက်စဉ်းများကို တစ်နာရီတစ်ကြိမ် ခတ်ပေးပြီး ခွဲစိတ်ရန် အသင့်ဖြစ်ချိန်တွင် လူနာကို မေ့ဆေးပေးလိုက်ရတော့သည်။

မျက်လုံးအစားထိုး ကုသသည် ဆိုသော်လည်း မျက်လုံး တစ်လုံးလုံးကို အစားထည့်လိုက်ရခြင်း လုံးဝမဟုတ်ပါ။

အစားထိုးခံရမည့်သူ၏ မျက်စိအာရုံကြောများ ကောင်းနေမှသာ အစားထိုးပေး၍ရသည်။

မျက်မမြင်၏ သူငယ်အိမ်ဟု ခေါ်သည့် အနက်ရောင် မျက်ကြည်လွှာကိုသာ ခွဲစိတ်ထုတ်ယူ၍ လူသေ၏ မျက်ကြည်လွှာ တပ်ဆင်ပေးလိုက်ခြင်း ဖြစ်သည်။

ဤ အစားထိုးကုသမှုမှာ နှစ်မျိုးရှိလေသည်။

တစ်လွှာတည်း အစားထိုးခြင်း (Lamellar Graft) နှင့်...

မျက်ကြည်လွှာအားလုံး အစားထိုးခြင်း (Penetrating Graft) ဟူ၍ ဖြစ်ပါ၏။

ယခု ပွင့်ဝါအတွက် မျက်ကြည်လွှာအားလုံး အစားထိုးကုသခြင်းဖြင့် ကုသပါတော့မည်။

တစ်လွှာတည်း အစားထိုးမည့် လူနာအတွက် သူငယ်အိမ်ကို ကျယ်စေသော (Atropine 1%)မျက်စဉ်းခတ်ရပြီး...

ပွင့်ဝါအတွက်မူ သူငယ်အိမ်ကို ကျယ်စေသော မျက်စဉ်းဖြည့် (Pilocarpine 2 %)ကို ခတ်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသေ၏ မျက်စိသလ္လာ အကျယ်ဝန်းပေါ် မူတည်၍... ။ကြ

မှ 8.5 mm ရှိသော Corneal Trephine ဆိုသည့် လိုသလောက်အထူ ဖြတ်ယူနိုင်သော ကိရိယာထဲမှ အံဝင်မည့်အရွယ်ကို ရွေးချယ်၍ ထိုကိရိယာဖြင့် လူသေ၏ မျက်ကြည်လွှာကို ပထမ ထုတ်ယူပြီး အခြေ နေကိုလည်း မိုက်ကရိုစကုပ်ဖြင့် ကြည့်ရပါသေးသည်။ အသုံးဝင်မည် ဟု ယုံကြည်ရကာမှ ငါးမိနစ်မှ ဆယ်မိနစ်ခန့်မျှ ထိုမျက်ကြည်လွှာကို ပိုးသတ်ဆေးရည်တွင် စိမ်ထားရလေသည်။

ပြီးတော့...

ထိုအရွယ်အစားအတိုင်း ထပ်တူညီသော ကိရိယာဖြင့်ပင် လူနာ၏ မျက်လုံးမှ မျက်ကြည်လွှာကို ဖောက်ထုတ် ဖြတ်ယူပစ်လိုက်ရသည်။

ဟောင်းလောင်းပေါက် ဖြစ်သွားသော မျက်ဝန်းသူငယ်အိမ် မျက်ကြည်လွှာနေရာတွင် စောစောက လူသေ၏ မျက်ကြည်လွှာကို ထည့်ပြီး ရှားပါးလှသော သာမာန်မျက်စိဖြင့် မမြင်နိုင်သော ပိုးကြိုးဖြင့် ဂရုတစိုက် အနုစိတ် ချုပ်ရပါတော့သည်။

ဆရာဝန်ကြီး၏ မျက်ဝန်းတွင် ၁၆ ဆ ချဲ့အား မှန်ဘီလူး ချွန်ချွန်လေး နှစ်ဘက်တွဲ တပ်ထားသည့် မျက်မှန်ကို တပ်ဆင်ထားရပါသည်။

ခွဲစိတ်မှု မပြီးဆုံးမီ အမှေးပါးအောက်သို့ ဆေးထိုးပေးရပါသေးသည်။





ကမ္ဘာပေါ်မှ အတော်ဆုံးသော အပ်ချုပ်ပညာသည်တို့ လိုက်မမီနိုင်သော သေသပ်ကျနလွန်းသည့် အနုစိတ်ချုပ်ရိုးများကို ဆရာဝန်ကြီး၏လက်ဖြင့် အချက် ၂၀ မျှ ချုပ်ပေးလိုက်တော့သည်။

ပွင့်ဝါအတွက် အားလုံးသော အစားထိုးကုသမှု ပြီးဆုံးခဲ့ပါပြီ...

လူသေ၏ မျက်ကြည်လွှာနှင့် ပွင့်ဝါ၏မျက်လုံးမှ အာရုံကြောချင်း... ပေါင်းယှက်ကူးဆက်၍ ခံစားနိုင်ပါစေ၊ မျက်ကြည်လွှာ အစားထိုးမှု အောင်မြင်၍ ပြန်လည်မြင်နိုင်ပါစေဟူသော ဆုတောင်းရပါတော့သည်။

သတိမေ့နေသော ပွင့်ဝါကို Theatre ဆိုသော ခွဲစိတ်ခန်းမကြီးမှ ထုတ်ပြီး အရေးခန်းမသို့ ခေါ်ဆောင်၍ သူ့မျက်လုံးတွင်းသို့ လေ (Air Injection)အနည်းငယ် ထိုးပေးရပါသေးသည်။

ပွင့်ဝါ၏ မျက်နက်ငယ်အိမ်ကိုလည်း အပေါက်ကလေးသုံးပေါက် ဖောက်ပေးလိုက်သည်။ Tridectomy ဟုခေါ်၍ မျက်စိတွင်းရှိ အရည်ကြည်များ လည်ပတ်မှု လွယ်ကူစေရန် ဖြစ်ပါ၏။

■

"စာရေးပြီး ဗဟုသုတဖြန့်ဝေဖို့အတွက် ဆရာဝန်ကြီးက ခွင့်ပြုလို့ သမီးကိုယ်တိုင် ခွဲစိတ်ခန်းမကြီးထဲကို ဝင်ကြည့်ခဲ့တယ် ဆိုလို့သာပဲ၊ ကြားရတဲ့စကားတွေက မယုံနိုင်စရာကောင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် အံ့သြစရာပဲကွယ်၊ မျက်စိဆိုတာ အသားဆိုင်မဟုတ်လို့ ခွဲတဲ့ အခါ သွေးသိပ်ထွက်မယ် မထင်ဘူး"

"ဟာ ထွက်ပြီလား ဖေဖေရယ်၊ သွေးတွေမှ ရဲလို့၊ စီးစီးကျ လာတာ"

"ဟင်"

"အနုစိတ်ခွဲနေရတဲ့ ဆရာဝန်ကြီးဟာ ဘယ်လောက် ပင်ပန်း မလဲတော့ မသိဘူး။ ကြည့်တဲ့သမီးတော့ အသက်တောင် မရှူမိဘူး ထင်တယ်။ ပွင့်ဝါလည်း ခွဲပြီးရော သမီးလည်း မောသွားတာပဲ"

"အတွင်းတိမ် ရေတိမ်သမားတွေလည်း အများကြီး ခွဲထုတ် နေကြတာပဲ၊ တိမ်ဆိုတာရော တွေ့ခဲ့လား"

"တွေ့ခဲ့ပါတယ်... အဲဒီလိုပဲ မျက်နက်ဝန်းကို ဇွဲဝိုက်ပြီး ဓားနဲ့ ခွဲဖွင့် လှန်လိုက်တာပဲ။ ပြီးတော့ မျက်ကြည်လွှာအောက်မှာ ရှိနေတဲ့ တိမ်ကို ရေခဲအောင် အေးနေတဲ့ လေစုပ်ပိုက်ငယ်လေးနဲ့ စုပ်ဆွဲယူလိုက် ပါတယ်။ ပြီးတော့ ပြန်ချုပ်တာပေါ့၊ သူကတော့ အပေါ်တစ်ပိုင်းပဲ ဝိုက်ဝိုက်ကလေး ခွဲရချုပ်ရတယ်ဖေဖေ...တိမ်ဆိုတာ ဝက်ခြံများ ညှစ်ထုတ်လိုက်ရင် တွေ့ရသလို ဖြူဝါဝါ အဆန်မာမာလေးပါလား။ တိမ်သလ္လာခွဲထုတ်တဲ့ လူနာတွေကို အားကြီးပဲ ဖေဖေ"

"ခွဲတဲ့ဆရာဝန်က မတ်တတ်ပေါ့"

"မဟုတ်ဘူး ဖေဖေ အခြားခွဲစိတ်မှုနဲ့မှ မတူတာ၊ လူနာတင်ထား တဲ့စင်ဟာ သူ့ရင်ခေါင်းအောက်မှာရှိတယ်။ လူနာရဲ့ ခေါင်းရင်းက ခုံနဲ့ထိုင်ပြီး တစ်ချက်ကလေး အတိမ်းအစောင်းမရှိအောင် ခွဲရရှာတာ"





"ပွင့်ဝါ ပတ်တီးဘယ်တော့ ဖြေရမတဲ့လဲ"

"ခွဲပြီး ၄၈ နာရီကြာမှ ပထမဆုံး ဖြေပြီး ဆေးထည့်ရမယ်။ နှစ်ဖက်လုံး ပိတ်ထားရတာ သနားပါတယ် ဖေဖေရယ်။ တစ်ဖက် တည်း ခွဲပေမယ့် တစ်ဖက်မျက်လုံးက ကြည့်လို့ရနေလျှင် ဒီဘက်ကပါ လိုက်ပြီး စောင်းရွှေ့မှာစိုးလို့။ မငြိမ်မှာစိုးလို့တဲ့"

"အင်း"

"နောက်ဆို တစ်နေ့ ၂ ကြိမ် မျက်စဉ်းခတ်ပြီး ပရယ်(န)ဒီစလုံနဲ့ အမ်ဝီစလင်လည်း စားရမယ်တဲ့။ အစားအစာတော့ အထူးရှောင်စရာ မလိုပါဘူးတဲ့။ ဒါပေမယ့် အစာကြေလွယ်တဲ့ ကြက်သားလို အစား အစာမျိုးပဲ သမီးချက်ယူသွားမယ် ဖေဖေ"

"ကောင်းပါတယ်၊ ပြုစုတော့ သမီးရေ၊ ဘယ်လိုပဲတားဆီး ပိတ်ဆို့ထားပေမယ့် အကြောင်းတိုက်ဆိုင်လာတော့လည်း ပြန်ဆုံဆည်း ကြရတာပဲ။ အင်း... ကံကြမ္မာရဲ့ လှည့်ပတ်မှုကို ဘယ်သူမှ မတွန်းလှန် နိုင်ကြဘူးသမီး"

"ရှင်"

မိုးပွင့်ဖြူမှာ လေးနက်စွာကြည့်ရင်း ပြောနေသော ဖခင်ကြီး၏ မျက်နှာကို နားမလည်စွာ ကြည့်နေမိသည်။

"ဖေဖေလည်း ဖွင့်ပြောမလို့ပါပဲ"

"ဘာကိုလဲ ဖေဖေ"

"ဒါပေမယ့် ချက်ချင်းဆေးရုံတက်ဖို့ အကြောင်းကြုံ ဖန်လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာတွေပြောနေတာလဲဟင်"

"သိရစေမယ် သမီး။ ပွင့်ဝါဟာ တခြားလူ မဟုတ်ဘူး၊ သမီးရဲ့ ညီမလေးပဲ၊ သူဟာ မြင့်မူမူရဲ့ သမီးလေး"

"အို..."

"ကိုဥက္ကာတို့ဆီ သွားမွေးပြီး ကိုဥက္ကာတို့ကို ပေးပစ်ခဲ့တဲ့ သမီးရဲ့ ညီမလေးတစ်ဝမ်းကွဲပဲ"

"ဟာ..."

ပွင့်ဝါ၏မျက်လုံးအား ဓားနှင့် ခွဲဖောက်လိုက်သည်ကို မြင်ရစဉ်က ဒီလောက် မချောက်ချားမိ၊ ပုစ္ဆာများ ထုတ်မေးရန် များပြားစွာ ရှိပါသော်လည်း အံ့သြလွန်းစိတ်က ပိတ်ဆို့ထားနေမှန်းသိသော ဦးသက်မောင်က...

"ဖေဖေ စိတ်လျှော့လိုက်ပြီသမီး၊ ပြုစုတဲ့လက်စနဲ့ ကိုယ့်ရဲ့ ညီမလေးဆိုတဲ့ အသိစိတ်နဲ့ပဲ ပြုစုပါစေတော့ဆိုပြီး ဖွင့်ပြောလိုက်တာပါ။ သိပ်အံ့သြသွားလား သမီး"

"အို... သိပ်အံ့သြတာပေါ့၊ ဘယ်လိုက ဘယ်လို ဆက်သွယ်မိကြတာလဲ၊ ဒီကိစ္စကို သူ... ကိုလွမ်းလှိုင်ရော သိလားဟင် ဖေဖေ"

"မောင်လွမ်းလှိုင် လုံးဝမသိဘူး"

"ဒါ...ဒါဖြင့် သူ့ညီမအရင်းလို့ပဲ သူ ထင်နေတယ်လားဟင် ဖေဖေ"

"ဒါကိုတော့ သူ သိတယ်သမီး။ မွေးစား ညီမလေး ဆိုတာ သိပေမယ့် ပွင့်ဝါဟာ ဒီအိမ်ကနဲ့ ဒီခြံရဲ့ အမွေခံတစ်ဦးဆိုတာတော့





သူမသိရှာပါဘူး"

"သမီးတို့ ဖေဖေတို့နဲ့ ပတ်သက်တယ်လို့လည်း သူမသိသေးဘူး။ ကိုဥက္ကာကလည်း ပြောမသွားခဲ့ဘူးလေ"

"ဟင်... ဒါ...ဒါဖြင့် ဖေဖေက ဘယ်လိုလုပ်သိတာလဲ။ ကြုံကြုံဖန်ဖန် ပြန်တွေ့ရတယ်နော်"

"ပြန်တွေ့ရတဲ့ပုံစံက သိပ်တော့ အံ့သြစရာမကောင်းလှပါဘူး။ မတော်တဆ ကြုံဆုံတိုက်ဆိုင်လို့ တွေ့ကြရတာမှ မဟုတ်ဘဲ၊ ဖေဖေကိုယ်တိုင် သွားရှာရာက တွေ့လာခဲ့တာပဲလေ"

"ဖေဖေက ပွင့်ဝါကို သွားရှာတယ် ဟုတ်လား"

"ပွင့်ဝါကိုရှာတာ ဘယ်ဟုတ်ပါ့မလဲ၊ မြင့်မူမူရဲ့မျိုးဆက်အသက်ရှင်လျက် ရှိနေမယ်လို့တောင် ဖေဖေ မတွေးမိခဲ့ဘူးလေ၊ ဖေဖေရှာတာ ဦးဥက္ကာကိုပဲလေ သမီးရဲ့"

"ဖေဖေက အဘကို ဘာဖြစ်လို့ ရှာရတာလဲဟင်"

"သြော်... ငါ့သမီးတော့ ခက်နေပါပြီ"

"ဘာကိုလဲ ဖေဖေ"

"သမီးပဲ သီချင်းကြီး ဆိုချင်တီးချင်လို့ စောင်းသင်ပါရစေဆိုတာနဲ့ ဦးဥက္ကာလည်း ရန်ကုန်ရောက်နေတယ်။ စောင်းပညာနဲ့ အသက်မွေးတယ်။ အနုပညာဦးစီးဌာနမှာလုပ်တယ်။ အခု ပင်စင်ယူသွားပြီဆိုတဲ့သတင်းစကားအရ ဦးဥက္ကာကို ဖေဖေ လိုက်ရှာရင်းခုလိုပြန်ပြီး ဆက်သွယ်မိ ဖြစ်လာတာလေ"

"သမီးကို အစဆုံးတော့ ပြောပြပါဦး ဖေဖေရယ်"

www.burmeseclassic.com



"ဦးဥက္ကာဟာ သိပ္ပံပြီး တည်ကြည်ရိုးသားတဲ့ ယောကျာ်း၊ ဖေဖေသူ့ကို သိပ်ခင်တယ်။ စောင်းပညာလည်းတော်လို့ သမီးကို သင်ပေးဖို့ခေါ်မယ်။ ဖေဖေလည်း တွေ့ချင်တာနဲ့ တမင်လိုက်ရှာရာက ခုလိုပတ်သက်ဆုံဆည်းဖို့ ဖြစ်လာရတာပါ။ ဖေဖေသာမရှာရင် သူ့အသက်ထက်ဆုံး ဖေဖေတို့ဆီကို မလာဘဲ လမ်းဖြတ်ထားမှာ ပါကွယ်"

"ဘာဖြစ်လို့ လမ်းဖြတ်ထားမှာလဲ။ ဟိုတုန်းကလူတွေလည်း သေဆုံးကုန်ကြပြီပဲ"

"သြော်... သမီးရယ်... ပွင့်ဝါဟာ ဒီခြံကြီးပိုင်ရှင် ဦးမောင်မောင် မြင့်-ဒေါ်ခင်ခင်ကြီးတို့ရဲ့ မြေးအရင်း။ သမီးသက်ဆိုင်သလို သူလည်း ဒီခြံရဲ့ အမွေဆိုင်ပဲလေ့။ ဒါကြောင့် ဒီကလေးကို အကြောင်းပြုပြီး အမွေတောင်းချင်တယ် ထင်မှာစိုးလို့ တမင် လမ်းစဖြတ်ထားတာပါတဲ့"

"သြော်... အဘရယ်"

"ဇာတ်အစက ပြောရရင်တော့ မြင့်မူမူကို လက်ထပ်တဲ့သူဟာ သူနဲ့ မပေါင်းချင်တာလည်း အကြောင်းတစ်ချက်ပါတဲ့အတွက် နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတာ မြင့်မူမူ မသိလိုက်ဘူးလေ။ နောက် ကိုယ်ဝန်ရလာတော့မှ သမီးရဲ့ဘွားဘွားက ဒီအိမ်က ပြန်ပြေး သွားရှာတဲ့ သူတော်ကောင်းကြီး ကိုဥက္ကာတို့ဆီ လိုက်သွားပြီး ကလေး ကို မွေးဖွားစေခဲ့တယ်"

"ဒါပေမယ့် မြင့်မူမူဟာ သိပ်ဆိုးတော့ ကိုယ်ဝန် ပျက်ကျအောင် မြန်မာအပူဆေးတွေစား၊ အုတ်ကို မီးဖုတ်ပြီး ဗိုက်မှာ ကပ်သတဲ့ကွယ်။





ဒါပေမယ့် သူမျှော်လင့်သလို ကလေးဟာ ပျက်မကျဘဲ မွေးဖွားလာတဲ့ အခါမှာ ခုလို မျက်စိပျက်နေတဲ့ ဒုက္ခိတမလေး ဖြစ်လာခဲ့ရတာပေါ့"

"ဒီလိုဆို ပွင့်ဝါဟာ 'သနားစရာပါလား၊' ဆက်ပြောပါဦး ဖေဖေ"

"မြင့်မူမူစိတ်ထဲမှာ သူ့ကို တောပို့ပြီး ကလေးကို တိတ်တဆိတ် မွေးခိုင်းတာ သိပ် စိတ်နာနေတယ်လေ၊ ပြီးတော့ မွေးလာတဲ့ ကလေး ကလည်း မျက်စိပျက်နေတော့ သူ သိပ်စိတ်ပျက်သွားတယ်တဲ့။ မြင့်မူမူ ဟာ ခပ်မိုက်မိုက်၊ ခပ်ရှုပ်ရှုပ်ပဲ။ သမီးမေမေလို တည်ငြိမ်မှု လုံးဝမရှိဘူး။ အသက်ကလည်း ငယ်သေးတော့ ရင်သွေးကိုလည်း ချစ်ရကောင်းမှန်း မသိဘူး။ အိမ်ကို စိတ်နာတာရယ်၊ မျက်စိမကောင်းတဲ့ သမီးလေးရဲ့ တာဝန်ကို မယူချင်တာရယ်ကြောင့်...

"သူတို့အိမ်မှာ အမွေးမခံချင်တဲ့ ကလေးကို သူတို့ဆီ ပို့ပေး လိုက်ကြစမ်းပါ။ ဒါမှ ဒီမျက်မမြင်မလေးရဲ့ ဒုက္ခကို သူတို့ လှလှကြီး ခံကြရမှာ၊ ပြီးတော့ သူတို့မြေးကြီးကို ပေးခဲ့တဲ့ နာမည်မျိုးပဲ ပေးခဲ့မယ်၊

"ဟိုက မိုးပွင့်ဖြူ မဟုတ်လား။ ဒီက နွေပွင့်ဝါလို့ နာမည်ပေးခဲ့ မယ်တဲ့"

"နွေပွင့်ဝါ"

"ဟုတ်တယ်။ ခုတော့ ပွင့်ဝါပဲ ခေါ်ကြတယ်တဲ့...။ မြင့်မူမူ လည်း အဲဒီ နာမည်လေးတစ်လုံးပဲ သူ့သမီးလေးအတွက် ထားခဲ့ပြီး သူတို့ဆီက ထွက်ခွာသွားလိုက်တာ ဒီနေ့ထက်ထိ ပျောက်ဆုံးနေတာပါပဲ တဲ့သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပွင့်ဝါ ငယ်ငယ်က လာပို့ကြတယ်လား...ဖေဖေ"

"တစ်ခါမှ ရောက်မလာကြပါဘူးကွယ်"

"ဟင်..."

"ကိုဉက္ကာတို့ လင်မယားနှစ်ယောက်ဟာ နောက်လည်း ကလေးမရကြတော့ဘူးဆိုတာနဲ့ ဒီကလေးကို သနားပြီး သိပ်ချစ်သွားကြတယ်တဲ့။ လင့်မယားချင်းလည်း တိုင်ပင်ကြတယ်ဆိုပဲ...

"ဟိုအိမ်ကြီးက လူတွေကိုလည်း သွားပြီး ဒုက္ခမပေးလိုတော့ပါဘူး။ တို့နဲ့ထိုက်လို့ တို့ဆီရောက်လာတဲ့သမီးလေး၊ တို့ပဲ မွေးကြရအောင်ပါကွယ်။ ဒေါ်ခင်ခင်ကြီး လိုက်လာရင်သာ ကလေးသေဆုံးပြီ။ မြင့်မူမူလည်း အပြီးထွက်သွားပြီလို့ ပြောကြမယ်။ လမ်းစ ဖြတ်လိုက်ကြရအောင် ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ပွင့်ဝါကို ဂရုတစိုက် မွေးဖွားလာခဲ့ကြပါတယ်တဲ့။ ဒါပေမယ့်... ပွင့်ဝါက တယ်ဆိုးတာပဲဆိုပဲ"

"အဘတို့ဟာ သနားစရာပဲနော် ဖေဖေ"

"အင်း... တချို့လူတွေဟာ ဆင်းရဲတိုင်းလည်း လောဘမရှိဘူး၊ ချမ်းသာတိုင်းလည်း မရောင့်ရဲနိုင်ကြဘူးလေကွယ်"

"ဩော်... သမီး စဉ်းစားမိပြီ။ ဒီကိစ္စကို သမီး မသိပါစေနဲ့လို့ ဖေဖေနဲ့ အဘနဲ့ ဆွေးနွေးနေကြတာ ကြားမိတယ်။ အဲဒီအကြောင်း ပြေနေကြတာ မဟုတ်လား ဖေဖေ"

"ဟုတ်တယ် သမီး"

"ဘာပဲဖြစ်ဖြစ်၊ ပွင့်ဝါဟာ သနားစရာ ကောင်းပါတယ် ဖေဖေရယ်"





"သမီး..."

"ဟုတ်ကဲ့... ဖေဖေ"

"ဖေဖေ့ကို ခွင့်လွှတ်ပေတော့။ သမီးအတွက် အချစ်ကြီးလွန်းတဲ့ ဖခင်တစ်ယောက်အဖြစ်နဲ့ သမီးဖေဖေ့ကို နားလည်ပါကွယ်"

"ဘာကိုလဲ ဖေဖေရယ်"

"တစ်ခါက ဖေဖေပြောဖူးတယ် မဟုတ်လား။ မြင့်မူမူ လာရှုပ်မှာစိုးလို့ ဒီခြံကို ရောင်းပစ်ချင်တယ်ဆိုတာလေ"

"ဟုတ်ကဲ့... သမီးမှတ်မိပါတယ်"

"အဲဒါ မြင့်မူမူကြောင့် မဟုတ်ဘူး။ ပွင့်ဝါကြောင့်ပဲ"

"ဟင်..."

"ကိုဉက္ကာ သေဆုံးပြီးနောက် မောင်လွမ်းလှိုင်နဲ့ သမီးနဲ့က သိပ်ရင်းနှီးလာကြတယ်လေ။ တစ်နေ့နေ့မှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဖေဖေ ကြိုမှန်းမိလို့ ပြောခဲ့မိတာပါ။ မြင့်မူမူဟာ သေဆုံးခဲ့ပါပြီ"

"အို..."

"ဖေဖေလည်း အသက်ကြီးပြီပဲကွယ်၊ သမီးမေမေဘက်က ရရှိတဲ့အမွေကို သမီးညီမအတွက် သမီးဘာသာပဲ ဆုံးဖြတ်တော့၊ ဖေဖေ ရှာဖွေခဲ့တဲ့ မြို့ထဲက တိုက်ခန်းနဲ့ ပုံနှိပ်စက်ရယ် အလင်္ကာ စာပေရယ်သာ သမီးတစ်ဦးတည်းပိုင် ဖြစ်ပါတယ်"

"ဖေဖေရဲ့ စေတနာကို သမီး အားလုံး သဘောပေါက်နားလည်ပါတယ်ဖေဖေ"

"သမီးကို ဖေဖေ ကျေးဇူးတင်ပါတယ်။ ဖေဖေ့စိတ်မှာ လောဘစိတ် ဖြစ်ထွန်းလာမိရင်လည်း အဲဒါ ဖေဖေ့အတွက်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သမီးလေးအတွက်ပါပဲဆိုတာ ဆက်နားလည်လိုက်ပါနော်”

“ဖေဖေရယ်”

“လူသားတွေအတွက် ဉာဏ်နဲ့ ဝီရိယဟာ ထောက်ကူဖေးမနိုင်ရုံပဲသမီး။ ကံကြမ္မာကိုတော့ ဘယ်လူသားမှ တွန်းလှန်ဖြိုဖျက်နိုင်ခြင်း မရှိကြပါဘူးလေ…

“ကဲ…ကဲ… သမီးရဲ့ညီမလေး ပွင့်ဝါဆီသွားဖို့ ပြင်ဆင်တော့။ ဖေဖေလည်း နားလိုက်ဦးမယ်”

■ ■ ■



## အခန်း ။တစ်ဆယ့်ခုနစ်။

ကြည့်လေရာရာတိုင်း မှိုင်းညိုရီဝေနေပေသည်။

ညနေနှောင်း နေအိုကို တွေ့ခွင့်ရရှိတော့မည် မဟုတ်ပါ။ မိုးရိပ် မိုးမှုန် မိုးငွေ့တို့သည် ဆည်းဆာ၏ တောက်ပမှုဘဝကို ကွယ်စေ ဖျက်ချေလိုက်သည်။

အမှောင်ကာလသို့ ရောက်ရှိချိန် မဟုတ်သေးပါပဲနှင့် အလင်းသည် ကွယ်လုနေလေပြီ…

စောစောဆီက အားပါးတရ ရွာချထားသော မိုးရေတို့သည် လမ်းမပေါ်တွင် စိမ့်အိုင်နေဆဲ။

အဆောက်အအုံတို့ပေါ်တွင် ရှိနေဆဲ။

ပင်စည်အကိုင်းခက်နှင့် ရွက်သစ်များပေါ်တွင် မိုးသီးမိုးဥတို့က စုတွဲခိုသီဆဲ…

“မိုးများ ထပ်ရွာဦးမလား မသိဘူးနော်”

“အင်းလေ… ကားကလည်း ရပ်မရနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကိုလွမ်းလှိုင်သည် ဆန္ဒစောစွာဖြင့် ဝန်းကျင်အနှံ့ လည်ဆန့်မျှော်နေပါ၏။

လူလွတ်သော တက္ကစီကားတစ်စီးမှ မတွေ့ရ။ သူတို့ နှစ်ယောက်သည် စစ်ရုံးကြီးကို နောက်ခံပြုလျက် မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံ၏ တံခါးထိပ်တွင် ရပ်နေသည်မှာ ကြာလှပြီ…

၆ နာရီ ထိုးတော့မည်။

ဆေးရုံ၏ ညှော်ချိန်ကုန်ပြီမို့ ဝင်လာသောကား မရှိတော့…

"တစ်ချိန်လုံး ရပ်နေရတာ ပင်ပန်းလှရောမယ်၊ ကားကလည်း မရနဲ့… ဒုက္ခပါပဲဗျာ"

ညည်းတွားသူ၏ ရင်တွင်းမှာ ပိုမို၍ ဒုက္ခဖြစ်နေရကြောင်း မြင်ရုံနှင့်ပင် သိနေနိုင်ပါ၏။

"ကိစ္စမရှိပါဘူး… ဒီက ကားပျက်တာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ"

"နောက်ကျနေရင် အိမ်က စိတ်ပူနေမလားဟင်"

"ရပါတယ်"

စောစောဆီကလည်း သူ့ညီမလေး အန်နေသည့်အတွက် မျက်စိပျက် မျက်နှာပျက်နှင့် ဖေးမ ဂရုစိုက်ခဲ့သည့် ကိုလွမ်းလှိုင်…

လူနာကို သူကိုယ်တိုင် လိဖ္ဖ်ဘာလီ ဖျော်တိုက်ပြီး၊ အားလုံး အဆင်ပြေမှ ပြန်ထွက်လာပြန်တော့လည်း မိုးပွင့်ဖြူ သုံးဘီးကား ရပ်စောင့်နေရသဖြင့် သူစိတ်ပူပန်နေပြန်သည်။

နေ့လယ်ကမှ ကားက ဂီယာညပ်ရင်း လုံးဝ ဂီယာထိုးမရသဖြင့် ဝပ်ရှော့ဆရာ ခေါ်ပြတော့ ဂီယာဘောက်(စ်)ချရမည်ဆိုပြီး ဝပ်ရှော့ ပို့လိုက်ရသည်။ ဒီည သိပ်ရမည်။





မိုးပွင့်ဖြူ၏ သူငယ်ချင်းတစ်ယောက် ကားကို အကူညီ တောင်း၍ လာခဲ့သည်။ အပြန်တွင် တက္ကစီနှင့် အဆင်ပြေမည် ထင်ခဲ့ပါသော်လည်း…

ပွင့်ဝါ အန်နေသဖြင့် ပြုစုရင်းဖြင့် ညှော်ချိန်လွန်သွားရာမှ ကား မရတော့ခြင်းပါ။

မိုးပွင့်ဖြူတို့ပြန်ချိန်တွင် ပွင့်ဝါ ပြန်လည် အိပ်ပျော်သွားလေပြီ။ သူ့အတွက် သီးသန့် သူနာပြု ဆရာမလေးကလည်း ကျွမ်းကျင်နားလည်စွာ စေတနာပါပုံရပါ၏။

"ဟင်… ကိုလွမ်းလှိုင် ပြေးလိုက်သွားပြီ"

အရေးပေါ် ကလေးလူနာတစ်ယောက်ကိုပွေ့၍ ဝင်လာသော သုံးဘီးကားနောက်မှ ပြေးလိုက်ပြီး ငှားရမ်းလာခဲ့တော့သည်။

သုံးဘီးကားသည် ဆေးရုံတံခါးဂိတ်မှ ခုံးနေသော ကွန်ကရိလမ်းကို ခဲယဉ်းပင်ပန်းစွာ ကျော်တက်လိုက်ပါ၏။

"လာ…လာ…တက် မမိုးပွင့်။ ကားကတော့ ရေစိုနေတယ်ကွယ်"

"အို…အို… နေပါစေ"

ယောင်ယမ်းပြီး သူ့လက်ကို လှမ်းဆွဲလိုက်မိပြီးမှ လွှတ်လိုက်ရသည်။ ကားကလည်း ကားကြီးများကြားမှ ဖြတ်ထွက်ဆဲမို့ ယိမ်းယိမ်းယိုင်ယိုင်ပါ။

"ဒီရှေ့ဘက် တိုးထိုင်လေ"

မိုးပွင့်ဖြူ ထိုင်ရန်အတွက် လက်ကိုင်ပဝါ အသစ်ဖြင့် သုံးဘီး ထိုင်ခုံ ကြမ်းပြင်ကို သုတ်ပေးသော ကိုလွမ်းလှိုင်…



www.burmeseclassic.com

www.burmeseclassic.com



"သုံးဘီးကား စီးဖူးရဲ့လားဟင်"

"အမယ်လေး... စီးဖူးပါတယ်၊ ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး"

"သြော်... ကျွန်တော်တို့ မောင်နှမကြောင့် တစ်ထစ်ပြီးတစ်ထစ် နိမ့်ဆင်းပေးနေရတာကို သိပ် သနားတာပဲ"

နှစ်ယောက်လုံး ရေစိုလွတ်ရာ သုံးဘီးဦးသို့ ကပ်ထားပါ၍ မျက်နှာချင်းဆိုင် အနေနီးလှသည်။ တောက်ရှန်း လွန်းသော သူ့အကြင်နာမျက်ဝန်းမှ အကြည့်ကို လွှဲလိုက်ရပါ၏။

"ကျွန်တော့် ညီမလေးကိစ္စကို အသေးစိတ် ကူညီရှာတဲ့ မမိုးပွင့်ရယ်"

"ကျွန်တော့်ညီမလေးတဲ့လား ကိုလွှမ်းလှိုင်"

"ခင်ဗျာ"

ဟန်ဆောင်ခြင်းကင်းစွာ နားမလည်နိုင်ခြင်းဖြင့်သော သူ့မျက်နှာကို တည်ဆောက်ထားသည်။

မိုးပွင့်ဖြူက သူ့ကိုကြည့်ပြီး အဓိပ္ပါယ်ကျယ်ဝန်းစွာ ပြုံးမိသည်။ မထိမဲ့မြင်အပြုံးများ 'ဟုတ်ရဲ့လားရှင်' ဆိုသော အမေးမျက်ဝန်းများ...

နားလည်လိုခြင်း ဆန္ဒများဖြင့် နားမလည်နိုင်စွာ ကြည့်နေရာက...

"မမိုးပွင့် ဘာပြောလိုက်တာဟင်"

"ဒီက ပြောတာ သူ ကြားပါတယ်လေ၊ ဒီအကြောင်းတွေ အခု မပြောချင်သေးဘူး၊ အေးအေးဆေးဆေးမှ ပြောမယ်"





ကိုလွှမ်းလှိုင်၏ မျက်နှာမှာ မေ့မြောသွားခါနီး လူတစ်ယောက်လို ဖြူဖျော့သွားသည်။

အဆမတန် အံ့သြလွန်းသော အသွင်ဖြင့် မိုးပွင့်ဖြူသို့ ကြာမြင့်စွာ ကြောင်ငေးကြည့်နေပြီးမှ...

"ကျွန်တော်ဟာ ပွင့်ဝါပေါ်မှာ ညီမလေးတစ်ယောက်ထက် လွန်ကဲတဲ့စိတ် ရှိခဲ့မိရင် ဘဝဆက်တိုင်းမှာ..."

"ဟာ..."

"လူဆင်းရဲပေမယ့် ဒီလိုယုတ်မာတဲ့စိတ်မျိုး မရှိပါဘူးဗျာ... ကျွန်တော် သိပ်ဝမ်းနည်းတယ်"

"အို... ကိုလွှမ်းလှိုင်"

ပေါင်ပေါ်မှ သူ့လက်နှစ်ဖက်ကို ပွတ်ယုက်ပြီး ကားနောက်ပိုင်းသို့သာ ကြည့်လာသည်။ မျက်ရည်ဝဲလျက် အံခဲလျက်ပါ။

"ဘာတွေ ပြောနေတာလဲ၊ ဘယ်လိုယူဆလိုက်တာလဲရှင်... မိုးပွင့်မှာရော ဒီလောက်ယုတ်ညံ့ အောက်တန်းကျလွန်းတဲ့ အတွေးခေါ်မျိုး ရှိမတဲ့လား၊ စဉ်းစားပါဦး..."

သူက လှည့်၍သာ ကြည့်သည်။ ဘာမှ ပြန်မပြော။

"ပွင့်ဝါဟာ သူ့ရဲ့ညီမအရင်း မဟုတ်မှန်း သူသိသလို ဒီကလည်း သိတယ်လေ"

"အဖေ... ပြောခဲ့တာလား..."

"ဘယ်ဟုတ်မလဲ၊ ဒီက အဖေက ပြောပြတာ"

"အို... ဘာပဲဖြစ်ဖြစ်ဗျာ... ကျွန်တော့်ကို... အာ... တော်ပါတော့ မိုးပွင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုလွှမ်းလှိုင်... ဘယ်တော်နိုင်ပါမလဲရှင်... ဆုံး ခင် တော့ ပြောရဦးမှာပေါ့၊ 'ကျွန်တော့်ညီမလေးတဲ့လား' ဆိုတဲ့ စကားနဲ့ လှောင်လိုက်မိတာ အမှန်ပဲ၊ တမင် လှောင်လိုက်တာ ကိုလွှမ်းလှိုင်၊ ဘာဖြစ်လို့လဲဆိုတော့ ပွင့်ဝါဟာ သူ့ညီမလေး မဟုတ်ဘဲ၊ ဒီက ညီမလေး ဖြစ်နေလို့ရှင့်"

"ဘာပြောတယ်"

"ပွင့်ဝါကို သူတို့ မွေးစားခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အဲဒါ ဒီက အဒေါ်အရင်းရဲ့သမီး၊ ဒီက ပွင့်ဖြူရဲ့ တစ်ဝမ်းတည်းကွဲတဲ့ ညီမလေး 'နွေပွင့်ဝါ' ပါတဲ့ရှင်..."

"ဟာ... ဟုတ်လို့လား မမိုးပွင့်ရယ်... လောကကြီးမှာ ဒီလောက်ပဲ တိုက်ဆိုင်ရသလား၊ ဒီလူစုတွေမှပဲ လာပြီး ဆုံဆည်းဖြစ်ရသလားဗျာ..."

"အခုမှ တွေ့ဆုံကြသူချင်းမှာ ခုလို ပြန်ဆုံဆည်းရတယ် ဆိုရင်တော့၊ လွန်ကဲတဲ့ တိုက်ဆိုင်မှုလို့ မှတ်ယူချင် မှတ်ယူပါ။ အခုကိစ္စက မိုးပွင့်တို့ သူတို့လူ့လောကကို ရောက်မလာကြခင်တည်းက ဖေဖေနဲ့ အဘတို့က ယှက်နွယ်ဆက်စပ်ခဲ့ကြပြီးသားလေ၊ ကိုလွှမ်းလှိုင်..."

"ပြောပါ မမိုးပွင့်၊ ခံစားမှု လွန်ကဲရလွန်းလို့ ကျွန်တော့်ရင်တွေ သိပ်ခုန်နေပါတယ်ဗျာ"

"ဆက်ပြောမယ် ကိုလွှမ်းလှိုင်၊ ဒီလိုဆက်သွယ်နေသူချင်းရှိလည်း အဘပြန်သွားတဲ့ရွာကို ဒီကဘွားဘွားရယ်၊ အန်တီရယ်က လိုက်





သွားပြီး၊ ပွင့်ဝါကို မွေးခဲ့၊ ပေးခဲ့တာပေါ့၊ ပြီးတော့ နှစ်များစွာ အဆက်သွယ်ပြတ်နေရာက ဒီက စောင်းရောဂါပိုး ဝင်လာတာနဲ့။ ကုသဖို့ အဘကို ဖေဖေကိုယ်တိုင် လိုက်ရှာရာက ခုလို ပတ်သက်လာရတာပါ"

"အဖေဟာ ကျွန်တော့်ကို ဘာမှ ပြောမသွားခဲ့ပါလားဗျာ"

"အဲဒီလိုမဲ၊ ဒီကိုလည်း ဘာမှ ပြောမသွားပါဘူးရှင်။ သူ့မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိနေကြောင်းတောင် မသိခဲ့ရပါဘူး။ ဒီမှာ ကိုလွှမ်းလှိုင်ရယ်"

"ခင်ဗျာ"

"ကိုလွှမ်းလှိုင် ပေါ်မှာ ကိုလွှမ်းလှိုင် ထင်သွားသလို ဒီက ယူဆနေမိရင်၊ ဒီလိုလူကို မိုးပွင့်ရဲရဲတင်းတင်း ရင်းရင်းနှီးနှီး ဆက်ဆံပါတော့မလား ဆိုတာလည်း တွေးစမ်းပါဦးရှင်..."

ပျောက်ဆုံးသွားသောအပြုံးသည် ကိုလွှမ်းလှိုင်၏ မျက်နှာပြင်ပေါ်မှာ အင်အားသစ်များဖြင့် ပြန်လည်၍ ထင်ရှားလာခဲ့ပြီ။

"ကျွန်တော့်ညီမလေးတဲ့လားဆိုတာ... သူ့ညီမလေးဖြင့် မဟုတ်ဘဲနဲ့၊ ဒီက ညီမလေးပါဆိုတဲ့၊ အဓိပ္ပာယ်ပါ ကိုလွှမ်းလှိုင်ရယ်။ စကားပြောလောသွားမိတဲ့အတွက် ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်"

"အာ... မလိုပါဘူးဗျာ၊ စောစောက သေချင့်လောက်အောင် စိတ်ဆင်းရဲခဲ့ရသလောက် ခုတော့ အနှစ်တစ်ရာ့နှစ်ဆယ် လူ့ပြည်မှာ နေချင်လောက်အောင် ဝမ်းသာသွားရပါပြီ..."

ရှင်ကြည်သော နှလုံးသားများဆီမှ ပြိုင်တူ ဖြစ်ထွန်းလာသော ရယ်သံလွင်လွင်များ...



www.burmeseclassic.com

www.burmeseclassic.com



သုံးဘီးကားသည် ငယ်သံပါအောင် အော်မြည်လျက် ကမ္ဘာအေးစေတီလမ်းမှ ဘိုးဘွားရိပ်သာကို ကျော်လွန်လာခဲ့ပါပြီ။

"ကျွန်တော့် ညီမလေး၊ အာ... ပြောမိပြန်ပါပြီ"

"ပြောမှာ ပြောစမ်းပါ။ အနှစ်နှစ်ဆယ်နီးပါး သူ့လက်ပေါ်မှာ ကြီးခဲ့တဲ့ ညီမပဲဟာ"

"အဲ... ပွင့်ဝါလေးသာ သိလျှင် ဘယ်လောက်များ ဝမ်းသာရှာမလဲ။ ဒါပေမယ့်... မမိုးပွင့် သည်းညည်းတော့ ခံရမှာပါ။ ပွင့်ဝါက သိပ်ဆိုးတယ်"

"ဆိုးစမ်းပါစေ၊ တစ်ယောက်တည်း သွေ့ခြောက်လွန်းတဲ့ ဘဝမှာ ညီမတစ်ယောက် ရောက်လာပြီး ဆိုးနွဲ့ အနိုင်ယူတာကို အလိုလိုက်နေရတာ ပျော်နေမိမှာပါ ကိုလွမ်းလှိုင်ရယ်၊ သူလည်း ဒီကနဲ့နေရရင် ပျော်နေမှာပါ"

"ပွင့်ဝါကို ခေါ်ထားမလို့လား"

"ဒါပေါ့"

ကိုလွမ်းလှိုင် ငြိမ်သွားသည်။

"ဘာလဲ... ပြန်မပေးချင်ဘူးလား"

"အဖေနဲ့ အမေသာ ရှိနေရင် ပြန်မပေးမှာ သေချာပါတယ်။ ခုတော့ ကျွန်တော့်အနေနဲ့ လုပ်သင့်တာ လုပ်ရမှာပေါ့ မမိုးပွင့်ရယ်...၊ သံယောဇဉ်သမား ကျွန်တော်သာ ညီမလေးအတွက် လွမ်းဆွတ်ရပါစေ၊ ပွင့်ဝါလေး ကောင်းမွန်ဆုံးဘဝ ရောက်သွားရမှာကို ကျွန်တော် ဝမ်းသာပါမယ်"





"ကြိုက်သွားပြီ ဒီစကားလုံးကို၊ သံယောဇဉ်သမား ကျွန်တော်တဲ့"

"အကယ်ပါပဲ မမိုးပွင့်၊ ကျွန်တော့် နှလုံးသားဟာ သံယောဇဉ်ကြိုးများစွာနဲ့ ရစ်ဖွဲ့နှောင်တွဲထားနေဆဲပါ"

"ပွင့်ဝါ အတွက်လား"

"သူ့အတွက်က ငါးရာနှစ်ဆယ့်ရှစ်ကြိုးသာ ရှိပါလိမ့်မယ်။ တခြားတစ်ယောက်အတွက်ကတော့ ဘယ်သိပ္ပံပညာရှင်၊ ဘယ်တန်ခိုးတော်ရှင်မှ ရေတွက်လို့မရနိုင်အောင် များပြားတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ကျွန်တော့်နှလုံးသားကို ချည်နှောင်ထားပါတယ်"

မိုးပွင့်ဖြူ ကြည့်လိုက်တော့ သူ့နှလုံးသားတံခါး မျက်ဝန်းနှစ်ပွင့် ပွင့်နေသည်။

အကြည့်ကို လွှဲလိုက်ရသည်။

မိုးပွင့်ဖြူ ငြိမ်နေသော်လည်း သူ့ဘာမှဆက်၍ မပြောတော့။

ဟာမစ်တစ်ထိပ်လွန်ပြီး ဂွတ္တလစ်မီးပွိုင့်မှာ ရပ်နေသောကားသည် မီးစိမ်းသည်နှင့် ဆောင့်ထွက်သွားပါ၏။ စက်သံက မမှန်။ ဂွတ္တလစ်လမ်းမပေါ်ဟာမစ်တစ်ချောက်ထိပ် အလွန်တွင်...

"ကားကတော့ ဂျိဂျောင် လုပ်လာပြီ ဆရာရေ့"

သုံးဘီးဆရာက ဂီယာဘုကိုကိုင်ရင်း နောက်သို့ လှည့်ပြောပါ၏။ လူလမ်းလျှောက်နှန်းလောက်ပင် မသွားချင်တော့။

"မိုးပွားတွေလည်း ကျနေတယ်။ လုပ်ပါဦးဗျာ...သိပ်လည်း မဝေးတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး ဆရာရေ၊ ကာဘရိုက်တာထဲ ရောဝင်သွားပြီ။ ဆရာတို့အတွက် ဝမ်းနည်းပါတယ်ဗျာ...။ ကျွန်တော့်အတွက်လည်း ပိုဝမ်းနည်းပါတယ်"

"ဟင်..."

"ညဆိုင်းဆရာရဲ့ ခုမှ စထွက်လာတာ။ ဒီနေ့ စောစောလေး ဆွဲရလို့ ဝမ်းသာနေတာ။ သွားပါပြီ။ ဒီတစ်ညတော့ ဘဝပျက်ပြီ။ အုံနာခ နှစ်ဆယ့်ငါးကျပ်တော့ အိတ်စိုက်ပဲ"

သုံးဘီးဆရာ၏ ညည်းသံကို ကျောခိုင်းခဲ့ရပါပြီ။

လူသားအားလုံးတို့သည် ကျင်လည်ရာဘဝမှာ အခက်ခဲ မျိုးစုံနှင့်ပါလား။

"ထီးပြန်ယူလေ၊ သူ့မိုးတွေစိုကုန်ပြီ"

"ကျွန်တော်တို့က မိုးထဲ နေထဲ သွားနေကျပါ"

ကိုလွမ်းလှိုင်၏ ထီးကို မိုးပွင့်ဖြူသို့ ပေးဆောင်းထားသည်။ မိုးပွင့်ဖြူတို့လို ပေါ်တီကိုအောက် ကားရပ်ပြီး ကားစီးနိုင်သူတို့အဖို့ ထီးဆိုသည်မှာ လိုအပ်သော အရာမဟုတ်။ ကိုင်ဆောင်နေကျ မဟုတ်ပါ။

ယနေ့လည်း အသွား သူငယ်ချင်းကားကလိုက်ပို့၍ ထီးယူရ ကောင်းမှန်းပင် မသိခဲ့။

မိုးဖွဲဖွဲလေးများကြားတွင် ကိုလွမ်းလှိုင်သည် မိုးပွင့်ဖြူဘေးမှ သည်အတိုင်း လျှောက်လိုက်လာနေပါ၏။

သူ ခိုလှုံချင်မလားမသိ။ မိုးပွင့်ဖြူကလည်း ထီးလေးတစ်ချောင်း တည်း နှစ်ယောက်တွဲဆောင်းရန် မဖိတ်ခေါ်ရဲ။





လမ်းမကြီးအတိုင်းလာပြီး ကုက္ကိုင်းရေကူးကန်ရှိရာ ဗွတ္တလစ် လမ်း လက်ယာဘက်သို့ ချိုးကွေ့လျှောက်လာချိန်တွင်...

"ဟာ... မိုးတွေရွာလာပြီ"

သေးမှုန်သော မိုးစက်များနောက်သို့ မိုးပွင့်ကြီးများ ပြေးလိုက် ခုန်ဆင်းလာကြသည်။

"ဟာ... မိုးတွေရွဲကုန်ပြီ။ လာ... လာလေ ကိုလွမ်းလှိုင်"

ထီးကို မြှောက်ကမ်း၍ တခြမ်းစာ နေရာပေးရင်း ဖိတ်ခေါ် မိပါပြီ။

"ဟင့်အင်း... နေပါစေ... နေပါစေ... မမိုးပွင့်သာ လုံအောင် ဆောင်းပါ"

ပြောရင်း ခေါင်းငုံ့၍ပြေးသည်။ စိန်ပန်းရိပ်လွန်၍ ကုက္ကိုပင်ကြီး အောက် ရောက်လေမှ သူရပ်စောင့်သည်။

ဖြစ်နိုင်ပါလျှင် မိုးပွင့်ဖြူသည် ဤမိုးစက်များနှင့်အတူ သူနှင့် ဝေးလံလွန်းသော ကျောခိုင်းရာအရပ်သို့ ပြေးထွက်သွားချင်မိသည်။

"ကြည့်စမ်းပါဦး။ ငါကတောင် အရှက်မဲ့စိတ်နဲ့ ခေါ်ပါလျက်နဲ့၊ အို...ဒီလူဟာ သိပ်ပြီး သိုဝှက်နိုင်တဲ့လူ။ သူ့ကိုယ်သူ မင်္ဂလာယူလိုက် ပေမယ့် ဒီက မိန်းမသားမှာ ဘယ်လောက် နိမ့်ကျ အရှက်ရသွားမယ် ဆိုတာ မစာနာတဲ့လူ"

သူရပ်နေရာသို့ ဆက်လျှောက်သွားသည်။ မိုးလေပြင်းသည် မိုးပွင့်ဖြူ၏ နှလုံးသားကို ဝင်ရောက်တိုက်ခတ်၏။

"ရော့... ကိုယ့်ထီး ကိုယ်ယူပြီး ပြန်ပါ။ လိုက်မပို့ပါနဲ့။ ဖေဖေ ကလည်း ကြိုက်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... မဟုတ်တာ။ ထီးယူသွားပါ။ ကျွန်တော် ပြန်ဆို ပြန်ပါ့မယ်"

မိုးစက်မိုးပွင့်တို့ မျက်နှာကို ဖျန်းပက်လာသည်။ မိုးပွင့်ဖြူ ကိုယ်ပေါ်မှာ ထီးရိပ်မရှိတော့။ သူ့ကိုလည်း မကြည့်လိုပါ။ ထီးကိုသာ ပိတ်ပြီး လှမ်းပေးလိုက်သည်။

မိုးရေထဲတွင် ကြောင်ငေးစွာ ရပ်နေသော သူသည် မိုးပွင့်ဖြူ ကမ်းပေးသော ထီးကို လှမ်းမယူ။

"ဟာဗျာ... မိုးရေတွေ စိုကုန်ပါပြီ"

မိုးပွင့်ဖြူသို့ အလန့်တကြား ကြည့်လိုက်သည်။

"ရော့ရှင်... ယူစမ်းပါ"

သူ့လက်တွင်းသို့ ထီးကို အတင်းပေးခဲ့ပြီး မိုးပွင့်ဖြူ ဆက်လျှောက်ခဲ့သည်။

မိုးစက်မိုးပွင့်တို့ ခုန်ဆင်းနေသော မှတ်သုံလမ်းသို့ မိုးပွင့်ဖြူ ဇွတ်တိုးလျှောက်လာပြီ။

ကိုယ်ခန္ဓာပေါ်သို့ မိုးပေါက်များ ထိမှန်နေရာမှ ရုတ်တရက် ပျောက်ဆုံးရပ်တန့်သွားသည်။ အေးစိမ့်နေရာမှ အနွေးငွေ့တစ်ခု အရှိန်ဟပ်လာသည်။

"ကြည့်ပါဦးဗျာ... မိုးရေထဲ လျှောက်သွားရတယ်လို့၊ တစ်ကိုယ်လုံးလည်း ရွှဲကုန်ပါပြီ"

ကိုလွှမ်းလှိုင်က ထိထိတွေ့တွေ့ ကပ်လာပြီး ရင်နှင့်တနင့် ပြောလိုက်သည်။ မိုးပွင့်ဖြူသို့ လုံစေအောင် ထီးကိုမိုး၍ သူ ကပ်လိုက်လာသည်။





"ကျွန်တော့်ကို စိတ်ဆိုးသွားသလားဟင်... ကျွန်တော့်ကို စိတ်ဆိုးသွားလားဗျာ"

မိုးပွင့်ဖြူ ဘာမှမပြောပါဘဲနှင့် မျဉ်းပြိုင်လို သွယ်ထားသော ကွန်ဂရိလမ်းနှစ်ခု၏ အလယ်မှ လျှောက်နေမိသည်။ မိုးရေနှင့် အတူ သဲများ မြေစိုများက အောက်တစ်ပိုင်းလုံး ကပ်ငြိပေရေနေပြီ။

ကိုလွှမ်းလှိုင်မှာ တဘက်က ထီးမိုးပေးရင်း တဘက်က အေးစက်နေသော မိုးပွင့်ဖြူ၏ လက်မောင်းသား ပြည့်ပြည့်နှစ်နှစ် လေးကို မိမိရရ ဆုပ်ကိုင်လိုက်ပြီး...

"တစ်မိုးတည်း တစ်ကာတည်းအောက်မှာ နှစ်ယောက်ယှဉ်ပြီး မသွားချင်ဘဲ ရှိပ့ါမလားဗျာ၊ မယှဉ်ရဲလို့၊ မကပ်ဝံ့လို့ပါ"

မိုးခင်းလမ်းမှာ စောင်းညွှင်းခတ်သံသာကို ကြားလိုက်ရသည်။ မိုးပွင့်ဖြူ၏ ရင်မှာ နွေးရှိန်သွားရလေပြီ။

သူ့ပါးပြင်သည် မိုးပွင့်ဖြူ၏ လက်ယာနဖူးစွန်းနှင့် ထိချိကွာချိ...

သူ့ရင်ခွင်တစ်ခြမ်းကို ထိကပ်မိတွယ် လျှောက်နေရာမှ လွင့်စွာ သွားချင်သော ဆန္ဒမျိုး မရှိ။ ဤရင်ခုန်ကြည်နူးဖွယ် ကမ္ဘာတစ်ခြမ်းသို့ ရောက်ရှိနေရာမှ ပြန်လည် ထွက်ခွာချိန် ကျရောက်မှာကိုပင် စိုးရိမ်လာမိသည်။

ကြည်နူးခြင်းနှင့် ရှက်ကြောက်စိုးရွံ့ခြင်းတို့သည်... မိုးနှင့် လေနှင့် ရောထွေးနေသည်သို့...

လက်ချောင်းများ အသားတွင်းသို့ နစ်မြုပ်ဝင်သွားအောင် မိုးပွင့်ဖြူ၏ လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းများ နှေးကွေးလာတော့သည်။

"ကျွန်တော့်ကို မေးဖူးတယ်နော်။ ဘာဖြစ်လို့ မမိုးပွင့်လို့ ခေါ်ရတာလဲလို့"

မိုးပွင့်ဖြူ လှည့်မော့ကြည့်လိုက်တော့ သူ့မျက်နှာနှင့် လက်တဝါးစာ မဝေးကွာ။

"မမိုးပွင့်ကို စပြီး တွေ့ဖူးတဲ့နေ့က မိုးတွေရွာနေတယ်လေ။ မိုးပွင့်လေးတွေဟာ မမိုးပွင့်ရဲ့အလှနဲ့၊ မမိုးပွင့်ရဲ့ နှလုံးသားလို တကယ့်ကို သန့်စင်အပြစ်ကင်းလွန်းလို့ ကျွန်တော် သီးသန့် ခေါ်မိတာပါ"

သူ့အသံက လှိုင်းခတ်နေသည်။

"မမိုးပွင့်"

မထူးမိ... သူနည်းတူ ခြေလှမ်းများ လေးလံလျက်...

'လမ်းဖြတ်သွားခွင့်မပြု'

ဆိုသော ကုက္ကိုင်းရေကူးကန်သွားရာလမ်းထိပ်မှ မိုးပွင့်ဖြူတို့ ခြံရှိရာ လက်ဝဲလမ်းချိုး အရောက်တွင်...

"လမ်းခွဲလေး ထိပ်တောင် ရောက်ပြီ မမိုးပွင့်ရယ် ဒီမြေလမ်းလေးဟာ ကမ္ဘာတစ်ပတ်စာလောက် ရှည်ပြန့်သွားစေချင်လိုက်တာဗျာ"

တိုးညှင်းသော သူ့အသံသည် သူ့စောင်းခတ်သံကို ကြားရသည် ထက်ပင် သာယာယစ်မူးဖွယ် ရှိလှချေသည်။

မိုးပွင့်ဖြူမှာ ခေါင်းလေးငုံ့ပြီး သူ့ပခုံးစွန်းကို တိုက်ပစ်လိုက်မိသည်။ အပြုံးဝှက်ကိုဖြင့် သူ မမြင်သာနိုင်ပါ။

"မမိုးပွင့်ရယ်... ဗျာ"





သံယောဇဉ်သမားကြီး၏ နက်ရှိုင်းသော နှလုံးသည်းပွတ်ထဲမှ မြတ်နိုးတွယ်တာ တမ်းတသံ။

သံဆူးကြိုးခတ်ထားသော အနိမ့်ပိုင်းဆီမှ ရေကူးကန်နှင့် တဘက်ခြံမှ ပုဏ္ဏားရိပ်တန်းများကို ကျော်ဖြတ်လာခဲ့ကြသည်။

"သူရယ်... အိမ်ရောက်တော့မယ်ကွယ်။ ဘာလို့ စကားတွေ မပြောတော့တာလဲရှင်၊ သိပ်ကြားချင်တာပဲ"

"စကြာန့်လေးတွေကို ရပ်ထားချင်တယ်၊ မိုးပွင့်လေးတွေသာ ဆက်ကြွေနေပါနော်။ ဩော်... သူရယ်... လူကို ကြေတော့မလိုသာ ဆုပ်ညှစ်ထားတယ်။ ဘာမှလည်း မပြောတော့ဘူးလားကွယ်"

အတွေးအတွေးများသည်သာ မပွင့်ကွဲရုံတမယ်၊ နှလုံးသားမှ ရုန်းကန်နေကြသည်။

ကိုလွမ်းလှိုင်သည်လည်း...

သူ့နှလုံးသားသစ်မှာ အပြင်းပြဆုံး ခံစားမှုများဖြင့် ဆတ်ဆတ်ခုန်နေသည်။

ယစ်မူးဖွယ်၊ ကြည်နူးခြင်းများကြောင့်ချည်း သူ့နှုတ်လျှာကို ပိတ်ဆီးထားသည် မဟုတ်ချေပါ။

လေးစားမြတ်နိုးလွန်းရသော အမြင့်မြတ်ဆုံး မိန်းကလေးသို့...

သိမ်နုပ်သော စကားလုံးများ ပြောမိမှာမှာ စိုးရိမ်လွန်း၍လည်း ဖြစ်ပါချေ၏။

ခြံများဆီမှ မီးရောင်သည် မြေနီလမ်းပေါ်သို့ ဟိုတစ်ကွက် သည်တစ်ပြန့်မျှသာ ကျရောက်နေသည်။ တစ်လမ်းလုံး ဝိုးဝါး ဝေမှုန်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းနေသလားဟင်"

မေးသူ၏အသံက ခိုက်ခိုက်တုန်နေပါ၏။ မိုးပွင့်ဖြူ မဖြေမိတော့...။

ခြံတစ်ခုမှ ကွေ့ထွက်လာသော ကားမီးတန်းကြီး ရုတ်တရက် လင်းထိန်လာသဖြင့်၊ မိုးပွင့်ဖြူမှာ အလန့်လန့်အထိတ်ထိတ်ဖြင့် အသွက်ဆုံး ခြေလှမ်းနှင့် လျှောက်မိသည်။

သည်လမ်း သည်နေရာဓာတ်မီးမို့ သူ့ကိုမြင်တွေ့သွားမှာ ကြောက်ရွံ့သောစိတ်က ကြီးစိုးသွားတော့သည်။ ကိုလွမ်းလှိုင်နှင့် ခွာလျှောက် မိပါ၏။ လက်တစ်ကမ်းစာ ထီးလိုက်မိုးပေးသည်။ မိုးပွင့်ဖြူ၏ နုညက်သော လက်မောင်းလေးကို ကိုလွမ်းလှိုင် မထိရဲ မကိုင်ရဲတော့...

"ခြံထိပ်တောင် ရောက်တော့မယ်။ သူ ပြန်တော့လေ"

"ထီးယူသွားနော်"

"အို... သူက အဝေးကြီးပြန်ရမှာ"

"ကျွန်တော်က အရေးမကြီးပါဘူး၊ ယူသွားနော်"

"မဟုတ်တာ၊ မယူပါဘူး"

"ခြံဝအထိ လိုက်ပါရစေ... အိမ်က ဘာများပြောမလဲ မမိုးပွင့်ရယ်"

"ဆေးရုံသွားတာ သိတာပဲ"

"ကျွန်တော်တို့အတွက် သိပ်ဒုက္ခရောက်တာပဲ၊ ကြည့်ပါဦးဗျာ၊ တစ်ကိုယ်လုံးလည်း ရွှဲနစ်လို့၊ အအေးမိမှာ စိုးရိမ်လိုက်တာ၊ အို...





မမိုးပွင့်ကို ကျွန်တော် သနားလိုက်တာဗျာ"

မိုးပွင့်မှာ ခိုသီးနေသော မျက်နှာလေးနှင့် ပြုံးလိုက်ပြီး မိုးပွင့်ဖြူ ခြံထဲသို့ လှမ်းဝင်လိုက်သည်။

"အိမ်ဝအထိ လိုက်ပို့ပါရစေနော်... လိုက်ခဲ့ရမလားဟင်... မမိုးပွင့်"

ထီးမိုးရင်း အလောတကြီးပြောလျက် ကပ်လိုက်လာရှာသည်။ မိုးပွင့်ဖြူမှာ ပေါ်တီကိုစွန်းသို့ ပြေးဝင်လိုက်ပြီး...

"သူ ပြန်တော့ကွယ်"

မလုံမလဲ အိမ်ထဲသို့ လှမ်းကြည့်လိုက်ပြီး၊ တစ်ယောက်မှ မမြင်ရလေမှ ရင်ငြိမ်းစွာ ပြောလိုက်ရပါ၏။

ကိုလွမ်းလှိုင်မှာ မိုးရေထဲမှ မိုးပွင့်ဖြူသို့ တမ်းတမ်းတတ စိုက်ကြည့်လိုက်ပြီးမှ ပြန်လှည့်သွားတော့သည်။

သမီးလေး ပြန်မရောက်သေးသဖြင့် အပေါ်ထပ်၏ ပြတင်းဝမှ ဝင်လာမည့်ကားကို မျှော်နေသော ဦးသက်မောင်မှာ...

ကိုလွမ်းလှိုင်နှင့် မိုးပွင့်ဖြူတို့ နှစ်ယောက်ကို သေချာကျနစွာ မြင်နေရသော်လည်း...

ခံစားမှုဦး နှလုံးသား ဝေဒနာရှင် နှစ်ယောက်လုံးမှာ အပေါ်ထပ် ဆီမှ ဦးသက်မောင်ကို မမြင်မိကြပါချေ...

■



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်း မြည်လာသည်။

"ကိုင်လိုက်စမ်း မထားမြင့်။ မမမိုးရှိတယ် ပြောလိုက်ပါ"

ဆေးရုံကများလား ဆိုသော ပူပန်စိတ်နှင့် စောင့်ကြည့်မိသည်။

"ဘာမှလည်း မပြောဘူး။ ပြန်ချသွားတယ်"

ဆပ်ပြာမြှုပ်များ ဖုံးနေသောလက်ကို သတ္တုလက်ဆေးကန်မှာ ဆေးရင်း... တွေဝေသွားရသည်။ တယ်လီဖုန်းဆိုသည်ကလည်း မကြာခဏ... လိုင်းပူးတာတို့ မှားဝင်လာတာတို့ ဖြစ်တတ်လေသည်ပဲ...

ညစာစားအပြီးတွင် တဆက်တည်း အိပ်ရာဝင်ရန်အတွက် သွားတိုက်လိုက်သည်။ နံနက်စောစော သွားတိုက်ခြင်းထက် အိပ်ရာဝင် သွားတိုက်ခြင်းက ပိုမို၍ အကျိုးထူးကြောင်း၊ ဖေဖေ ငယ်ငယ်တည်းက သင်ပေးခဲ့သည်။ သွားတိုက်။ ခြေဆေး။ ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်ရပါ၏။ သွားကို အစာစားပြီးတိုင်း တိုက်နိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်းလည်း နားလည်လာသည်။

"ကလင်... ကလင်"

"နေ... နေ... မထားမြင့်... မမမိုးပဲ ကိုင်လိုက်မယ်" လက်သုတ်ပဝါသန့်ဖြင့် ပါးစပ်သုတ်၊ လက်သုတ်ရင်း တယ်လီဖုန်းရှိရာသို့ လျှောက်လာပြီး ကောက်ကိုင်လိုက်ရသည်။

"ဟယ်လို... ဘယ်သူပါလဲရှင်..."

"မမိုးပွင့်"

"ဟင်"

"ကျွန်တော် လွမ်းလှိုင်ပါ"





အို... ပွင့်... ပွင့်ဝါ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ညနေက လမ်းခွဲကြပြီးတည်းကကျွန်တော် ...မ်ပြန်ခဲ့တာပါ"

"ဟင်... ဒါဖြင့်"

"စိတ်ပူလွန်းလို့ မနေနိုင်တော့တာနဲ့ တယ်လီဖုန်းလာဆက် ...ာပါ၊ နေကောင်းရဲ့လားဗျာ"

"ဘယ်သူလဲ... ဘယ်သူ့ကိုမေးတာလဲ"

"မမိုးပွင့်ပေါ့"

"ဟင်... ဒီက ဘာဖြစ်လို့လဲ... နေကောင်းတာ ညနေက ...မြင်ပဲဟာ"

"မိုးမိသွားတယ် မဟုတ်လား၊ အအေးမိပြီး အဖျားဝင်ပြီလား။ ...မ်မှာရော အဆူခံရသေးလား။ အဆင်မှ ပြေရဲ့လားဆိုတဲ့ ပူပန်စိတ် ...ွနဲ့ လုံးဝ အိပ်မရလို့ ဖုန်းလာဆက်ကြည့်တာပါ"

"သြော်... ကွယ်"

ဓာတ်ခဲတပ် နံရံကပ်နာရီကို မော့ကြည့်မိသည်။ ဆယ်နာရီ ...ိုးရန် ဆယ်မိနစ်...

"ညီမလေး မရှိတော့၊ အိမ်မှာလည်း တစ်ယောက်တည်း ...ဟုတ်လား။ မမိုးပွင့်ကိုပဲ မျက်စိထဲမှာ မြင်နေတယ်။ ရင်ထဲမှာ ...နေတယ်။ နေကောင်းတယ်နော်... ချမ်းနေသေးလား ဟင်"

စကားတွေက မြေကြီးပေါ်မှာ၊ သစ်ပင်ထိပ်မှာ၊ ရေဆင်း ...မ်းမှာ တည်ရှိနေကြသလို... ဟိုတစ်ပြန့် သည်တစ်ကန့်...



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ်၊ အားလုံးလည်း အဆင်ပြေပါတယ်..."

"ခုလိုကြားရတော့မှပဲ... ရင်အေး ပါတော့တယ်၊ ဒါပေမယ့်... ဒီည အိပ်မရမှာ သေချာပါတယ်လေ...။ ညနေက အချိန်ဟာ မြန်လိုက်တာ။ လမ်းလေးကလည်း တိုလိုက်တာနော်... မမိုးပွင့်ရယ်"

"အို... ခု သူဘယ်နေရာက ဖုန်းဆက်နေတာလဲဟင်"

"ပန်းကမ္ဘာက..."

ပန်းကမ္ဘာသည် ကမာရွတ်ထိပ် အင်းစိန်လမ်းမကြီးပေါ်မှ လက်ဖက်ရည်ဆိုင်၊ ကိုလွမ်းလှိုင်နေသော ထန်းတပင် အနောက်ပိုင်းနှင့် ဆိုပါလျှင် အတော်လေး အလှမ်းဝေးသော နေရာပါလား။

"ဒီမှာ မိုးတွေရွာနေတုန်းပဲ။ ဟိုမှာရော"

"ရွာနေတာပဲ"

"အို... ဒါဖြင့် မိုးရေကြီးထဲ လာတာပေါ့"

"ဟုတ်ပါတယ်"

"ဘယ်မှာ အိပ်မှာလဲ"

"အိမ်မှာပဲပေါ့"

"ဟင်... မိုးရေကြီးထဲ ပြန်ရမှာပေါ့။ ခြလမ်းတွေဆို မှောင်နေမှာပဲနော်"

"ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး ခင်ဗျာ။ မမိုးပွင့်နဲ့ တွေ့ခွင့်ရတာ ဝမ်းသာလှပါပြီ။ ခုန ကောင်မလေး ဖုန်းကိုင်လို့ ပြန်ချထားလိုက်ရတာ"

"အင်း..."





ကြီးကြီးတင့်က လှမ်း၍ကြည့်နေသည်။

ညကြီးမင်းကြီး ဘယ်သူနဲ့ ပြောနေတာလဲ... ဟူသော အကြည့်...

မိုးပွင့်ဖြူ အသံ တိုးနှိမ့်လိုက်ရသည်။

"ဒါဖြင့် ပြန်တော့လေ"

"ဆိုင်မှာ လူရှင်းနေပြီ။ ဆိုင်နဲ့သိလို့ ပြောခွင့်ရှိပါတယ်။ မမိုးပွင့်မှာ အနှောင့်အယှက်ဖြစ်နေလို့လား ဟင်"

"အင်း... ကြီးကြီးတင့် ကြည့်နေလို့"

"ဟုတ်လား... ဒါဖြင့် နက်ဖြန် ဆေးရုံကစောင့်နေမယ်။ ဖုန်းချလိုက်တော့မယ်နော်"

"ဪ... ဒီမှာ... ဒီကိုစိတ်ပူသလို ဒီကလည်း စိတ်ပူသွားပြီ။ ရေစိုတွေ လဲလိုက်နော်၊ နွေးနွေးထွေးထွေး နေလိုက်နော်၊ မှောင်နေရင် လမ်းကိုလည်း သတိထား ပြန်ပါနော်..."

"နော်တိုင်း လိုက်နာပါ့မယ်ဗျာ။ ကျွန်တော့်ရင်ထဲမှာ နွေးသွားပါပြီ မမိုးပွင့်ရယ်"

"သူရယ်... ပြန်တော့ကွယ်... ဆက်ပြောလို့ မကောင်းတော့လို့ပါ"

"ကျွန်တော် သိနားလည်ပါတယ် မမိုးပွင့်ရယ်...။ သွားတော့မယ်နော်"

သူ့တယ်လီဖုန်း ချပြီးသွားသည်အထိ ကိုင်ထားနေမိဆဲပါ။ သူ့အသံလှိုင်းလေးများ ရောက်ရှိလာရာ တယ်လီဖုန်းကိုပင် မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



စရာ ပစ္စည်းတစ်ခုလို သဘောထားလိုက်ပြီး ဖြည်းဖြည်းသာ ပြန်တင်ထားလိုက်ပါ၏။

တော်သေးသည်။ ကြီးကြီးတင့်က ဘာမှမမေးပါ။

အပေါ်မတက်ဖြစ်သေး၊ စောင်း တင်ထားသည့် ဗီရိုရှေ့မှာ ရပ်ပြီး စောင်းကြိုးများကို လက်ညှိုးနှင့် တို့ထိခတ်လိုက်သည်။ တိုးညင်သာယာသော စောင်းသံက စောစောဆီက စကားသံ၏ သာယာမှုကို လိုက်မမီနိုင်တော့။

"ဩော်... သူရယ်၊ ဒီကို ဒီလောက်တောင်ပဲ အရေးထားရသလားရှင်၊ မိုးထဲရေထဲက အမှောင်လမ်းထဲမှာ ခုချိန်ဆို သူ လျှောက်နေဆဲ ရှိမှာပါ"

"ဒီကအတွက် ဒီလောက်တောင် ဒုက္ခတွေ ခံသလားရှင်ရယ်..."

"မမိုးပွင့် ဆိုသူလည်း သူ့လိုပဲ စိတ်ပူတာပေါ့။ စိုးရိမ်တာပေါ့"

"သူ ပြောသွားသလို ဒီကလဲ ဒီည အိပ်မရမှာ သေချာပါတယ်"

"တစ်ညလုံး သူ့အကြောင်းပဲတွေးမိတော့မယ်ကွယ်...။ ဩော်... သံယောဇဉ်သမားကြီး ဆိုတဲ့သူရယ်... ဒီကလည်းလေ..."

■ ■ ■



## အခန်း ၊ တစ်ဆယ့်ရှစ်။

ပွင့်ဝါ အိမ်ရောက်လာခဲ့ပြီ...

ဆေးရုံတွင် သုံးပတ်မျှနေပြီး အိမ်သို့ ဆင်းခွင့်ပေးလိုက်သည်။ ရက်ချိန်းအတိုင်း ဆေးရုံသို့ မပျက်မကွက် လာရောက်ပြသရန်လည်း အရေးကြီးကြောင်း မှာလိုက်သေးသည်။

ပွင့်ဝါ သွားရေးလာရေးအတွက် ကားလိုအပ်သည်။ အနီးကပ်ပြုစုဖို့ အရေးကြီးသည်။ မိုးပွင့်ဖြူမှာ ညီမဖြစ်သူကို အိမ်ခေါ်၍ ပြုစုခွင့် ဖခင်ကြီးထံ တောင်းရပါ၏။

"ဖေဖေ့အနေနဲ့ မှန်တဲ့အတိုင်း ပြောရရင်တော့ ပွင့်ဝါကို သမီးနဲ့ အတူ မထားချင်ဘူး ကွယ်... ဒါပေမယ့် လက်ရှိအခြေနေအရ ပွင့်ဝါကို ကြည့်ရှုစောင့်ရှောက်မှ ဖြစ်မှာမို့သာ ခွင့်ပြုရမှာပဲ"

ဖေဖေ ကျေကျေနပ်နပ် ခွင့်ပြုခြင်းမဟုတ်သဖြင့် ပွင့်ဝါကို စိတ်တထင့်ထင့်နှင့်ပင် အိမ်သို့ ခေါ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုက်နဲ့ခြံရဲ့ အမွေတစ်ဝက်ကို ပွင့်ဝါပေးရမှာစိုးလို့ ဖေဖေ့စိတ်မှာ မကျေမနပ် ဖြစ်နေတာများလား ကြီးကြီးတင့်ရယ်"

"ဗထမတုန်းကတော့ သမီးတစ်ယောက်တည်း ရစေချင်လို့ ခြံရောင်းဖို့တောင် စီစဉ်သေးတယ်။ ဒါပေမယ့် အသိဉာဏ်ကြီးသူဆိုတော့ ချက်ချင်း တရားနဲ့ဖြေလိုက်ရှာပါတယ်ကွယ်။ သူ့ရသင့်ရထိုက်တာ ပေးရမှာပဲပေါ့။ သမီးက မပေးချင်ခဲ့ရင်တောင် ဖခင်တစ်ယောက်အနေနဲ့ ဆုံးမရမှာပါတဲ့၊ ကိုယ်မရထိုက်တဲ့ ငွေကြေးနဲ့ ပစ္စည်းဥစ္စာကို ဖြုတ်စားခဲ့ရင် တစ်သက်လုံး အေးငြိမ်းချမ်းသာမှုကို မရတတ်ဘူးတဲ့။ မချမ်းသာရင်နေ စင်ကြယ်တဲ့ငွေကို သုံးစွဲမှ တကယ့်အေးငြိမ်းသာမှုကို ရရှိနိုင်မှာတဲ့"

"ဟင်…ဒါဖြင့် ပွင့်ဝါ တစ်ဝက်ဆိုင်တဲ့အိမ်မှာ ပွင့်ဝါ လာနေခွင့်ပေးတာ ဖေဖေဘာကြောင့်များ မကျေနပ် ဖြစ်ရတာလဲဟင်"

"ပွင့်ဝါရဲ့ စာရိတ္တကိုတဲ့"

"ရှင်…"

ကြီးကြီးတင့်တို့မောင်နှမနှင့် သွေးမစပ်သော ပွင့်ဝါအတွက် ကြီးကြီးတင့်မှာ အပြောခက်နေပုံရပါ၏။ မိုးပွင့်ဖြူက အတင်းမေးလေမှ…

"ဒီ ကလေးမလေးဟာ သူ့အမေ စရိုက်မျိုး ဝင်နိုင်တယ်တဲ့။ မျက်စိ ပျက်နေပေမယ့် သူ့အခြေအနေဟာ တည်တည်ငြိမ်ငြိမ် မရှိလှဘူးလို့ တစ်ခါနှစ်ခါ တွေ့ဖူးရဲ့နဲ့ အကဲခတ်နိုင်တယ်ဆိုပဲ"

"ဟင်"





"ပြီးတော့ ကြီးပြင်းခဲ့ရတာလည်း အဖေနဲ့အစ်ကိုနဲ့ဆိုတော့ မြန်မာမိန်းကလေးပီသအောင် ထိန်းကျောင်းလာခဲ့နိုင်မှာ မဟုတ်ဘူးတဲ့"

"ဖေဖေဟာ မြန်မာဆန်တာကို သိပ်သဘောကျတာပဲနော်၊ သမီးမေမေ ဆုံးပြီးတည်းက ကြီးကြီးကိုခေါ်ပြီး အသေးစိတ် သင်ခိုင်းခဲ့တယ်"

"အေး သမီးဟာ သူသွင်းတဲ့ပုံစံအတိုင်း နေရှာတယ်လို့ အမြဲ ချီးမွမ်းတယ်ကွယ်… အခု ပွင့်ဝါဟာ… ဒုက္ခိတမလေးဆိုပြီး အစ်ကိုနဲ့ အဖေက အလိုလိုက်ထားခဲ့ကြတယ်တဲ့။ သူ့စရိုက်ကို မကြိုက်လှဘူးတဲ့။ ဒါပေမယ့်… ဦးဥက္ကာ သေဆုံးရတာလည်း သူ့ကံနဲ့သူ ဆိုပေမယ့် ကျွန်တော်တို့မှာ တာဝန်ရှိတာပဲတဲ့… ခုချိန်မှာ မောင်လွှမ်းလှိုင် ပြုစုဖို့လည်း မသင့်ဘူးလေ။ ဒီကိုခေါ်ထားမှဖြစ်မယ့် အခြေအနေကခန့်လာတော့လည်း ခွင့်ပြုရမှာပဲပေါ့ မမတင့်ရယ်လို့ ပြောရှာပါတယ်ကွယ်"

မိုးပွင့်ဖြူမှာ ဖခင်ကြီးစိတ်တိုင်းကျ နေပါ့မယ်ဟူသော သန္နိဋ္ဌာန်အား ရှိသူမို့ ပွင့်ဝါအတွက် ရင်လေးသလို ဖြစ်လာသည်။

"မောင်သက်မောင်က ဟိုကောင်လေးတော့ ချီးမွမ်းပါတယ်"

နေလင်းဝေသို့ ရည်ညွှန်းသည် ထင်မှတ်မိပါသော်လည်း…

"မောင်လွှမ်းလှိုင်ဟာ တော်တယ်တဲ့။ ပွင့်ဝါရဲ့ဒုက္ခကို ခံယူရှာတယ်… မောင်နှမအရင်း မဟုတ်မှန်း သိလျက်နဲ့၊ ညီမအရင်းလေးလို သန့်သန့်ရှင်းရှင်းစိတ်နဲ့ ပြုစုစောင့်ရှောက်နိုင်တဲ့စိတ်မျိုး ထားနိုင်တဲ့ အာဂယောကျ်ားဆိုပါလား…"



www.burmeseclassic.com

www.burmeseclassic.com



ရင်သိမ့်ကြည်နူးစွာ ပြုံးမိပါ၏။

"ဟော... နေလင်းဝေ ပြန်လာပြီ"

ကြီးကြီးတင့်နှင့်အတူ အပြင်သို့ လှမ်းကြည့်လိုက်မိလျက်သား

ကိုဘိုခင်နှင့် ပြုံးရွှင်ရယ်မောစွာ စကားများပြောရင်း ဗီးယက်ကားပေါ်မှ ဆင်းလာသည်။

"ပွင့်ဝါအတွက် ဆေးတွေရလာခဲ့ပြီ မိုးပွင့်ဖြူ"

သူ့ လှမ်းပေးသော ပစ္စည်းထုပ်များကို ယူလိုက်ရသည်။

"လူမမာနဲ့ သင့်မယ်ထင်လို့ ဂျပန်ခေါက်ဆွဲထုပ်လေးတွေလည်း ဝယ်လာခဲ့တယ်"

"ကျေးဇူးပဲ ကိုနေလင်းဝေ... မျက်စိခွဲထားသူဟာ ဥပါဒ်မဖြစ်နိုင်တဲ့ လတ်ဆတ်သန့်ရှင်းတဲ့ အစားမှန်သမျှ စားပါ။ အစားရှောင်စရာ မလိုပါဘူးလို့ ဆေးရုံက မှာလိုက်ပါတယ်။ ညီမလေးက ညဘက် ဆာတတ်တယ်။ ဒီခေါက်ဆွဲဆုပ်လေးတွေ ပြုတ်တိုက်လိုက်ရင် အတော်ပဲ"

"ဒါကြောင့်လည်း ဖေဖေက ချီးကျူးတာ၊ မောင်နေလင်းဟာ အကွက်စေ့အောင် ဖန်တီးနိုင်တယ်လို့"

မိုးပွင့်ဖြူ၏စိတ်မှ ဆက်တွေးလိုက်မိသည်။ ဖေဖေချီးကျူးခံရသော သူတိုင်းသည် တကယ်ကို တော်ကြပါပေသည်။

ယခု ကိုလွမ်းလှိုင်သို့ ဖေဖေ ချီးမွမ်းပြီ။

ဖေဖေအမြဲ စိတ်ညစ်ရသော သူတစ်ယောက် ရှိပါ၏။ ပုံနှိပ်တိုက်တွင် တာဝန်ယူခိုင်းထားသော သူ့တူအရင်း ကိုဇေမှူမြင့်ပါ။





"ငွေ စိတ်ချရတယ်၊ ရိုးသားတယ်၊ အဲဒါကလွဲလို့တော့ ဘာကွက်ကျော်မှ မမြင်တဲ့ ငါ့တူပဲ။ ခိုင်းမှလုပ်တတ်တဲ့လူ။ မဆုံးဖြတ်ရဲတဲ့ ယောကျ်ားမျိုးဟာ ဘယ်တော့မှ မကြီးပွားဘူး"

"ဆရာ အိပ်နေလား မိုးပွင့်ဖြူ"

စက္ကန့်ပိုင်းအတွင်း အတွေးစုံက လှစ်ခနဲလှစ်ခနဲ ဝင်ရောက်လာရာမှ နေလင်းဝေအမေးကြောင့်...

"တက်ကြည့်ပေးမယ်၊ ထိုင်ပါဦးနော်"

သူက ထမင်းစားခန်းထောင့်မှ ရေခဲသေတ္တာကို ဖွင့်၍ ရေခဲရေပုလင်းကို ထုတ်ယူသောက်ပေသည်။ ခဏအတွင်း မိုးပွင့်ဖြူ ပြန်ဆင်းလာခဲ့ပြီး...

"အိပ်တော့ မအိပ်ဘူး... တရားမှတ်နေတယ်ထင်တယ်။ မခေါ်ရဲဘူး။ ၂ နာရီထိုးရင် ဆင်းလာမှာပါ"

သူက နာရီကိုကြည့်လိုက်သည်၊ မိနစ်နှစ်ဆယ် စောင့်ရဦးမည်၊ နေလင်းဝေသည် ပျင်းရိလေးကွေးခြင်းဖြင့် အချိန်ဖြုန်းတတ်သူ မဟုတ်ပါ။ ထာဝစဉ် တက်ကြွစွာ အလုပ်လုပ်နေရမှ ကျေနပ်တတ်သည့်သူမျိုး...

"လက်ဖက်ရည် ဖျော်လိုက်မယ်နော်"

"ကိုဘိုခင်လည်း တိုက်ရင်းနဲ့ မြို့ထဲက သောက်လာခဲ့ပြီ...နေပါစေတော့"

"ဒါဖြင့် ထိုင်လေ... ပွင့်ဝါကို မျက်စဉ်း ခတ်ပေးလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဝင်ခဲ့မယ်လေ။ အစားထိုးထားတယ်ဆိုတဲ့ မျက်စိကို ကြည့်ချင်လွန်းလို့ပါ"

"လာ... ရပါတယ်၊ ဝင်ခဲ့ပါ"

ပွင့်ဝါကို အောက်ထပ် ညှော်ခန်းထိပ်မှ အခန်းတွင် နေရာချပေးထားပါ၏။

မျက်စိအမြင်စာတ်တွင် အလင်းအား များလွန်းနေမှုကြောင့် နေကာမျက်မှန်နက်ကို တပ်ဆင်ထားရသော ပွင့်ဝါမှာ အိပ်ရာထဲ၌ တစောင်းလေး လှဲနေသည်။

"ညီမလေး... မျက်စဉ်းခတ်ရအောင်နော်"

ပွင့်ဝါက ပက်လက်လှန်လိုက်ပြီး မျက်မှန်ကို ဖြုတ်ပေးသည်။ မျက်စိကို မှိတ်ထားပါ၏။

စင်ကြယ်စွာ ဆေးထားသော လက်ဖြင့် မိုးပွင့်ဖြူက မျက်ခွံနှင့် မျက်ခမ်းကို အသာအယာ လှန်ဖွင့်ပြီး၊ အစက်ချမျက်စဉ်းကို ထည့်ပေးလိုက်သည်။ မျက်စိခွဲထားသူအတွက် ပြုစုသူ၏လက် သန့်ရှင်းဖို့ အထူးလိုအပ်လှပေသည်။

"သူက ဘယ်သူလဲဟင်"

မျက်လုံးဖွင့်လိုက်စဉ် လူရိပ်မြင်၍ ပွင့်ဝါက မေးလိုက်သည်။

"မမမိုးတို့ အလုပ်တိုက်ရဲ့ မန်နေဂျာပဲ ဆိုပါတော့၊ သူပဲ အားလုံး ဦးစီးလုပ်ကိုင်ပေးနေတဲ့သူ... ကိုနေလင်းဝေတဲ့"

"အစ်ကို့နာမည်က မိုက်တယ်နော်"

အိမ်ထဲ၌သာ နေရသည်ဆိုသော ပွင့်ဝါ၏ ပါးစပ်မှာ ယနေ့ လူငယ်တို့၏ အသုံးအနှုန်းများ သုံးတတ်နေပါလား။





"မမမိုး"

"ဟင်..."

"ပွင့်ဝါ... မျက်စိကောင်းသွားရင် အလုပ်တိုက် လိုက်သွားမယ်နော်။ ဒါမှ စာရေးဆရာတွေ၊ ရုပ်ရှင်မင်းသားတွေ၊ အဆိုတော်တွေ တွေ့ရမှာ"

"မင်းသားတွေ၊ အဆိုတော်တွေ မလာပါဘူး ပွင့်ဝါ..."

"အို... ဘာပဲဖြစ်ဖြစ်... ဒီခြံကြီးထဲမှာထက်တော့ ပျော်စရာကောင်းမှာပဲ၊ ပွင့်ဝါလိုက်လာရင် ရိုက်မထုတ်ရဘူးနော်... အစ်ကိုနေလင်းဝေ..."

"မထုတ်ပါဘူးဗျာ... ပွင့်ဝါသာ နေကောင်းအောင် ကြိုးစားပေါ့"

လူမမာက ပြန်၍မေးနေမည့် အရိပ်အရောင်ကြောင့် အပြင်က ဆရာ့ကို စောင့်နေတော့မည်ဟု ပြောပြီး နေလင်းဝေ ထွက်သွားတော့သည်။

"အဲဒီ အစ်ကိုက ဒီအိမ်မှာ နေတာလားဟင်... မမမိုး..."

"အို... မနေပါဘူး"

"မသိပါဘူး၊ မန်နေဂျာဆိုတော့ ဒီမှာပဲ နေရသလားလို့ပါ"

"ကဲ... ခဏ ထိုင်လိုက်ဦး။ တစ်ခါတည်း ဆေးသောက်လိုက်ရအောင်..."

"မမမိုး... ခုန အစ်ကိုက သိပ်အဖော်ရတယ်နော်။ ဒီအိမ်မှာ ခေါ်ထားပါလား"

"အို... မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အစ်ကိုကို ဒီမှာ ဘာဖြစ်လို့ ပွင့်ဝါက နေစေချင်သလဲ သိသား"

"ဟင်... ဘာဖြစ်လို့လဲ"

"ပွင့်ဝါရဲ့ အစ်ကို့ကိုပါ ခေါ်ထားချင်လို့"

မိုးပွင့်ဖြူ... ဘာစကားမှ မတုံ့ပြန်နိုင်၊ သူ့ကိုသာ ကြည့်နေမိဆဲ...

"ပွင့်ဝါ... ဒီတိုက်ကြီးကို လိုက်နေရမယ်... မမမိုးနဲ့ ညီအစ်မတော်တယ်ဆိုတာ သိရပြီးတော့လေ အစ်ကိုလွမ်းလှိုင်ပါ လိုက်ခဲ့လို့ခေါ်တာပေါ့။ ဒီတော့ အစ်ကိုက ဘယ်ကောင်းပါ့မလဲကွယ်။ ဟိုအိမ်မှာ လှုငယ်ယောကျ်ားဖော်မှ မရှိတာတဲ့... ဒါကြောင့် ခုနအစ်ကိုနေရင် ပွင့်ဝါအစ်ကိုကလည်း လိုက်နေမှာ..."

မိုးပွင့်ဖြူ ဘာမှ ပြောမနေတော့ပါ၊ အုပ်ထိန်းမှု လွတ်ခဲ့သော ကလေးများ ကြီးလာလျှင် ကြောက်ရွံ့သူက အလွန်အကျွံ၊ ရဲတင်းသူက ထိန်းကွပ်မရ ဖြစ်တတ်သော သဘာဝကို မိုးပွင့်ဖြူ နားလည်ပြီးသားပါ။

ပွင့်ဝါ ကျင်လည်ခဲ့ရသော ဝန်းကျင်၊ ကျောင်းမနေခဲ့ရသော အဖြစ်၊ ဆယ်နှစ်ရွယ်မှစ၍ မိန်းကလေးတို့နှင့် အမဝင်သော အဖေနှင့် အစ်ကိုနှင့် ကြီးပြင်းခဲ့ရသော ပွင့်ဝါကို...

မိုးပွင့်ဖြူကိုယ်တိုင် ဆုံးမကွပ်ကဲ၍ ပုံစံသွင်းယူကြည့်ပါမည် ဟုသာ ဖြေသိမ့်ထားလိုက်ရပါတော့သည်။

■ ■ ■



## အခန်း ။တစ်ဆယ့်ကိုး။

ကိုလွမ်းလှိုင်က မိုးပွင့်ဖြူသို့ အားနာစွာ ကြည့်လိုက်သည်။

"လုပ်ပါ... အစ်ကိုက စောင်းတီးပြီး မမမိုးက သီချင်းဆိုပါဆို... လူကြီးတွေမှ မရှိတာ။ ပွင့်ဝါတို့ချည်းပဲ ဘယ့်လောက်ပျော်စရာကောင်းလဲနော်..."

ဖေဖေတို့၏ ဦးလေးတော်သော အဘိုးကြီးတစ်ယောက် သယ်န်းကျွန်းတွင် သေဆုံးသဖြင့် ဖေဖေရော ကြီးကြီးတင့်ပါ အိမ်မှ ကားနှင့် သွားနေကြသည်။

ပွင့်ဝါသည် အိမ်သို့ရောက်လာလေမှ ကိုလွမ်းလှိုင်နှင့် မိုးပွင့်ဖြူတို့ နှစ်ယောက်တည်းကို ဆုံချိန်မရှိတော့သဖြင့် ရင်တွင်း၌ စကားများ ထပ်သိပ်နေကြပါပြီ။

ကိုလွမ်းလှိုင် ရောက်လာသည်နှင့် သူ့အခန်းတွင်းမှ ထွက်လာတော့သည်။ မျက်စိက ပုံမှန်ဘာ၀ ရောက်နိုင်ရန် အချိန်လိုသေးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပွင့်ဝါ၏ ကိုယ်ခန္ဓာ ကျန်းမာရေးအခြေနေမှာ လူကောင်းအတိုင်း ဖြစ်နေလေပြီ။

တစ်အိမ်တည်း နေခဲ့ကြသော သူ့အစ်ကိုဖြစ်နေ၍ မိုးပွင့်ဖြူ အနေနှင့် မတားသာ၊ ကိုလွမ်းလှိုင်ကလည်း ရှောင် ထွက်ခိုင်း၍ မသင့်တော်သဖြင့်...

သူရောက်လာလေတိုင်း သုံးယောက်သား ရှိနေရသည့်အဖြစ်ကို ကိုလွမ်းလှိုင်ရော မိုးပွင့်ဖြူပါ စိတ်ညစ်လှပါသော်လည်း၊ မဖွင့်သာမပြောသာ၍ ဆန္ဒတူ နှလုံးသားချင်း မြင်နေပါလျက် မသိယောင်သာ ဆောင်နေကြရတော့သည်။

"ကဲ...ပါ... ဘာငြိမ်နေတာလဲ၊ အစ်ကိုက စောင်းတီးတော့လေ၊ မမမိုးဆို"

"ပွင့်ဝါ"

"ဘာလဲလို့"

"သူဆိုချင်မှ ဆိုပါစေလေ"

"ဒီက အသံမကောင်းဘူးနော်"

"အသံမကောင်းတာ အကြောင်းမဟုတ်ပါဘူး။ စည်းဝါးဝင်အောင် ဆိုတတ်ဖို့သာ အရေးကြီးတာပါ။

"မမိုးပွင့် ဆိုချင်ရဲ့လားဗျာ"

"သူရော တီးချင်လို့လား"

"သိပ်တီးချင်တာပေါ့"

"ဆိုတော့ ဆိုချင်သား၊ သီချင်းကြီးတွေတော့ အလွတ် သိပ်မရဘူး"





ကိုလွမ်းလှိုင်မှာ သီချင်းဆိုဖို့ စိတ်ပါလာသော မိုးပွင့်ဖြူသို့ လေးစားမြတ်နိုးစွာ ကြည့်လိုက်ပြီး...

"မမိုးပွင့် စန္ဒကိန္နရီရလားဟင်"

"ရတာပေါ့၊ ဒေါ်လှရွှေရဲ့၊ ဂန္ထဝင်သီချင်းပဲ၊ ဒီက ဂီတဆိုကိုးကွယ်စရာလို သဘောထားတာ"

"သဟာရ ဆရာတင် ရေးခဲ့တာ သိမှာပါနော်"

"ဒါဖြင့် အဲဒါပဲဆိုပါလားဟင်"

"စောင်းနဲ့ တီးလို့ရတယ်လား"

"ရတာပေါ့... ကျွန်တော်သိပ်ကြိုက်လို့ အမြဲတီးနေတာပါ၊ စည်းကိုင်ပြီးဆိုနော်...ဒါမှ ကိုယ့်အသံကို စည်းဝင်အောင် ပို့ပြီး ထိန်းလို့ကောင်းမယ်..."

ဂန္ဓမာ × စန္ဒာတောင် × × စုံမြိုင်တန်းမှာ×
ဖူးပွင့်ကြတဲ့ပန်းမာလာ × သင်းရနံ့ကဖြာ×
ငှက်ပေါင်းရယ်သာရကာ × သံစာစာနဲ့ မြူးထူး
ပျော်ကြရှာ× ×

"မမိုးပွင့်ရယ်"

"ဟင်... ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ အတီးကို ရပ်လိုက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သာယာအေးနွဲ့လိုက်တဲ့ အသံလေးရယ်။ ရင်ထဲကို တောက်လျှောက် စီးဝင်လာတယ်ဗျာ။ ကျွန်တော် မတီးချင်တော့ဘူး၊ ထိုင်ပဲ နားထောင်နေချင်တော့တယ်၊ တကယ်ပါပဲ"

"အပြတ်ဟာစ်မလို့၊ အရှိန်ယူတုန်း ရှိသေးတယ်။ ဘာမှန်းလည်း မသိဘူး"

ရှက်မျက်ဝန်းလေး နှစ်သိမ့်ကြည်နူးသော နှုတ်ခမ်းဖူးလေး၊ ရင်းနှီးပိုင်နိုင်သော စကားလုံးလေးများ...

"လက်တွေတောင် ဘုန်လာတယ်၊ ဆက်ပြီး တီးနိုင်တဲ့စွမ်းအား မရှိတော့သလိုပါပဲဗျာ၊ ရင်ထဲမှာလည်း နက်နက်နဲနဲ ခံစားလိုက်ရပါတယ်"

"အစ်ကို ဘယ်လိုဖြစ်နေတာလဲ၊ ဘာပြောနေမှန်းလည်း မသိဘူး... တီးလေ"

"ဟုတ်သားပဲ၊ သူ မတီးတော့ ဒီက ဘယ်လိုလုပ်ပြီး ဆက်ဆိုမှာလဲလို့"

တောက်ပရွှန်းဝင့်သော အပြုံးများနှင့် မိုးပွင့်ဖြူသို့ ကြာမြင့်စွာ စိုက်ကြည့်နေပြီးမှ ခေါင်းပြန်ငုံ့ပြီး စောင်းကြိုးကို တီးခတ်သည်။

မြောင့်မိလာ× သိတာပွေသွန်း× ရောင်ခွန်ဖြာ×
မြသွေးခြယ် × ကြည်လင်စွာ × ခွေကာရစ်ကာ
မြနုဒိစန္ဒာပါ × သဲငွေသောင်ယံဦးမှာ × စန္ဒာ × စန္ဒီ×
ကိန္နရီတို့မှာ× ပန်းပေါင်းတွေတွေ × ပြာရွှေနီဝါ×
ဆင်မြန်းကာပဲ × ကခုန်မြူးရှာ × နန်းမှုန်းရာ×





ဆန်းလှတာ × ရွှေလည်တွဲလို့ × ချစ်ပွဲဝင်ကာ
စံပျော်ကြတာ×

လှမ်းမယ်ပ × မြန်းစို့ ကိန္နရီ × ကိန္နရာ×
တူမကွာတွဲကာ × နွဲ့ကာ × ဝဲကာပျံ × ပန်းစုံစွာ×
ဂနိုင်အတွင်းကြိုင်သင်းလို့ပါ× ဖိုမသံခေါ်ထူးလို့သာ၊
ငွေသောင်ယံ × ရွှေတောင်ပံ × မခွဲရက်အောင် တွဲရက်
ပျော်တာ×
ထိုစဉ်အခါ ×

ဗာရာသနင်း... မင်းပြဟ္မဒတ် ဘုရင်ရာဇာ×
ဖော်မပါ× တစ်ကိုယ်တည်းသာ × လေးတော်
ထမ်းကာ × × မြိုင်တန်းဟေမဝါ × ရောက်လို့
လာတာ × ကိန္နရီ × ကိန္နရာ × နှစ်ဖော်ကြင်ရာ×
ပျော်ရွှင်နေတာ × မြင်လိုက်တော့ခါ×

"ဟော... ဟိုအစ်ကို လာပြီ"

ပွင့်ဝါ၏ အော်သံကြောင့် အဆိုရှင်ရော အတီးရှင်ပါသည် နေရာတွင် ရပ်သွားပြီး သံတံခါးဝသို့ ပြိုင်တူ ကြည့်လိုက်မိကြသည်။

"ကိုနေလင်းဝေ"

ပြုံးရွှင်သင်ဘာသွာပင် ဝင်လာပြီး...

"ဆရာ အိပ်နေလား"

"သယ်နိုးကျွန်းသွားပါတယ်။ ပြန်လာတော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုလွှမ်းလှိုင်သည် စောင်းကို သူ့နေရာမှာ သွားပြန်တင်လိုက်ရတော့သည်။

အသံလှိုင်းလေး ပြီးဆုံးအောင် နားဆင်ခွင့်မရတော့သည်ကို နှမြောတသ ဖြစ်နေရပါသော်လည်း…

“တီးလေ ကိုလွှမ်းလှိုင်၊ ဆက်ဆိုကြရအောင်”

ဟု မိုးပွင့်ဖြူ မပြောလှာ၊ သူကိုယ်တိုင်က ရှက်ရွံ့နေပုံရပါ၏။

“စာမူတွေ ပါလာသေးလား”

“အဲဒါ လာပို့တာပါ”

စာကြည့်ခန်းတွင်း ဝင်သွားသော နေလင်းဝေ၏နောက်မှ မိုးပွင့်ဖြူ လိုက်သွားတော့သည်။

အလုပ်ကိစ္စများ လာရောက်တင်ပြသော နေလင်းဝေ၏အပြန်တွင် ဤစာဖောင်၏ ပရု(ဖ)များကို ပြင်ဆင်၍ ပေးလိုက်ရမည်မို့ မိုးပွင့်ဖြူ စားပွဲပေါ် ထိုင်လိုက်ရပါပြီ။

ဧည့်ခန်းတွင် ပွင့်ဝါတို့မောင်နှမ ရှိနေ၍ နေလင်းဝေလည်း ထွက်လာရမှာ အားနာဟန်ဖြင့် စာအုပ်စင်မှ စာအုပ်များကိုသာ ဟိုရွှေ့ဒီလှန် လုပ်နေချိန်တွင် အပြင်မှာ…

“အစ်ကို အဲဒီလူကို သိလား”

“သိပါတယ်။ သူတို့လုပ်ငန်းကို ဦးစီးလုပ်ကိုင်ပေးနေတဲ့ ကိုနေလင်းဝေဆိုတာလေ”

“ဟုတ်တယ်”

“မမိုးပွင့် မိတ်ဆက်ပေးဖူးတယ်။ သူပြုံးပြလို့ အစ်ကိုလည်း ပြန်ပြုံးပြလိုက်ပါတယ်။ သူနဲ့ မမိုးပွင့်နဲ့ တော်တော်ရင်းနှီးသလားဟင်”





“ရင်းနှီးရုံ ဘယ်ကမလဲ။ မမိုးနဲ့ ပေးစားမှာတဲ့”

“ဟင်…”

မျက်ဝန်းမှာ လျှပ်ရောင်ဝင်းသည်။

နှလုံးသားမှာ မိုးကြိုးခွင်းပါ၏။

လှမ်းမယ်ပ × မြန်းစို့ ကိန္နရီကိန္နရာ×

တူမကွာ× တွဲကာ–နွဲ့ကာ×

ဖိုမသံခေါ်ထူးလို့သာ × ငွေသောင်ယံ ×

ရွှေတောင်ပံ မခွဲရက်အောင် × တွဲရက်ပျော်တာ ×

ထိုစဉ်အခါ…

× ဟာရာ သနင်း× မင်းပြဟ္မဒတ်× ဘုရင်ရာဇာ

ရောက်လို့လာတာ…

မိုးပွင့်ဖြူ၏ အသံလှိုင်းကလေးက နှလုံးသည်းပွတ်မှာ ပဲ့တင်ထပ်လာသည်။

“သြော်… မင်းပြဟ္မဒတ်ရာဇာ ဆိုတာ ကိုနေလင်းဝေလားဗျာ”

“ကိန္နရီ မောင်နှံလို အချစ်မျိုးနဲ့… ကျွန်တော်တို့နှစ်ယောက်ဆီကို ရောက်လာတဲ့ ကိုနေလင်းဝေရယ်”

“ခင်ဗျားခွင်းမယ့် အဆိပ်လူးမြားတံဟာ ကျွန်တော့်နှလုံးသားကို ခူးနစ်ဖွင့်ခွဲတော့မှာပါဗျာ…”



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမျက်ရည်မို့သာ မစီးသွယ်လာသော်လည်း မျက်ဝန်းမှာ... ရင်တွင်းမှာ လျှံလျက်ပါ...

မမိုးပွင့်ဆိုတဲ့ ကျွန်တော့်ရဲ့ အချစ်ဦးရယ်...

"မြင့်မားလွန်းတဲ့အရပ်မှာ ဘာကြောင့် ရှိနေရတာလဲဗျာ..."

"ကျွန်တော်ကရော နိမ့်ကျလွန်းတဲ့ အောက်ခြေမှာ ဘာကြောင့် ရောက်ရှိနေရတာလဲ"

"အချစ်ရှိရာ အရပ်ကို မြင့်မီလာနိုင်အောင် ဘယ်လို ဖြည့်အားတွေနဲ့ စွမ်းဆောင်ရမှာလဲဟင်"

"ကျွန်တော့်မှာ ဘာအင်အားမှ မရှိပါလား မမိုးပွင့်ရယ်..."

ဒါပေမယ့်... အသည်းရယ်...

"ကိုနေလင်းဝေ အပါအဝင် ဘယ်ယောက်ျားမျိုးမှ မပေးစွမ်းနိုင်တဲ့ အင်အားတစ်ရပ်တော့ ကျွန်တော့်နှလုံးသားမှာ ရှိနေပါတယ်"

အဲဒါက...

"ကျွန်တော့်ရင်ထဲက အကြီးမား အမြင့်မြတ်ဆုံးသော မေတ္တာတရားပါ"

"အဲဒါက လွဲလို့တော့ ကိုးကွယ်အားထားရာ ဘာမှမရှိတဲ့ အဖြစ်ကို အချစ်ရယ် နားလည်လှည့်ပါလားကွယ်..."

"ဟောတော့ ဘာမှလည်း မပြောဘဲနဲ့ အစ်ကိုက ပြန်သွားပြီ"

ပွင့်ဝါ၏ အသံအဆုံးတွင် ကိုလွမ်းလှိုင် ခြံပြင်သို့ ရောက်လာခဲ့ပါပြီ...





ခြံမှထွက်ပြီး ပြန်နေကျ လက်ဝဲဘက်သို့ မချိုးဖြစ်ပါပဲ လက်ယာဘက်သို့ကွေ့ပြီး စည်သောင်စုလမ်းမကြီးဘက်သို့ ကွေ့ဝိုက်ပတ်ထွက် သည့် မြေလမ်းအတိုင်း လေးကန်စွာ လျှောက်လှမ်းလာနေဆဲ ကား တစ်စင်းဝင်လာပြီး အနားတွင် ထိုးရပ်သည်အထိ မော့မကြည့်မိ...

"မောင်လွမ်းလှိုင်... အိမ်က လာတာလား"

ဦးသက်မောင်၏ နှုတ်ဆက်သံသည် တော်လည်းသံထက် ကျယ်လောင်သွားရသည်။

"ဟုတ်... ဟုတ်ကဲ့ခင်ဗျ"

"အိမ်ကိုပဲ ခဏ ပြန်လိုက်ခဲ့ပါဦးလား... ဦး... မောင်လွမ်းလှိုင်ကို ဆွေးနွေးချင်စရာလေးရှိလို့"

"ခင်ဗျာ"

"လာပါ မောင်လွမ်းလှိုင်၊ ဘိုခင် တံခါးဖွင့်ပေးလိုက်"

ဦးသက်မောင်က နောက်ခန်းမှ စီးလာသည်။ တံခါးဖွင့်ပေးသော ဒရိုင်ဘာ ကိုဘိုခင်၏ဘေးတွင် ယောင်ယောင် ကြောင်ကြောင် ဖြင့်ပင် ဝင်ထိုင်လိုက်ရသည်။

"အိမ်မှာ သမီးတို့ ရှိသလား"

ဦးသက်မောင်က သူ့ညီမ ပွင့်ဝါသို့ပါ ရည်ညွှန်း၍ သမီးတို့ဟူ၍များ သုံးလိုက်လေသည်လား...

"ဟုတ်ကဲ့... ကိုနေလင်းဝေလည်း ရောက်နေပါတယ်"

"သြော်... သြော်..."

ကိုယ်၏ သိက္ခာအတွက်၊ ဦးသက်မောင်၏ စိုးရိမ်မှုများအတွက် ကာကွယ်သော စကားစုအဖြစ် ကိုလွမ်းလှိုင် တင်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိန်းဂျား ကားကြီးတစ်စင်း ဝင်လာသဖြင့် ကိုဘိုခင်က ခက်ခက်ခဲခဲ ရှောင်လိုက်ရသည်။

"ဩော်... အဖေ သေဆုံးရတာ... ဒီလမ်းပေါ်မှာပဲ။ ဘယ်လိုလူမဆန်တဲ့ ကားမောင်းသမားရဲ့ လက်ချက်လည်းဆိုတာ ဒီနေ့ထက်ထိ မသိရသေးပါလား"

ဦးသက်မောင်၏ ခေါ်ဆောင်လာမှုကြောင့် စိတ်မသက်မသာ ဖြစ်နေချိန်တွင် ဖခင်ကြီးသို့ တမ်းတစိတ်ဖြင့် ကြေကွဲမှုက ရုတ်တရက် ဖြစ်ထွန်းလာမိသေးသည်။

ကားဆိုက် လာချိန်တွင် အိမ်ရှေ့ခန်း၌ တစ်ယောက်မျှ မရှိကြ...

"ကဲ... လာ.. မောင်လွမ်းလှိုင်၊ ဦးအခန်းထဲမှာပဲ သွားစကားပြောကြရအောင်"

ဧည့်ခန်းအစပ်သို့ သွယ်ချထားသော လှေကားအတိုင်း ဦးသက်မောင်၏နောက်မှ လိုက်ခဲ့ရပါပြီ...

ကားသံ ကြားသဖြင့် စာကြည့်ခန်းတွင်းမှ ထွက်လာသော မိုးပွင့်ဖြူမှာ ဖခင်နှင့် လေးစားမြတ်နိုးရလွန်းသူတို့၏ နောက်ကျောပြင်ကိုသာ အံ့ဩစွာ မော့ကြည့်ကျန်ရစ်ရသည်။

ဧည့်ခန်းမှ ကိုလွမ်းလှိုင် လိုက်သွားရသည်ဟုသာ ထင်မိသည်။ ပြန်သွားရာမှ ပြန်လိုက်လာရသည့် အဖြစ်အပျက်လေးကို မိုးပွင့်ဖြူ မသိလိုက်ပါချေ။

ရင်ထိတ်စိတ်ဖြင့် မပြီးပြတ်သေးသော စာဖောင်များကို ပြန်လည် ပြင်ဆင်နေရသော်လည်း...





"သူဘာကြောင့်များ လိုက်သွားရတာလဲ"

"ဖေဖေက ဘာကြောင့် ခေါ်တွေ့ရတာလဲ"

"ပွင့်ဝါကိစ္စပဲ ဖြစ်မယ်ထင်တယ်"

မိုးပွင့်ဖြူကဲ့သို့ပင် သံသယတွေးများစွာဖြင့် ဦးသက်မောင်၏ အရိပ်ခြည်ကို ကိုလွမ်းလှိုင် ကြည့်နေရပါ၏။

တိုက်ပုံအင်္ကျီကို ချွတ်လိုက်သည်။ ရှပ်အင်္ကျီဖြူနှင့် ချွေးစို့စွပ်ကျယ်ပါ ချွတ်၍ ပိတ်အင်္ကျီဖြူဖြူ ပေါ့ပေါ့ပါးပါးကို လဲဝတ်သည်။ ပုဆိုးပါလဲပြီး အဝတ်များကို သပ်သပ်ရပ်ရပ် သူ့ခုတင်ခြေရင်းတွင် ဖြန့်လှန်းလိုက်သေးသည်။ ကိုလွမ်းလှိုင် တွေ့မြင်ဖူးစ အချိန်ထက် များစွာ ကြုံလှီသွားကြောင်း ကိုလွမ်းလှိုင် မြင်ရသည်။ ကျန်းမာရေး အခြေအနေ ကောင်းပုံမရ။ စိတ်ဆောင်ခြင်းကြောင့်သာ လှုပ်ရှားနေနိုင်ကြောင်း သိသာလှပါ၏။

"မောင်လွမ်းလှိုင်ကို ဦးဥက္ကာရဲ့ သားအဖြစ်နဲ့ ဦး... သံယောဇဉ်ရှိတယ်။ အနုပညာသမား တစ်ယောက် အနေနဲ့လည်း လေးစားပါတယ်"

ဒရင်ဘက် ပက်လက်ကုလားထိုင်တွင် မောနွမ်းစွာ ထိုင်လိုက်ရင်းက စကားနိဒါန်းခင်းသည်။

အမျိုးသား စာပေဆုရှင် စာရေးဆရာကြီး ဦးသက်မောင်သည် အနုပညာသမားချင်း လေးစားစိတ် ထားရှိကြောင်းတော့ သိသာလှပါ၏။

"ဦးဟာ... ဒီအိမ်မှာ ဖခင်တစ်ယောက်နေရာရော... မိခင်တစ်ယောက် နေရာပါ ပါဝင်နေရတဲ့သူပါဆိုတာ ဦးစွာ နားလည်ပါ...



www.burmeseclassic.com

www.burmeseclassic.com



မောင်လွမ်းလှိုင်။ မမတင့်က အသက်ကြီးပြီလေ။ ခုတောင် ဦးလေး အသုဘမှာ ငုနေခဲ့တယ်။ အိမ်မှာလည်း လိုအပ်နေရဲ့သားနဲ့"

ဦးသက်မောင်၏ ဆိုလိုရင်းကို သိချင်လှပါပြီ။

လူတစ်ယောက်၏ စရိုက်ကို ဖော်ကျူးပြရလေ့ရှိသော စာရေးဆရာ ဦးသက်မောင်သည်... ကိုလွမ်းလှိုင်၏ ရင်တွင်းစိတ် အခြေအနေကို သူ့မျက်နှာမှာ အကဲခတ်နိုင်စွမ်း ရှိပါ၏။

"ဒီကိစ္စကို မေးချင်နေတာတော့ ကြာပါပြီ။ မိုးသည်းသည့်ဦးက မောင်လွမ်းလှိုင်နဲ့သမီးနဲ့ ဆေးရုံကပြန်လာတာကို မြင်လိုက်ရပြီး ကတည်းက ဆိုပါတော့"

ခေါင်းငုံ့၍ မျက်နှာလွှဲလိုက်ဖို့ပင် မေ့လျော့သွားသည်။ လန့်ထိတ်ရှိ့ကြောက်စိတ်နှင့် ဦးသက်မောင်သို့ ဖြတ်ခနဲ... ကြည့်လိုက်မိသည်။

ဦးသက်မောင်က သူ့ကို မကြည့်ပါ...

ဤကမ္ဘာကြီးကို ယခုချက်ချင်းပင် နှစ်ခြမ်းကွဲသွားစေချင်ပါသည်။ တဘက်သော အခြမ်းမှာ ဦးသက်မောင်က ကျန်ရစ်ပြီး တဘက်ခြမ်းမှာ ကိုလွမ်းလှိုင်က ရောက်သွားစေချင်လှသည်။

မမေးသာ၊ မဖြေသာ၊ မမြင်သာအောင် ဝေးကွာသွားစမ်းချင်လှပါဘိသည်။

"သမီးလေးနဲ့ မောင်လွမ်းလှိုင်နဲ့ ချစ်သူဘဝ ရောက်နေကြတာ ဘယ်လောက်ကြာပြီလဲ"

"ခင်ဗျာ"





အံ့သြလွန်းသောစိတ်သည် ကိုလွမ်းလှိုင်၏ နှလုံးသားကို တွန်းကန်အားများစွာဖြင့် လှိုင်းထန်လှုပ်ရှားစေခဲ့ပါပြီ။

"ဦး... အမှန်အတိုင်း သိပါရစေ... မောင်လွမ်းလှိုင်"

"ခင်ဗျာ..."

ထပ်မံ အံ့သြရသောစိတ်သည် ကိုလွမ်းလှိုင်၏ စကားလုံးများကို ပိတ်ဆို့ ကာဆီးထားကြ၏။

"ဦးမှာ လုံလောက်တဲ့အကြောင်းရှိလို့ မောင်လွမ်းလှိုင်ကို ဖခင်တစ်ယောက်အနေနဲ့ မမေးသင့်တဲ့ မေးခွန်းတွေကို မေးနေရတာပါ။ ဦးကို အဖြေပေးပါ... မောင်လွမ်းလှိုင်"

ဦးသက်မောင်၏ မေးခွန်းတို့သည် သူ့အင်အားများကို ထုတ်ယူလိုက်သည်သို့ ရှိပါ၍... ဝင်သက်ပြင်းဖြင့် အားသွင်းလိုက်ပြီးမှ...

"ကျွန်တော်... ကျွန်တော်နဲ့ မမိုးပွင့်ဖြူတို့ဟာ ချစ်သူဘဝ မရောက်ကြသေးပါဘူးခင်ဗျာ"

"ဟင်..."

"စောင်းသင်ရင်း သံယောဇဉ် ကြီးကြီးမားမားနဲ့ ခင်မင်ကြရုံကလွဲလို့...၊ စကားတစ်ခွန်းတောင် အစွန်းမထွက်အောင် နေခဲ့တဲ့ ကျွန်တော်ပါ"

"သမီးကရော..."

"သူက မိန်းကလေးပါခင်ဗျာ"

"ဟင်... ဒါဖြင့် သမီးနဲ့ မောင်လွမ်းလှိုင်ဟာ သမီးရည်းစားတွေ မဟုတ်ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မဟုတ်ပါဘူး... ဦး"

ဆန္ဒစောသွားပြီဆိုသော အကြည့်နှင့် သိက္ခာပွန်းရပြီ... ဆိုသော အသိဖြင့် ဦးသက်မောင်မှာ နှောင်တရသွားသည်။

ကိုလွမ်းလှိုင်သည်လည်း...

မှန်ကန်သော စကားကို ဆိုလိုက်ရ၍ စောစောဆီကထက် ရင်မှာ ပေါ့ပါးသွားလေသည်။

ဤဝေဒနာ သက်သာမှုသည် မုန်တိုင်းရှေ့မှ လေပြင်းညှင်း၌ သာယာမိခြင်းလိုသာ ဖြစ်နေကြောင်း ကိုလွမ်းလှိုင် သိလာရပါပြီ။

"အင်း... ဦး ဆန္ဒစောသွားတယ်၊ ခွင့်လွှတ်ပါ... မောင်လွမ်းလှိုင်"

ဦးသက်မောင်မှာ ခုတင်ခေါင်းရင်းရှိ ဆေးပုလင်းများစွာထဲမှ ဆေးလုံးတစ်လုံးကို ယူသောက်လိုက်ပြီးမှ နေရာတွင် ပြန်ထိုင်သည်။ အတော့်ကို နွမ်းနယ်နေပုံလည်း ရပါ၏။

"ဦးဟာ... ဦးရဲ့ဇနီး ဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ဦးရဲ့ဘဝကို ဦး သတ်ပစ်ခဲ့တယ်။ အဲဒါ... သမီးလေးကြောင့်ပါ။ ဦးရဲ့အသက်လေးဆယ့်နှစ်နှစ်မှာ မုဆိုးဖို ဖြစ်ခဲ့တယ်၊ ယောကျ်ားတစ်ယောက် အနေနဲ့ ရှာလို့ဖွေလို့ အကောင်းဆုံးအရွယ်ပဲပေါ့လေ။

"ဒါပေမယ့် ဦးရဲ့သမီးလေးကို မိထွေးနဲ့ မနေစေရဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဒီလိုပဲ သားအဖနှစ်ယောက် နေလာခဲ့ကြတာပါ။ သမီးက ဦးကိုပြောပါတယ်။ ဖေဖေဟာ သူ့ဘဝနဲ့ရင်းပြီး သမီးအတွက် နေပေးခဲ့လို့ သမီးရဲ့ဘဝကိုလည်း ဖေဖေ့ကို အပ်ပါတယ်...တဲ့"





ဦးသက်မောင်၏ ဦးတည်ချက်ကို နားမလည်ပါ၍ မတတ်ကျွမ်းသော ဘာသာရပ်ခြားစကားကို နားထောင်နေသည်သို့ပါ...

"ဦးဟာ သမီးအတွက် အိမ်ထောင်ဘက်ကို ရှာဖွေခဲ့ပါတယ်... ခက်တာက ကိုယ့်ဘက်က အလှနဲ့ဥစ္စာပညာ ပြည့်နေစေကာမူ မြန်မာမိန်းကလေးရှင်ဆိုတာ ဘယ်လိုလုပ် လိုက်ပြောခွင့်ရှိပါမလဲကွယ်။ အစင်းသိ မဟုတ်တဲ့ ကမ်းလှမ်းသူကိုလည်း မပေးစားရဲပါဘူး မောင်လွမ်းလှိုင်ရယ်။ ဒါကြောင့် သမီးအတွက် ဦး... မောင်နေလင်းဝေကို ရွေးထားတယ်"

"ဩော်... ကျွန်တော် နားလည်ပါပြီ ဦးရယ်..."

ယခုတော့မှ အမှန်တကယ် နားလည်ရပါပြီ။ ဦးသက်မောင်သည် သူ့သမီးအတွက် ကိုနေလင်းဝေ ရှိနေလေပြီ ဆိုသည်ကို ခေါ်ယူ၍ အသိပေးနေခြင်းပါလား...။

"မောင်လွမ်းလှိုင် ဘာကို နားလည်တာလဲ"

"ဦးရဲ့ ဆိုလိုရင်းကိုပါ"

"ကောင်းပြီလေ၊ ဦးစကားဆုံးအောင်တော့ ပြောပါရစေ"

စကားသံ၏ အင်အား နည်းနေသော်လည်း သူပြောချင်သည့် အကြောင်းရာမို့ ထင်ပါသည်၊ မာန်ပြည့်နေလေသည်။

"မောင်နေလင်းဝေဟာ ပစ္စည်းတော့ မပြည့်စုံလှဘူး။ ဒါပေမယ့် မျိုးရိုးဂုဏ်ရှိတယ်။ နောက်ပိုင်းရှင်းတယ်။ သူ့မိဘများက သမီးအိမ်ထောင်သည်နဲ့ နေတယ်။ ပေါင်းမှ သားတစ်ယောက် သမီးတစ်ယောက်ရယ်။ ရူပဗေဒဘွဲ့ရပြီးသား။ ထုတ်ဝေပုံနှိပ်ရေးကိစ္စမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်နေပြီ။ ပြီးတော့ သိပ်ကြိုးစားတယ်။ သူ့ရဲ့ တိုးတက်ရာ လမ်းစကို အမြဲရှာနေတဲ့ လူငယ်တစ်ဦးပဲ"

ကိုနေလင်းဝေအတွက် ဟိမဝန္တာ ချီးမွမ်းခန်းထက်ပင် ကျယ်ဝန်းနေပါသေးလား။ ကိုလွှမ်းလှိုင် မကြားလိုတော့ပါ။

"ဒါကြောင့် သမီးနဲ့ လက်ထပ်ပေးမယ်လို့ ရည်ရွယ်ပြီး သမီးကို မေးတော့ ခုနပြောသလို သူ့ဘဝကို အပ်ပါတယ်တဲ့၊ ဒီလို သမီးက သိပ်လိမ္မာလေ ဦးအတွက် ပိုပြီး တာဝန်ကြီးလာလေပေါ့ကွယ်"

"ဟုတ်တာပေါ့လေ"

"မောင်နေလင်းဝေဆီက ဦးလိုချင်တဲ့ပုံစံတွေ ရနိုင်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးအတွက် ဘယ်လိုမှ ဖန်တီးတည်ဆောက်ယူလို့ မရနိုင်တဲ့ အရာတစ်ခုက ကွက်လပ်ဖြစ်နေပါတယ် မောင်လွှမ်းလှိုင်"

"ဘာကွက်လပ်လဲ ဦး"

"မေတ္တာတရားပေါ့ကွယ်"

"ခင်ဗျာ"

"သမီးဟာ မောင်နေလင်းဝေကို ဘယ်လိုနည်းနဲ့မှ မေတ္တာ သက်ဝင်လာနိုင်မယ့်ပုံစံမျိုး မရှိဘူး"

ဦးသက်မောင်က မသိမသာ သက်ပြင်းရှိုက်လိုက်သည်။

"အိမ်ထောင်ရေးမှာ အရေးအကြီးဆုံး အခြေခံအုတ်မြစ် မပါရှိနိုင်ဘူးလေ။ ဒါကြောင့် သူ့မှာချစ်သူရှိနေပြီလို့ ဦးထင်ခဲ့မိတယ်။ အဲဒီ ချစ်သူဟာလည်း မောင်လွှမ်းလှိုင် ဖြစ်နေမယ်လို့ ဦး ယူဆခဲ့မိတာ မှားပြီပေါ့နော်"





ကိုလွှမ်းလှိုင်ရင်မှာ တင်းကျပ်လာရပါပြီ...

"စောစောက မောင်လွှမ်းလှိုင်ပြောတဲ့ ကျွန်တော် နားလည်ပါပြီ ဆိုတာ ဦးက မောင်နေလင်းဝေနဲ့ သမီးကို သဘောတူထားလို့ မောင်လွှမ်းလှိုင် ဖယ်ပေးပါ၊ မနှောင့်ယှက်ပါနဲ့လို့ ခေါ်ပြောတယ်လို့ ထင်နေတယ် မဟုတ်လား မောင်လွှမ်းလှိုင်..."

"ဒီလိုပဲ ပြောတာ မဟုတ်ဘူးလားဗျာ"

"သိပ်မှားနေပြီ မောင်လွှမ်းလှိုင်၊ ဒါ ဆယ့်ကိုးရာစု အစပိုင်း လောကက ဖြေရှင်းလေ့ရှိကြတဲ့ ပြဿနာမျိုးပါကွယ်"

"ခင်ဗျာ"

"ဦး ရှင်းရှင်းပဲပြောပါ့မယ်... သမီးကသာ သူ့ချစ်သူနဲ့ မခွဲနိုင်ပါလို့ ပြောလာခဲ့ရင် သူ့ဆန္ဒအတိုင်း ဖြစ်စေရမယ်"

ကိုလွှမ်းလှိုင် ကုလားထိုင်လက်ကိုင်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ညစ်ပြီး တစ်ကိုယ်လုံး တောင့်မတ်သွားတော့သည်။

"သမီးလေးကို မမေးရဲ မပြောရက်လို့ ကိုယ့်တူလေးလို သဘောထားပြီး မျက်နှာပူပူနဲ့ပဲ မေးရတာ မောင်လွှမ်းလှိုင်၊ ဦးကို မကြောက်နဲ့၊ အားလည်းမနာနဲ့၊ သမီးနဲ့ မောင်လွှမ်းလှိုင်နဲ့ သမီးရည်းစား မဟုတ်ကြဘူးဆိုတာ တကယ်လား"

"တ... တ... ကယ်ပါခင်ဗျာ"

ပင်ပန်းလွန်းလှသော အဖြေတစ်ရပ်ပါတကား...

သူသည် မိုးပွင့်ဖြူသို့ ဘယ်ယောကျ်ားမျိုးမှ မထားရှိနိုင်သော အမြင့်မားဆုံး မေတ္တာတရားနှင့် ချစ်ခဲ့ရသူပါ...



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူသည်လည်း...

သံယောဇဉ်ကြိုးပေါင်း ကုဋေမျှမက သူ့ထံသို့ သွယ်တန်းယှက်နွယ်ထားရှိခဲ့ပြီဟု သူ ယူဆမိပါသည်။ ဤကြိုးစများကို ဆွဲယူရုံနှင့်ပင် သူ့မေတ္တာနယ်မြေသို့ ချဉ်းနင်းရောက်ရှိလာတော့မည် ဆိုသည်ကို သူလည်း မသိမဟုတ်၊ သိပါသည်... နားလည်ပါသည်။

ကွာဟလွန်းသော ဘဝနှစ်ခုအတွက် ချစ်သူ၏ဘဝ ညှိုးမှိန်–ဂုဏ်ရှိန် ပျက်ရာမည် စိုးရိမ်လွန်း၍ မဖွင့်ဟရက်ခဲ့သူပါ။

ပေါင်းစပ်၍ ရရှိနိုင်မည့် ဘဝနှစ်ခု ဖြစ်လာလိမ့်မည် ဟူ၍လည်း မိုးတစ်ပွင့်စာမျှ မမျှော်လင့်ရဲခဲ့သော လွမ်းလှိုင်မို့...

ချစ်သူ့ရင် ပန်းမည့်အဖြစ်၊ အသည်းနွမ်းရမည့်အခြေအနေကို မဖြစ်ထွန်းစေလိုလွန်း၍ တဘက်သတ် မြတ်နိုးမှုမေတ္တာနှင့် နေလာခဲ့မိသည်ပင်လျှင်...

"မှားလေပြီလား"

သံသယတွေးတို့သည် ကာလနှောင်းကာမှ ရောက်လာခဲ့ပါပြီ။

"ဒါဆိုရင်တော့ ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဝေဒနာကို သမီးလေး ခံစားစရာမလိုတော့ပါဘူးလေ၊ မောင်နေလင်းဝေ ပေါ်မှာတော့ မချစ်ပေမယ့် မနှစ်သက်သူ မဖြစ်နိုင်ဘူး။ သူတို့ချင်း ခင်ခင်မင်မင်ပါပဲ၊ လုပ်ငန်းသဘောအရလည်း အမြဲတွဲလုပ်နေကြဆဲပါ။ နောင်ဆိုရင် ဒီလုပ်ငန်းကို နှစ်ယောက်လက်တွဲပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင်၊ အောင်မြင်လာအောင် လုပ်ကိုင်နိုင်ကြမှာပါ"

ကိုလွမ်းလှိုင်မှာ သူ့လက်နှစ်ဘက်ကိုသာ ယှက်ဆုပ်ပြီး ကြမ်းပြင်ကို ငြိမ်သက်စွာ စိုက်ကြည့်နေပါ၏။





"မောင်လွမ်းလှိုင်"

"ဟုတ်ကဲ့"

"သမီးဟာ ငယ်ပါသေးတယ်... ဒါပေမယ့် သူ့အတွက် အိမ်ထောင်ပြုရေးကို ဦးအမြန်ဆုံး စီစဉ်နေတာဟာ ဘာဖြစ်လို့လဲ သိလားဟင်"

"မသိပါဘူး...ဦး"

"ရင်ကျပ်ပန်းနာ ရောဂါပဲလို့ ထင်နေခဲ့တဲ့ ဦးရဲ့အဆုတ်မှာ၊ ကင်ဆာရောဂါ ဖြစ်နေပြီတဲ့ မောင်လွမ်းလှိုင်၊ မကြာခင်မှာ..."

"ဟာ... ဦး"

"ဟုတ်တယ် မောင်လွမ်းလှိုင်၊ မကြာခင်မှာ ဦးသမီးလေးနဲ့အတူ အားလုံးကို စွန့်ခွာထွက်သွားရတော့မယ်လေ..."

"ဖြစ်မှ ဖြစ်ရလေ ဦးရယ်"

"သိကာစတုန်းကတော့ တုန်လှုပ် ဝမ်းနည်းမိသား၊ ဒါပေမယ့်... ဦးတို့ဟာ သံသရာရဲ့ ခရီးသည်တွေပဲကွယ်။ အတိတ်ဘဝရဲ့ ခန္ဓာကို စွန့်ပြီး ဒီဘဝရောက်လာခဲ့တယ်။ ဒီဘဝရဲ့ ခန္ဓာကိုစွန့်ပြီး ကိုယ့်ကုသိုလ်ကံ၊ အကုသိုလ်ကံအရ ဘဝသစ်ဆီကို သွားကြရမှာပဲ၊ လူတိုင်း၊ သတ္တဝါတိုင်းပဲလေ၊ အရွယ်ရင့်လာတဲ့ ဗုဒ္ဓဘာသာဝင်တိုင်းဟာ တရားမွေနဲ့ ရင်ကို နူးညံ့စေ၊ သတိသံဝေဂ ရစေပါတယ်။ ဦးအတွက် မောင်လွမ်းလှိုင် စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်..."

စိတ်ကောင်း စေတနာများစွာဖြင့် ဖွဲ့စည်းထားသော တရားမွေ ရှင် ဦးသက်မောင်သို့ ထိခိုက်သောရင်ဖြင့် ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်း သမီး မသိပါဘူး မောင်လွမ်းလှိုင်၊ ဖြစ်ကာမှ ဖြစ်ရော... ကြိုပြီး မသိစေချင်ဘူး။ သမီးလေးရဲ့ ပရိဒေဝကို မမြင်ရက်ဘူးကွယ်"

"ဦးရယ်"

"ဒါကြောင့် သမီးအတွက် မှီခိုအားကိုးရမယ့် စိတ်ချမ်းသာရမယ့်၊ ခင်ပွန်းကောင်းကို ရရှိစေချင်တယ်။ မိန်းမသားတစ်ယောက်ရဲ့ ဘဝဖန်တီးရှင်ဟာ သူ့ရဲ့ခင်ပွန်းပဲ၊ ယောကျ်ားမကောင်းရင် အသည်းနှလုံးရော၊ ဘဝပါ ဆုံးရော။ ယောကျ်ားကောင်း ရခဲ့ရင်လည်းတစ်သက်တာရဲ့ အေးငြိမ်းချမ်းသာမှုကို ရရှိနိုင်မယ်လေ..."

"ဟုတ်ပါတယ်... ခင်ဗျာ"

"သမီးမှာ ချစ်သူ မရှိဘူးဆိုရင် အမြန်ဆုံး မောင်နေလင်းဝေနဲ့ လက်ထပ်နိုင်ဖို့ ဦး စီစဉ်လိုက်တော့မယ်နော်..."

စီစဉ်လိုက်ပါ၊ လက်ထပ်ပေးလိုက်ပါ ဆိုသော စကားမျိုး ပြောထွက်နိုင်လောက်အောင် ရင်မှာအင်အားမရှိပါ။

"မောင်လွမ်းလှိုင်"

"ပြောပါ... ခင်ဗျာ"

"အဖေနဲ့ သမီးဆိုတော့ မေးဖို့ပြောဖို့ ခက်လွန်းလို့ မောင်လွမ်းလှိုင်ကိုပဲ ဖွင့်မေးရတာ ဦးကို နားလည်စွာ ခွင့်လွှတ်ပါကွယ်"

"တောင်းပန်စရာ မလိုပါဘူး ဦးရယ်"

"ကျေးဇူးတင်ပါတယ် မောင်လွမ်းလှိုင်။ သမီးကိုလည်း... မွှင့်ဝါနဲ့အတူ၊ ညီမလေးတစ်ယောက်လိုပဲ သဘောထားပြီးစောင့်ရှောက်





ပါလို့ ဦး မှာခဲ့ပါရစေ"

"ကျွန်တော့်အတွက် စိတ်ချပါဦး... ဦးအတွက် လိုအပ်တာရှိလည်း ကျွန်တော့်ကိုခိုင်းပါ"

"ကျေးဇူးတင်ပါတယ် မောင်လွမ်းလှိုင်။ ကဲ... ပြန်နိုင်ပါပြီကွယ်။ မောင်နေလင်းကို အလုပ်ကိစ္စလေးနည်းနည်း ညွှန်ကြားပြီးရင် ဦးလည်း နားလိုက်ဦးမယ်။ အသက်ရှူရတာ ရင်မှာ ပင်ပန်းလှတယ်..."

အဆုတ်ကင်ဆာဝေဒနာရှင်ထက် အဆများစွာ ရင်ပန်းခြင်းဝေဒနာဖြင့် ဦးသက်မောင်၏ အခန်းမှ ကိုလွမ်းလှိုင် နှုတ်ဆက်ထွက်ခဲ့ပါ သတည်း။

■

မိုးပွင့်တို့ ကြွေနေသည်။

မိုးစက်များ ကုန်ခန်းလျှင် မိုးရွာရပ်ပေလိမ့်မည်။

အချိန်ရှိသည်၊ အခါရှိသည်၊ အတိုင်းအတာရှိပါသည်။

ကိုလွမ်းလှိုင်၏ နှလုံးသားတွင်းမှာ ရွာနေသော အလွမ်းမိုးပွင့်တို့သည်မူ...

အချိန်မရှိ၊ အခါမရှိ၊ အတိုင်းအတာမရှိပါလေ...

သူ့နှလုံးသား လှုပ်ရှားမှု ရပ်ဆိုင်းမသွားလေသမျှ ထာဝရ ရွာစွေနေမည့် အလွမ်းမိုးပွင့်များသာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့လေကားမှ ဆင်းလာတော့ စာကြည့်ခန်းတွင်းမှာ ခေါင်းငိုက်ဆိုင်ပြီး စာမူများ တိုက်နေကြသော ကိုနေလင်းဝေနှင့် သူ၏ မမိုးပွင့်နှုတ်မဆက်ခဲ့တော့ပါ။

ပွင့်ဝါလည်း မရှိ၍ လှေကားထိပ်မှရပ်ပြီး မိုးပွင့်ဖြူကိုတမ်းတမ်းတတ မျှော်ငေးကြည့်မိသည်။

"လွမ်းလှိုင်... မင်း ဖြစ်ချင်တာ လုပ်စမ်း။ ဘာမှ ငဲ့မနေနဲ့"

ဟူ၍ ကိုယ့်အတွက်သာ ကြည့်စတမ်းဆိုပါလျှင်...

မမိုးပွင့်သို့ အဘယ်မျှ ချစ်မြတ်နိုးရပါကြောင်း ရင်ဖွင့်တင်ပြပြီး မမိုးပွင့်နှင့်အတူ ဦးသို့ ခွင့်ပန်၍ ကွာဟသော ဘဝနှစ်ခုကို ညီမျှအောင် ပေါင်းစပ်ပစ်လိုက်ချင်ပါပြီ။

ယခုတော့...

လွမ်းလှိုင်အတွက် မကြည့်သင့်ပါ။

မမိုးပွင့်အတွက်သာ စဉ်းစားပေးသင့်ပါ၏...

"အချစ်ရယ်...

"အချစ်အတွက် အချစ်များစွာ ပေးစွမ်းနိုင်ရုံကလွဲလို့ အချစ်ရဲ့ဘဝကို ဖေးကူလက်တွဲနိုင်မယ့် အရည်အချင်း မရှိသူ လွမ်းလှိုင်ရယ်ပါဗျာ...

"အချစ်သို့...

"ရင်ငြိမ်းတေးသံစဉ်များအဖြစ် ဆောင်းခတ်သံနဲ့ ရွှေနားတော်ဆက်သွင်းနိုင်ရုံကလွဲလို့ ဘာကိုမှ စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး အချစ်ဦးရေ...





ဘွဲ့မရတဲ့ ဆင်းရဲသားတစ်ယောက်နဲ့ သိပ္ပံဘွဲ့ရှင်၊ အချစ်တို့ရဲ့အလုပ်ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူ ကိုနေလင်းဝေနဲ့က ကွာခြားလွန်းလှပါဘိလေ...

"ကိုယ့်ဘဝကို ကိုယ်သိတဲ့ လွမ်းလှိုင်ပါ...

"ကိုယ့်အခြေနေကို ကိုယ်နားလည်တဲ့ လွမ်းလှိုင်ရယ်ပါဗျာ...

"ဒါကြောင့်...

"အချစ်ရဲ့ တောက်ရှန်းနေတဲ့ ချစ်မျက်ဝန်းလေးတွေကို မျက်ကန်းတစ်ယောက်လို မမြင်ဟန်ဆောင်ပါ့မယ်။

"ဩော်... ဒီလမ်း...

"ဒီကွေ့ကွေ့ဝိုက်ဝိုက် မြေလမ်းပေါ်မှာ...

"ငါ့ရဲ့ မြတ်နိုးအားကိုးရာ အချစ်ဆုံး ဖခင်ကြီးရဲ့ အသက်နဲ့ခန္ဓာကွဲကွာခဲ့ရတဲ့နေရာ...

"အသက်ထက်ဆုံး ငါလက်ပေါ်မှာကြီးပြီး သံယောဇဉ်ဖြစ်ခဲ့ရ၊ ချစ်ခဲ့ရတဲ့ ငါ့ရဲ့ တစ်ဦးတည်းသော အချစ်ဆုံး ညီမလေး ပွင့်ဝါကို ပေးအပ်လိုက်ရတဲ့နေရာ...

"ပြီးတော့...

"ရင်ထဲက နှလုံးသားလေးများ တစစီကြွေပြီး သည့်မြေပေါ်မှာ သည်နေ့ ကျန်ရစ်ခဲ့ရပါပြီ။

"အဖေရဲ့ ဝိညာဉ်...

ဒီလမ်းပေါ်မှာ အချစ်နဲ့ ယှဉ်တွဲလျှောက်ခွင့်ရတဲ့ ဟိုတစ်ညဦးဆီက ရွာလိုက်တဲ့ မိုးရေစက်တွေဟာ လှပလိုက်တာ။ မြစမ်းသီတာလို အေးငြိမ်းလိုက်တာ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံလိုက်တာ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ မမိုးပွင့်ဆိုတဲ့ ကျွန်တော့်ရဲ့ အမြတ်နိုးဆုံးမလေးနဲ့ ယှဉ်ခွင့်၊ လျှောက်ခွင့် ထိတွေ့ခွင့် ရခဲ့လို့ပါ...

"ဒါကြောင့် အဲဒီနေ့က ရွာတဲ့မိုးကို 'ချစ်နှိမိတ်မိုး' လို့ တင်စားလိုက်မိတယ်...

"ခုတော့...

"သြော်... ခုတော့ကွယ်"

■ ■ ■



**အခန်း ။နှစ်ဆယ်။**

"ငြိမ်ငြိမ်နေလေ ပွင့်ဝါ၊ ဆရာဝန်ကြီးက ၃ လလုံး...

သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ရဘူး၊ အားစိုက်ခွန်စိုက် မလုပ်ရဘူးလို့ မှာထားတယ် မဟုတ်လား"

ခြံထဲမှာ ပွင့်ဝါပျော်နေသည်။ ပန်းအိုးများကို ဟိုရွှေ့သည်ရွှေ့ လုပ်ရန် စိတ်စဉ်ဟန်ပြင်နေသဖြင့် မိုးပွင့်မြူ တားလိုက်တော့လည်း စီးစရာ ဒန်းပေါ်တွင် သူသွားထိုင်နေရှာသည်။

"ပွင့်ဝါ"

"ဟင်"

"ပွင့်ဝါအစ်ကို မလာတာ ကြာလှပြီ။ တနင်္ဂနွေနေ့က သူလာမယ်ထင်ပြီး သူကြိုက်တတ်တဲ့ မုန့်ဟင်းခါးတောင် ချက်ပြီး စောင့်နေတာ ဘာဖြစ်လို့များလဲ မသိဘူးနော်"

"ပွင့်ဝါကို ဖုန်းဆက်တယ်လေ"

"ဟင်... ဟုတ်လား။ ဘယ်တုန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့က"

"ဘာ... ဘာတဲ့လဲ ဟင်"

"အိမ်ကိုရောင်းလိုက်မယ်တဲ့၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့ အတူသွားနေမယ်တဲ့"

"အို... ဘာဖြစ်လို့လဲ"

"အစ်ကိုတစ်ယောက်တည်း မနေချင်တော့လို့တဲ့"

"အင်း... ပေါ့လေ... မိသားစုသုံးယောက် နေခဲ့ရာက တစ်ယောက်တည်းဖြစ်သွားတော့ ဘယ်နေချင်ပါ့မလဲ၊ သနားပါတယ်။ နောက် ဘာပြောသေးလဲဟင် ပွင့်ဝါ"

"ညီမလေး လိမ်လိမ်မာမာနေ... မမမိုးရဲ့စကားကို နားထောင်တဲ့။ အစ်ကိုတော်တော်နဲ့ လာဖြစ်မှာ မဟုတ်ဘူးတဲ့"

"ဟင်"

ပွင့်ဝါမှာ မိုးပွင့်ဖြူ၏ အသွင်သဏ္ဍာန်ကို အကဲခတ်မနေပါ။ ဒန်းပေါ်တွင် ပျော်ရွှင်တက်ကြွနေပေသည်။

"တယ်လီဖုန်းလာတာ မမကို ဘာလို့မပြောတာလဲဟင် ပွင့်ဝါ"

"အစ်ကိုကမှ မမမိုးကို ပြောလိုက်ပါလို့မှ မပြောတာ"

"အေးပေါ့လေ"

ပွင့်ဝါမှာ ဒန်းကို ပုခက်စီးသလို စီးနေပါ၏။ သည်အိမ်မှာ သူပျော်နေသည်။ တယ်လီဖုန်းလာလျှင် သူအလျင်ပြေးကိုင်သည်။ သောက်ရေအိုးမှ ရေကိုမသောက်တော့၊ ရေခဲသေတ္တာမှ ရေကိုသာ ထုတ်သောက်သည်။ ကားလည်း အလွန်ကြိုက်၏။ မျက်စိခွဲထား၍





လမ်းကြုံတိုင်း လိုက်ခွင့်မပေးခဲ့။ ပွင့်ဝါ၏ ရဲတင်းလွန်းသော အပြုမူများကြောင့် တစ်ခါတစ်ရံ ဖေဖေနှင့် ကြီးကြီးတင့်တို့ မသိသာ မမြင်သာအောင် မိုးပွင့်ဖြူမှာ ဖုံးကွယ်ပေးနေရသည်။

"မမမိုး တစ်နေ့လောက် အစ်ကို လွမ်းလှိုင်ဆီ လိုက်သွားကြရအောင်"

"ဘယ်ကို လိုက်သွားရမှာလဲ။ သူနေတဲ့ နေရာကို သိလို့လား"

"အိမ်တော့ မသိပါဘူး။ အလုပ် လုပ်တဲ့ဆီ လိုက်သွားရင် ရတာပေါ့"

"ပွင့်ဝါ သွားတတ်လို့လားဟင်"

"ဘယ်သွားတတ်မှာလဲ။ ဒါပေမယ့် အိမ်က ကားနဲ့သွားရင် ရောက်တာပေါ့။ မြို့မကျောင်းကြီးဆိုတာရဲ့ ရှေ့မှာ... ဂေါ်ဒင်လမ်းဆိုလား၊ ကဇာတ်ရုံမှာ"

"သြော်... သိပြီ... သိပြီ၊ ဂေါ်ဒွင်လမ်းက ယဉ်ကျေးမှုကဇာတ်ရုံမှာ"

"အဲ... အဲဒီကိုသွားရင် နေ့လယ် ဆယ့်တစ်နာရီခွဲဆို ညှိသည်တွေ့လို့ရတယ်။ အဖေ ရှိတုန်းက ရွှေတိဂုံဘုရားပို့ရင်းနဲ့ အစ်ကို့ဆီဝင်ကြတာ"

အဘသည် သူ့သမီးငယ်အား သွားသင့် သွားအပ်သော အရပ်များသို့ ဂရုတစိုက် လိုက်လံပို့ခဲ့ရှာပါလား...

ပွင့်ဝါမှာ မျက်စိတစ်ဖက် လုံးဝ ပျက်နေသော်လည်း တစ်ဖက်က ဝိုးတဝါး မြင်သာခဲ့ပါ၏။ ငယ်စဉ် ကတည်းကသာ နှစ်ဖက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ခဲ့ပါလျှင် အာရုံကြောများ ချွတ်ယွင်းပြီး ကိုယ်ခန္ဓာ ကြီးထွားမှုပါ နှောင့်နှေးသွားပေမည်။ ယခုတော့ ဦးဏှောက်နှင့်ဆက်သွယ်ထားသော မျက်စိအာရုံကြောများက ကောင်းနေ၍သာ ခွဲစိတ်မှုအောင်မြင်ခြင်းပါ။ ရုပ်ပျက်လောက်အောင် အခြေနေဆိုးခဲ့သော မျက်ဝန်းကြီးမှာလည်း မျက်နက်ဝန်းများ အစားရောက်ရှိခဲ့လေပြီ။ ကြည်နူးဝမ်းမြောက်မှုလွန်ကဲစွာ ပွင့်ဝါမှာ သူ့ဘဝကိုသူ ကျေနပ်နေရှာသည်။

"မမမိုးတို့သာ အစောကြီးတည်းက ခေါ်ထားရင် အစောကြီးတည်းက ခုလို ဓိမ်နဲ့နေရမှာ။ ခုတော့... အစ်ကိုနဲ့အဘနဲ့ နေရတာ ဆင်းရဲလိုက်တာ"

"အို... ဘာပဲဖြစ်ဖြစ် သူတို့ဟာ ပွင့်ဝါရဲ့ ကျေးဇူးရှင်တွေပါ။ ပွင့်ဝါ လူလားမြောက်လာအောင်၊ အရွယ်ရောက်အောင် မွေးဖွားလာခဲ့တဲ့ ကျေးဇူးတရားကို မမေ့ရဘူးလေ ပွင့်ဝါ"

ပွင့်ဝါ ငြိမ်သွားပါ၏။

"မမမိုးနဲ့ ပွင့်ဝါနဲ့ သန်ဘက်ခါ တနင်္လာနေ့ကျရင် အစ်ကို 'လွှမ်းလှိုင် ရှိတဲ့ဆီကို လိုက်သွားကြရအောင်နော်..."

■ ■ ■



**အခန်း ။နှစ်ဆယ့်တစ်။**

"ညှို့သည် ရောက်နေတယ်ဆိုလို့ ဘယ်သူတွေများလဲလို့"

ကိုလွှမ်းလှိုင်က တည်ငြိမ်အောင် ကြိုးစားပြီး နှုတ်ဆက်အပြုံးနှင့် စကားစပါ၏။

ပွင့်ဝါ၏ အသံသည်သာ လှိုင်နေသည်။ မိုးပွင့်ဖြူများ ကြာမြင့်စွာ ကွဲကွာနေသော ကာလများဆီက စကားတွေ ရင်တွင်းမှာ သိထားခဲ့သော်လည်း ရင်ဆိုင်ကျတော့ ဘာမှ မပြောဖြစ်၊ သူတို့မောင် နှမ စကားပြောနေကြသည်ကိုသာ ငေးနေမိသည်။

ကဇာတ်ရုံ၏နောက်ဘက် စက်ချုပ်ဆောင် အဆောက်အအုံနှင့် တည့်တည့် ပြင်ပခြံဝန်းမှာ ညှို့သည်တွေ့ဆုံရန် အဆောက်အအုံငယ်ငယ်လေး ရှိပါ၏။ ဇာတ်ဝင်ခန်းများ၌ ဝတ်စားရန်အတွက် စက်ချုပ်နေကြသူများကို လှမ်းမြင်နေရသည်။ ယဉ်ကျေးမှု ကဇာတ်မှ အမျိုးသမီးလေးများ၊ တူရိယာ ပညာရှင်များကိုလည်း ဝေးဝေးမှ မြင်ရပါ၏။ စည်းစနစ်ရှိလှသည်။ မကြာမီ နိုင်ငံခြားသို့ ယဉ်ကျေးမှုအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် သွားရောက်ကြမည်။ ကိုလွမ်းလှိုင်လည်း ပါရှိမည်ဟု သိရပါ၏။

"အပြင်မှာပဲ စကားသွားပြောကြရအောင်ပါ"

သူ ဦးဆောင်၍ နောက်ကလိုက်ခဲ့ကြရသည်။

"ပွင့်ဝါ... ဟိုရှေ့ဘက်ကို သွားကြည့်၊ လေဟာပြင်က ဓာတ်ရုံကြီး။ ထိုင်ခုံတွေက အဆင့်ဆင့် မြင့်သွားတာ၊ ပြီးတော့ နောက်ဘက်က မင်းမနိုင် တိုက်သစ်တွေ သွားကြည့်ချည်နော်။ အစ်ကိုတို့ ကားထဲမှာ ခဏထိုင်ပြီး စကားပြောမလို့... ကိစ္စရှိလို့"

သူ့ အစီအစဉ်ဖြင့်ပင်... ပထမဆုံး တွေ့ဆုံစကလို ကား၏ ရှေ့နှင့်နောက်မှာ နေရာယူဖြစ်ကြပါသည်။

"မမိုးပွင့် ကျွန်တော့်ကို ဘာများ ပြောစရာရှိသလဲဟင်..."

"ရှင်"

ပြောချင်သည့်စကားလုံးများက ကောင်းကင်ပြင်မှ ကြွေကျသော မိုးပွင့်နှင့်အမျှပါ။ သို့ပေမယ့် ပြောမိသည့် စကားက...

"သူပဲ ပွင့်ဝါကို ဖယ်ခိုင်းပြီး ကိစ္စရှိလို့ဆို"

"ကျွန်တော့်အတွက် ကိစ္စအားလုံး ပြီးဆုံးသွားခဲ့ပါပြီ မမိုးပွင့်ရယ်"

"ဘာပြောတာလဲ"

"အနုပညာနဲ့ တာဝန်ဆိုတဲ့ အရာထဲမှာ တစ်ဘဝလုံး နှစ်မြှုပ်ထားလိုက်ပါပြီ။ ကျွန်တော့်ဘဝမှာ အခြားဆောင်ရွက်ကြိုးပမ်းစရာ ဘာကိစ္စမှ မရှိတော့ပါဘူးလေ"





လှိုင်းထန်သောရင်မှ ဖိတ်စင်လာသော စကားသံစဉ်များ...

"ဦး နေကောင်းရဲ့လား၊ မမိုးပွင့်ရော နေကောင်းပါရဲ့လား"

"ဒီက နေကောင်းလို့ လိုက်လာနိုင်တာပေါ့၊ ဖေဖေကတော့ နေမကောင်းလှပါဘူး"

"ကျွန်တော့်ကို ပြောစရာရှိတာ ပြောပါ"

မိုးပွင့်ဖြူမှာ ကိုလွမ်းလှိုင်သို့ ဆွေးမြည့် ကြေကွဲစွာ ကြည့်လိုက်မိသည်။

တကယ်တော့ ကိုလွမ်းလှိုင်သည်လည်း မိုးပွင့်ဖြူ၏ အမြတ်နိုးဆုံးသော အချစ်ဦးပါ...

မတန်တဆ သယ်ပိုးထားရသော မေတ္တာရင်မှ မဖွင့်ဟ... မညိုနှိုင်းရသေးသော ကွယ်ဝှက်ချစ်သူနှစ်ဦးသာ ဖြစ်ကြောင်း မိုးပွင့်ဖြူ သိမှတ်ပြီးသွားပါ။

"ဘာလို့မလာတော့တာလဲဟင်"

တမ်းတမှုဖြင့် ဖိတ်ခေါ်နေသော ချစ်မျက်ဝန်းလဲ့လေးမှ အကြည့်ကို လွှဲပစ်လိုက်ရသည်။

"မအားလို့ပါ"

ရင်နှင့်စေသော အဖြေပါလား။

"စိတ်မကောင်းဖြစ်နေတာ တစ်ခုရှိလို့ပါ"

"ဘာကိုပါလဲ မမိုးပွင့်"

"အိမ်ကို နောက်ဆုံးလာသွားတဲ့နေ့က ဖေဖေ ဘာတွေပြောလိုက်လို့လဲဆိုတာ သိပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုလွမ်းလှိုင်၏ ရင်မှာ မြင့်တက်လာသည်။ ဝေဒနာရင်ကို မမြင်သာ မသိသာအောင် ဖုံးကွယ်ဟန်ဆောင်ရခြင်းက ပင်ပန်းလွန်းလှပါချေသည်။

"ပြောပါဦး ကိုလွမ်းလှိုင်ရယ်။ ဖေဖေက အိမ်ကိုမလာနဲ့တော့လို့ ပြောလိုက်လို့ မဟုတ်လား ဟင်..."

မိုးပွင့်ဖြူ၏အသံလေးများ တုန်နေသည်။ ငိုရင်း ပြောနေရသည်သို့ ရှိပါ၏။ မျက်ရည်တော့ ကြွေမလာသေး။

"အို... မဟုတ်ပါဘူး၊ ဒီလို မပြောပါဘူး။ ဦးဟာ သိပ်ပြီး စိတ်ထားမြင့်မြတ်တဲ့လူပါ မမိုးပွင့်ရယ်"

"ဒါဖြင့် ဘာတွေပြောလိုက်လဲ"

သက်ပြင်းမောကို ရှိုက်ရပြန်ပါပြီ...

"ပြောပါဦး... သူ အိမ်မလာတော့တဲ့ အကြောင်းကို သိချင်လွန်းလို့ပါ..."

ကိုလွမ်းလှိုင် လှည့်ကြည့်လိုက်တော့ ချစ်သူ့မျက်ဝန်းမှာ မျက်ရည်တွေဝေ...လို့...

"ကျွန်တော်နဲ့ မမိုးပွင့်ဟာ ချစ်သူတွေလားလို့ မေးပါတယ်။ ကျွန်တော်က မဟုတ်ရပါကြောင်း ပြောလိုက်ပါတယ်။ ဒီတော့ ဦးက မမိုးပွင့်ကို... ကိုနေလင်းဝေနဲ့ ပေးစားတော့မယ့်အကြောင်း ပြောပါတယ်"

"ဩော်"

"ဒါကြောင့် ကျွန်တော်လာနေရင် ကိုနေလင်းဝေက တစ်မျိုးထင်သွားမှာစိုးလို့ မလာတော့တာပါ"





ကိုလွမ်းလှိုင်သည် မျက်စိရှေ့မှ မြက်ခင်းပြင်ကို ကြာမြင့်စွာ စိုက်ကြည့်နေမိသည်။

အချစ်ဆုံးထံမှ ဘာစကားသံမှ မကြားရ၍ နောက်သို့ ဖြည်းလေးစွာ လှည့်ကြည့်လိုက်တော့...

"အို... မမိုးပွင့်ရယ်"

တောက်ရှန်းခြင်းကင်းသော မျက်ဝန်းအစုံမှ မျက်ရည်တွေ စီးသွယ်လို့ပါလား...

"ဘာဖြစ်လို့ ငိုတာလဲကွယ်"

အောက်နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ပြီး...

"ကိုလွမ်းလှိုင် သွားတော့"

"ဟင်..."

"ဒီကလဲ ပြန်တော့မယ်"

အသွားနဲ့အပြန်ဆိုသော ကျောခိုင်းခရီးသည်နှစ်ဦးအတွက် ကြာလေဝေးလေဆိုသော အသိ...

"ကမ္ဘာပေါ်မှာ အမြင့်ဆုံးမိုးသာ နှိုင်းရမှာ... မမိုးပွင့်က ဟိမဝန္တာတောင်ထိပ်မှာထက် မြင့်နေပါတယ်။ ကျွန်တော့်မှာ ပြည့်စုံခြင်းဆိုတဲ့ အားအင်မရှိလို့ မမိုးပွင့်ရှိရာအရပ်ကို မလာနိုင်တော့တာပါဗျာ၊ နိမ့်ကျလွန်းတဲ့ ကျွန်တော့်ရဲ့ဘဝကိုသာ မမိုးပွင့် နားလည်နိုင်ပါစေ..."

မိုးပွင့်ဖြူ၏ ရှိုက်သံသည် ကိုလွမ်းလှိုင်၏ နှလုံးသည်းပွတ်ကို ဖောက်ထွင်းသော စီန်သွားလက်နက်ပါတည်း။

"မငိုပါနဲ့ မမိုးပွင့်ရယ်...။ ကျွန်တော်လေ... အို... ကျွန်တော် ဘာမှ မပြောပါရစေနဲ့တော့ခင်ဗျာ။ ဦး ဖန်တီးပေးထဲ့ ဘဝမှာပဲ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ခြင်းများနဲ့ ထာဝရ နေထိုင်ရပါစေလို့ ကျွန်တော် ဆုတောင်းပေးနေပါမယ်…"

ကိုလွမ်းလှိုင်၏ မျက်ဝန်းမှာလည်း မျက်ရည်တွေ လျှံပြည့်လျှက်…

"ကျွန်တော် သွားရတော့မလား ဟင်"

မျက်ရည် မျက်ဝန်းဖြင့် တမ်းတမ်းတတ တစ်ချက်ကြည့်လိုက်ပြီး မိုးပွင့်ဖြူ ခေါင်းညိတ်ပြလိုက်သည်။

"မမိုးပွင့်"

"ရှင်"

"ကျွန်တော့်နှလုံးသားထဲမှာ ပြောစရာတွေ အနန္တပါဗျာ… ရင်ထဲမှာလည်း အချိန်ပြည့် မမိုးပွင့်ပါ။ ဒါပေမယ့် နားလည်စွာ ဝေးကွာရတာပါဆိုတာကို နားလည်လိုက်ပါတော့ မမိုးပွင့်ရယ်… ကျွန်တော့်ပေါ်မှာ ခင်မင်စိတ် ရှိတယ်ဆိုရင်တော့ ကျွန်တော် တစ်ခုတောင်းပန်[illegible]က်ပါရစေ…"

"ဟင်…"

"မမိုးပွင့်ရင်ထဲက မျက်ရည်တွေအားလုံး ကျွန်တော့်ရင်ထဲကို ထည့်ခဲ့ပါ။ လန်းဆန်းသစ်လွင်တဲ့ နှလုံးသားသစ်ကလေးနဲ့ ပျော်ရွှင်ချမ်းမြေ့စရာဘဝကို တည်ဆောက်လိုက်ပါနော်။ ကျွန်တော့်ကို ခင်မင်ရင် ကျွန်တော့်စကားကို နားထောင်ပါဗျာ"

"ကောင်းပါပြီ ကိုလွမ်းလှိုင်ရယ်… ကောင်းပါပြီရှင်"

"ကျွန်တော် သွားတော့မယ်နော် မမိုးပွင့်"





မိုးပွင့်ဖြူ ခေါင်းညိတ်ပြလိုက်ရသည်။

"တစ်သက်တာ အထီးကျန် ဘဝကနေပြီး အပြီးတိုင် နှုတ်ဆက်လိုက်ပါတယ်… သွား… သွားတော့ကွယ်"

ရုတ်တရက် လှည့်ထွက်သွားသော သူ၏ကျောပြင်ကိုမျက်ရည်ဖြင့် မှုန်ဝါးနေသော မျက်ဝန်းနှင့် လိုက်ကြည့်နေမိသည်။

သူ၏မျက်နှာစာမှာ မျက်ရည်တွေ လွင့်ကြွေသွားပေလိမ့်မည်ဟု မမြင်သော်လည်း သိနေရသည်။

မိုးပွင့်ဖြူမှာ အားပါးတရ ရှိုက်ပစ်လိုက်ပြီး ထိန်းထားခဲ့သော မျက်ရည်တို့ သွန်ကျလာသည်။

"ဒီက ရင်ကိုလည်းမြင်လျက်နဲ့…"

"ဒီက မျက်ရည်ဟာ အလွမ်းပွင့်တွေ ကြွေနေတာဆိုတာလည်း သိလျက်နဲ့…"

"သူ… ရက်စက်လွန်းတာပါ"

"မိန်းမသား ဒီက ဘာယ်လိုစပြီး ပြောဝံ့ပါ့မလဲရှင်"

"အချစ်ဦးရယ်… သူ့ရဲ့ အကြင်နာမေတ္တာတွေကို ခံစားရယူချင်လိုက်တာ"

"ဒီက ပေးဆက်နိုင်သမျှသော မေတ္တာဦးအားလုံးကိုလည်း ပေးအပ်ချင်လိုက်တာ"

"ဘာလို့ မပေးတာလဲ၊ ဘာလို့ မယူတာလဲဟင်…"

"သူ ဆုတောင်းပေးသလိုတော့ ကိုနေလင်းဝေရဲ့ ဘဝထဲမှာ ဒီက ပျော်ရွှင်ချမ်းမြေ့မယ် မထင်ပါဘူးလေ…"



www.burmeseclassic.com

"ဘာပဲ ဖြစ်ဖြစ်..."

"အကယ်တမ်း တွေးကြည့်လိုက်ရင်တော့ မိမိုးပွင့်ရဲ့ ရင်ထဲက အချစ်ဦးဆိုတဲ့ အမြတ်နိုးရဆုံး လူဟာ..."

"သတ္တိ မရှိတာပါ"

"ယောကျ်ားဖြစ်လျက်နဲ့ သတ္တိမရှိတဲ့သူ..."

"သူ... သတ္တိမရှိတဲ့ ယောကျ်ား"

■ ■ ■



## အခန်း ၊၊ နှစ်ဆယ့်နှစ် ။

"ဖေဖေရယ်...ဒါတွေ သမီး လုပ်ပါ့မယ်။ သွားပြီး နားနေပါ။ နေလည်း မကောင်းဘဲနဲ့"

"ဩော်... မင်္ဂလာဆောင်ဖိတ်ရတယ်ဆိုတာ မလွယ်ဘူးလေ၊ ရင်းနှီးတဲ့သူ ကျန်ခဲ့ရင်လည်း အားနာစရာ၊ မရင်းနှီးဘဲ ဖိတ်မိရင်လည်း မကောင်းဘူး။ လက်ဆောင်ပေးရမှာ၊ တာဝန်ကြီးကုန်ကြမှာ စိုးရိမ်ရသေးတယ်"

ဖိတ်ကြားမည့်လူများ စာရင်း အကြမ်းရေးထားသည့် စာရွက်ထဲမှ ဖျက်သင့်သည်ကိုဖျက်၊ ထပ်တိုးသင့်သည်ကို တိုးဖြင့် ဦးသက်မောင် ကိုယ်တိုင် ညှိနှိုင်းနေပေသည်။

ပလတ်စတစ် ကုပ်တင်နှင့် အခမ်းနားဆုံးသော မင်္ဂလာဖိတ်စာကို မိုးပွင့်ဖြူ ကိုင်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နေလင်းဝေ B.Sc. (Physics)

နှင့်

မမိုးပွင့်ဖြူ B-A. (Burmese)

ပြီးတော့ ဖိတ်စာထပ်ပေါ်သို့ ပြန်တင်ပြီး ဖခင်ကြီးကိုသာ ငေးကြည့်နေမိသည်။

အသားစိုင်များ တစ်နေရာမှ မတင်းပြည့်တော့။ ထာဝရလို ခက်ခဲပင်ပန်းစွာ အသက်ရှူရင်း မောဟိုက်နေရှာသော ဖခင်ကြီးသို့...

"ဖေဖေလည်း မကျန်းမာချိန်၊ သမီးလည်း ဘွဲ့ရပြီးအားနေ၊ နားနေရချိန်မျိုးမှာ ဖေဖေ့ကိုပဲ ပြုစုနေသင့်တာပေါ့။ ဘာဖြစ်လို့များ သမီးကို အိမ်ထောင်ပြုစေချင်ရတာလဲ ဖေဖေရယ်"

စာကြည့်မျက်မှန်ကို ဖြုတ်လိုက်ပြီး ချစ်သမီးသို့ ကြည့်သည်။

"သမီး တစ်ယောက်တည်း မထားခဲ့ရက်လို့ပေါ့ကွယ်"

"ရှင်... တစ်ယောက်တည်း... ဟုတ်လား"

"ဪ... ဒီလိုပါ။ ဖေဖေ နေကောင်းရင် တရားရိပ်သာတွေမှာပဲ နေချင်ပြီလေ။ ဒါကြောင့်ပါ။ အဲဒါပြောတာပါ"

အလုံးစုံသောကိစ္စကို မသိရှာသော မိုးပွင့်ဖြူပါတည်း။ ဦးသက်မောင်၏ ဖုံးကွယ်စကားကိုလည်း သံသယ မဝင်ရှာ။

"တရားအားထုတ်တာ အိမ်မှာထုတ်လည်း ရပါတယ်။ သမီးကို ပစ်ပြီးတော့ မသွားပါနဲ့ ဖေဖေရာ"





တရားရှင်သည်လည်း သားသမီးစကားကြားတော့ လှုပ်ရှားရသားပါလား။ သခြင်းတရားကို ရင်ဆိုင်ရမှာ ကြောက်ရွံ့တုန်လှုပ်စွာ ခံစားလိုက်ရသည်။

"ဪ... ခန္ဓာ ဖြစ်တည်လာတည်းက တစ်နေ့နေ့မှာ ကျိန်းသေ ပျက်စီးရမှာပဲပေါ့၊ ပျက်သုဉ်းဖို့အတွက် ဖြစ်တည်ခြင်းဆိုတာ ရှိလာရတာ၊ ငါမတုန်လှုပ်နဲ့လေ၊ အနတ္တသဘောတရားကို ဆင်ခြင်၊ ကိုယ်ဖြစ်ချင်တာလည်း ဖြစ်တတ်တယ်... ကိုယ်မဖြစ်ချင်တာလည်း ဖြစ်တတ်တယ်ဆိုတဲ့ စိုးပိုင်မှု မရှိတဲ့ သဘောကို နှလုံးသွင်း..."

ဦးသက်မောင်သည် ပြီးဆုံးခါနီး သူ့ဘဝအတွက် တရားနှင့် ဖြေသိမ့်နိုင်ပါသော်လည်း...

မိုးပွင့်ဖြူမှာ သူ၏ စ,ခါနီး ဘဝအတွက် ဖြေသိမ့်စရာ ဆေး မရှိပါချေတည်း။

"ဖေဖေဟာ သမီးအတွက် မကောင်းတာတွေ၊ တားမြစ်ပြီးပြီ... ကောင်းတာတွေ ညွှန်ပြခဲ့ပြီ... ဘွဲ့ရအောင် ပညာသင်ပေးခဲ့ပြီ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အရင်းအနှီးပေးဝေ ထူထောင်ခဲ့ပြီးပြီလေ... မိဘတို့ရဲ့ နောက်ဆုံးဝတ္တရားဖြစ်တဲ့ 'ထိမ်းမြားခြင်းလျှင်'ကို ဖေဖေ ဆောင်ရွက်နေတာပါ။ ဒီမှာသမီး..."

"ဟုတ်ကဲ့"

"လူဆိုတာ ကိုယ်ရောက်ရှိနေတဲ့ နေရာမှာ တာဝန်ကျေစေရမယ်"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ... ကိုယ်က တပည့်ဆိုရင် တပည့်ဝတ္တရား ကျေရမယ်၊ ဆရာဖြစ်ရင် ဆရာတာဝန် ကျေရမယ်၊ မိတ်ဆွေကောင်း ပီသရမယ်၊ နောက်လိုက်ကောင်းဖြစ်မှ ဆရာကောင်းဖြစ်မှာ၊ ဒါမှ ရှေ့ဆောင်ကောင်း ဖြစ်နိုင်တယ်။ ကိုယ်က လူကြီးနေရာရလာတဲ့အခါကျရင် ထကြွနိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဆိုတဲ့ လူကြီးဂုဏ်အင်္ဂါနဲ့အညီ နေပေးရမယ်၊ သနားရမယ်၊ သည်းခံခွင့်လွှတ်နိုင်ရမယ်။ လောဘတရားနဲ့ အမြတ်ထုတ်ပြီး အောင်မြင်မှုကို မယူပါနဲ့သမီး..."

"ဟုတ်ကဲ့ပါ... မေမေ"

"သမီးအတွက် အရေးအကြီးဆုံးက အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာဆိုတဲ့ ဝတ္တရားတွေအပြင်၊ ဒီနေ့ခေတ် အမျိုးသမီးတွေဟာ စီးပွားရေးမှာ၊ ကိုယ့်အိမ်ထောင်နဲ့ ရင်ဘောင်တန်းလာနိုင်ကြပါပြီ၊ ဒါကြောင့် ကိုယ့်ယောကျ်ားရဲ့ စီးပွားရေးကို စိတ်ပါဝင်စားစွာ ကူညီတတ်ဖို့ လိုအပ်လာပြီ..."

"သမီး ကြိုးစားပါ့မယ် မေမေ"

"နောက်ဆုံး မေမေမှာချင်တာကတော့ ကိုယ့်ယောကျ်ားဟာ ကိုယ့်အတွက် အမြဲ စိတ်ချမ်းသာနေအောင် သမီးကြိုးစားပါ... ကိုယ့်ဘက်က အမြဲတာဝန်ကျေနေပါစေ၊ အမြဲမှန်တဲ့ဘက်က ရှိနေပါစေ"

"စိတ်ချပါ မေမေ၊ သမီး... မေမေ မှာတဲ့အတိုင်း နေပါ့မယ်"

"သာဓုပါကွယ်... မေမေ အနားကနေ ခုလို ဆုံးမနေတယ်လို့ သမီးအမြဲ ကြားယောင်နေပါနော်"

"မေမေရယ်"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ဩော်... ထိုင်းအဲယားဝေး(စ်)က မောင်တင်အောင်ကို ထပ်ဖုန်းဆက်ဦးနော်... ဗန်ကောက်က သစ်ခွပန်းတွေ သယ်လာဖို့ကိစ္စလေ"

"ဟုတ်ကဲ့"

"ပြီးတော့ ငွေဖလားတွေလည်း အင်းလျားဂါဒင်အိမ်က နက်ဖြန်လောက်တည်းက သွားယူထားတော့။ ပြောင်အောင် တိုက်ရဦးမှာ၊ အရေးအကြီးဆုံးက သမီးကို အလှပြင်ပေးမယ့် မိန်းမလျာ အုပ်စု စောစောတည်းက ကြိုတင်ခေါ်ထားနော်။ အင်းလျားလိတ် ကိစ္စတော့ ပြီးပြီ၊ ကားတွေ အချိန်မီရောက်ဖို့ ထပ် သတိပေးရဦးမယ်။ ဩော်... သမီးလေး... နိုင်ငံခြား ဒေါက်ဖိနပ်ကို ကျင့်ပြီး စီးနော်... တော်ကြာ မလျှောက်တတ်ဘဲ ဖြစ်နေဦးမယ်"

မိုးပွင့်ဖြူမှာ ဖခင်၏ လက်မောင်းကို ဖက်ပြီး ပခုံးထက်မှာ ခေါင်းမှီပစ်လိုက်သည်။

"ဩော်... မိခင်မိန်းမကြီး တစ်ယောက်လို သမီးအတွက် အသေးစိတ် ဂရုစိုက်ရှာလွန်းတဲ့ ဖေဖေရယ်"

"ငါ ကိုနေလင်းဝေကို လက်ထပ်တာပဲ မှန်ပါတယ်လေ... ဖေဖေ ခုလို တက်တက်ကြွကြွ စီစဉ်ပေးနေတာ သူ့သဘောကျတဲ့လူကို ယူဖြစ်လို့ပဲပေါ့၊ ကိုနေလင်းဝေဟာ ဖေဖေ့ကိုလည်း သိပ်ပြီး လေးစားရှိသေတာ။ ငါ့အတွက် ဖေဖေ စိတ်ချမ်းသာနေအောင်ပဲ လိုက်နာဆောင်ရွက်သင့်ပါတယ်လေ"

ငါ့ရဲ့ နှလုံးသားထဲမှာ ငါ့ရဲ့ အချစ်ဆုံးကို တစ်သက်လုံး သိမ်းမြှုပ်ထားပြီး...

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောသလို ကိုနေလင်းဝေအတွက် ထိုက်တန်သင့်မြတ်ဆုံး ဇနီးကောင်းနဲ့၊ မေမေ့အတွက် သမီးကောင်းတစ်ယောက် ဖြစ်အောင်ပဲ ငါကြိုးစားပါတော့မယ်..."

"အချစ်ဦးရဲ့ရင်က အလွမ်းဝေဒနာတွေသာ ပြေငြိမ်းပြီးဆုံးပါစေလို့ မမိုးပွင့် ဆုတောင်းပေးလိုက်ပါတယ် ကိုလွမ်းလှိုင်ရယ်..."

■ ■ ■



## အခန်း ။နှစ်ဆယ့်သုံး။

"ဟား... ဆရာလွမ်းလှိုင်၊ ဘယ့်နှယ် အောက်မှာ ထိုင်ရတာလဲ"

"နေ... ကိုအောင်လတ်... ပရိသတ်တွေ များလွန်းလို့ပါဗျာ"

'ဂီတမှူး ကိုအောင်လတ်'သို့ 'အဆိုတော် ဟိန်းစိုး'က လက်ကာ၍ ခေါင်းခါပြလိုက်သည်။

ကိုအောင်လတ် မသိသော်လည်း ကိုဟိန်းစိုး အပါအဝင် 'ရစ်သမ်သမား ဆောင်း ဝင်းမောင်' 'စင်သစိုက်ဇာ–အယ်လဲန်ဦး' ပါကားရှင်းတီးသော 'မိုးမိုး'နှင့်၊ အဆိုကျော် 'ဇာလှိုင်းအိ'တို့ကအစ ကိုလွမ်းလှိုင်၏ ဝေဒနာကို သိရှိပြီးကြပြီ...

ဇာလှိုင်းအိဆိုလျှင်လည်း ကိုလွမ်းလှိုင် စပ်သော တေးသီချင်းနှစ်ပုဒ်ဖြင့် မြန်မာ့အသံ၌ ဓာတ်ပြားရခဲ့သည်။ နာမည်ကြီးခဲ့သည်။

"ဖွက်လာတော့မယ် ထင်တယ်။ ဓာတ်ပုံ ဆရာတွေရော ဆွေမျိုးတွေရော ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီ"

အင်းလျားလိတ် ခန်းမ၏ လှပခန့်ညားလွန်းလှသော မီးပန်းပွင့်ကြီးမှ မီးသီးများစွာတို့ လင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားလိတ်၏ မင်္ဂလာခန်းမတွင် ရွှေသည် ပွဲဝင်သော အရာမဟုတ်ပါ။

စိန်များစွာအတွက် ထောက်ကူထားရသော အရံပစ္စည်းသာ ဖြစ်ချေသည်။

ဆံထုံးတုများ၊ မျက်တောင်တုများ၊ ရောင်စုံနှုတ်ခမ်းများနှင့် မိတ်ကပ်မျက်နှာအားလုံးသို့ စိတ်ရောင်များ ထင်ဟပ်နေစေသည်။ မီးရောင်အောက်မှ စိန်တို့သည် အဖျပ်ဖျပ် အရောင်ထွက်လျက်အားကုန် လင်းလက်နေပါ၏။ လေအေးစက်သာမရှိပါလျှင် တစ်ယောက် တစ်မျိုး ဆွတ်ဖျန်းလာသော ရေမွှေးပေါင်းစုံ၏ ရနံ့ကြောင့် မူးမေ့လဲ သွားနိုင်သည်။

"အစ်ကို တီးလို့ ဖြစ်ပါ့မလား"

စန္ဒရားကွယ်လျက် အောက်ခြေတွင် ထိုင်နေသော ကိုလွှမ်းလှိုင် ဘေးမှာ ဝင်ထိုင်၍ အဆိုတော် ဟိန်းစိုးက လေသံနှိမ့်၍ မေးလိုက် သည်။

"ဖြစ်ပါတယ် ညီလေးရာ...သူ့အတွက် ချီးမြှင့်ပေးချင်လို့ တမင် လာခဲ့တာပဲ..."

စင်မြင့်ဆီမှ အခမ်းနားမှူးသြဘာဆရာက ဘိတ်စာဖတ်၍ သတို့ သား... မောင်နေလင်းဝေနှင့်

သတို့သမီး... မမိုးပွင့်ဖြူတို့...

ကြွရောက်ချီးမြှင့်ကြသော ပရိသတ်အလယ်သို့ ထွက်လာရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ကြေညာနေလေပြီ...

"ကဲ... မယဉ် အသင့်နော်"





သီချင်းကြီး အဆိုတော် ကိုလွှမ်းလှိုင်ရဲ့ တပည့်မလေး **"ယဉ်သူဇာ"**သို့... ကိုအောင်လက်က နှုတ်ဆော်လိုက်ပြီး...

"ဆရာ... မက်(က) ဒီနေရာတော်ပြီလား"

အော်ဂဲ(န်)၏ အောက်ခြေတွင် ခုံငယ်လေးနှင့် တင်ပေး လိုက်သည်။

ကိုလွှမ်းလှိုင်သည်... ကြမ်းပြင်တွင် စောင်းကိုပွေ့ပိုက်လျက် ခေါင်းညိတ်ပြလိုက်ရပြီး တုန်နေသော လက်ချောင်းလေးများကို စောင်းကြိုးပေါ်သို့ အားတင်း၍ တင်လိုက်ရပါပြီ...

"ဆင်းလာပြီဆရာ... တီးကွက် ဝင်ပေးပါ..."

အားလုံး တိတ်ဆိတ်နေသောအချိန်တွင် အနူးညံ့အညင်သာ ဆုံးသော စောင်းခတ်သံက သာယာငြိမ့်ညောင်းလွန်းစွာ လွှမ်းမိုးလာ ပါသည်။

"ငါ့ရဲ့ လက်သံဆိုတာ အချစ်ဦး မသိပါစေနဲ့ကွယ်"

"အချစ်ရယ် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံချိန်မှာ ပျော်ရွှင်ချမ်းမြေ့စွာ မင်္ဂလာယူပါနော်..."

ရင်မှ ကြေကွဲမှု ပန်ဆုများဖြင့် အော်ဂဲ(န်)၏ကြားမှ ကွယ်၍ ကြည့်လိုက်မိတော့...

မိုးပွင့် မိုးရည်စက်လို အဖြူရောင် ဝတ်စုံနှင့် အလှဆုံးချစ်သူ၏ သတို့သမီး ရုပ်လွှာလေး...

ချက်ချင်း ငုံ့လိုက်ပြီး မပီဝိုးဝါးသော စောင်းကြိုးများကို ကျွမ်းကျင်မှုလက်နှင့်သာ စမ်းသပ်တီးခတ်ရပါပြီ၊ ကိုလွှမ်းလှိုင်၏ မျက်ဝန်းမှာ မျက်ရည်တွေ ဝေယင်းက...



www.burmeseclassic.com

www.burmeseclassic.com



"အတိုင်းမသိ မင်္ဂလာ သြဘာသဘွဲ့"ကို တီးခတ်ရင်း အချစ်ဦး၏ မင်္ဂလာ အခါတော်ကို ပူဇော်ချီးမြှင့်ပါသည်။

အတိုင်းမသိ × မင်္ဂလာကျက်သရေရှိပါဘိတယ်
ကို× တော်ကြီးငယ်ယင်ရာ× ×
ဇမ္ဗူဒီ × တောင်ကျွန်း × တင့်ရှုန်းတည့်
ကျက်သရေဖြာ × × × ×

အခါတော် × × ပေးတာက × × နတ်ရေးငယ်
ရွှေစာ × သာသနာရောင်လင်း× ကောင်းခြင်း×
ခု× သည်ချိန်ခါ× ×

နုညက်ညင်သာသော ခြေလှမ်းများဖြင့် ရွှေ့ရုံလေး လှမ်းလာသော အမွန်မြတ်ဆုံး အဖြူရောင်မလေးကို ပိုင်ဆိုင်ခွင့်ရပြီဆိုသော အပြုံးဖြင့် ကိုနေလင်းဝေသည် သူ၏ သတို့သမီးကို တွဲယူခေါ်ဆောင်၍ ဂုဏ်သရေရှိသော ပရိသတ်တို့၏ အလယ်မှ ဝင့်ထည်စွာ ဖြတ်သန်းလာသည်။

ချစ်သူ့ရယ်...

ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာ လှလိုက်တာဗျာ...

ကိုလွှမ်းလှိုင်သည် သူ့ရှေ့တည့်တည့်သို့ ရောက်လာနေပြီဖြစ်သော မိုးပွင့်ဖြူ၏ ဆားတိုက် အနေထားကို ငေးမော ကြည့်လိုက်





ပြီးမှ စောင်းညွှင်းခတ်သံ မပြတ်ပါစေရန် ပြန်၍ ငုံ့ပြီး တီးနေလိုက်သည်။

ချစ်သူသည် သူနှင့်ဝေးရာသို့ တရွေ့ရွေ့ လှမ်းသွားနေပြီဖြစ်သော်လည်း ချစ်သူ၏ ရုပ်လွှာသည် သူတို့၏ တီးဝိုင်းစင်မြင့်လေးပေါ်မှ သူငုံ့ကြည့်ရာအရပ်တွင် မြင်နေရပါသည်။

ဆံထုံးပုံ့ပုံ့လှလှလေးမှာ... စိန်ပွင့်တွေ ပန်ဆင်လို့...

လည်တိုင်မှသည် အဝတ်လွှတ်နေသော ရင်ခွင်တလျှောက်မှာ စိန်ပွင့်စိန်ခက်များ ဆင်ယင်လျက် နှုရှု၍ ပွင့်ဖတ်လေးများ လန်နေသော ပုလဲနှစ်ရောင် ဇာအင်္ကျီနှင့်၊ ဗလာထဘီအောက်ခြေတွင် ငွေနားက ဖိတ်ဖိတ် လက်လျက်... ထဘီ၏ အနားစသည် ရှည်လျားဖြန့်ခင်းစွာ ရွှေ့ရင်း လိုက်ပါသွားသည်။

နုဝါရွှေသောအသားနှင့် လိုက်ဖက်သော မိတ်ကပ်ခြယ်သမှုများကြောင့် နုနုလေးဖူးနေသော မျက်နှာလေးမှာ...

"ခံစားမှု မဲ့နေပါလား"

ပျော်ရွှင် လှိုင်းခတ်နေသော ခံစားမှုမျက်နှာကို မတွေ့ရသလို...

မိမိဘဝအတွက် ကြေကွဲတသစွာ ညှိုးနေသော မျက်နှာမျိုးလည်း မဟုတ်...

ခံစားမှု မရှိသောမျက်နှာ ငြိမ်ငြိမ်လေးဖြင့် တည်ကြည်စွာပင် ခန်းမထိပ်မှ စင်မြင့်ရှိရာသို့ ကျော့ခိုင်းသွားနေသည်။

နောက်ခိုင်း အနေအထားသည်လည်း သွယ်လျကြော့ရှင်းစွာ လှပလျက်ပါ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရှုထောင့်ကကြည့်ကြည့် အပြစ်ပြစရာမရှိအောင် လှပလွန်းနေသည်။

ဤအလှများစွာထက် အဆဝေါင်း မရေတွက်နိုင်အောင် သာလွန်လှပသော အရာသည် ချစ်သူ၏ရင်မှာရှိသော အဖြူစင်ဆုံးနှလုံးသား...

ချစ်သူ၏နောက်မှ အလှဆုံး အပျိုရုံနှစ်ဦး၊ လူပျိုရုံနှစ်ဦး ပြီးတော့... ကိုနေလင်းဝေ၏မိခင် ဖခင်၊ ပြီးတော့ ဦးသက်မောင်နှင့် သူ၏အစ်မ ဒေါ်တင့်တင့်၊ နောက်မှ ကိုနေလင်းဝေ၏ဘကြီး ဦးဆောင်ညွှန်ကြားရေးမှူးစုံတွဲနှင့်၊ အဒေါ်အရင်းနှင့်ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးစသော ဂုဏ်သရေရှိအသိုင်းအဝိုင်းများ ခြံရံလျက်...

"သြော်... ဒီနေရာမှာ ငါသာဆိုရင်...

"အချစ်ရဲ့ အချစ်ကို တောင်းခံပြီး ဦးရဲ့ လိုက်လျောမှုကို ရခဲ့ရင်တောင်မှ..."

"ဘယ်မှာလဲ မိဘ"

"ဘယ်မှာလဲ ဂုဏ်သရေရှိ အမျိုးအနွယ်"

"ငါကိုယ်တိုင်ကလည်း ကိုနေလင်းဝေလို မတင့်တယ်"

အချစ်ရယ်...

မပြည့်စုံခြင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ ဒီကကောင်နဲ့ မတန်ရာလွန်းပါဘူးလေ...

"ကိုယ့်ရင်ထဲက အချစ်များစွာကို ကျိတ်မြှုပ်ပိတ်ဆို့ထားမိတာမှန်ပါတယ်...





"ကိုယ့်ရင်ထဲက မေတ္တာတရားများစွာဟာ ကိုယ့်ခန္ဓာမြေမှာ လျှောင်းစက်တဲ့အခါကျမှ ကိုယ့်နှလုံးအိမ်နဲ့အတူ ကြွေကျပျက်သုဉ်းမယ် ဆိုတာကော့ အချစ်ရဲ့ မင်္ဂလာနေ့မြတ်မှာ စောင်းခတ်သံနဲ့ သက်သေပြုသစ္စာဆိုပါ့မယ် အချစ်ရေ..."

ထိန်းမရတော့။ မျက်ရည်စက်တို့ စောင်းပေါ်သို့ ကြွေကျလာသည်။

တီးခတ်ပေးနေမိသည်က အချစ်၏ အနှစ်သက်ဆုံးတေး...၊ အဆိုမပါ သံစဉ်သာ...

သဲ × ငွေသောင်ယံဦးမှာ × စန္ဒာ × စန္ဒီ × ကိန္နရီ
တို့မှာ × ပန်းပေါင်းထွေထွေ × ပြာရွှေနီဝါ ×
ဆင်မြန်းကာပဲ ကခုန်မြူးရှာ × နန်းမူ × နန်းရာ
× ဆန်းလှတာ × ရွှေလည်တွဲလို့... × ချစ်ပွဲဝင်ကာ
× စံပျော်ကြ...တာ× ×

အချစ်၏ မင်္ဂလာရက်မြတ်မှာ စောင်းခတ်သံနှင့် ပူဇော်ချီးမြှင့်ခွင့်ပြီးဆုံးခဲ့ပါပြီ...

ကြင်စဦးနှစ်ယောက်တို့မှာ ပရိသတ်တို့၏ မြင်ကွင်းထိပ်မှာ တင့်တယ်စွာ နေရာယူပြီးကြလေပြီ...

ညှင်းပြေသော စောင်းခတ်သံမှတစ်ပါး ဘာသံမျှ မကြားရအောင်ငြိုင်တူ တိတ်ဆိတ်နေခဲ့ကြသော ပရိသတ်ကြီးတို့ထံမှ တီးတိုး



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်သံများ စုလာသောအခါ အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်၊ ရွှန်းသံ ပန်းကန်သံတို့က စားပွဲတိုင်းဆီမှ ညံလျက်...

"ဆရာလွှမ်းလှိုင် ပြန်မှာဆို၊ ဒါတော့ စားသွားလိုက်ပါဦး"

သူ့ဘေးသို့ အိုက်စကရင်တစ်ပွဲ ယူလာချပေးသည်။

"သူ့ဖို့ ဒူးရင်းသီး အိုက်စကရင် လုပ်ထားတယ်"

"အားနာစရာကြီး... များရဲ့လား"

"များပါတယ်... သူ မဝရင် ဒီက မစားပါဘူး"

"ဩော်... သူ မဝရင် ဒီက မစားပါဘူးဆိုတဲ့ အကြင်နာ ညှာတာမှုတွေနဲ့ မေတ္တာလမ်း ထွင်းပေးခဲ့ရှာတဲ့ ချစ်သူရယ်"

အနိမ့်ဆုံးနေရာက ကျွန်တော်ဟာ ခုတော့ ပို၍အဝေးဆုံးနေရာကို ရောက်သွားခဲ့ရပြီပေါ့လေ။

ဘယ်သူ့ကိုမှ နှုတ်မဆက်တော့၊ သူ့မျက်ရည် မျက်ဝန်းကိုလည်း ဘယ်သူမှ မမြင်စေလိုပါ၍ ခေါင်းငုံ့ပြီး နောက်ဘက်မှန်တံခါးမှတစ်ဆင့် အပြင်သို့ ခတ်သုတ်သုတ် ထွက်လာခဲ့သည်။

မြက်ခင်းသည် စိမ်းနုဝေလျက်။

အင်းလျားကန်ရေပြင်သည် မိုးမှုန်များကြောင့် စက်ဝိုင်းငယ်များပန်ဆင်ရင်း ပြာလဲ့စွာ တည်ငြိမ်နေသည်။

လတ်ဆတ်သော လေပြေညှင်းသည် အနီရောင် နှလုံးသား၏ အပူရှိန်ကို လျော့နည်းအောင် မစွမ်းဆောင်နိုင်ပါလား။

ကြောင်နှစ်ကောင်စာအုပ်တိုက်



"အချစ်ရယ်"

သည့်ထက်ပို၍ တမ်းတစရာ စကားလုံးလည်း မရှိတော့။

အချစ်ဆုံးသို့ ချစ်လှပါသည်ဟူ၍ တစ်လုံးတစ်ပုဒ်မျှ ဖွင့်ဟပြောပြနိုင်ခြင်း မရှိပါသော အခြေနေနှင့် အပြီးတိုင် ဆုံးရှုံးစွန့်လွှတ်လိုက်ရသော ဘဝပါ...

ဟိုစဉ်ကသာ ဖုံးကွယ်ခဲ့သည် မဟုတ်သေး...

ယနေ့ သူလာရောက်၍ သည်သို့ တီးခတ် ချီးမြှင့်ခဲ့သည့် အကြောင်းကို မပြောကြားကြပါရန်လည်း ပိတ်ဆီးပြီးသား။

ပွင့်ဝါမှတစ်ဆင့် သူ့ထံသို့ ဖိတ်စာရောက်ရှိခဲ့ပါသော်လည်း မင်္ဂလာလက်ဆောင်အဖြစ် ဘာတစ်ခုမျှ မပေးအပ်ခဲ့၊

သူ့လက်ဆောင်သည် အချစ်၏ ရင်နွမ်းမှုကို ဖြစ်ထွန်းစေလေမလားဟူသော စိုးရိမ်စိတ်ဖြင့် သူ့အမည် နာမလေးကိုပင် မမြင်စေပါစ ဆိုသော "စေတနာ"သည်သာ သူ၏ မင်္ဂလာလက်ဖွဲ့ပါ။

တေးဂီတရှင်မို့လား မသိ၊ မင်္ဂလာယူချိန်မှာ တောင်းညှင်းခတ်သံသည် မင်္ဂလာအရှိဆုံးဟု ထင်မိသည်။

ဤမင်္ဂလာဆောင်အတွက် သူစွမ်းဆောင်ခွင့်ရသဖြင့် ကျေနပ်မှုသည် သူ့နှုတ်ခမ်းမှာ ပြုံးယောင်ဆင်သော်လည်း...

မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ အင်းလျားကန် ဟိုတယ်ကို ကျောခိုင်းထွက်ခဲ့သည်။

ကိုလွှမ်းလှိုင်၏ မျက်နှာတစ်ပြင်လုံးမှာ မိုးရည်နှင့် မျက်ရည်စက်တို့ ရောယှက်စီးဆင်းလျက်ပါ...

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရဲ့ မင်္ဂလာနေ့မှာ မဏ္ဍလာမိုးအဖြစ်သာ ရွာသွန်းပါ...

"သည်မိုးရည်စက်လေးများလို အေးမြဖြူသန့်ခြင်းဖြင့်သာ မမိုးပွင့်ဆိုတဲ့ ကျွန်တော့်ရဲ့ အချစ်ဆုံး၊ အချစ်ဦးရဲ့ဘဝကို တည်ဆောက်နိုင်ပါစေဗျာ"

မမိုးပွင့်ရယ်...

'သူ'ဆိုတဲ့ ဒီလူ့ရင်ထဲမှာ ခံစားရခြင်းများနဲ့ ဆန့်ကျင်ဘက် 'ဒီက'ဆိုတဲ့ အချစ်ဆုံးလေးရဲ့ရင်ထဲမှာ အေးမြချမ်းငြိမ်းပါစေ သားကွယ်...

ကိုလွှမ်းလှိုင် မည်သော အမြင့်မြတ်ဆုံး မေတ္တာရှင်သည် မိုးရေလမ်းကို တစ်ယောက်တည်း ဖြတ်သန်းရင်း မျက်ရည်စက်တို့က မိုးပွင့်နှင့် အမျှ...

■ ■ ■



**အခန်း ။နှစ်ဆယ့်လေး။**

"သားနဲ့သမီးတို့ရဲ့ခရီး အဆင်ပြေကြရဲ့လား"

"ပြေပါတယ်ဆရာ၊ မိုး အအေးမိပြီး နည်းနည်း နှာမွှန်တာ တစ်ခုကလွဲရင် အားလုံး အဆင်ပြေပါတယ်"

"သမီးကို သိပ်ဂရုစိုက်ပါတယ်ဖေဖေ"

"စိုက်ရတာပေါ့ဗျာ၊ ဆရာက ဘယ်ကိုမှ စိတ်မချတဲ့သမီး၊ တော်ကြာ ဂရုမစိုက်ပါဘူးလို့ ပြန်တိုင်နေမှ ဒုက္ခ"

ဦးသက်ဆောင်သည် မျက်လွှာချလျက် နှစ်ခြိုက်စွာ ပြုံးနေပါ၏။ အသစ်စက်စက် ဇနီးမောင်နှံသို့ သူ မကြည့်။

မင်္ဂလာဆောင်ပြီး နောက်နေ့တွင်ပင် ချိုမြိန်ယစ်မူးဖွယ်များရည်ဆမ်းခရီးအဖြစ် ပေါ့လီသို့ တစ်ပတ်သွားခဲ့ကြရာမှ ပြန်လာသောနေ့၊ ဒီနေ့ပါ။

ပါလာသော ခရီးဆောင် သေတ္တာများကို နေလင်းဝေက အပေါ်ထပ်သို့ သယ်ဆောင်သွားပြီး သိမ်းဆီးစရာများကိုလည်း သိမ်းဆီးပြီးပါပြီ။ အလုပ်၌ တက်ကြွစွာ ဝီရိယရှိလွန်းသူ တစ်ယောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်ကင်းကွာသောအိမ်မှာ ယခင်အတိုင်းပင် [illegible]လုံး နေသားတကျ ဖြစ်ပါသော်လည်း ဗီရိုပုလေးပေါ်မှ ကွက်လပ်နေရာကြောင့်...

"ဖေဖေ... သမီး စောင်းကြီးရော"

"ဖေဖေ့ မိတ်ဆွေတစ်ယောက် အိမ်ပို့ထားတယ်။ သီချင်းကြီးတိုက်ကြမလို့တဲ့"

"ဘယ်တော့ ပြန်ရမှာလဲ ဖေဖေ"

ဦးသက်မောင် ရုတ်တရက်မဖြေ။ ငြိမ်သက်စွာ ရှိနေပြီးမှ...

"တီးမနေပါနဲ့တော့ သမီးရယ်၊ နောက်ဆို သမီးမှာ တာဝန်တွေ ပိုများလာမှာ"

"ဖေဖေ အပိုင်ပေးလိုက်ပြီလားဟင်"

ဦးသက်မောင် ဘာမှမဖြေဘဲ နေရာမှ ထသွားသည်။

သမီးငယ်၏ ခံစားမှုကို သိပဲသိနိုင်လွန်းတဲ့ ဖေဖေရယ်...

သည်စောင်းကို မြင်နေသမျှ သည်စောင်းကို တီးခတ်နေသမျှ မိုးပွင့်ဖြူသည် ရင်နာဖွယ် ဓာတ်သိမ်းသွားခဲ့ရရှာသည့် ဦးဥက္ကာသို့ သတိရလွမ်းဆွတ်နေရှာမည်။

သို့မဟုတ်ပါလျှင်...

မပွင့်လင်းသော သံယောဇဉ်များဖြင့် ငြိဆက်တွယ်တာနေမိသော ကိုလွမ်းလှိုင်သို့ တမ်းတသတိရစိတ် ရှိချင်ရှိနေမည်။

ဒါမှမဟုတ်...

ဤသားအဖ နှစ်ဦးလုံးသို့ တစ်ပြိုင်တည်း တစ်ချိန်တည်း သတိ





ရစေနိုင်မည်ဖြစ်သော အခြေခံ အကြောင်းရာကို ဖျောက်ဖျက်ပစ် လိုက်ကြောင်း မိုးပွင့်ဖြူ နားလည်ရပါပြီ။

"ဟာ... မမမိုး ရောက်နေပြီ။ ပွင့်ဝါဖို့ ဘာပါလဲဟင်"

"ပေလီမှာ ဘာရှိမှာလဲ၊ ခရုတွေပဲ ကောက်လာခဲ့တယ်။ ကောက်ညှင်းထုပ် သေးသေးလေးတွေလည်း ဝယ်ခဲ့တယ်"

"ဟင်... ဒါပဲလား။ မမမိုးတို့ မရှိတုန်းက ပျင်းလိုက်တာမှ အရမ်းပဲ။ နောက်ပွင့်ဝါကို မထားခဲ့နဲ့နော်"

"အေးပါကွယ်"

မိုးပွင့်ဖြူနှင့်အတူ အိမ်ပေါ်ထပ်သို့ သူ လိုက်တက်လာသည်။ မိုးပွင့်ဖြူတို့ ဇနီးမောင်နှံအတွက် ပြင်ဆင်ထားသော အိပ်ခန်းထဲအထိ ဝင်လိုက်လာပြီး ခုတင်ပေါ်တွင် ဖွေ့ခနဲ ထိုင်ချလိုက်၍...

"အစ်ကိုကြီးရော... ပွင့်ဝါဖြင့် ပျင်းနေတာပဲ။ ကားလိုက်စီးမယ်ဆိုလည်း အိမ်ကအဘိုးကြီး အဘွားကြီးတွေက နင့်အစ်မလည်းမရှိဘူး။ မလိုက်နဲ့တဲ့။ ဒါနဲ့နေ့ဘ်... နောက် အစ်ကိုကြီးတို့ လမ်းထွက်ရင် ချန်မထားရစ်ခဲ့ရဘူး"

"မလွယ်ပါလား"

ဆိုသော အသံမျက်ဝန်းဖြင့် မိုးပွင့်ဖြူသို့ ပြုံးပြလိုက်ပြီးမှ နေလင်းဝေက...

"ပွင့်ဝါ မျက်စိရော လုံးလုံးကောင်းသွားပြီလား"

"ကောင်းပြီလေ... လူကောင်းမျက်စိလို ပုံမှန်သွားလို့ ပွင့်ဝါ လှလာပြီလို့ လူတွေက ပြောကြတာပေါ့ အစ်ကိုကြီးရဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝါ... မမိုးတို့ ခရီးပန်းလာတယ်။ ခဏနားလိုက်ဦးမယ်။ အောက်ခဏဆင်းနေနော်"

"သိပါတယ်။ သူတို့ လွတ်လွတ်လပ်လပ် နေချင်လို့ သူများကို နှင်ထုတ်နေတာပါ"

တကယ်စိတ်ဆိုးခြင်း မဟုတ်ပါသော်လည်း တကယ်စိတ်ဆိုးဟန်နှင့် နှုတ်ခမ်း ခပ်ရှူရှူထား၍ ပြောပြီး အောက်သို့ ပြေးဆင်းသွားပါတော့သည်။

နေလင်းဝေက အိပ်ခန်းတံခါးကို ပိတ်လိုက်ပြီး မိုးပွင့်ဖြူသို့ ကြမ်းတမ်းစွာ ဖက်လျက် ခုတင်ပေါ်သို့ လှဲချလိုက်သည်။ မညင်သာသော အနမ်းများ ဆင့်ကဲစွာ ကျရောက်လာပြီး...

"မိုးကို ကိုကို သိပ်ချစ်တာပဲကွယ်"

"မိုးကို ပိုင်ဆိုင်ခွင့်ရတဲ့ကိုကို ဘယ်လောက် ကံကောင်းလဲ နော်... မိုး"

"ပိုင်ဆိုင်ထိုက်လို့ပေါ့။ ကိုကို့ကို ဖေဖေ ကိုယ်တိုင်က ရွေးခဲ့တာပဲ"

"မိုး..."

"ကိုကို"

"ဒီလောက်လှတဲ့ မိုးက ဘာလို့ ရည်းစားမထားတာလဲဟင်..."

"အို... ဘာမေးတာလဲ"

"မိုးမှာ ရည်းစားမရှိတာ ကိုကို အသိပဲဟာ။ ဦးက နောက်ဆုံးအချိန်ထိ မိုးကိုမေးတယ်တဲ့။ ချစ်သူ မရှိပါဘူးဆိုလို့ ကိုကို့ကိုယူဖို့ တိုက်တွန်းတာဆို"





"အင်း"

"ကိုကို... မိုးကို စိတ်ထဲက ကျိတ်ကြံနေတာ ကြာလှပြီဗျ... သိရဲ့လား။ တော်ကြာ... မိုးကိုမရဘဲ အလုပ်ဖြုတ်ပစ်လိုက်မှ ဒုက္ခဆိုပြီး အသာငြိမ်နေရတာ"

"ဒါနဲ့... ကိုကို့မှာ ရည်းစားတွေ အများကြီးဆို"

"အဲဒါတွေက မိုးနဲ့မတွေ့ခင်ကပါ။ အဲဒီဟာမတွေ ခုတွေ့လိုက်ရင် ကလေး တို့လို့တွဲလောင်းနဲ့"

"ဘယ်နယောက်လဲ... ကိုကို့ရည်းစား"

"မှတ်မိသလောက် ပြောရရင် တစ်ဒါဇင်ကျော်လောက်တော့ ရှိမှာပေါ့"

ကျီစယ်မှုလေသံနှင့် ပြောသော်လည်း သူ တကယ် ကြည်ခဲ့ကြောင်း မိုးသို့ ကြွားချင်စိတ်လည်း ပါရှိပါ၏။

ရည်းစား တစ်ဒါဇင်မက၍ သက်စေ့ရှိခဲ့ပါသည် ဆိုလျှင်လည်း မိုးပွင့်ဖြူ ရင်လှိုင်းခတ်မည် မဟုတ်ပါ။

ဝန်တိုခြင်းသည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပေါက်ပွားလာသော စိတ်။

ချစ်သူ မဟုတ်သော ခင်ပွန်းသည်၏ မေတ္တာကိုလည်း တောင့်တ တပ်မက်ခြင်း မရှိလှ။

ကိုယ့်လွမ်းလှိုင်၏ အမွန်မြတ်ဆုံး မေတ္တာများကိုလည်း တမ်းတ၍ မနေမိအောင် ထာဝရ ကြိုးပမ်းပါမည်။

"သိပ်လှပြီး အိမ်ရှင်မတာဝန်တွေ တတ်ပြီးသား မိုးကိုရသော ကိုကို့လောက် ကံကောင်းတဲ့လူ ရှိပါဦးမလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်း တော်လို့ ဖေဖေကလည်း သဘောတူတာပေါ့"

"ယောက္ခမကြီးကတော့ အလုပ်ပဲ ဖိကြိုးစားခိုင်းနေတာပဲ"

"ကိုကိုကလည်း အလုပ်သိပ်လုပ်တဲ့လူပါ"

"ဪ... ကံကောင်းတာ တစ်ခုရှိသေးတယ်"

"ဘာလဲ... ကိုကို"

"ရည်းစား မထားတတ်တဲ့ မိုးရဲ့ ပထမဆုံးအချစ်ကိုလည်း ရရှိလို့..."

"ပထမဆုံး အချစ်တဲ့..."

သူ့စကားအတိုင်းပဲ ရှိပါစေတော့လေ။ ရှင်းပြဖို့စကောင်းသော အကြောင်းရာလည်း မဟုတ်ပါ။

ခင်ပွန်းသည် ဖြစ်လာသည့်နောက်ပိုင်းတွင် ချစ်၍ မရနိုင်သေးသည့်တိုင် လေးစားခြင်း၊ ရိုသေခြင်း၊ မြတ်နိုးခြင်းများနဲ့ သူ့ စိတ်ချမ်းသာအောင်၊ ဖေဖေ စိတ်ချမ်းသာအောင်၊ အိမ်ထောင်ရေး သာယာအောင် စွမ်းဆောင်ကြိုးစားပါမည်ဟု မိုးပွင့်ဖြူ ဆုံးဖြတ်လိုက်ပါပြီ။

■ ■ ■



**အခန်း ၊ နှစ်ဆယ့်ငါး။**

ကြီးကြီးတင့် အိမ်ပြောင်းသွားလေပြီ။

အမိမဲ့ မိုးပွင့်ဖြူသို့ လာရောက် ထိန်းသိမ်းပေးနေရာမှ အိမ်ထောင်ရက်သားကျသွားပြီဖြစ်၍ စိတ်အေးသွားရပြီက... ပထမ အကြောင်း။

သားဖြစ်သူက ပြန်ခေါ်ထား၍ မြေးများကြည့်ရှုပေးရန် သူ့သားကြီးအိမ်သို့ ပြန်နေရသည်က ဒုတိယ... အကြောင်းပါ။

မိုးပွင့်ဖြူတို့ လက်ထပ်ရက် နှစ်တစ်ပတ်ပင် လည်ခဲ့ပြီးပါပြီ။

ဖေဖေ မျှော်လင့်ယုံကြည်ခဲ့သည့်အတိုင်းပင် နေလင်းဝေ ဦးဆောင်သော လုပ်ငန်းမှာ တိုးတက်အောင်မြင်သည်ထက် အောင်မြင်လာခဲ့ပါပြီ။ ဖြန့်ချိရေး အင်အားကောင်းသော စာပေတိုက် ဖြစ်ပါ၍ စာရေးဆရာများသို့ လိုက်ရ၊ ပြောရသည်မှာလည်း တင့်တယ်လာသည်။ ငွေအင်အားကလည်းကောင်း၍ တိုက်ပြောင်းလာသော စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာများစွာနှင့် တစ်အုပ်ပြီးတစ်အုပ် ဆက်နေအောင် ထုတ်ဝေဖြန့်ချိ နေရ၍ ဝင်ငွေကလည်း အရှိန်ဟုန်မြင့်စွာ တိုးလာခဲ့လေသည်။

"သားမောင်နေလင်းနဲ့ သမီးလေးကို ဖေဖေ တစ်ခုစီ မှာကြားခဲ့ချင်တယ်။

"သားအနေနဲ့ ခုလိုစိတ်၊ ခုလိုကိုယ်၊ ခုလိုအနေအထိုင်ကနေ ပြောင်းလဲမသွားဖြစ်အောင် ကြိုးစားပါ။ 'အောင်မြင်ခြင်းဒဏ်ကို ခံနိုင်ပါစေ။

"သမီးအတွက်ကတော့ သည်းခံခွင့်လွှတ်ခြင်း စိတ်ကို မွေးနိုင်ပါစေ...

"ဖေဖေမှာချင်တာ ဒါပဲကွယ်"

ဆေးရုံ၏ ခုတင်ပေါ်တွင် နှမ်းလျမောဟိုက်စွာ ပြန်မှိန်းသွားရှာသည်။

ဦးသက်မောင်ကို ဆေးရုံသို့ တင်ထားရသည်မှာ နှစ်ဆယ့်နှစ်ရက် ရှိလေပြီ။

တစ်နေ့ထက်တစ်နေ့ အခြေအနေမှာ ဆုတ်ယုတ်လာပြီ ဖြစ်ကြောင်း မိုးပွင့်ဖြူ သိရလေ... ရင့်ကျွဲမတတ် ခံစားလေပါ။

ဖေဖေသည် မှာတမ်းစကားနှစ်ခုကို ခက်ခဲပင်ပန်းလှစွာ ပြောကြားခဲ့ရှာသော်လည်း...

"အောင်မြင်ခြင်းဒဏ်ကို ခံနိုင်ပါစေ"

"သည်းခံခွင့်လွှတ်ခြင်းစိတ် မွေးနိုင်ပါစေ"





ဆိုသော စကားများသည် ကြားနေကျစကားများ ဖြစ်ပါ၍ လေးလေးနက်နက် နာယူစရာဟု မထင်ခဲ့မိ၊ ပူပန်လွန်းစိတ်က လွှမ်းနေ၍လားမသိပါ။

"မိုးလည်း ပင်ပန်းလှပြီ... အိမ်ပြန်နားပါဦးလား"

ငှားထားသော အထူးသူနာပြုဆရာမလေးက ကိုယ်ဝန်ရှိစ မိုးပွင့်ဖြူသို့ ကြင်နာစွာကြည့်ပြီး ပြောလာသည်။

"မပြန်ဘူး ဆရာမရယ်။ ဖေဖေ့ကြည့်ရတာ ဒီနေ့ သိပ်နုံးနေသလိုပဲ။ အသက်ရှူရတာ ခက်ခဲပင်ပန်းနေတာကိုက မမြင်ရက်စရာပါ"

မျက်ရည်လေးဝဲဝဲနှင့် ပြောနေသော မိုးပွင့်ဖြူသို့ နှစ်သိမ့်ခဲ့ပြီး၊ ဦးသက်မောင်နားသို့ ဆရာမလေး ပြန်သွားသည်။

မိုးပွင့်ဖြူအတွက် ဖခင်ကြီးထက် အရေးကြီးသော ကိစ္စ မရှိပါချေ။ အချိန်ပြည့် အနားမှာနေသည်။ ညအိပ်ရုံသာ အိမ်ပြန်ပါသော်လည်း တယ်လီဖုန်းနှစ်ခါလောက် ဆက်၍ ည ဆရာမကို အခြေအနေမေးပြီးမှ အိပ်နိုင်ခဲ့သည်။

"မိုး ဒီနေ့ အိမ်တောင် တစ်ခေါက်မှ မပြန်ဘူးဆိုလို့... မိုးနဲ့ ဆရာမ စားဖို့ ခေါက်ဆွဲကြော် ဝယ်လာခဲ့တယ်။ ဆရာ ဘယ်လိုနေလဲဟင်"

"မသက်သာဘူး ကိုကိုရယ်"

"ကိုလည်း အလုပ်တွေ သိပ်များလို့ နေ့ခင်းက မရောက်လာနိုင်တာပါ။ ကဲ... မိုး စားလိုက်ဦးလေ... ကိုကို စောင့်နေပါ့မယ်"

"မစားချင်သေးဘူး"

❋



www.burmeseclassic.com

www.burmeseclassic.com



နေလင်းဝေသည် ဦးသက်မောင်၏အနားမှာ အခြေအနေကို စောင့်ကြည့်သည်။ ပြီးတော့ ဆရာဝန်များအခန်းသို့ ထွက်သွားသည်။ အခြေနေကို ဆွေးနွေးခဲ့ဟန် တူပါ၏။

"မိုး"

"ကိုကို"

"ဆရာ့ကို အိမ်ပြန်ခေါ်ချင်သလား"

"ဟင်"

"အောက်စီဂျင်လည်း ငှားရင်ရတာပဲ။ အိမ်မှာဆို ပိုပြီးသက်သက်သာသာ ရှိမလားလို့ပါ။ မိုးသဘော... မိုး လုပ်ချင်တာ ကိုကို လုပ်ပေးမယ်"

နေလင်းဝေ၏ လက်ကိုကိုင်ပြီး မိုးပွင့်ဖြူ ငိုရှိုက်သည်။

"ကိုကိုရယ်... မိုး ဘာလုပ်ရမှန်းလည်း မသိတော့ပါဘူး။ ဖေဖေ့ကို သနားတယ်၊ ဖေဖေ တစ်ခုခုဖြစ်သွားမှာကို မိုးကြောက်တယ်။ မရင်ဆိုင်ရဲဘူး ကိုကိုရဲ့"

"အားမငယ်ပါနဲ့ကွယ်... ကိုကိုရှိပါတယ်"

"ကိုကိုရှိပါတယ်...တဲ့..."

မိန်းမသားတစ်ယောက်အတွက် ဘာကိုလုပ်ရကိုင်ရမှန်း မသိလောက်အောင် အတွေးခေါ်မဲ့စွာ အားငယ်ဝမ်းနည်းနေရချိန်မျိုးမှာ ရှေ့မှာ မားမားမတ်မတ် ရပ်တည်ဖြေရှင်းပေးနိုင်စွမ်းရှိသော ခင်ပွန်းသည်ဆိုသည်မှာ သေနင်္ဂဗျူဟာ၏ တပ်မကြီးတစ်ခုလို အားကိုးစရာပါလား...





ယခုနေ ကိုနေလင်းဝေသော ဖယ်ကြည့်လိုက်ပါလျှင် မိုးပွင့်ဖြူသည် ကမ်းဝေးရေပြင်မှ ခိုကိုးရာ မမြင်သာနိုင်သော သောက ပင်လယ်မှာ ကူးနေရမည့်အချိန်မျိုးပါ...

ကိုနေလင်းဝေ ရောက်လာပြီး ဆရာဝန်၊ ဆရာမများနှင့် တိုင်ပင်ဆောင်ရွက်ပေးနေခြင်းမှာ မိုးပွင့်ဖြူ၏ရင်သို့ အားအင်များ ဖြည့်ထည့်ပေးနေသည်သို့ပါလား။

"မိုး ဘယ်လိုလုပ်ချင်သလဲဟင်၊ အိမ်မှာဆိုရင်တော့ မိုးအတွက်၊ ကျန်ခဲ့သူတွေအတွက် ကောင်းမယ်လေ... ဒါပေမယ့် ဆရာ့မှာတော့ ရွှေ့ဟယ်ပြောင်းဟယ်နဲ့ ပိုပြီး ပင်ပန်းလိမ့်မယ်ထင်တယ်"

"ရှင်...ရှင်... ဖေဖေ...ဖေဖေဟာ"

"စိတ်ကိုထိန်း မိုးရယ်၊ သူတော်ကောင်းသမီး ပီသပါ... ဆရာဟာ နောက်ဆုံးအခြေနေကို ရောက်နေပြီကွယ်"

"အမယ်လေး... ကယ်ပါဦး... ကိုကိုရဲ့"

နေလင်းဝေလည်း မျက်ရည်ဝဲလာသည်။ ကိုယ်ဝန်ရှိစ ငိုကြွေးနေသော ချစ်ဇနီးလေးသို့လည်း သနားသည်။ ကျေးဇူးရှင် ဆရာ၏နောက်ဆုံးအချိန်ကိုလည်း မကြည့်ရက်တော့သလိုပါ။

ထိုနေ့ညဉ့်ဦးတွင်...

သည်းထန်စွာ မောလာသည်။

စကားမပြောနိုင်တော့...

ဆရာဝန်နှင့် ဆရာမများ ဝိုင်းဝိုင်းလည်အောင် ဂရုစိုက်ကြရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်မောင်သည် သူ့လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်း ဆုံဆည်းအောင် ကြိုးစားသည်။ ပြီးတော့ သူ့ရင်ပေါ်မှာ ယှက်တင်လျက်...

ဘုရားသို့ အာရုံပြုသည်။

အောက်စီဂျင် အကူညီ၊ ထိုးဆေးအကူညီများကြောင့် အမောသက်သာလာခဲ့ပါပြီ။

ယှက်ထားသော လက်နှစ်ဘက်ကိုခွာ၍ လက်ယာလက်က ကမ်းလင့်လာသည်။

မိုးပွင့်ဖြူမှာ လက်နှစ်ဘက်ဖြင့် ကပျာကယာ ဖမ်းယူ၍ အညင်သာဆုံး ထိပွေ့ထားလိုက်မိသည်။

ဦးသက်မောင်၏မျက်လုံး ပွင့်လာသေးသည်။ ပြီးတော့ ချက်ချင်းပင် ပြန်မှိတ်သွားတော့သည်။

ဘာကိုမှ မမြင်နိုင်တော့၊ မျက်စိအကြည်ဓာတ် ပျက်လေပြီကို သိသဖြင့် ပြန်၍ မိတ်ကွယ်လိုက်ခြင်းပါ...

သူ့မျက်နှာသည် ဝေဒနာခံစားမှု လျော့နည်းလာသည် သို့ပါ... ရောဂါအတွက် ခံစားမှုဒေါသရောင်မရှိ။

အားလုံးပြီးဆုံးပြီဆိုသော အသိဖြင့် ငြိမ်သက်ညင်သာစွာ နောက်ဆုံး ထွက်သက်ကို ရှူရှိုက်ပြီး...

ချစ်သမီး၏ လက်ကလေးကို ထိတွေ့ကိုင်တွယ်ထားလျက်ကပင် အသက်ရှုရပ်သွားတော့သည်။

လောကနှင့် ဓမ္မတာဝန်များစွာကို ကျေပွန်အောင် ထမ်းဆောင်ပြီးဆုံးခဲ့ပြီဖြစ်သော...





ပရိသတ်များ၏ လေးစားချစ်ခင်မှုကို ခံယူ၍ စာပေသစ္စာကြီးစွာ ထိန်းသိမ်းခဲ့ပါသော...

အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး ဦးသက်မောင်သည် ငြိမ်းချမ်းညင်သာစွာ ကွယ်လွန်ခဲ့ပါသတည်း...။

■

"ဒီမိုးဟာလေ ငါ့အတွက် ဘယ်တော့မှ နိမိတ်မကောင်းဘူး။ ငါ့မှာ အရေးကြီးတဲ့နေ့ဆို ရွာပြီ... ငါ့မှာ ဒုက္ခရောက်တဲ့နေ့ဆိုရင် ရွာပြီ"

အော်ညည်းသံများဖြင့် လေရောမိုးပါ ရွာသွန်းနေသည်ကို နှာကြဉ်စွာကြည့်ပြီး တွေးမိသည်။

မည်သူ့ကိုမှလည်း နှုတ်မဆက်နိုင်၊ မတ်မတ်ကြီးရပ်ပြီး အံကိုခဲထားပါသော်လည်း မျက်ရည်တို့က မိုးနှင့်အပြိုင်။

"မိုး... ဖွင့်ဝိုလိုက်... ဖွင့်ဝိုလိုက်လေ"

"ကိုနေလင်းဝေ... မိုးပွင့်ဖြူကို ကားထဲခေါ်သွားတော့လေ"

"ဒီလောက်ပြုစုလိုက်ရတာပဲ ကျေနပ်တော့ သမီးရယ်၊ သူ့သိလက ဒီလောက်ပဲပါတာကိုး"

နှစ်သိမ့်သံများ၊ ပြောသံဆိုသံများကို ကြားနေရသော်လည်း သတိမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီး ရေခဲတိုက်ဘေးရှိ အခန်းကျဉ်းကလေးတွင်းမှ ကျောက်စားပွဲပေါ်တွင် ဦးသက်မောင်၏ သက်မဲ့ခန္ဓာကို နောက်ဆုံး မြင်တွေ့ခွင့်ရရှိမည့် အချိန်တိုလေး...

"နေပါဦး... နေကြပါဦး။ ဖေဖေ့ကို ကြည့်ပါရစေဦး"

ဆွဲသူများ လက်ကြားမှ ခံစားမှု အားအင်နှင့် ရုန်းထွက်လိုက်သည်။

"နေပါစေ... နေပါစေ၊ သူ့ စိတ်ကျေနပ်အောင် ကြည့်ပါစေဦး၊ လာ... မိုး၊ ဒီတစ်ခါကြည့်ပြီး ကန်တော့ပြီးရင် ကားထဲသွားထိုင်ကြစို့ နော်၊ အသုဘယာဉ်လည်း လာခါနီးပြီကွယ်"

နှစ်သိမ့်ချော့ခေါ်သော ကိုနေလင်းဝေကာ တစ်ဖက်၊ ငိုနေသော ပွင့်ဝါက တစ်ဖက် တွဲလျက် အလောင်းရှိရာ အခန်းသို့ တက်ခဲ့သည်။

ဒေါသ မာန်မာန ဝေဒနာ ခံစားမှု စသည်တို့ မထင်ဟပ်ပါဘဲနှင့် အပြစ်မဲ့ အိပ်ပျော်နေသူ တစ်ယောက်လို ငြိမ်းချမ်းစွာ လျောင်းစက်နေသော ဦးသက်မော်၏ သက်မဲ့ခန္ဓာ။

"ဖေဖေရယ်"

မိခင်နေရာကရော ဖခင်နေရာကပါ အကြီးမားဆုံးသော မေတ္တာနှစ်မျိုးဖြင့် ထိုက်ထိုက်တန်တန် တာဝန်ကျေကျေ ကျွေးမွေး စောင့်ရှောက်လာခဲ့ရှာသော ကျေးဇူးရှင်ဖခင်ကြီးကို နောက်ဆုံးအကြိမ် မြင်တွေ့ရခြင်းပါလား။

ဆိုသော အသိဖြင့် မိုးပွင့်ဖြူ၏ နှလုံးသားတို့ ရင်အပြည့် ပြန့်ကား ကြီးထွားလာသလို ဆို့ပိတ်တင်းကျပ်လာခဲ့သည်။





"သမီးအတွက်ပဲ ဘဝတစ်ခုလုံး နေပေးခဲ့တဲ့ ဖေဖေရေ..."

ချစ်ကြည်ညိုခြင်းနှင့် မခွဲရက်နိုင်ခြင်း စိတ်များကြောင့် အလောင်းကို လှမ်းဖက်အုံ့ဆဲဆဲ မိုးပွင့်ဖြူကို ဆွဲယူတွဲခေါ်ပြီး အခန်းလေးတွင်းမှ ကစဉ့်ကလျား ပြန်ထွက်လာကြသည်ကို...

ဘုရားလမ်းဘက်ထောင့်မှ ယပ်တောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင် ရပ်ကြည့်နေသော ကိုလွမ်းလှိုင်...

သူ့ဖခင် ဦးဥက္ကာ ရှိစဉ်က ကူညီထောက်ပံ့ပေးခဲ့သည့် ကျေးဇူးတရား...

သူတို့အိမ်တွင် ဝင်ထွက်သွားလာစဉ်က စားသောက်ခိုကိုးခဲ့ရသော ထမင်းရှင်...

သူ့ဘဝအတွက် အသက်ထက်ဆုံး တာဝန်ကြီးနေမည်ဖြစ်သော ပွင့်ဝါကို ကုသခေါ်ယူထားကြသည့်အတွက် သူရရှိနေသော လွတ်လပ်မှု များသည်...

ဦးသက်မောင်တို့၏ ကျေးဇူးကြောင့် ပါ။

ပြီးတော့...

ပိုင်ဆိုင်ထိုက်သော ရတနာအဖြစ်နှင့် မတပ်မက်ပါပဲလျက် အသက်နှင့်အမျှ ကိုးကွယ်မတတ် မြတ်နိုးနေမိမည့် အချစ်ဆုံး မမိုးပွင့်၏ ဖခင်...

ဆိုသော အကြောင်းများကြောင့် ဦးသက်မောင်၏ ဈာပနသို့ ကိုလွမ်းလှိုင် လိုက်ပါပို့ဆောင်ပါသော်လည်း အသုဘရှင်များကို မနှုတ်ဆက်ပါ။ ညီမလေး ပွင့်ဝါကိုပင်လျှင် မမြင်အောင် ကွယ်ရှောင်ပြီး ဘတ်(စ)ကား တစ်စင်းပေါ်တက်၍ နောက်ဘက်မှ ထိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှ အစည်ကားဆုံးသော အသုဘများထဲတွင် စာရင်းဝင်ပါသည်။

စာပေမိတ်ဆွေများ၊ စာပေလုပ်သားအဖွဲ့ဝင်များ၊ ဦးသက်မောင်၏ သူငယ်ချင်း အပေါင်းအသင်းများ၊ သူလှူဒါန်းခဲ့သော ကျောင်းကန်ဇရပ်တို့မှ ယောဂီများ၊ တရားဓမ္မရှင်များ အပါအဝင်၊ မိသားစု၏ ဆွေမျိုးများ၊ မိုးပွင့်ဖြူ၏ သူငယ်ချင်းများ၊ စာရေးဆရာ ဆရာမ မိသားစုများနှင့် အသိမိတ်ဆွေပေါသော ကိုနေလင်းဝေ၏ အသိုင်းအဝိုင်း အပေါင်းအသင်းတို့၏ ကိုယ်ပိုင်ကားပေါင်းများစွာ…

"ဪ…သဘောထား မြင့်မြတ်ပုံချင်း တူသော်လည်း ငွေကြေးကြွယ်ဝမှု ကွာဟတဲ့အတွက် အသိုင်းအဝိုင်း ကျယ်ပြန့်ပုံချင်းက မတူနိုင်ပါလားကွယ်"

ကြံတောသုသာန်သို့ အဝင်လမ်းတွင် ဤမြေ၌ပင် ရုန့်ပစ်ထားရစ်ခဲ့ရဖူးသော သူ့ဖခင် ဦးဥက္ကာနှင့် ဦးသက်မောင်သို့ ယှဉ်ပြီး ကိုလွမ်းလှိုင် တွေးလာမိပါသည်။

ကားတန်းကြီး ရပ်သွားသည်။

ရှေ့၌ ပိတ်ဆီးသွားလေပြီ။

သူ့ ဖခင်တုန်းကကဲ့သို့ မီးသဂြိုဟ်ခြင်းမဟုတ်၊ ဂူသွင်းပေမည်။

မိုးတွေ သည်းလာပြန်ပြီ…

ကားပေါ်ကလူများ မဆင်းနိုင်ကြသော်လည်း ကိုလွမ်းလှိုင် ဆင်းခဲ့ပြီး ဂူများကြားမှဖြတ်၍ လူအုပ်စုစုရှိရာသို့ လျှောက်လာခဲ့သည်။





အသည်းဆတ်ဆတ်ခါ နာသော အသွင်ဖြင့် ရင်နှင့်ဆို့လှိုက်စွာ ငိုရှိုက်နေသော ချစ်သူ့ရုပ်သွင်ကို မိုးပွင့်များ ခြားလျက် ခပ်ဝါးဝါးမြင်နေရပေသည်။

"အချစ်ရယ် ဒီအပူတွေကို ကိုယ်ပြောင်းယူလို့ရရင် ယူပေးပါတယ်ကွယ်"

"သောကအားလုံး ကျွန်တော်တစ်ယောက်ဘည်း ခံစားပါ့မယ်၊ ပျော်ရွှင်မှုအားလုံးကို မမိုးပွင့် ပိုင်ဆိုင်ပြီး ကိုနေလင်းဝေနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေနိုင်ပါစေဆိုတဲ့ ကျွန်တော့်ရဲ့ စေတနာအတိုင်း ဖြစ်ကြစမ်းပါလားဗျာ"

အားငယ်ရသောရင်မှ ဝမ်းနည်းမှုဒဏ်ကို ခံနိုင်ရည်မရှိပါ၊ အညတရ အသုဘရှုသူ တစ်ယောက်ကို ဘယ်သူကမှလည်း အရေးထား၍ စောင့်ကြည့်မနေပါသောကြောင့်…

ကိုလွမ်းလှိုင်သည် ချစ်သူ၏ ပရိဒေဝကို ရင်နင့်စွာ အဝေးက ကြည့်ပြီး မျက်ရည်များ စီးသွယ်ကျလာလေသည်။ သူပွတ်သုတ်လိုက်တော့ မိုးရေစက်တို့နှင့် ရောထွေးသွားရသည်။

"ဖေဖေရယ်… ဖေဖေရဲ့"

မချိတင်ကဲ ရင်ထဲမှ လှိုက်ထွက်လာသော အသံလေးနှင့် မိုးပွင့်ဖြူ တိုးတိုးလေး ငိုညည်းသည်။

"သမီးရဲ့ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး အားလုံးကို ဖန်တီးပေးသွားရှာတဲ့ ဖေဖေရေ…"

"ခုတော့ သမီးကို တစ်ယောက်တည်း ထားသွားပြီလားရှင်…"



www.burmeseclassic.com

www.burmeseclassic.com



"အတွယ်တာဆုံး သားအဖနှစ်ယောက်ကိုမှ...

"အို... အမယ်လေး"

မိုးပွင့်ဖြူ မျက်စိရှေ့မှာ ခေါင်းကို ဂူသွင်းမည့် အင်္ဂတေပေါ်သို့ ချလိုက်လေပြီ။ မကြာမီ အလုံ ပိတ်ဆီး ကာရံကြတော့မည်...။

ဤအသိကြောင့် မျက်စိထဲမှာ ပြာ၍ ခေါင်းထဲ၌ မိုက်ခနဲ မူးဝေသွားသည်။

ဆေးရုံတွင် ပင်ပန်းခဲ့ရသေ ဒဏ်... ကိုယ်ဝန်ရှိစမို့ အားနည်းနေသော အချိန်နှင့် ကြေကွဲလွန်းရသော သောကပရိဒေဝတို့ကြောင့်...

မိုးရည် မြေပေါ်သို့ မိုးပွင့်ဖြူ ပုံလျက်လဲ၍ လုံးဝသတိမေ့သွားခဲ့ရှာပါပြီ။

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ကိုလွမ်းလှိုင်သည် ရုတ်တရက် ပြေးသွားပြီးမှ ရပ်တန့်လိုက်ရသည်။

ကိုနေလင်းဝေ ကိုယ်တိုင် မိုးပွင့်ဖြူသို့ ပွေ့ယူသယ်ဆောင်သွားလေပြီ။

ကိုဘိုခင် မောင်းနှင်သော မိုးပွင့်ဖြူတို့၏ ဖီးယက်ကားပေါ်သို့ တင်သည်။ ငိုနေသော ကြီးကြီးတင့်က ဆီးပွေ့ပါ၏။

ကိုနေလင်းဝေ တက်ပြီးသည်နှင့် ကားက တဟုန်ထိုး ထွက်လေပြီ။

ပွင့်ဝါပင် မမီလိုက်... ဖီးယက်နောက်မှကပ်၍ ရပ်ထားသော ကားက ပွင့်ဝါကိုခေါ်သည်။ မိုးပွင့်ဖြူတို့၏ ဆွေမျိုးများစီးသော ကား...





ဤကားလည်း ဖီးယက်နောက်မှ အပြင်းမောင်းနှင်ထွက်ခွာသွားခဲ့ပြီ။

ပူပန်ဇောစိတ်နှင့် ပြေးလိုက်မိသော ကိုလွမ်းလှိုင်မှာ... ချက်ချင်း သတိရပြီး... ရပ်လိုက်ရသည်။ သူလိုက်နိုင်ခွင့် မရှိပါလား...

သူ့မျက်စိတစ်ဆုံးမှာ မြင်လိုက်ရသည်က...

ဒတ်ဆန်းပစ်ကပ် အနီရောင်ကားလေး...

■

တယ်လီဖုန်းကို လှည့်ပြီးပြီ။ ခေါ်မြည်နေဆဲတွင်မှ သတိရသလို၊ တယ်လီဖုန်းကို ပြန်ချလိုက်ရသည်။

ပွင့်ဝါသည် လည်းကောင်း...

ကိုနေလင်းဝေသည် လည်းကောင်း၊ သူ့အသံကို မှတ်မိကြပေလိမ့်မည်။ ပူပန်ဇောစိတ်ကြီးစွာဖြင့် အပည့်မလေး ယဉ်သူဇာကို ပြေးခေါ်လာခဲ့သည်။ ပြောရမည့် စကားလုံးများကို ထပ်ခါထပ်ခါ သင်မိ၍...

"ဆရာကလည်း အဲဒီမိုးပွင့်ဖြူဆိုတာကို တကယ် သံယောဇဉ်ကြီးတာပဲနော်"

ယဉ်သူဇာရယ်... မင်းမှတ်ချက်ထက် ကိုယ့်ရင်ထဲမှာ အဆပေါင်း ကုဋေပိုနေတယ်ကွယ်၊ ဆရာ့ရဲ့ အဖြူရောင် သံယောဇဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်သောအခါမှ ဘယ်သူ့အတွက်မှ လှုပ်ရှားလို့ မရနိုင်အောင် နှောင်ထားနေဆဲပါ။

မိန်းကလေးတန်မယ့် လက်ဖက်ရည်ဆိုင်သို့ ခေါ်လာရတာ တော့ အားနာသား။ ဒါပေမယ့် မတတ်နိုင်ပါ။ ပူပန်စိတ်က ရင်ကို ဖွင့်ခွဲတော့မတတ်။

နာရီကြည့်မိသည်။ အသုဘ ချပြီးချိန်မှာ တစ်နာရီနှင့် မိနစ် ငါးဆယ်တိတိ ရှိသွားပြီ။

ပွေ့ယူသွားရသော ချစ်သူ ဘယ်သို့ရှိရှာလေမလဲ။

ယဉ်သူဇာသည် တယ်လီဖုန်းကို လက်ကလေးနှင့်အုပ်ပြီး ခေါင်းညိတ်ပြလိုက်သည်။ တဆက်တည်းလိုပင်...

"သြော်...မိုးပွင့်ဖြူ ဘယ်လိုနေပါသေးလဲရှင်"

"... ... ... ... ..."

"ရှင်... ကျွန်မ သူ့သူငယ်ချင်းပါ"

"... ... ... ... ..."

"ဟုတ်ကဲ့... သိပါတယ်။ ကျွန်မ အသုဘ လိုက်ပို့ပါတယ်။ မိုးပွင့်ဖြူ မေ့လဲသွားလို့ စိတ်ပူလို့ ဖုန်းဆက်ကြည့်တာပါရှင်"

"... ... ... ... ..."

"သြော်..."

"... ... ... ... ..."

"သြော်... ဟုတ်ကဲ့... ဟုတ်ကဲ့"

"... ... ... ... ..."





"ကျေးဇူးတင်ပါတယ်"

"... ... ... ... ..."

"သြော်... မပြောပါနဲ့။ သူ နေမကောင်းနေရင် နေပါစေ"

"... ... ... ... ..."

"ရှင်... သြော်... ဒါဖြင့်လဲ ပြောပြလိုက်ပါ။ စန္ဒကိန္နရီပါ...လို့"

တယ်လီဖုန်းချပြီး ယဉ်သူဇာက ပြုံးသော်လည်း ကိုလွမ်းလှိုင်မှာ အသည်းထိတ်စွာဖြင့်...

"ဘာ... ဘာတဲ့လဲဟင်"

"သတိရပါပြီတဲ့၊ ဒေါက်တာတိုးအောင်လည်း လာကြည့်သွားပါတယ်တဲ့။ အခု စိတ်ငြိမ်ဆေး ထိုးထားပေးလို့ အိပ်ပျော်နေပါတယ်...တဲ့"

"သြော်... တော်ပါသေးရဲ့"

ငွေတစ်ကျပ်တင်ပြီး ပန်းကန်မှ ထွက်ခဲ့ကြသည်။

ယဉ်သူဇာသည် ကိုလွမ်းလှိုင်နေသော ရပ်ကွက်ထဲမှ အမျိုးသမီးလေးပါ၊ ရိုးသား၍ သူ့ကို လေးစားလွန်းသည့် မိန်းကလေး။

"နေပါဦး... စကားပြောတာ ဘယ်သူလဲ၊ ပွင့်ဝါလား"

"မဟုတ်ဘူး။ ကျွန်တော် သူ့ခင်ပွန်း နေလင်းဝေပါတဲ့..."

"သြော်"

"ဘယ်သူဆက်တာလဲ မေးလို့ ဆရာမှာတဲ့အတိုင်း စန္ဒကိန္နရီလို့ ပြောတော့... 'ခင်ဗျာ...ဘယ်သူ'လို့လည်း အံ့သြဟန်နဲ့ ကြားရက်နဲ့၊ ထပ်မေးနေတာနဲ့ ဖုန်းချလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်သူဇာက ပြုံးပြုံးရွှင်ရွှင် ပြန်ပြောနေသော်လည်း ကိုလွမ်းလှိုင်၏ ခြေလှမ်းများ နှေးလာသည်။ အတွေးများ သိပ်သည်းတင်းကျပ်လာသည်။

"စန္ဒကိန္နရီ"

အပူစိတ်ဖြင့် ချစ်သူသိပါစေဆိုသော ရည်ရွယ်ချက်ဖြင့် ရုတ်တရက် မှုကြားလိုက်မိသော စကား။

မှားလေပြီ...

"ချစ်သူရယ်... မသိလိုက်ပါနဲ့ကွယ်။ အဝေးကနေပြီး ပူပန်စိုးရိမ်ဆဲ၊ ရှိနေလျက်ပါဆိုတာတွေ ချစ်သူ မသိပါစေနဲ့တော့လေ"

"ကျွန်တော်သည်သာ ချစ်သူအတွက် ထာဝရ ခံစားရင်း...

ချစ်သူ ပျော်ရွှင်ချမ်းမြေ့ပါစေ၊ ဇနီးမောင်နှံတို့၏ တုံ့ပြန်အချစ်များစွာဖြင့် ချစ်သူရဲ့ အိမ်ထောင်ရေး သာယာပါစေ၊ ရှင်လန်းကျန်းမာပါစေ၊ အခုဖြစ်နေတဲ့ ပရိဒေဝမီးတွေ အမြန်ဆုံး ငြိမ်းအေးပါစေ..."

■ ■ ■



## အခန်း ။နှစ်ဆယ့်ခြောက်။

နှမ့်ပြင်ပေါ်သို့ ပူနွေးသော လက်ဝါးပြင်က ညင်သာစွာ ထိကပ်လာသည်။ စောင်းစောင်းလေး ခွေနေရာမှပင် မလှုပ်ရှားမိဘဲ မျက်စိဖွင့်ကြည့်လိုက်သည်။

"နေကောင်းရဲ့လားဟင်...မို"

"ကိုကိုတောင် ပြန်လာပြီလား"

"နေ့ခင်းကြီး မအိပ်တတ်ဘဲ အိပ်နေတာ နေမကောင်းလို့လားဟင်"

"နေကောင်းပါတယ်။ ဖေဖေ့ကို အောက်မေ့လွန်းလို့ပါ ကိုကိုရယ်"

"နှစ်လတောင် ကျော်သွားပြီပဲကွယ်။ တဖြည်းဖြည်း ပြေပျောက်အောင် ကြိုးစားပေါ့"

"အနှစ် နှစ်ဆယ်ကြာတာတောင် ဒီလိုဖခင်ကြီးမျိုးကို မမေ့ထိုက်ပါဘူး ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့လေ... မိုးမှာလည်း ကိုယ်ဝန်နဲ့ကွယ်။ ကဲ...ကဲ ထပါဦး။ ဒီမှာ ဒီနေ့ ဝင့်ဝါဝါ စာအုပ်ဖြန့်တယ်။ ငွေတွေသိမ်းပါဦး။ အပြတ်ဖြန့်တာဆိုတော့ ငွေတစ်ခါတည်း ရခဲ့တယ် မိုးရဲ့။ ကိုကို့ဖြန့်ချိရေး တော်လို့လည်း ဝင့်ဝါဝါ စောင်ရေတက်လာတာ"

တက်ကြွနေသော ခင်ပွန်းနှင့် စိတ်ဓာတ်ကျဆင်းနေသော ဇနီးသည်တို့နှစ်ဦး...

"ရော့... ကိုကိုပဲ ဆေ့(ဖ)ထဲကို ထည့်လိုက်ပါ။ မိုးကိုလည်း စာရင်းတွေဘာတွေ တွက်ပြမနေစမ်းပါနဲ့ ကိုကိုရယ်။ ကိုကိုရာတဲ့ငွေ ကိုကိုကြိုက်သလိုသုံးပါ"

မီးခံသေတ္တာ၏သော့ကို နေလင်းဝေသို့ အပ်လိုက်ပါပြီ။

နေလင်းဝေမှာ လက်ရှိငွေများနှင့် မီးခံသေတ္တာတွင်းမှ ရာတန်အထပ်လိုက်များကို ပြန်ရေတွက်၍ တစ်သောင်းထုပ်စီ စီနေသည်။ ဂရုတစိုက် စစ်ဆေးကြည့်ရှုပြီးမှ မီးခံသေတ္တာကို ပိတ်၍ မိုးပွင့်ဖြူနားသို့ ပြန်ရောက်လာသည်။

"မိုးရော...ထမင်းစားပြီးပြီလား"

"ဟင့်အင်း... ကိုကို့ကို စောင့်ရင်း ခေါင်းမူးလာလို့ တက်လှဲနေတာပါ။ မိုး ထမင်းပွဲ သွားပြင်လိုက်ဦးမယ်နော်..."

နေလင်းဝေပါ အတူ လိုက်ဆင်းလာသည်။ ထမင်းစားခန်းတွင် ပွင့်ဝါ၏အသံများ ညံစီနေပါ၏။ အိမ်ဖော်မိန်းကလေးများကို သြဇာပေးရင်း အစ်ကိုနှင့် အစ်မအတွက် စီမံနေပါ၏။

"ပွင့်ဝါရော စားပြီးပြီလား"





"ဘယ်စားရဦးမလဲ၊ အစ်ကိုကြီးတို့ မမမိုးတို့နဲ့ တူတူစားမလို့ စောင့်နေတာ... ဆာလှပြီ"

အားလုံးတူတူ ဝိုင်း၍ စားဖြစ်ကြသည်။ တစ်ဝိုင်းလုံး ပွင့်ဝါ၏ စကားသံများဖြင့် လှိုင်နေ၏။ ကိုယ့်အစ်မ စိတ်ဆင်းရဲနေချိန်ပါလားဟူ၍လည်းမသိ၊ သူများလင်မယားကြားမှာ ဝင်၍ မစားသင့်ကြောင်းလည်း နားမလည်သော ပွင့်ဝါသို့ မိုးပွင့်ဖြူ ဘာမှ မသွန်သင်ဖြစ်၊ ကိုယ်တိုင်ကလည်း နေမကောင်းချိန် စိတ်ဆင်းရဲနေချိန်မို့ ပွင့်ဝါအတွက် ဟာကွက်များစွာ ရှိသွားခဲ့ရသည်။

"မိုးရို...ကိုကို အကြံတစ်ခုပေးမလို့"

"ဟုတ်ကဲ့"

"စောင်းဖြစ်ဖြစ်... စန္ဒရားဖြစ်ဖြစ်... ပြန်တီးပါဦးလား မိုး"

"အို... ဖေဖေဆုံးတာမှ မကြာသေးတာ... ဒီလို အပျော်တွေ..."

"မဟုတ်သေးဘူး မိုး...၊ မိုးတေးဂီတကို နှစ်သက်ပုံက အပျော်နှစ်သက်တာမှ မဟုတ်ဘဲ။ ဝါသနာအရ အလုပ်တစ်ခုကို လုပ်နေသလိုပဲလေ၊ ဒါကြောင့် တေးဂီတထဲမှာ စိတ်ကို ပြန်နှစ်ထားစမ်းပါ...လို့"

"စန္ဒရားကြီးကလည်း မေမေတို့ လက်ထက်တည်းက ဆိုတော့ မကောင်းတော့ပါဘူး၊ စောင်းလည်း မရှိတော့ဘူး၊ နေပါစေတော့"

"မဟုတ်သေးဘူးမိုးရယ်၊ ဦးအတွက် လစဉ် ဆွမ်းသွတ်အမျှဝေပြီး လုပ်သင့်တာတွေ လုပ်ခဲ့ပြီပဲ၊ မိုး... ဒီလောက် မျက်ရည်ကျနေရင် မိုး ရင်ထဲက ရင်သွေးလေးရဲ့ ကျန်းမာရေးကလည်း ရှိသေးတယ် မဟုတ်လား"

www.burmeseclassic.com



"မိုး ရင်ထဲက ရင်သွေး"

မိခင်လောင်းဆိုသော အသိဖြင့် မျက်ရည်ကျရမှာကိုပင် ကြောက်ရွံ့သွားသလို ဖြစ်ရသည်။ မမြင်ရသေးသော ရင်သွေးအတွက် ပူပန်စိတ်တို့ စတင်ဝင်ရောက်ခဲ့ပါပြီတည်း...

မိဘနှင့် သားသမီးဆိုသော မေတ္တာတရားသည် စမ်းရေလို ထာဝရ စုန်တတ်သော သဘောရှိကြောင်း တင်စားနေကြသည်ကို ရိပ်စားနားလည်စ ပြုခဲ့ပါပြီ။

"ဟုတ်တယ် မမမိုး... စန္ဒရားကြီးကို ပြင်စမ်းပါ၊ ပွင့်ဝါလည်း အတီး သင်ချင်တယ်"

"ပွင့်ဝါရဲ့မမမိုးက စောင်းကိုပိုပြီးမက်တာ။ စောင်းပြန်ဝယ်ပေး ရမယ်၊ ဩော်... စောင်းဆိုလို့ ကိုလွမ်းလှိုင်တစ်ယောက်တောင် မလာတာ ကြာပြီနော်"

ထိတ်သောရင်ဖြင့် လှမ်းကြည့်လိုက်မိတော့ ကိုကို့မျက်နှာက ကြည်ကြည်လင်လင် သံသယ မြူငွေ့ မဟပ်ထင်။

"မိုးတို့ စောင်း သင်ရိုးလည်း ပြီးသွားပြီလေ"

"စောင်း ဝယ်ချင်လျှင် အစ်ကိုလွမ်းလှိုင်ကို ဝယ်ခိုင်းမယ်၊ သူ့သူငယ်ချင်းက စောင်းတွေလုပ်ပြီး ရောင်းနေတာ..."

"နေပစေ ပွင့်ဝါ"

ဆက်မပြောရန် နေလင်းဝေက အရိပ်ပြသည် ပြလိုက်သဖြင့်ပွင့်ဝါ ဇက်ကလေးပုပြီး ငြိမ်သွားတော့သည်။





ထမင်းစားပြီးသည်နှင့် ချစ်ဇနီးအတွက် ပရီနယ်တယ်(လ်) ကိုယ်ဝန်ဆောင် အားအေးတစ်လုံးကိုယူပြီး ရေတစ်ခွက်နှင့် ကိုယ်တိုင် တိုက်သည်။

နေလင်းဝေသည် အလုပ်ကို ပျင်းရိခြင်း လုံးဝမရှိ။ ထာဝရ ကြိုးစားနေတတ်သောသူ ဖြစ်သလို မိုးပွင့်ဖြူသို့လည်း ကြင်နာယုယ ရှာပါသည်။

အလုပ်တိုက်သို့ ပြန်ထွက်ကာနီးတွင် အဝတ်တစ်စုံ ထပ်လဲ သွား၏။

ဦးသက်မောင် ဆုံးပြီးသည့်နောက်ပိုင်းတွင် အလုပ်ပို၍ ကြိုးစား လာသလို ပြောင်းလဲသာသော အချက်တစ်ချက်လည်း ရှိပါ၏။

အဖိုးတန် အဝတ်စား အစုံလိုက် များစွာဝယ်ပြီး တစ်နေ့နှစ်မျိုး ဝတ်တတ်လာသည်။ ကချင် လွယ်အိတ်... ကမ္ဘောဇလွယ်အိတ် စသော လက်ရက်ချည်လွယ်အိတ်များကို စာပေသမားတို့ ထုံးစံအတိုင်း ထာဝရ လွယ်လေ့ရှိရာမှ...

အတက်ချိ အိတ်နက်ပြာကို ပြောင်းလဲဆွဲကိုင်သည်။

ကိုနေလင်းဝေတစ်ယောက် မိန်းမရမှ ပိုမိုလာသည်ဟူသော ဝေဖန်ချက်ကို သူ နှစ်သက်စွာ နာယူသည်။

နေလင်းဝေမှာ သူ့တစ်ကိုယ်ရည် သပ်ရပ်လှပမှုကို ဂရုစိုက် ဆင်ယင်လာတတ်သည်။ လှုပ်ရှားမှုများကလည်း ပို၍ပို၍ တက်ကြွ လာပါသတည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။နှစ်ဆယ့်ခုနစ်။

လှေကားထစ်ပေါ်မှ ဆင်းလာတည်းက မြင်ရသော်လည်း အိပ်ရာထစမို့ မျက်စိမှားသလားဟု ထင်မိသည်။ ကိုယ့်အမြင်ကိုပင် ကိုယ်မယုံချင်...

"ဟင်...ဒါ...ဒါ... ဘယ်တုန်းက ရောက်နေတာလဲဟင် မထားမြင့်"

"မသိဘူး၊ မမပွင့်ဝါ ယူလာတာ တွေ့တာပဲ"

"ပွင့်ဝါ ခေါ်လိုက်စမ်း"

အောင်မြင်သောအပြုံးနှင့် မခေါ်မီကပင် ပွင့်ဝါ ထွက်လာသည်။

"အစ်ကိုကြီးနိုင်းလို့ ပွင့်ဝါ သွားဝယ်တာ... အလကား ရခဲ့တယ်"

"ဟင်"

မိုးပွင့်ဖြူသည် ဗီရိုပုပေါ်မှ ထားမြဲ ထားရှိရာ နေရာမှ စောင်းကို ပြေးယူ၍ ရင်ခွင်မှာ ပိုက်ထွေးလိုက်မိသည်။





စောင်းသည် မအိုမဟောင်းသော်လည်း အသစ်မဟုတ်...

"ဒါ ဘယ်ကရခဲ့တာလဲဟင်"

"အစ်ကို လွှမ်းလှိုင်ဆီကပေါ့"

"ဟာ"

"အစ်ကိုကြီးက မမမိုးဖို့ စောင်းတစ်လုံး ဝယ်ချင်တယ်၊ ကိုလွှမ်းလှိုင်မှ နားလည်မှာ၊ ပွင့်ဝါ သွားဝယ်ချည်ဆိုပြီး လေးငါးရာနဲ့ ရရှိနိုင်တာကို ငွေတစ်ထောင်တောင် ပေးလိုက်တာ သိလား၊ မမမိုး မသိစေနဲ့တဲ့၊ သူမြင်ရင် ဝမ်းသာသွားအောင်တဲ့"

ခင်ပွန်းသည်၏ ဂရုစိုက်အရေးထားမှုကို ခံယူရသော ဇနီးသည်တို့၏ ကြည်နူးမှုရင်ဖြင့် ပွင့်ဝါ၏ စကားကို ဆက်၍ နားထောင်ရသည်။

"ဒါနဲ့ ဦးဘိုခင်ကြီးနဲ့ ပွင့်ဝါနဲ့၊ အစ်ကို လွှမ်းလှိုင်ဆီ လိုက်သွားတာပေါ့၊ သူ့ အလုပ်ဌာနကိုလေ... မမမိုးနဲ့ ပွင့်ဝါ တစ်ခါက သွားကြပါရောလား၊ မမမိုး ငိုပြီး ပြန်လာတာလေ။ အဲဒီနေရာပေါ့"

ပွင့်ဝါစကားကြောင့် အတိတ်ကို ချောက်ချားစွာ ပြန်လည်သတိရလာစေသည်။

"အို... ဒီတစ်နေ့ကိစ္စကို ပွင့်ဝါ ဘာကြောင့်များ အမှတ်ထင်ထင် ရှိနေရတာလဲကွယ်"

"အစ်ကို လွှမ်းလှိုင်က ပွင့်ဝါတို့ကို ညာထားတာ မမမိုးရဲ့ သိလား"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ အိမ်ရောင်းပြီး ပြောင်းသွားပြီဆိုတာလေ"

"ဘာဖြစ်လို့ ညာရတာလဲ"

"ပွင့်ဝါတို့ သူ့ကို ဆက်သွယ်မှာစိုးလို့တဲ့"

"အဲဒါ ပွင့်ဝါ ဘယ်ကသိလဲ"

"သူ့ရုံးလိုက်သွားတော့ သူ နေမကောင်းလို့ ခွင့်ယူထားတာ သုံးရက်ရှိပြီတဲ့၊ ဒါနဲ့ သူ့ဘယ်မှာနေလဲ မေးတော့ သူ့လိပ်စာပေးတယ်၊ ရယ်စရာကြီး၊ ပွင့်ဝါတို့အိမ်ပဲ"

"ဟင်"

"ဒါနဲ့ ပွင့်ဝါလည်း လိုက်သွားတာပေါ့။ သနားပါတယ် မမမိုးရာ။ ကွေးကွေးလေး အိပ်နေတယ်၊ ကိုယ်တွေမှ ပူချစ်တောက်လို့"

"အို... ဆရာဝန်မပြဘူးလား"

"ညနေမှ ဆေးတိုက်ကို ဆေးသွားထိုးမယ်တဲ့။ လှည်းတန်းထိပ်မှာ သမဝါယမဆေးကုခန်း ရှိတယ်လေ"

သူ့အိမ်နှင့် ဆေးတိုက် ခရီးကို မှန်းဆကြည့်မိသည်။ ခြေကျင်ခရီးက မနီးလှ၊ ဘတ်(စ်)ကားလမ်းမရှိ၊ သုံးဘီးခေါ်မရနိုင်၊ ခြံလမ်းများမို့ လမ်းလျှောက်သွားရရှာပေမည်။ မိုးပွင့်ဖြူတို့မှာဖြင့် ခေါင်းမူးရုံလေးဖြင့် တယ်လီဖုန်း ဆက်လိုက်လျှင် ဆရာဝန်က ကိုယ့်အိပ်ရာအောင်အထိ လာကြည့်ပေးရသည်။

"အဲဒီအိမ်လေးမှာပဲ အဖေနဲ့ ညီမလေးနဲ့ ချစ်သူနဲ့ကို လွမ်းရင်း သူတစ်ယောက်တည်း နေပါတယ်တဲ့"

မိုးပွင့်ဖြူ ငြိမ်နေလိုက်သည်။ ပွင့်ဝါသို့ မမေးရဲ...

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ချစ်သူဆိုတာ မမမိုးကိုပြောတာ"

လို့များ သူ့ထုံးစံအတိုင်း လက်ရဲဇက်ရဲ စိတ်ဖြင့် ပြောချလိုက်လျှင် မခက်ပါလား...

"ဆန်ပြုတ်ကိုတော့...ယဉ်ယဉ်က ပို့ပေးတယ်"

"ယဉ်ယဉ်ဆိုတာ ဘယ်သူလဲဟင်"

"သူ့တပည့်မ... အရပ်ထဲမှာ ယဉ်ယဉ်ပါ။ သီချင်းဆိုတော့ ယဉ်သုံ့ဇာတဲ့။ ယဉ်ယဉ်က အစ်ကို လွမ်းလှိုင်ကို အားကြီးကြိုက်တာပဲ"

"ဩော်..."

"အဖေရှိတုန်းက သဘောတူတာ၊ အစ်ကိုက လုံးဝမကြိုက်ဘူးလေ၊ သနားပါတယ်၊ ယဉ်ယဉ်က သိပ်တော်တာ"

"ဘာလုပ်သလဲ"

"ဆင်းတော့ ဆင်းရဲပါတယ်။ လှည်းတန်းဈေးထဲမှာ စက်ချုပ်တယ်။ ဒါပေမယ့် မိန်းမ ပီသတယ်၊ ပွင့်ဝါကိုလည်း တည့်အောင်နေနိုင်မှာတဲ့၊ ယဉ်ယဉ်ကိုယူပါဆိုတာ အစ်ကိုက ပြောလို့မရဘူး မမမိုးရဲ့"

"ကဲ... ဒါတွေ ထားစမ်းပါဦး ပွင့်ဝါရယ်...၊ စောင်းအကြောင်း ပြောစမ်းပါ"

"ဩော်... အင်း... ပြောမှာပေါ့။ အစ်ကိုက ပွင့်ဝါလိုက်လာတာ သိပ်အံ့ဩနေတယ် သိလား။ ပွင့်ဝါကလည်း ဟိုမှာနဲ့ မတူတော့ဘူးလေ...၊ ပုံစံက မိုက်နေတယ် မဟုတ်လား"

မိုးပွင့်ဖြူမှာ ပွင့်ဝါကို စိတ်ညစ်သွားမိသည်။ စောင်းကို ပိုက်လျက် နီးရာကုလားထိုင်တွင် ထိုင်ချလိုက်ပါ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို ပြောပြတယ်။ မမမိုးဟာ တင်ငိုငိုနဲ့ ဖြစ်နေတယ်။ ဒါကြောင့် အစ်ကိုကြီးက စောင်းတစ်လက် ကိုယ်ဝန်လည်း ရှိနေတယ်။ ဒါကြောင့် အစ်ကိုကြီးက စောင်းတစ်လက် ဝယ်ပေးချင်တယ်။ ဘယ်နေရာမှာ ရောင်းသလဲလို့ မေးလိုက်ရော... အဲဒါကြီးပေးလိုက်တာ"

"ဟင်... ဒါ သူ့စောင်းလား"

"ဟုတ်တယ်၊ သူ့အသည်းနှလုံးလို တန်ဖိုးထားတဲ့စောင်းလို့ အမြဲပြောပြီး အမြဲတီးနေတဲ့ သူ့ရဲ့ အမြတ်နိုးဆုံးပစ္စည်း"

"ဒါဆို ဘာလို့ ယူလာခဲ့ရတာလဲ"

"သူက ပေးလိုက်တာကို၊ ငွေလည်း တစ်ပြားမှ မယူလိုက်ဘူး၊ ပြန်မပေးပါနဲ့၊ ငွေလည်း မပေးပါနဲ့။ အဖေနဲ့ သူတို့သင်ပေးခဲ့တဲ့ ပညာကို တန်ဖိုးထားတယ်ဆိုရင် လက်ခံပါလို့ တောင်းပန်လိုက်ပါ တယ်တဲ့၊ ဒီအတွက်လည်း ဘာမှ ပြန်ပြီး တုံ့ပြန်မပေးပါနဲ့တဲ့"

"အို..."

"ဒီစောင်းကိုတီးပြီး မမိုးပွင့် စိတ်ချမ်းသာပါစေ...၊ ကြည်နူး ချမ်းမြေ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်တဲ့။ ပွင့်ဝါလည်း နောက် သူ့ဆီ ဘယ်တော့မှ မလာပါနဲ့တဲ့"

ရင်ခွင်မှစောင်းကို တင်းကျပ်စွာ ပိုက်ဖက်လိုက်မိသည်။

"ပွင့်ဝါကိုလည်း မှာလိုက်တာတွေမှ စုံလို့၊ မမမိုးကို ဒုက္ခ မပေးနဲ့။ သူ့စကား နားထောင်၊ သူထားသလိုနေ၊ ငွေကိုလည်း ပေးမှ ယူတဲ့။ အို... အစုံပါပဲ။ ပွင့်ဝါအတွက် မမမိုး စိတ်အနှောင့်အယှက် ဖြစ်သွားမှာ သူ သိပ်စိုးရိမ်နေရှာတယ်"





"အင်း..."

"သြော်... ဒီစောင်းမြင်လို့ သတိရတယ်။ မမမိုး မင်္ဂလာဆောင် တုန်းက အစ်ကိုလွမ်းလှိုင်လာပြီး စောင်းတီးပေးသွားသေးတယ်။ မမမိုး သိလိုက်လား"

"ဟင်... ဘယ်လို၊ ဘာပြောတယ်"

"အစ်ကိုလွမ်းလှိုင် လာတယ် မမမိုးရဲ့"

"သူ့ကိုမှ မဖိတ်တာ၊ ပြီးတော့ ဂီတမှူး စန္ဒရားကိုအောင်လတ်ရဲ့ ဝိုင်းကို ငှားတာပဲ"

"အစ်ကိုနဲ့ စန္ဒရား ကိုအောင်လတ်နဲ့က ဘော်ဒါတွေလေ၊ ယဉ်သူ့ဇာက အခါတော်ပေးဆိုတယ်။ အစ်ကိုက စောင်းတီးတယ်"

"အို... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့။ မမမိုးတို့လည်း ထွက်လာရော... စောင်း ခတ်သံကြားတယ်။ လက်သံက သိပ်ကောင်းလွန်းလို့ ငါ့အစ်ကို များလားဆိုပြီး သွားကြည့်တော့ ဟုတ်တာပေါ့။ အောက်မှာထိုင်ပြီး ငုံ့တီးနေတာ။ သူ့ကို ဘယ်သူမှ မမြင်အောင်ကွယ်ပြီး တီးပေးသွားတာ၊ မမမိုး စင်မြင့်ပေါ် တက်တဲ့အထိပဲ။ ပထမ တီးတာက အတိုင်းမသိ၊ နောက် တီးပေးသွားတာက စန္ဒကိန္နရီရေ့ပိုင်း"

ပွင့်ဝါသည် ငယ်စဉ်ကပင် စောင်းလက်သံနှင့် ကျွမ်းဝင်ပြီးသား မို့ ခွဲခြား၍ ပြောနိုင်သည်။

မိုးပွင့်ဖြူ၏ ရင်ခုန်နှုန်း မြန်လာသည်။

မိန်းမသားငယ်တစ်ယောက်၏ ခံစားမှုရှိန် အမြင့်ဆုံးအချိန် ဖြစ်နေခြင်းမို့ စောင်းသံလား၊ စန္ဒရားသံလား၊ တီးနေသလား၊ ဆိုနေ



www.burmeseclassic.com

www.burmeseclassic.com

သလားပင် မမှတ်သားမိခဲ့။ ပရိသတ်အလယ်တွင် အရှက်ေ  က် များစွာနှင့် လျှောက်လှမ်းဖြတ်သန်းချိန်မဟုတ်ပါလား။

"စောင်းလည်း တီးပေးပြီးရော ဆားပေါက်ကနေ တစ်ခါတည်း လစ်သွားတော့တာ။ အဲဒီအချိန်က မိုးတွေ သိပ်သည်းနေတယ်လေ"

"အိုကွယ်..."

"ကဲ... စောင်းတီးကြည့်လေ မမမိုးရဲ့။ အစ်ကို့ ဘဝရဲ့ တစ်ခုတည်းသောအဖော်၊ သူ့အမြတ်နိုးဆုံး ရတနာကို မမမိုးအတွက် လက်ဆောင်ပေးလိုက်ရှာတာပါ မမမိုးရယ်..."

ပွင့်ဝါက ဆွေးဆွေးမြည့်မြည့်လေသံနှင့်ပြောပြီး မိုးပွင့်ဖြူ၏ အနားမှ ထသွားတော့သည်။

ဝေ့ဝဲလာခြင်း၊ ထိန်းသိမ်းနိုင်ခြင်း စသော အချိန်တို့ မရရှိလိုက်ပါဘဲနှင့် အားငယ်သော နှလုံးသားမှတစ်ဆင့် မျက်ရည်ပေါက်များစွာတို့သည် မျက်ဝန်းမှ လိမ့်ဆင်းလာတော့သည်။

"ကိုလွမ်းလှိုင်ရယ်"

သူ့စောင်းကို ဖက်ပိုက်လိုက်ပြီး တမ်းတမ်းတတ ငိုကြွေးမိသည်။

ခင်ပွန်းသည်၏ ကွယ်ရာတွင် အခြားသော ယောက်ျားအတွက် ကျမိသော မျက်ရည်ကို သစ္စာဖျက် မျက်ရည်ဟု နှလုံးသားဥပဒေက သတ်မှတ်ချက် ရှိပါလျှင်လည်း ကျရောက်လာမည့် အပြစ်ကိုထိုက်တန်စွာ ခံယူပါမည်။





နှလုံးသား၏ ခံစားမှုမှလွဲ၍ နှုတ်ခမ်းနှစ်လွှာမှပင် စကားတစ်ခွန်းမှ လှစ်ဟဖွင့်ကျူးခဲ့ကြဖူးသည် မဟုတ်သော အမြတ်နိုးရဆုံး၊ အကြင်နာရဆုံး ချစ်သူနှစ်ဦးပါ...

သူရယ်...

အနစ်နာခံနိုင်လှချည့်လား...

ပေးဆက်နိုင်လှချည့်လားရှင်...

ဖေဖေ ဖန်တီးပေးခဲ့တဲ့ ဒီကဘဝမှာတော့ ကိုကို့ရဲ့ အယုယ အကြင်နာတွေနဲ့ အားလုံး လှပနေခဲ့ပါပြီ။

အဘကို သေစေပြီ၊ ပွင့်ဝါကို ယူခဲ့လို့ အထီးကျန်ဘဝရဲ့ တစ်ခုတည်းသော အဖော်လေးဖြစ်တဲ့ ဒီစောင်းကိုပါ ထပ်ပြီး ပေးလိုက်ပြန်ပြီလားရှင်...

ကိုလွမ်းလှိုင်ရယ်... ဘယ်လိုမှ မတတ်နိုင်တဲ့ ဘဝကနေပြီး... သနားတယ်။

သနားတယ်... ကွယ်။

စောင်းကြိုးပေါ်သို့ မျက်ရည်များ ကြွေကျလာတော့ ဖြာကွဲလွင့်စင်ကုန်သည်။

စောင်းကို အားပါးတရ ဖက်ပိုက်ထားရာမှ မိုးပွင့်ဖြူသည် ဆင်စွယ်နှစ်ခုကို ပွေ့ပိုက်ထားသည်သို့ ထင်မြင်လာမိသည်။

စူဠသုဘဒ္ဒါ၏ ဆန္ဒရှိသမျှကို ဖြည့်ဆည်းပေးခဲ့ရှာသော ဆဒ္ဒန်ဆင်မင်း၏ အသက်နှင့်ရင်း၍ ပေးလိုက်ရှာသော ဆင်စွယ်လက်ဆောင်နှင့် ယှဉ်နှိုင်းတွေးမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သုဘဒ္ဒါ မဟုတ်ဘူး"

"ငါ သုဘဒ္ဒါ မဟုတ်ဘူး"

သူ့အပေါ်မှာ ဘာအငြိုးမှ မရှိပါဘူး။ မုဆိုးလို မိန်းမရိုင်းလည်း မဟုတ်ခဲ့ပါဘူးရှင်ရယ်...

"ဒါပေမယ့်... ဒါပေမယ့်...

"သူရယ်...သူဟာ...ဆဒ္ဒန်ဆင်မင်းလို့ ဒီက အလိုဆန္ဒတွေ၊ တင့်တယ်မှုတွေအတွက် ဖြည့်ဆည်းပေးနိုင်လှချည်လားရှင်..."

"ရှူဠသုဘဒ္ဒါ ရင်ကွဲသေတာ မဆန်းပါလား"

"စာနာကြည့်လို့ရပါပြီ"

"ဒီမှာလည်း...ဒီမှာလည်း...

"သုဘဒ္ဒါလောက်နီးနီးပါပဲ။ ကိုလွမ်းလှိုင်ဆိုတဲ့ ဒီက ရင်ထဲမှာ ထာဝရရှိနေဆဲ... သူရေ..."

■ ■ ■



အခန်း ။နှစ်ဆယ့်ရှစ်။

"မိုး နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် ကိုကို"

"လက်မှတ် ထိုးစရာနဲ့ ပြောစရာ ကိစ္စရှိလို့ ပြန်လာခဲ့တာ"

"ပုံနှိပ်တိုက်အတွက် ဂျော(ပ)ပေးလို့လား"

ပုံနှိပ်တိုက်ပိုင်ရှင်၏ အမည်က မိုးပွင့်ဖြူ ဦးသက်မောင် ရှိစဉ်တည်းက စီစဉ်ခဲ့ပြီးသား။ ကိုယ်စားလှယ်က နေလင်းဝေ။ မိုးပွင့်ဖြူ မလိုပါဘဲနှင့် သူ စက္ကူနှင့်မင်များ ထုတ်နေကျ ဖြစ်ပါလျက်နဲ့ ယခု လက်မှတ်ထိုးခိုင်းသည်ကို အံ့သြနေမိဆဲ ပို၍ အံ့သြစရာ ဖြစ်လာရသည်။

ဇာတ်လမ်းအကျဉ်းချုပ်၊ ပြီးတော့... ရည်ရွယ်ချက် ဆိုပါလား...

ဝတ္ထုနာမည်က "နှလုံးသားလေးများ တစစီရွေ"

စာရေးသူ အမည်က "မိုးပွင့်ဖြူ"

"ဟင်... ဒါကဘာလဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မိုးနာမည်နဲ့ စာပေစိစစ်ရေးရုံးကို စာမူတင်မလို့"

"မိုး နားမလည်ဘူး။ ဘာပြောတာလဲ"

"ဩော်... ရှင်းရှင်းလေး မိုးရယ်... အမျိုးသား စာရေးဆရာ တစ်ယောက်က ရေးတယ်။ သူ့နာမည်နဲ့ဆို မစွံတော့ဘူး။ စောင်ရေက ကျနေပြီ၊ ဒါကြောင့် ကိုကိုတို့တိုက်က ကလောင်သစ်အနေနဲ့ အမျိုးသမီးနာမည်နဲ့ တင်မယ်လေ။ သူ့စာမူလေး မိုး ဖတ်ကြည့်စမ်း။ တော်တော်ကောင်းပါတယ်။ လေးငါးပုဒ်လောက် ဆက်တိုက် ထွက်လိုက်ရင် နာမည်ရသွားမှာပဲ။ အဲဒီတော့မှ ကြီးကျယ်လာရင်လည်း ဘာအကြောင်းလဲ။ နာမည်က မိုးနာမည် ဖြစ်နေပြီလေ။ တခြားကောင်းတဲ့ စာမူရှာဝယ်ပြီး ဆက်ထုတ်ရုံပေါ့။ ကဲ...ရုံးကို အချိန်မီ ပြေးရဦးမယ် မိုး..."

"ကိုကို"

မိုးပွင့်ဖြူက ပြစ်မှုကြီးတစ်ခု ကျူးလွန်သည့် တရားခံ တစ်ယောက်လို နေလင်းဝေသို့ ကြည့်လိုက်ပြီး...

"ကိုကို ဘာတွေလုပ်နေတာလဲ၊ ဖေဖေသာသိရင် နှစ်ခါပြန် တောင် သေမယ်။ ရေးထားတဲ့ မူရင်းဆရာ့ဘက်က နစ်နာလိုက်တာ... သနားစရာ"

"ဟာ...ဘာ သနားစရာလိုလဲ၊ သူ့ဆီက ခိုးယူတာမှ မဟုတ်ဘဲ။ သူကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ ရေးပေးထားတာပဲ။ သူ့ကိုလည်း ငွေသုံးရာ ပေးခဲ့ပြီးပြီ။ သူကတောင် ကျေးဇူးတင်နေသေးတယ်"

"အနုပညာသမားတစ်ယောက်ရဲ့ ကျေးဇူးရှင်ဟာ သူ့ပရိသတ် လို့ ဖေဖေ အမြဲပြောဖူးခဲ့ပါတယ် ကိုကို။ ကျေးဇူးရှင်ကို လိမ်ညာရင်





ကျဆုံးတတ်တယ်တဲ့။ ဒါမျိုးမလုပ်ဖို့၊ ကိုကို့ကိုလည်း ဖေဖေ ပြောခဲ့ဖူး ပါတယ်။ ဖေဖေဟာ သူ့စာပေနဲ့၊ သူ့ပရိသတ်ပေါ်မှာ သိပ်စေတနာ ရှိတယ်၊ သိပ်သစ္စာရှိတယ်"

"သိပ်ကြီးကျယ်တဲ့ စကားတွေ မပြောစမ်းနဲ့ မိုး။ စီးပွားရှာကြတဲ့ ကိစ္စမှာ အခုဟာက ဘယ်သူ့ကိုများ ထိခိုက်လို့လဲ။ မိုးဖေဖေတုန်း ကလည်း ပရိသတ်ကို လေးစားလှပါချည်ရဲ့၊ စေတနာ ထားလှပါချည် ရဲ့ဆိုပြီး စာအုပ်တွေရိုက်ပြီး အလကား မဝေခဲ့ဖူးပါဘူး"

"ကိုကို... ဖေဖေ့ကို ဒီလိုမပြောပါနဲ့"

"ကိုကို့စကားမှားရင် ခွင့်လွှတ်ပါမိုး။ ကိုကိုဟာ စာရေးဆရာ လည်း မဟုတ်ဘူး။ အနုပညာသမားလည်း မဟုတ်ဘူး။ စီးပွားရေး သမားပါ။ ဒါကြောင့် စီးပွားရေးရှုထောင့်ကပဲ ကြည့်ပါရစေ။ မြတ်မယ့် စာအုပ်မှပဲ ထုတ်နိုင်မယ်။ ကျသွားရင် အားမနာနိုင်ဘူး၊ သူ့ထိုက်နဲ့ သူ့ကံပဲ။ တက်ရိပ်ရှိတဲ့ စာရေးဆရာဆို ငွေနဲ့ လိုက်ယူမှာပဲ"

"ဒီလိုမဟုတ်သေးဘူး ကိုကို။ ငွေတစ်ခုတည်းသာဆိုရင် လူသားတွေအတွက် ဘယ်မှာလဲ သစ္စာတရား။ ဘယ်မှာလဲ ထောက်ထားညှာတာမှု"

"ခေတ်နဲ့အညီ လုပ်ရမယ်မိုး။ စီးပွားရေးကိစ္စကို ကိုကို့ သဘောနဲ့ လုပ်ပါရစေ"

"လုပ်ပါ။ မိုးဘာများ ဝင်ပြောဖူးလို့လဲ။ ငွေကြေးကအစ ကိုကိုစိတ်တိုင်းကျ လုပ်နေတာပဲ။ အခုဟာက မိုးလည်း တစ်လုံးမှ မရေးတတ်ဘဲနဲ့ စာရေးဆရာအမည်ခံရမှာတော့ ရှက်စရာ ကောင်းလှ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒါထက်ကို တကယ်ရေးရှာတဲ့သူမှာ...ဒါ ကျွန်တော် ရေးတာပါလို့ ပြောခွင့်မရှိတဲ့အဖြစ်ဟာ၊ ဘယ့်လောက်များ ရင်နင့်ဖို့ကောင်းသလဲ ကိုကိုရယ်။ လူတစ်ယောက်ရဲ့ အနုပညာကို 'လုယူ'တာဟာ သူ့ဦးနှောက်ကို ဖောက်ပြီး သူ့အသည်းနှလုံးကို ထုတ်ယူတာနဲ့ အတူတူပဲ။ သူ့ဘဝကို သတ်လိုက်တာပဲ"

"မိုးမှာ ကိုယ်ဝန်ကြီးနဲ့ မကျန်းမာနေချိန် ကိုကို ပြဿနာ မတက်ချင်ပါဘူး မိုး...ကဲ...မိုး လက်မှတ်မထိုးနဲ့တော့လေ ဟုတ်လား"

"ကောင်းပါပြီ"

"မိုးပြောတဲ့ သစ္စာတို့၊ မေတ္တာတို့၊ ညှာတာမှုတို့ဆိုတာတွေဟာ ငွေနဲ့ရင်းရင်း အားလုံး ပြေလည်စွာ ရရှိနိုင်တဲ့အရာတွေပါ မိုးရယ်"

"မိုး စိတ်ညစ်တယ် ကိုကို"

"မညစ်ပါနဲ့မိုး၊ နောက် မခိုင်းတော့ပါဘူး။ မိုး မသိဘူးနော်၊ ဝင့်ဝါဝါဆို နည်းနည်း ထောင်ချင်လာပြီ၊ သူ့ယောက်ျားဆို ပိုဆိုးတယ်။ ဒါကြောင့် နောက်ဆို လှုပ်လို့မရအောင် အပိုင်ကိုင်ထားနိုင်တဲ့နည်းကို သုံးရမှာပါ"

"ကိုကို့စီးပွားရေး အဘိဓမ္မာတွေကိုတော့ မိုး နားမလည်ဘူး။ မိုးကို ဖေဖေ သင်ပေးခဲ့တာက အနုပညာနဲ့ ပတ်သက်လာရင် အနုပညာရှင်ကို လေးစားပါ။ ပရိသတ်ကို မလှည့်စားနဲ့။ ကိုယ့်အနုပညာပေါ်မှာ သစ္စာဖျက်ရင်လည်း ဘဝပျက်ရောတဲ့"

"ကောင်းပြီလေ၊ ဒီကိစ္စကို မိုး မေ့လိုက်ပါ။ ကိုကို သွားတော့မယ် မိုး"

■ ■ ■



**အခန်း ။နှစ်ဆယ့်ကိုး။**

သတင်းစာ ကိုင်ပြီး ပွင့်ဝါ ခုန်နေသည်။ မထားမြင့်နှင့် ဦးဘိုခင်တို့ကို ခေါ်ပြပြီး ဆူဆူညံညံ လုပ်နေ၍...

"ပွင့်ဝါ ဘာသတင်းပါလို့လဲ"

"ဒီမှာ ဖတ်ကြည့်လေ မမမိုးရဲ့။ ပွင့်ဝါတို့ နေရင်းထိုင်ရင်း ကံဇာတာထက်လာပြီ၊ သတင်းစာတွေထဲမှာပါလို့"

ကြေးမုံ၏ ဝတ္ထုသစ်များ ကြော်ငြာကော်လံများ—

အလင်္ကာစာပေမှ ဂုဏ်ယူစွာ တင်ဆက်လိုက်သော အမျိုးသမီး ကလောင်သစ်ကလေး..

**ပွင့်ဝါ...၏ "နှလုံးသားလေးများ တစစီခြွေ"**

"ဟာ"

မိုးပွင့်ဖြူမှာ သတင်းစာကိုကိုင်ပြီး ရင်မှာ ပူခြောက်လာသလို ခံစားလိုက်ရသည်။

"ပွင့်ဝါ...ဒါ...ဒါကို ခုမှ သိတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ဟုတ်မှာလဲ မမိုးရဲ့။ အစ်ကိုကြီးကပြောထားတာ ကြာလှပြီ။ စာမူခွင့်ပြုချက်က ခုမှရလို့ ခုမှ သတင်းစာက ကြော်ငြာခွင့်ရတာတဲ့”

“ဟင်”

“အစ်ကိုကြီးကပြောတယ်။ ပွင့်ဝါနာမည်နဲ့ လေး၊ ငါးအုပ်လောက်ထုတ်ပြီးရင် ထုတ်ဝေခွင့် လျှောက်မယ်တဲ့။ ‘ကိုယ်ရေး ကိုယ်ထုတ်’ရရင် ပွင့်ဝါကို မုန့်ဖိုးပေးမယ်တဲ့။ နောက်ကျရင် စာရေးဆရာမကြီး “ပွင့်ဝါ” ဖြစ်လာတော့မှာတဲ့”

စိတ်မချမ်းသာလွန်းသော သက်ပြင်းမောကို ချမိသည်။

ပွင့်ဝါကို ဘာမှ ရှင်းမနေတော့၊ ရှင်းပြ၍လည်း နားလည်မည်မဟုတ်။ စာရေးဆရာမအဖြစ် အမည်ခံရမည်ကို ပျော်ရွှင်ကျေနပ်နေသူအတွက် မိုးပွင့်ဖြူ၏ ခံယူချက်ကို အတိုက်အခံ လုပ်လေမည်သာပင်...

သြော်...တစ်အိမ်တည်းနေသော လင်မယားချင်း၏ ခံယူမှုကွဲလွဲနေခြင်း ကိစ္စတွင် ကိုကိုသည် ပွင့်ဝါကို သူ၏ ဝါဒယုံကြည်သူအဖြစ်နှင့် သိမ်းသွင်းသွားနိုင်ခဲ့ပါပြီ။

စိတ်လက် မချမ်းသာသော ထိုနေ့ ညနေဦးတွင်ပင်...

ကော်ရိုလာ ကားတစ်စင်းနှင့် လူသုံးယောက် ရောက်ရှိလာသည်။

“ဦးနေလင်းဝေက ကားသန့်သန့် ကြည့်ချင်တယ် ဆိုလို့ လာပြောတာပါ”

“ရှင်”





ဇ... နံပါတ် ကော်ရိုလာ အဝါရောင်က ပိတောက်ပွင့်ဖတ်လို အိဝါနေပါ၏။

“သူ... သူမရှိပါဘူးရှင်”

“ဒါဖြင့် ဆရာကတော်ပဲ ကြည့်ထားလိုက်လေ... ဒီကားပိုင်ရှင်ကလည်း မအားတဲ့ကြားက လိုက်ပြရရှာတာပါ”

“အို... ကျွန်မကြည့်လို့လည်း မပြီးပါဘူး။ သူနဲ့သာ စကားပြောကြပါ”

ကားပွဲစားများက ဒီနေ့ အလုပ်မဖြစ်လျှင် တိုင်းပြည်ပျက်တော့မလောက် အရေးကြီးနေဟန်ဖြင့် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်နေကြသည်။ ကားပိုင်ရှင်ကတော့ ကားပေါ်ကမဆင်း...

“ဒါဖြင့် သူ့အလုပ်တိုက်ကို ကျွန်တော်တို့ ဖုန်းဆက်ကြည့်ပါရစေ”

“ဆက်ပါ”

ဖုန်းဆက်သူ၏ မျက်နှာ ဝင်းပသွားလေပြီ...

“ဦးနေလင်းဝေ လာနေပြီတဲ့”

မကြာခင်မှာပင် အိမ်မှ ဖီးယက်စပါယ်ကားကို နေလင်းဝေ ကိုယ်တိုင် မောင်းဝင်လာသည်။ ကိုဘိုခင်က ဘေးမှာ...

ကားမောင်းတတ်ခါစမို့ သူ့တွင် လိုင်စင်မရှိသေး၍ ကားမမောင်းစေချင်၊ ပြဿနာတစ်ခုခုတက်လျှင် ပို၍ အပြစ်ကြီးမည်ဆိုသော မိုးပွင့်ဖြူ၏ စကားထက် ကားပွဲစားများရှေ့တွင် ကားမောင်း၍ ဝင်လာသည်ကို သူပို၍ ပြချင်သည်။

www.burmeseclassic.com



နေလင်းဝေသည် ကားကို လှည့်ပတ်ကြည့်သည်။ ဝင်ထိုင်သည်၊ စက်နှိုးခိုင်းသည်။

ပြီးတော့…

"ဆယ်ဖိန့်တီဖိုးမိုဒယ်(လ်)မို့ပါ… ပြောတဲ့ဈေး မပေးနိုင်ဘူး၊ ဆယ့်လေးပဲပေးမယ်"

"ဟာ… ဆယ့်လေးတော့ ဖြစ်မယ်မထင်ဘူးဆရာ"

"ပြောကြည့်စမ်းပါဦးလေ… မရလည်း လွှတ်လိုက်ပါ၊ ပန်းဆိုးတန်းမှာလည်း ရှာခိုင်းထားသေးတယ်"

"ကျွန်တော်တို့လက်ထဲမှာကို သုံးစီးကိုင်ထားတာပါ ဆရာရဲ့။ အဲဒါက အလတ်ဆုံး ဆရာနဲ့လည်း အလိုက်ဆုံးမို့ အရောင်းဝယ်ဖြစ်သွားအောင် ညှိစမ်းပါ ဆရာရယ်"

စိတ်ညစ်ဖွယ်ကောင်းသော ပွဲစားများ၏ စကားသံများစွာကို ကြာမြင့်စွာ ကြားနာရပြီး သူတို့ ပြန်သွားသည်နှင့်…

"ဘာတွေလဲ ကိုကို၊ မိုးကိုလည်း ပြောပါဦး"

"မိုးကို ပြောချင် ပြချင်လို့ တမင် အိမ်မှာချိန်းလိုက်တာပေါ့ မိုးရဲ့။ အိမ်က ဖီးယက်က (စ) နံပါတ်ဆိုတော့ နေရာစုံကချွတ်ယွင်းလာပြီး အင်ဂျင်ကျတော့ ဓာတ်ဆီကလည်း ပိုစားတယ်။ ဓာတ်ဆီတန်းစီရတဲ့ ဒုက္ခကလည်း သေးတာမဟုတ်ဘူး၊ ခက်ခဲရတဲ့ အထဲ ဘောက်ဆာဝင်တာတို့၊ ထမင်းစားချိန်တို့၊ မီးပျက်တာတို့က ပါသေးတယ်၊ ဒါကြောင့် ဂျပန်ကားပဲစီးဖို့ ဆုံးဖြတ်လိုက်တာပါ"

"ဂျပန်ကားကတော့ ဟုတ်ပါပြီ။ ကိုကိုဆစ်တဲ့ဈေး ရရင်တောင် တစ်သိန်းလေးသောင်းနော်"





"ဟုတ်တယ်"

"အိမ်က ကားက"

"မေးပြီးပြီ၊ ခုနစ်သောက်ရမယ်"

"ဒါဖြင့် လိုတဲ့ခုနစ်သောင်းက ဘယ်လိုလုပ်မှာလဲ"

နေလင်းဝေသည် မိုးပွင့်ဖြူသို့ အငြိုးမျက်ဝန်းမျိုးနှင့် ကြည့်သည်။

"ကိုကို ရှာပေးထားတာ ခုနစ်သောင်း မကတော့ပါဘူးလေ၊ မိုး မကျေနပ်ရင် ဈေးတဲ့သဘော မှတ်ထား၊ ခြောက်လအတွင်း ရအောင် ပြန်ရှာပေးမယ်"

"လင်နဲ့မယားမှာ ဒီလိုစည်းခြားတဲ့စကားတွေ မပြောပါနဲ့ ကိုကို၊ အလုပ်ကိစ္စရှိရင် ကြိုက်သလို သုံးရအောင် သော့ကို ကိုကို့ အပ်ထားတာပဲ မဟုတ်လား၊ ခုဟာက အိမ်ကကားလည်း သုံးလို့ ဖြစ်နေလျက်သားနဲ့ အလကား ငွေခုနစ်သောင်းကျော် မြှုပ်ပစ်ရမယ်ဆိုတာတော့…"

"ဒီလို မဟုတ်သေးပါဘူး မိုး၊ စရိတ်စက သက်သာသွားမယ့်အပြင် သွားရလာရတဲ့နေရာမှာလည်း သိန်းကျော်တန်ကားနဲ့ဆိုတော့ အရှိန်ကောင်းတာပေါ့၊ ထုတ်ဝေသူချင်း ကျောနိုင်တာပေါ့"

မိုးပွင့်ဖြူ သက်ပြင်းချမိသည်။

"ငွေဝင်စရာလမ်းတွေ အများကြီး ကိုကို ထွင်ထားနိုင်ခဲ့ပါပြီ မိုးရယ်…"

"ဟင်…"

"အခု ဝင့်ဝါဝါ စောင်ရေက မတရား တက်လာတယ်၊ အဲဒါကို သူမပြောဘဲ စက္ကူရုံက ချပေးတဲ့အတိုင်း ရာခိုင်နှုန်းနဲ့သူ့ကို စာမူခပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုတဲ့စောင်ရေ အပြင်ကစက္ကူနဲ့ ဝယ်ရိုက်မယ်၊ ကိုယ်ပိုင်ပုံနှိပ်တိုက်နဲ့ ဆိုတော့ လုပ်ချင်တာလုပ်လို့ ရတာပေါ့၊ အဲဒါက အသားတင်မြတ်မှာ..."

မိုးပွင့်ဖြူ အားကိုးသော ခင်ပွန်းသည်၏ နှုတ်ခမ်းမှ အစွယ်နှစ်ချောင်း ထွက်ပြူစပြူလာပြီကို မြင်နေရ၍ တုန်လှုပ်ရပါပြီ။

"ပြီးတော့ မိုး ငြင်းခဲ့တဲ့ ကိစ္စကိုလည်း ပွင့်ဝါနာမည်ခံလိုက်တော့ အဆင်ပြေသွားတယ်။ အခု အမှာစာတွေ ပြန်ဝင်လာတာ တကယ် အားရစရာကောင်းတယ်၊ ဒီမှာ မိုး"

"အင်း..."

"အဆင် သင့်ချင်တော့ '**ပွင့်ဝါ**' ဆိုတဲ့ နာမည်ဟာ '**ဝင့်ဝါဝါ**' နဲ့ သွားဆင်နေတော့ ဝင့်ဝါဝါရဲ့ ကလောင်ပွားလိုလို ဘာလိုလိုပေါ့။ ဒါကြောင့် နယ်တွေက အထင်ကြီးပြီး မှာကြတာထင်တယ်။ စီးပွားရေးမှာ ကွက်ကျော်မြင်တတ်ဖို့ အရေးကြီးတာ မိုးရဲ့"

"ဒါကြောင့် ကားလဲချင်တယ်။ မကြာခင်မှာ ငွေတွေ ဝင်လာတော့မှာမို့ပါ..."

"သဘော ကိုကိုရေ... သဘော၊ မိုးတော့ ဘာကိုမှ မပြောချင်တော့ဘူး"

တစ်သိန်းကျော်တန် ကော်ရိုလာကားဝယ်မည်။ သူကိုယ်တိုင်မောင်းမည်။ ကိုဘိုခင်ကို အလုပ်ထုတ်မည်ဟု တင်ပြလာသည်။ သူပြောသလို ကားစရိတ် သက်သာသွားမည် ဆိုသည်ကို ဝမ်းမသာနိုင်ပါ။

ကြောင်နှစ်ကောင်စာအုပ်တိုက်



မိုးပွင့်ဖြူ အထက်တန်းကျောင်းသူဘဝကပင် အလုပ်ဝင်လုပ် နေသော ဦးလေး ကိုဘိုခင်ကို သံယောဇဉ်ရှိနေမိသည်။ အလုပ် မထုတ်ရက်...

ကားသစ်ရလျှင် သူကိုယ်တိုင် ပျံနေအောင် မောင်းချင်သော ဆန္ဒသည်သာ စောနေပါ၏။

ဤသို့ ဝင့်ထည်ဝါကြွားချင်သည်များထက်...

အနုပညာပေါ်တွင် သစ္စာဖျက်၍ အမြတ်ထုတ်ခြင်းက ဖေဖေ ၏ ခံယူချက်အတိုင်းပါဆိုလျှင် ဖျက်စီးခြင်းလမ်းကြောင်းပေါ်မှာ ခြေချ လိုက်မိခြင်းလေလား။

■ ■ ■

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

### အခန်း ။သုံးဆယ်။

ပန်းတစ်အိုး အလှပြင်ခြင်းသည် ကဗျာတစ်ပုဒ် စပ်ခြင်းနှင့် အတူတူပါဟု ဂျပန်တို့ ပြောဆိုလေ့ရှိကြသည်။

မမိုးပွင့်ဖြူမှာ ဘုရားပန်းအိုးများလဲပြီး ဧည့်ခန်းအတွက် ပန်းအိုးကို အလှပြင်နေသည်။ ဖန်ပန်းအိုးတွင်းမှ အပေါက်များစွာပါသော အတုံးလေးများထဲသို့ ကျောက်ပန်းခက်များနှင့် ပိန်းပန်းနီနီရဲရဲ ပုံးပွင့်ကို လှပစွာ ပြင်ဆင်နေမိသည်။

"ပန်းနည်းနည်းလေးနဲ့ ထိုးတတ်တော့လည်း လှသားဟဲ့"

"အချိန်အား မထားရဘူးဆိုတဲ့ ဖေဖေ့မှာအတိုင်း မိုးဘွဲ့ရပြီးတော့ ဂျပန်ပြည်က ပန်းအိုးထိုးပညာ ဒစ်ပလိုမာဘွဲ့ ရလာတဲ့ ဆရာမ ဒက်ဖနီဆီမှာ သင်ထားခဲ့တာတွေ မိုး မမေ့သေးဘူး ကြီးကြီးတင့်ရဲ့"

"အေး... သမီး ပြောပြထားဖူးသလို ပန်းရဲ့ ရိုးတံကို ရေထဲမှာ နှစ်ပြီးတော့မှ ရိုးတံကို ဖြတ်၊ ကြာရှည်ခံတယ်လို့ ပြောတာပဲ။ ချွေးမကာ မလုပ်ပါဘူး"





"ဟိုမှာ ကြည့်လေ၊ သစ္စာပန်းကို မိုး ဘုရားမှာ ကပ်ထားတာ ထိပ်ဆုံးအဖူးကို ဖြတ်ပစ်လိုက်။ ပြီးတော့ ခု ကြီးကြီးတင့် ပြောသလို ရေထဲမှာနှစ်ထားပြီးမှ ကပ်ကြေးနဲ့ ဖြတ်ချလိုက်တာ။ သဆော်ကသော့ ရိုးတံပေါက်ထဲ လေမဝင်အောင်ပေါ့။ ဒါဆို အကြာကြီးခံတယ် ရေနည်းရင်လည်း ဖြည့်ပေး၊ လဲပေးနိုင်ရင် ပိုကောင်းတာပေါ့"

"အေးပေါ့။ မြင်ရတာ စိတ်လဲ ကြည်လင်တာပေါ့"

"အဲဒီပညာကလည်း စိတ်ဝင်စားစရာပဲ။ ဂျပန်ပြည်မှာတော့ နာမည်ကြီး ပန်းကျောင်း သုံးမျိုးတောင် ရှိတာ။ အမျိုးသမီးတိုင်းလို ပန်းအလှပြင်တာ ဝါသနာပါကြတယ်လေ"

"အေးလေ... လူဆိုတာ စားဝတ်နေရေး ဖူလုံလာရင် ခံမိန်းရာ တို့၊ အလှအပပြင်ပြီး စိတ်ကြည်လင်မှုယူတာတို့ဆိုတဲ့ အကျယ်ခဲ့ရော ကိစ္စတွေ ပေါ်လာကြတာပဲ"

"ဂျပန်ပြည်မှာတော့ ၁၄ ရာစု ဆာမူရိုင်းခေတ်တည်းက ဘုန်းကြီးတွေက ကျောက်တုံးပန်းခြံလုပ်ပြီး ဝါးပန်းအိုးနဲ့ ပန်းအလှပြင်ခဲ့ကြတာတဲ့"

"သြော်..."

"အဲဒီနည်းတွေသိရင် လှတဲ့ပန်းလေးတွေ ချက်ချင်း မနွမ်းဘူးပေါ့ ကြီးကြီးတင့်ရာ။ ပန်းကို နေမထွက်မီနဲ့ နေဝင်ချိန်မှာ ခူးရမယ်တဲ့။ လေသိပ်တိုက်တဲ့ နေရာမှာ မထားရဘူးတဲ့။ သြော်... သမီးတို့ဆီမှာ ပေါတဲ့ ကြာပဒုမ္မာကြာလေ၊ အဲဒါကို စောစောက ပြောသလို ရေထဲမှာ အရိုးကိုဖြတ်ပြီး ဆေးပြင်းလိပ် ဆေးရွက်ကြီးပေါ့၊ အဲဒါကို ပန်းအိုး



www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှာ စိမ်ပြီးထားရင် ပန်းလည်း မညှိုးဘူး။ ကြာရွက်လည်း မလိပ်ဘူးတဲ့"

"အင်း... လူတွေဟာ ရှေးတောင်စုံက စမ်းသပ်တီထွင်လာခဲ့ကြလို့ ပိုပြီး အောင်မြင်ဆန်းသစ်လာခဲ့ကြတယ်လေ"

"ဟုတ်တယ် ကြီးကြီးရဲ့။ လူသားတွေဟာ ပန်းကလေးတွေကို ပိုပြီးလှအောင်၊ အရောင်တောက်အောင်၊ မျိုးဆက်သစ် ဖြစ်လာအောင် စွမ်းဆောင်နိုင်ကြတယ်။ ဒါမပြောပါနဲ့လေ... လူတွေတောင် ပိုပိုပြီး လှလာကြတယ်လို့ မနုဿပညာရှင်တွေက ကောက်ချက်ချခဲ့ကြပြီ"

"အေးလေ... ဟိုတုန်းက လူတွေဆို မျောက်ဝံကြီးတွေလို ကြောက်စရာ၊ ကဲ... သမီး၊ စကားပြော ကောင်းနေလိုက်တာ၊ ကြီးကြီး ပြန်ဦးမှ"

"နေပါဦးလား... ကြီးကြီးတင့်ရယ်"

"မဖြစ်လို့ သမီးရေ... မြေးကြီးက ဖျားနေတယ်။ သမီး မွေးဖွား ချိန် ကျတော့ လာနေမယ်လေ"

ရေပုံးထဲသို့ သစ္စာပန်းရွက်များ ကျုံးထည့်လိုက်ပြီး လေးကန်စွာ ထလိုက်ပါ၍...

"မလိုက်နဲ့ သမီး...မလိုက်နဲ့။ အပေါ်အောက် ဆင်းချည် တက်ချည် မလုပ်နဲ့။ မပေါ့မပါးကြီးနဲ့"

"ကိုကိုလည်း ပြန်မလာသေးဘူး။ ကားနဲ့လိုက်ပို့ချင်လိုက်တာ"

"နေစမ်းပါ၊ တမင် ခိုင်းတဲ့ကောင်မလေး အဖော်ခေါ်လာခဲ့တာ ပဲ။ လမ်းထိပ်မှာ သုံးဘီးစီးသွားမယ်"

ကြောင်နှစ်ကောင်စာအုပ်တိုက်



အားနာစိတ်မကောင်းစွာဖြင့် ခေါင်းညိတ်ရပါ၏။

"ဒါနဲ့... ပွင့်ဝါက ခုချိန်ထိ ပြန်မလာသေးပါလား"

"မနက်က သူ့မျက်စိ ပြန်ပြဖို့အတွက် ကိုကိုနဲ့ လိုက်သွားတာပဲ။ ကိုကိုများ မအားလို့ ပြန်မပို့နိုင်တာလား မသိ"

"အင်း... ငါ့မောင်လေး မောင်သက်မောင် စိတ်မချမယ် ဆိုလည်း မချစရာပဲ။ ဒီ ပွင့်ဝါဆိုတဲ့ ဟာမလေးဟာ ပလပ်တပ် ရုပ်ဖာပ် နဲ့၊ တို့ရှေးမျက်စိနဲ့တော့ ကြည့်မရပါဘူး။ သူ့အမေတုန်းက အတိုင်းပဲ"

"သူ့အမေဆိုလို့ သူ့မေမေ မြင့်မှုမှုဆိုတာ အကယ်ပဲ သေဆုံး ပြီလားဟင်"

"သေပြီ...သမီး၊ ပထမတော့ နိုင်ငံခြား လိုက်သွားမလို့ပဲ။ ဒါပေမယ့်... မလိုက်ဖြစ်ခင် အထက်ဘက်မှာ အိမ်ထောင်ထပ်ကျတယ် လေ။ အဲဒီမှာပဲ ငှက်ဖျားရောဂါနဲ့ သေသွားပြီလို့ အတိအကျ သတင်း ရကြတာ ကြာပါပြီ"

"ဒါနဲ့... ဖေဖေ တစ်ခါကပြောတော့ ရှိသေးသလိုလိုပဲ"

"သူလည်း သိပါတယ်။ ဒါပေမယ့်... ပွင့်ဝါနဲ့ ပတ်သက်ရမှာ စိုးလွန်းလို့ ပြောရရှာတာပါ။ ပွင့်ဝါဟာ... သမီးကို ဒုက္ခပေးလိမ့်မယ် လို့ သူထင်နေတယ် သမီး။ သတိထားကွယ်။ အင်း... ငါ့မောင်၊ သူ့ သမီးကို ချစ်ပုံကတော့ ဘယ်အဖေမှ လိုက်မမီနိုင်အောင် ရှေးတောင့် အစုံက ချစ်ရှာတာပါ"

ဒေါ်တင့်တင့်သည် နှုတ်ဆက်ရန် မိုးပွင့်ဖြူသို့ ကြည့်လိုက် တော့မှ မျက်ရည်ဝဲနေသည်ကို မြင်သွားပါ၍...

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းစရာတွေ ကြီးကြီးတင့် ပြောမိနေပါပြီ။ မတွေးနဲ့ သမီးရယ်။ ကိုယ့်ကိုယ်ကိုသာ နေကောင်းအောင်နေ... ဟုတ်လား။ သန်ဘက်ခါလောက် ကြီးကြီး တစ်ခေါက်လာကြည့်ဦးမယ်ကွယ်"

"နေပါစေ... ကြီးကြီး ပင်ပန်းပါတယ်၊ သမီး နေမကောင်းရင် ကိုကို့ကို ခေါ်ခိုင်းမှာပေါ့"

"အေး...အေး၊ မောင်နေလင်းရော အိမ်ကို အချိန်မှန် ပြန်ရဲ့ မဟုတ်လား"

"မပြန်နိုင်ပါဘူး ကြီးကြီး။ ဒါပေမယ့်... အပြင်ကနေ တစ်နေ့ကို သုံးကြိမ်လောက် ဖုန်းဆက်ပြီးမေးပါတယ်"

"အေး...အေး၊ အလုပ်အကိုင်ရော..."

"အဆင်ပြေပါတယ်၊ ဝင်ငွေလည်း သိပ်ကောင်းပါတယ်။ သမီးနားမှာ မနေနိုင်တာတစ်ခုပါပဲ"

"အေးပေါ့... စီးပွားရှာတဲ့ဘက်မှာ လုံးပန်းနေရတော့လည်း အိမ်ကိစ္စ တာဝန်ပျက်ကွက်တာ ရှိချင်ရှိမှာပေါ့ကွယ်"

"ကိုကို့ကို သမီး နားလည်ခွင့်လွှတ်ပါတယ် ကြီးကြီး"

"အေးပေါ့ကွယ်... ဘာပဲဖြစ်ဖြစ်၊ သင့်သင့် မြတ်မြတ် နေကြ ပွင့်ဝါကိုတော့ နည်းနည်း ကြည့်ထိန်းဦးနော်။ ကဲ... ကြီးကြီး သွားပြီကွယ်"

"ဟုတ်ကဲ့...ကြီးကြီး၊ သမီး အောက်မဆင်းတော့ဘူးနော်"

"အေး...အေး။ မဆင်းနဲ့... မဆင်းနဲ့"

ဒေါ်တင့်တင့် အောက်ထပ်သို့ဆင်းပြီး ခြံထဲမှ ထွက်သွားသည်ကို အပေါ်ထပ် လေသာဆောင်မှကြည့်ပြီး စိတ်မကောင်းမိ။





ငယ်စဉ်ကပင် မိခင်၏ကိုယ်စား ကျွေးမွေးပြုစု စောင့်ရှောက်လာသော အဘွားအိုသည် မိမိထံသို့ လာရောက်ကြည့်ရှုပြီး အပြန်လမ်းတွင် ကားနှင့် လိုက်မပို့ရသည်ကို အားနာစိတ်၊ သနားစိတ်များဖြင့် မိုးပွင့်ဖြူ ကျန်ရစ်ရပါသည်။

အလုပ်များလွန်းသော ခင်ပွန်းသည်သို့ နားလည်ခွင့်လွှတ်ပါသည် ဆိုသော်လည်း...

အကယ်၍...ကိုကိုသည်သာ မိမိ၏ အချစ်ရဆုံးချစ်သူ ဖြစ်ပြီးမှ လက်ထပ်ခဲ့ရပါလျှင် မိုးပွင့်ဖြူ ခုလို ခွင့်မလွှတ်နိုင်ပါ။

"မိုး နေမကောင်းဘူး။ ကိုကို့အလုပ်တွေ ထားလိုက်စမ်းပါ။ မိုးထက် ဘာမှပိုပြီး အရေးမကြီးရဘူး"

"မိုးတွေ သိပ်ရှာနေတယ်။ မိုးကြောက်တယ် ကိုကိုရယ်။ ဒီနေ့ မသွားပါနဲ့နော်"

"ဟာ... စမ်းကြည့်စမ်း။ ဗိုက်ထဲက ကိုကို့သား တိုးလိုက်တာ၊ ဒါ လက်ကလေးလား မသိဘူး။ ကိုကိုစမ်းကြည့်စမ်း"

"မိုးလည်း လိုက်ခဲ့မှာပဲ"

စသော ကြင်စဦး ချစ်ဇနီးမှ ချစ်ခင်ပွန်းသို့ ပိုင်နိုင်သော အပြောမျိုး မိုးပွင့်ဖြူ တစ်ခါမှ မပြောခဲ့မိ။

ဇနီးသည်၏ တာဝန်များ ကျေပွန်အောင် ဆောင်ရွက်ပေးသလို၊ ကိုကို့ဘက်ကလည်း ဆေးတိုက်ပြချိန်၊ လူမှုရေးကိစ္စများအတွက် သွားလာချိန်မှအစ ပျက်ကွက်သည်မရှိ၊ အလုပ်တာဝန်လည်း ကျေပွန်ပါ၏။ စိတ်ဆိုး စိတ်ကောက်ကြခြင်း၊ ပြန်လည်ချော့မော့ခြင်းမှ ရရှိသော ကြည်နူးသာယာဖွယ် ခံစားမှုမျိုး မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တာပဲကွယ်"

"ချစ်ရဲ့လားဟင်"

ဆိုသော စကားလုံးများအစား၊ တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နေကြခြင်းဖြင့် အိမ်ထောင်ရေးကို တည်ဆောက်နေကြသော ကိုနေလင်းဝေနှင့် မမိုးပွင့်ဖြူတို့ အကြောင်းလင်္ကာမယား...

■ ■ ■



## အခန်း ။သုံးဆယ့်တစ်။

ကြီးကြီးတင့် ပျောက်ကွယ်သွားပြီးသည့်တိုင် ငေးနေမိဆဲ မိုးပွင့်ဖြူ၏ မြင်ကွင်းတွင်းသို့ ဦးလေး ကိုဘိုခင် ဝင်ရောက်လာသည်။

ကားမောင်းကြမ်း၍ ဒေါသကြီးတတ်သော ပြစ်ချက်မှ လွဲလျှင် ဖေဖေ၏ သစ္စာရှိ တပည့်အဖြစ်နှင့် နှစ်ပေါင်းများစွာ သည်ခြံမှာ အလုပ်လုပ်လာခဲ့သော ကားမောင်းသည့်ဒရိုင်ဘာပါ...

ကော်ရိုလာကားဝယ်ပြီးမှ ကိုကိုက သူ့ကို အလုပ်ထုတ်ပစ်လိုက်သည်။ စိတ်မကောင်း၍ မိုးပွင့်ဖြူ တားပါသေးသည်။

"သိန်းကျော်တန်ကားနဲ့ သူနဲ့ မဖြစ်ပါဘူး မိုး၊ ကော်ရိုလာက ပျော့တယ်။ သူသာမောင်းရင်၊ သုံးလမခံဘူး ဂျုံးဂျုံးကျမှာ"

ဆိုသော ချေပမှုကို မိုးပွင့် မတွန်းလှန်နိုင်တော့...

"ဦးလေးကိုဘိုခင်... မိုးဒီမှာ"

ဆင်ဝင်အောက် ရောက်ကာနီးတွင် မိုးပွင့်ဖြူက အပေါ်မှ လှမ်း၍ အသံပြုလိုက်သည်။ အောက်ထပ်တွင် အိမ်ဖော်မလေးနှစ်ဦးမှလွဲ၍ မည်သူမျှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကို ပြောစရာရှိလို့၊ အပေါ်တက်ခဲ့ရမလား"

"ဟုတ်ကဲ့... တက်လာခဲ့ပါ"

လွယ်လွယ်ကူကူပင် ပြောလိုက်မိသည်။ အန္တရာယ်ဖြစ်လာနိုင်စရာ ရှိသည်ဟူ၍ ထည့်မတွေးပါ။ တဘက်သားကို ယုံကြည်တတ်သော အကျင့်က ပါနေသည်။

လှေကားမှတစ်ဆင့် ဦးလေး ကိုဘိုခင်၏ မျက်နှာမှာ တဖြည်းဖြည်း မြင့်တက်လာသည်။ သူ့မျက်နှာ နီမြန်းနေပါ၏။ သူ့ဒေါသ မျက်ဝန်းက အထင်းသား။

ဦးလေး ကိုဘိုခင်၏ စရိုက်က ဒေါသဖြစ်စရာ တွေ့လျှင် မထိန်းတတ်၊ ရှူးရှူးရှားရှား ဖြစ်တတ်သည်။ သူကားပျက်နေဆဲ ခွေတစ်ကောင် အနားသို့လာလျှင် တအားပိတ်ကန်တတ်သော အကျင့် ရှိသည့် လူစားမျိုးပါ...

"ထိုင်... ဦးလေး၊ ဘာကိစ္စရှိလို့လဲ ဟင်"

သူက ဘာမှမပြောသေးဘဲ ဟိုဟိုသည်သည် လှည့်ကြည့်လိုက်ပြီးမှ...

"အပေါ်ထပ်မှာ ဘယ်သူရှိလဲ"

"ဘယ်သူမှ မရှိဘူးဦးလေး"

"အောက်မှာရော"

"မထားမြင့်နဲ့ အညွှန့်ပဲလေ"

သူက လက်နှစ်ဖက်ကိုယှက်ပြီး ခေါင်းငုံ့နေလိုက်သည်။ တစ်စုံတစ်ခုကို ကြံဆနေပုံရပါ၏။





မိုးပွင့်ဖြူ၏ ရင်မှာ ထင့်လာသည်။

အောက်သို့ အလွယ်တကူ မဆင်းနိုင်၍ အပေါ်သို့ ခေါ်တွေ့မိသည်မှာ မှားလေပြီလား၊ အိမ်မှာ မိန်းမသားငယ် သုံးယောက်မှလွဲ၍ မည်သူမျှ မရှိကြောင်း ပြောလိုက်မိသည်ကပင် မှားလေပြီလား...

"ဦးလေးကိုဘိုခင် ဘာကိစ္စရှိလို့လဲ ဟင်... ပြောလေ"

အသံမတုန်အောင် မနည်းသတိထား၍ ပြောလိုက်ရသည်။

"မိုး... နေကောင်းရဲ့လားကွယ်"

"ဟုတ်ကဲ့... ကောင်းပါတယ်"

သူ့အသံ ပျော့ပျောင်းလာသည်။ မိုးပွင့်ဖြူသို့ ကြင်နာသနားသော မျက်ဝန်းမျိုးနှင့် ကြည့်လာပြန်သည်။

မိုးပွင့်ဖြူ လေးငါးတန်းကျောင်းသူဘဝမှစ၍ ကားမောင်းပေးခဲ့သော ဦးလေးကိုဘိုခင်သို့၊ ကြောက်ရွံ့မယုံကြည်စိတ် တစ်ဝက်၊ သံယောဇဉ်စိတ်တစ်ဝက်တို့ဖြင့် နားမလည်စွာ ကြည့်နေမိဆဲ။

"နေကောင်းလျှင်တော့ စိတ်ခိုင်ခိုင်သာထားပြီး နားထောင်တော့၊ မိုးယောကျ်ားအကြောင်း တိုင်ချင်လို့"

"ရှင်...ကိုကို...ကိုကို... ဘာဖြစ်လို့လဲဟင် ဦးလေး။ အခု သူ... သူ ဘယ်မှာလဲဟင်... ပွင့်ဝါရော"

အပူစိတ်ဖြင့် မေးခွန်းများက ဆက်သွားသည်။

"အခု... ဘာမှမဖြစ်ပါဘူး... ရှိပါတယ်၊ အလျှင်တုန်းက ကိစ္စတွေ ပြောမလို့ပါ၊ အခုပဲ သူ့အလုပ်တိုက်က ပြန်ခဲ့တာ၊ ပွင့်ဝါတော့ ဗိုလ်ချုပ်ဈေးက ဆံပင်အလှပြင်ဆိုင်မှာတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အလျှင်တုန်းက ကိစ္စတွေဆိုတာ ပြောစမ်းပါဦး"

"ဦးလေးကို အလုပ်ထုတ်ပစ်လိုက်တာ မိုးသိတယ်နော်"

"ဟုတ်ကဲ့"

"ဘယ်နှလစာ ပေးတယ်လို့ပြောသလဲ"

"သုံးလစာတဲ့၊ ကိုးရာ ပေးရမှာ တစ်ထောင်ပေးလိုက်တယ်ဆို"

"ဟင်း…တကယ့်ကောင်၊ ငါးရာပဲပေးတာ၊ နောက် သွားတောင်းတော့ တစ်ရာပေးတယ်၊ နောက်တောင်းတော့ ငါးဆယ် နှစ်ခါပေးတယ်"

"အို… ဟုတ်လား"

"အိမ်မှာ ဦးလေးမိန်းမ မျက်နှာမြင်ပြန်ပြီ။ မနေ့ကမှ ဆေးရုံက ဆင်းရတယ်၊ ကလေးက ခြောက်ယောက်။ အလုပ်က မရှိဘူး၊ မီးနေသည်အတွက် ညနေစာ ဆန်တောင်မရှိဘူး၊ ကလေးတွေလည်း သူ့အမေ ဆေးရုံတက်နေတုန်း ဆန်ပြုတ်ပဲ ပြုတ်သောက်နေကြရတယ်"

"ဖြစ်မှ ဖြစ်ရလေ ဦးလေးရယ်၊ မိုးဆီကို ဘာလို့မလာတာလဲ"

"မိုး စိတ်ဆင်းရဲမှာစိုးလို့ တမင် မလာတာပါ၊ ခုလည်း ပိုက်ဆံလာတောင်းတာ မဟုတ်ပါဘူးကွယ်…"

"မတောင်းပေမယ့် မိုး မနေရက်ပါဘူး ဦးလေးရယ်။ ဖေဖေသာရှိရင် စိတ်မကောင်းဖြစ်မှာ…"

"ဟာ… ဆရာသာရှိရင် ဦးလေးတို့မိသားစု ဘယ်တော့မှ ခုလို ဒုက္ခမင်းငတ်မှာ မဟုတ်ဘူး။ ဆရာနဲ့ မိုးတို့သားအဖရဲ့ ကျေးဇူးတွေ ဆပ်လို့ မကုန်နိုင်ပါဘူး"





စောစောဆီက သံသယစိတ်ကိုပင် နောင်တရလာမိသည်။ စေတနာဟူသည် လင်းရောင်ခြည်နှင့် ပမာတူပါသည်။

စေတနာမျှလေ အလင်းအား များလေမို့ ခံယူသူ၏ အပေါ်တွင် အလင်းတန်းကျရောက်မှုအင်အားကြီးလေလေပါ။ ဒုစရိုက်သည် အလင်းရောင်အောက်တွင် ကျူးလွန်လေ့ မရှိကြ။

စေတနာ၏ စွမ်းအင်သည် ချက်ချင်း တုံ့ပြန်တတ်သောသဘောရှိကြောင်း ဖေဖေ ထာဝရ သွန်သင်ခဲ့ပါသည်။

"နေလင်းဝေဟာ ဆရာ ရှိတုန်းကဆိုရင် ကုပ်နေတာပဲ၊ အလုပ်ပဲ ကြိုးစားတယ်။ အခုလည်း ကြိုးစားတာပါပဲ၊ ဒါပေမယ့် သူတက်လမ်းရှာတာက သူများတွေကိုနင်းပြီးမှ တက်သွားတာ၊ သူဟာ တဖြည်းဖြည်းနဲ့ တစ်စတစ်စ ဖောက်ပြန်လာတာ"

မိုးပွင့်ဖြူ မျက်နှာပျက်သွားတော့…

"မိုး စိတ်ဆိုးချင်လည်းဆိုး၊ ဒီအကြောင်းတွေ မိုးကိုမှ ရင်မဖွင့်ရရင် ဦးလေး လူသတ်မိလိမ့်မယ်၊ ဦးလေး သတ်မိမှာလည်း သူ့ကိုပဲ၊ နေလင်းဝေကိုပဲ…"

"ဟာ… ဦးလေးရယ်… ကိုကိုဟာ မိုးရဲ့ယောကျ်ားပါ"

"ခွင့်လွှတ်ပါ မိုးရယ်၊ ဦးလေး ရင်ထဲမှာ ခံပြင်းလွန်းလို့ပါ…"

"ကောင်းပါပြီလေ… ဦးလေး သိသမျှ မိုး သိပါရစေ"

"တိုက်မှာလည်း မပြေလည်ဘူး၊ အလုပ်မပြတ် လုပ်ရလို့သား တွယ်ကယ်နေကြရတာ၊ စာစီသမားတွေဆိုလည်း တစ်ကျပ်နှစ်ကျပ်က အစ တွက်ကပ်ပြီးပေးတာ၊ စက်သမားတစ်ယောက်လည်း ထွက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မိုးဘာမှ မသိဘူးဦးလေး"

"သူ့ကျတော့ မင်းသားရှုးတယ်။ နိုင်ငံခြား စီးကရက် လက်က မချဘူး။ အဲ... ဒါပေမယ့် သူ ဖွတ်ကျားဘဝက ပေါင်းခဲ့တဲ့ မိတ်ဆွေ အပေါင်းအသင်းတွေလာလို့ အဲဒီဆေးလိပ် ထုတ်တိုက်ဖို့များ ဝေးရော တယ်၊ တကယ်ဘဝမေ့တဲ့လူ"

မိုးပွင့်ဖြူ သက်ပြင်းမောကို လေးလေးလံလံ ချမိသည်။

လှုချင်စိတ် များလာသည်။ ကြွားဝါချင်စိတ် ရှိလာသည်။ သူ့ အရည်အချင်းရှိ၍ အောင်မြင်လာကြောင်း တင်ပြတတ်သည်။ သူ့ကို ဝေဖန်လျှင် မကြိုက်ချင်။ သူတော်ကြောင်းပြောလျှင် စိတ်လှုပ်ရှား လောက်အောင် ကြည်နူးဝမ်းသာ၍ ယင်းစကားကို အလျှဉ်းသင့်တိုင်း ဘယ်သူက သူ့ကို ဘယ်လို ချီးမွမ်းတာဟု ပြန်ပြောတတ်ပါ၏။

လူတစ်ယောက်သည် ချီးမွမ်းခြင်း၌ မွေ့လျော်၍ ကဲ့ရဲ့ခြင်း၌ ခံပြင်းဒေါသစိတ်ဝင်လျှင် အောင်မြင်ခြင်း ဆုံးရှုံးခြင်းများ၌ ခံနိုင်ရည် ရှိတော့မည် မဟုတ်ကြောင့် ဖော်ပြနေခြင်းသာပါ။

"ဒီလိုကြုံမြင်လို့ ဖေဖေသေခါနီးမှာ သူ့ဘဝကို မမေ့ဖို့၊ ငါ့ကို ခွင့်လွှတ်စိတ်ထားဖို့ မှာခဲ့ရတာပါလား"

မိုးပွင့်ဖြူ တွေးနေဆဲ...

"ဒီနေ့ ဦးလေးကို ပြောလိုက်တာများ မိုးရယ်၊ မိုးမျက်နှာကြောင့် ဒေါသကို ချုပ်ခဲ့ရတာ"

"ဟင်... ဦးလေးကို ဘာပြောလိုက်လို့လဲ"

"ဦးလေးက စောစောကအကြောင်းတွေကို ပြောပြပြီး— ငွေ သုံးရာတော့ ပေးပါ။ ဒါဆို တစ်ထောင်ပြည့်ပါပြီ။ နောက်လည်း





ဘယ်တော့မှ မတောင်းပါဘူး။ အခု ထမင်းငတ်နေလို့ပါ ဆိုတော့ လေ..."

"ခင်ဗျားလာရင် ကျက်သရေယုတ်တဲ့စကားပဲ ကြားရတယ်တဲ့။ တစ်ပြားမှ မပေးနိုင်ဘူး။ အလုပ်ထုတ်တာ ကျေနပ်တဲ့ အကြောင်းလည်း လက်မှတ်ထိုးပြီးပြီ... ခင်ဗျားဘာလုပ်လို့မှ မရဘူး။ နောက်လည်း ဘယ်တော့မှ မလာနဲ့လို့ သူ့အလုပ်သမားတွေရှေ့မှာ မောင်းထုတ် တယ်။ သူ့အဖြစ်နဲ့ သူ့ဘဝဟောင်းကို သူမေ့သွားပြီ"

"အို... ဦးလေးရယ်"

"ကျက်သရေယုတ်တယ်ဆိုပြီး မောင်းထုတ်လိုက်တာကို ခံပြင်း လွန်းလို့ ဒီကိုဆက်လာခဲ့တာပါ။ မိုးကို သနားလို့၊ မဟုတ်ရင် ဦးလေး ရဲ့ဌာနကို တစ်ဆက်တည်း သွားတိုင်ပြီပေါ့"

"မတိုင်ပါနဲ့ ဦးလေးရယ်၊ ငွေသုံးရာ မိုးဆီကယူသွားပါ။ နောက်လည်း အဆင်မပြေရင် လာပါ။ မိုးတတ်နိုင်သလောက် ထောက်ပံ့ပါ့မယ်။ အလုပ်ရှင် အလုပ်သမား ပြဿနာဆိုတာ ရှည်က ရှည်ပါဘိနဲ့"

မိုးပွင့်ဖြူမှာ ဘုရားစင်အောက်ရှိ ဗီရိုကိုဖွင့်ပြီး ပိုက်ဆံအိတ်ထဲမှ ငွေသုံးရာယူပြီး ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်... မိုးရယ်၊ ငတ်နေတဲ့ မိသားစုကို ထောက်ပံ့ရတာ မိုး ကုသိုလ်ရပါတယ်။ ဦးလေးပြောစရာရှိတယ်... မိုးလည်း အစစအရာရာ သတိထား နေရအောင်ပါ"

"ဘာကိုလဲ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ရဲဌာန သွားမယ်ဆိုတာ အလုပ်ရှင် အလုပ်သမား ကိစ္စ မဟုတ်ဘူးမိုး"

"ဒါဖြင့် ဘာကိစ္စလဲဟင်"

"နေလင်းဝေရဲ့ လူသတ်မှု"

"ဟာ... ဘယ်မှာလဲ... ဘယ်သူ့ကို သတ်တာလဲဟင်"

"ဦးဥက္ကာကို ကားနဲ့တိုက်သတ်တာ"

"အို... အမယ်လေး... ဟုတ်လို့လား ဦးလေးရယ်... ဒီတုန်းက သူမှ ကားမမောင်းတတ်သေးတာ"

"မမောင်းတတ်ဘဲ အရမ်းမောင်းလို့ ဖြစ်ရတာပေါ့"

နှလုံးသားသည် ရင်မှ ခုန်ထွက်လာမတတ် ဆတ်ဆတ် တုန်လာ၍ လက်နှစ်ဖက်ဖြင့် ရင်ကိုဖိပြီး မျက်စိမှိတ်ထားလိုက်ရသည်။

"သူ့မိတ်ဆွေ 'ကိုကြည်လင်း'ဆိုတာ ရှိတယ်။ သဘော သားကား ဝယ်ထားတာ။ ဒတ်ဆန်းပစ်ကပ် အနီရောင်။ ဆရာ ... သုဘာ တုန်းကတောင် မိုးတို့အမျိုးတွေ စီးကြသေးတဲ့ကားပေါ့။ အဲဒီကားကို သူ ခဏယူမောင်းလာရင်း ဖြစ်တာ"

"ဦး... ဦးလေး ဘယ်လိုလုပ် သိလဲဟင်"

"သူ့ဆောမှာ ဦးလေးကိုယ်တိုင် ပါတယ်လေ"

"ဟာ...ဒါ...ဒါနဲ့များ ဦးလေးရယ်"

"အဲဒီတုန်းက သူ ရှိခိုးမတတ် တောင်းပန်တယ်လေ။ ခုလိုလည်း မထောင်သေးဘူး။ ရိုးရိုးသားသားလေးပဲ ဆိုတော့ ဦးလေး လည်း သနားတာနဲ့ ဖုံးထားပေးခဲ့တယ်။ ဖြစ်တာကလည်း မတော် တဆပဲကိုး"





"ဘယ်လို... ဘယ်လို ဖြစ်ကြတာလဲ ပြောပါဦး... ဦးလေးရယ်"

"ဒီလိုမိုး... ဆရာရှိတုန်းက မိုးအပြင်သွားရင် သူ့ကို လိုက်ပို့ ခိုင်းတယ် မဟုတ်လား၊ သူကလည်း မိုးကို ချဉ်းနေတာဆိုတော့ သူသာ မောင်းတတ်ရင် မိုးနဲ့ နှစ်ယောက်တည်း သွားရမှာပဲဆိုပြီး ကားမောင်း သင်တန်းကျောင်းမှာ ကျိတ်သင်ပြီး လိုင်စင်ရအောင် မြင်သာမှာ တိုင်ဝင် တယ်၊ ကျတယ်လေ၊ လိုင်စင်က မရပေမယ့် ကားက မောင်းတတ် နေပြီ။ မောင်းတတ်ခါစဆို သိပ်မောင်းချင်တယ် မဟုတ်လား...

"ဒါနဲ့ပဲ ကိုကြည်လင်းကားကို ခဏဆွဲပြီး ဦးလေးကိုပါ တင်ခေါ်လာတယ်။ ညဘက် လိုင်စင် စစ်ရင်လည်း လွှလဲရအောင် ဆိုပြီးတော့ပေါ့...

"အဲဒီညဦးက မိုးတွေလည်းရွာနေတယ်၊ လမ်းထဲမှာ လူက လည်း ပြတ်နေတယ်၊ အဲဒါကို ဖြည်းဖြည်းမကွေ့ဘဲ တအားကွေ့ချ လိုက်တော့ လမ်းထဲက ထွက်လာတဲ့ ဦးဥက္ကာကို တိုက်မိပြီး လမ်းဘေး လွင့်ကျသွားတယ်"

"အဘ... အဘမှန်း မသိကြဘူးလားရှင်"

"မသိဘူးမိုး။ လူတစ်ယောက် ကားတိုက်လို့ လွင့်သွားတာပဲ သိကြတယ်။ သူမှန်းတကယ်မသိဘူး။ ဒါနဲ့ သူလည်း ကြောက်အား လန့်အားနဲ့ နောက်ဆုတ်ပြီး တအားမောင်းပြေးတော့တာပါပဲ"

"ကိုကြည်လင်းကို ကားအပ်ပြီး ဦးလေးလည်း တောင်ဥက္ကလာ ပြန်တယ်၊ သူလည်း အလုပ်တိုက်သွားတယ်၊ နောက်မနက်မှ သူက သူတိုက်လိုက်တဲ့လူဟာ ဦးဥက္ကာမှန်း ဦးလေးသိရတာ။ သေပြီဆိုတော့

www.burmeseclassic.com



လည်း မထူးတော့ဘူးဆိုပြီး သဘောတူ ငြိမ်နေလိုက်ကြရတာ ဒီနေ့ထိပါပဲ"

"ဒီကိစ္စ အခြားဘယ်သူ သိသေးလဲဟင်"

"ဘယ်သူမှမသိဘူး"

"ကားပိုင်ရှင်ရော"

"သူ့ကား နည်းနည်းပိန်သွားတာကို လမ်းမှာ ခွေးတိုက်မိတာလို့ ပြောတယ်တဲ့..."

"ရက်စက်လိုက်ကြတာနော်"

"မငိုပါနဲ့တော့ မိုးရယ်"

"မိုးသိပ်ချစ်ပြီး မိုးသိပ်ကြည်ညို လေးစားတဲ့ အဘသေရတာ ဦးလေးတို့ လူမဆန်လို့၊ ရက်ရက်စက်စက် ပစ်ထားခဲ့ကြလို့..."

ရင်မှ နာကျည်းလွန်းစွာဖြင့် မိုးပွင့်ဖြူ ရှိုက်ငိုမိပါပြီ...

အဘကို သတ်ပစ်သူသာ တွေ့ရပါလျှင် စိစိညက်ညက် မခြေပစ်ချင်လောက်အောင် နာကျည်းစွာ ကလဲ့စားချေချင်နေခဲ့သော မိုးပွင့်ဖြူအတွက်...

အဘကိုသတ်သော တရားခံကို တွေ့ရှိချိန်မှာ လူသတ်သမားသည် မိမိ၏ ခင်ပွန်းသည် ဖြစ်နေရပေလေပြီ...

"ဘာလုပ်ရမလဲ"

"အဘအတွက် သမီး ဘာလုပ်ရမလဲ"

မိုးပွင့်ဖြူ၏ရင်မှာ မချိတင်ကဲ ဖြစ်ရလွန်းပါ၍ အော်ပြီး ငိုလိုက်မိသည်...





"ဦးလေး စိတ်မထိန်းနိုင်တော့လို့ လာပြောမိပြီ၊ မိုးယောက်ျားကိုသာ ဦးလေး လာပြောသွားပြီလို့ ဖွင့်ပြောလိုက်ပါ။ နောက်တော့ မိုးကြိုက်သလိုသာ ဆုံးဖြတ်လေ၊ ဦးလေးပြန်တော့မယ်"

မညာမခံ၍ အဆင်ခြင်နည်းသော ဦးဘိုခင်သည် ငွေသုံးရာကိုကိုင်ပြီး ပြန်သွားလေပြီ...

မိုး၏ခေါင်းမှာ ချာချာလည်လာသည်။ နှလုံးသားတို့က ပေါက်ကွဲမတတ် လှုပ်ရှားနေပါ၏။

"ဖြစ်မှဖြစ်ရလေ အဘရယ်"

"ကိုကို ရက်စက်လှချည်လား"

အချိန်ကြာမြင့်စွာ တစ်ယောက်တည်း သည်းသည်းထန်ထန် ငိုရှိုက်ပြီးမှ...

"ငါမေးမယ်... ကိုကို့ကို ငါ ဖွင့်မေးမယ်၊ ငါ့အဘအတွက် ငါလုပ်ရမယ်၊ သူနဲ့ ရင်ဆိုင်ဖြေရှင်းမယ်..."

ခံစားမှုလွန် နှလုံးသားကြောင့် စဉ်းစားချိန်ဆချိန် မယူတော့ပါဘဲနှင့် တယ်လီဖုန်းဆက်ဖို့ အောက်ထပ်သို့ဆင်းရန် ထလိုက်သည်...။

အယောင်ယောင်အမှားမှားဖြင့် စောစောဆီက ပန်းစိမ်ထားသော ရေတစ်ဝက်နှင့် ရေစက်လက်ပုံးကို လက်တစ်ဖက်က ဆွဲ၍ လှေကားထစ်ကို စတင်ဆင်းလိုက်စဉ်...

ပုံးမှကျသော ရေစက်ကို ချက်ချင်းတက်၍ နင်းလိုက်မိသဖြင့် လှေကား၏ အပေါ်ဆုံးထစ်မှစ၍ ခြေတစ်ဖက် ချော်ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်သာဆိုလျှင် လဲရုံ။

ယခုတော့ လေကားထိပ်မှ ဖြစ်ပါ၍ ဟန်နိုင်ခြင်း မရှိတော့။

ကိုယ်ဝန်အရင့်အမာကြီးနှင့် မိုးပွင့်ဖြူမှာ ရေပုံးကြီးနှင့်အတူ လှေကားထိပ်မှ တစ်ဆစ်ချိုးကွေ့အထိ ပြင်းထန်သော ရိုက်ချက်များနှင့် အတူ ကစဉ့်ကလျား လိမ့်ကျလာတော့သည်။

"ဒုံး...ဒုံး...ဒုံး...ဝုန်း"

ဆိုသော အသံကြီးကြောင့် အိမ်ဖော်လေးနှစ်ယောက် ပြေးလာချိန်မှာ...

ခါးအောက်ပိုင်းတလျှောက်လုံး သွေးအိုင်တွင်းမှာ နစ်လျက်လုံးဝ ငြိမ်သက်နေပြီဖြစ်သော မိုးပွင့်ဖြူကိုသာ တွေ့ကြရပါတော့သတည်း။

■ ■ ■



### အခန်း ။သုံးဆယ့်နှစ်။

"ကိုနေလင်းဝေ အလုပ်သွားနေတုန်း တမင်လာခေါ်တာပွင့်ဝါ။ အစ်ကိုနဲ့ ပြန်လိုက်ခဲ့တော့။ မမိုးပွင့် မရှိချိန်မှာ ဒီအိမ်မှာ မနေသင့်တော့ဘူး"

"ဘာလို့ မနေသင့်ရမှာလဲ။ ဒါပွင့်ဝါပိုင်တဲ့ အိမ်ပဲဟာ၊ ဟိုရပ်ကွက်ထဲမှာ ပြန်မနေနိုင်ပါဘူး"

ကိုလွမ်းလှိုင်၏ရင်မှာ ဒေါသမီးတို့ ဖြာထွက်လာသည်။ ပွင့်ဝါကို နာနာကျည်းကျည်း ကြည့်လိုက်မိသည်။

သူ့အတွက် ကျောင်းပျက်ခဲ့ရသည့် နေ့ပေါင်း၊ အိပ်ပျက်ခဲ့ရသည့် ညပေါင်းက အနန္တ၊ ငယ်စဉ်ကစ၍ အညစ်ကြေးမှအစ သုတ်သင်ခဲ့ရပြီး ချီခဲ့၊ ပိုးခဲ့၊ ဒုက္ခခံခဲ့ရသည့် အစ်ကိုတစ်ယောက်အနေနှင့် ရင်နာခံပြင်းစရာ ကောင်းလှသည်။

"ဟေး...မထားမြင့်။ ညှော်သည်ဖို့ လိမ္မော်ရည်တစ်ခွက် ယူခဲ့ပါ"

"ညှော်သည်ဖို့"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါ၏ ဆက်ဆံရေးက စိမ်းကားလွန်းလှပါလား။

လေးလေးနက်နက် ခံစားနေရသော ကိုလွမ်းလှိုင်သို့ ပေါ့ပေါ့တန်တန်ပင် ပွင့်ဝါက ကြည့်လိုက်ပြီး...

"အစ်ကို ထောနေတယ်ထင်တယ်၊ နာရီ အပုံစားတွေ ဘာတွေနဲ့"

ကိုလွမ်းလှိုင် ဘာမှမဖြေ။

အောင်မြင်လာသော အနုပညာသမားတစ်ယောက်၏ နောက်တွင် ငွေကြေးသည် အလိုအလျောက် ရောက်ရှိလာတတ်မြဲပါ။ ရေဒီယိုတေး များစွာနှင့် အောင်မြင်သော ရေဒီယိုအဆိုတော်များ၏ ခံစားမှုတေးသစ်စီးရီးများ၊ ရုပ်ရှင်နောက်ခံတေးနှင့် ကာက်ဆက်ဇာတ်လမ်း၊ ဇာတ်ဝင်ခန်းတေးများပါမကျန် ကိုလွမ်းလှိုင်၏ တေးစုများ လွင့်ပျံ့အောင်မြင်လာခဲ့သည်။

အထီးကျန်ဘဝမှ အလွမ်းတွေ လှိုင်နေရသော ခံစားမှုရှင်တေးရေးသူ ကိုလွမ်းလှိုင်၏ တေးစာသားများ၊ သံစဉ်များသည် တေးချစ်သူတို့၏ လက်ခံအားပေးမှုကို ရယူနိုင်ခဲ့ပါပြီ။

အောင်မြင်သော်လည်း တည်ငြိမ်မြဲစိတ်ထားများနှင့် အချစ်ဆုံးသို့ တမ်းတရလေတိုင်း ဖိ၍ရေးနေသော သူ့တေးကဗျာ များစွာတို့ အောင်မြင်လာခဲ့ပါပြီ။

"လိမ္မော်ရည် သောက်လိုက်ဦးလေ"

ပွင့်ဝါက မျက်မှန်ကို ပင့်တင်လိုက်ရင်း ဆိုဖာပေါ်တွင် ဟန်ပါပါ မှီလိုက်ပြီး ခြေချိတ်ထိုင်လိုက်သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကိုလွမ်းလှိုင်မှာ ဒေါသစိတ်ကို တည်ငြိမ်အောင်ထား၍ ကြိုးစားချေဖျက်လိုက်ပြီး...

"အစ်ကိုဟာ ညီမလေးကို တစ်သက်လုံး ပြုစုဂရုစိုက်လာခဲ့တာမမေ့ပါနဲ့ ပွင့်ဝါ။ အစ်ကို့စိတ်မှာ အလျှင်တုန်းကအတိုင်းပဲ၊ ညီမလေးအရင်းလို ရှိနေဆဲပါ၊ ဒါကြောင့် မမိုးပွင့် မရှိချိန်မှာ အစ်ကိုနဲ့ ခဏပြန်လိုက်နေပါ"

ပွင့်ဝါသည် အဓိပ္ပာယ်ပြည့်စွာ ပြုံးလိုက်သည်။

"ဒီအိမ်မှာ ပွင့်ဝါ မရှိလို့ ဘာဖြစ်မှာလဲ။ ပြီးတော့လည်း အစ်ကို့ညီမက စာရေးဆရာမကြီးပွင့်ဝါ ဖြစ်နေပြီလေ။ စာပေကိစ္စတွေက ပွင့်ဝါပဲ ပြောရဆိုရတာ အစ်ကိုရဲ့၊ နယ်က မိတ်ဆက်စာတွေ လာလိုက်တာလဲ တစ်ပုံကြီးပဲ။ ပွင့်ဝါက..."

"တော်စမ်း ပွင့်ဝါ၊ ဦးလေး ဦးသက်မောင် ရှိစမ်းစေချင်တယ်"

ကိုလွမ်းလှိုင် အံကြိတ်လိုက်တော့ မေးကြောကြီးများ တင်းလာသည်။

"ပွင့်ဝါ... ငါ နင်နဲ့ စကားအရှည်ကြီး ပြောနေလို့ မဖြစ်တော့ဘူး။ နင့် လူမှုရေး၊ စီးပွားရေး ကိစ္စတွေ အသာထားလိုက်စမ်း။ အပျိုရွယ်လေးတစ်ယောက်တည်း မနေသင့်လို့ အစ်ကိုတစ်ယောက် အနေနဲ့ ငါပြန်ခေါ်တာ။ ဒါပဲ၊ အဝတ်စားသွားယူ၊ ငါ့နဲ့ တစ်ခါတည်း လိုက်ခဲ့စမ်း"

"ဟာ... ပြောလိုက်တာ အပိုင်ပါလား။ ဒီမှာ အစ်ကိုလွမ်းလှိုင်၊ ပွင့်ဝါကို ပြန်ခေါ်မယ့်အစား ကြီးကြီးတင့်ကို သွားခေါ်ပေးစမ်းပါ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်အုပ်ချုပ်ဖို့ ပွင့်ဝါက မစီမံတတ်တော့ အစ်ကိုကြီး စားရသောက်ရ
တာလည်း အဆင်မပြေရှာဘူး"

"ဟိုက နင်တို့နဲ့ ဘာဆိုင်လို့ ဒီလာနေရမှာလဲ။ ဆေးရုံကိစ္စ
သူက တာဝန်ယူနေတာပဲ"

"ဒါဖြင့်လဲ ရပါတယ်"

"ကဲ... ပွင့်ဝါ၊ တို့အိမ်ကိုပဲ ပြန်ကြရအောင်ပါ ညီမရယ်"

"ပွင့်ဝါ ခုလို သူဌေးမလေး ဖြစ်နေတာ မကြည့်နိုင်လို့လား
အစ်ကိုရဲ့"

ဒေါမီးစွယ် မျက်ဝန်းနှစ်စုံသည် ပွင့်ဝါပေါ်သို့ တည့်တည့်
ကျလာသည်။

"နေစမ်းပါဦး။ ဘာအဓိပ္ပာယ်နဲ့ ပွင့်ဝါကို အိမ်ပြန်ခေါ်နေရတာ
လဲဟင်"

"အေး... နင် ဒီလိုမေးလာတော့ ငါကလည်း ရှင်းရှင်းပဲ
ဖြေလိုက်မယ် ပွင့်ဝါ၊ နင်နဲ့ ကိုနေလင်းဝေနဲ့ကို စိတ်မချလို့"

"ဘယ်လို အစ်ကိုရဲ့"

"မမိုးပွင့်မရှိချိန်မှာ ခဲအိုနဲ့ ခယ်မ နှစ်ယောက်တည်း တစ်အိမ်
တည်း နေလို့ ဖြစ်ပါ့မလားဟင်..."

ပွင့်ဝါက ကိုလွမ်းလှိုင်သို့ စူးစူးရဲရဲ ကြည့်လိုက်သည်၊ နောက်
မထီမဲ့မြင် ပြုံးသည်၊ ပြီးတော့ အသံထွက်အောင် ဟက်ဟက်ပက်ပက်
ရယ်လိုက်သဖြင့် ကိုလွမ်းလှိုင် ကြောင်သွားရတော့သည်။

"နင် ဘာရယ်တာလဲ ပွင့်ဝါ"





"အစ်ကို လွမ်းလှိုင်စကားက ရယ်စရာကောင်းလွန်းလို့ပါ"

"ဟင်"

"အစ်ကို့စကားက ခြသေ့်စာ မိလိမ့်မယ်၊ ဟိုဘက်မှာ မနေနဲ့
ဒီကိုလာခဲ့ဆိုပြီး သမင်မလေးကိုခေါ်တဲ့ ကျားကြီးလိုပဲ"

"ဘာ... ဘာပြောတယ် ပွင့်ဝါ"

"နှစ်ယောက်တည်းနေဖို့ အစ်ကိုမှ လာခေါ်ရဲတယ်၊ အစ်ကို့
အစား ရှက်လိုက်တာ၊ ပွင့်ဝါ မနေရဲပါဘူး၊ အစ်ကိုနဲ့ ပွင့်ဝါကရော
ဘာတော်လို့လဲ"

"ဟင်...ဟင်... ကြည့်စမ်း... နင်...နင်"

ဒေါသနှင့် ဝုန်းဆိုထပြီး ပွင့်ဝါနား တိုးသွားမိသည်။ ရိုက်ရန်
ရွယ်သော လက်သည်...

"အစ်ကိုနဲ့ပွင့်ဝါကရော ဘာတော်လို့လဲ..."

ဆိုသော စကားကြောင့် လမ်းခုလတ်တွင် ရပ်သွားရပါပြီ...။

"အဖေဆုံးပြီးမှ တစ်နှစ်ကျော်လုံး နင်နဲ့ငါ နှစ်ယောက်တည်း
နေပြီး ငါကျွေးမွေးပြုစုခဲ့တာပါ ပွင့်ဝါရယ်..."

"နင်...နင်... ငါ့သိက္ခာကို ထိပါးလှချည်လား"

"ငါ့စေတနာကို စော်ကားလှချည်လား ဟင်..."

သန့်စင်သော မေတ္တာရှင်အတွက် သိက္ခာပျက် အရှက်တရား
သည် အသည်းနှလုံးကို လောင်မြိုက်စွာ ခံစားလိုက်ရသည်။

ကိုလွမ်းလှိုင်သည် ပွင့်ဝါသို့ နာကျည်းစွာ စိုက်ကြည့်ပြီး
ချာကနဲ လှည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမိုးပွင့်ဆိုသော အမြတ်နိုးရဆုံး သဘောဖြူမလေး ပိုင်ဆိုင်နေထိုင်ခဲ့ရာ တိုက်တွင်းမှ အလျင်နှုန်းမြန်သော ခြေလှမ်းများဖြင့် အမြန်ဆုံး ထွက်ခွာခဲ့ပါသတည်း။

"ကိုနေလင်းဝေနဲ့ ပွင့်ဝါတို့ တတွဲတွဲ သွားလာနေကြသည်"

ဆိုသော သတင်းစကားအရ ညီမအရင်းလေးတစ်ယောက်ပေါ်သို့ ကျရောက်သော စိုးရိမ်ပူပန်မှုမျိုးဖြင့် ကိုလွမ်းလှိုင် ရောက်ရှိလာခဲ့ခြင်းပါ...

ညီမျှသော တုံ့ပြန်မှု မေတ္တာတရားအတိုင်း ပွင့်ဝါသည်လည်း သူ့ကို ယခင်ကလိုပင် အစ်ကိုရင်းပမာ ချစ်ခင်အားကိုးဆဲ ရှိနေရာလိမ့်မည်ဟု ကိုလွမ်းလှိုင် ယုံမှတ်နေဆဲပါ...

သူ့အကြောင်းနှင့်သူ မရောက်ဖြစ်ရသည်ကိုပင်...

"ငါ့ညီမလေးများ ငါ့ကို လွမ်းနေရှာမလား"

ဟူသော သူ့အလွမ်းစိတ်နှင့် ညှိနှိုင်း သတိရနေခဲ့မိသော ကိုလွမ်းလှိုင်...

"သမင်မလေးကိုခေါ်တဲ့ ကျားကြီးလိုပဲ"

"အစ်ကို့အစား ရှက်လိုက်တာ"

"အစ် [illegible]နဲ့ ပွင့်ဝါကရော ဘာတော်လို့လဲ"

ဆိုသော [illegible]၏ ပဲ့တင်အသံဟိန်းများသည် ကိုလွမ်းလှိုင်၏ ဝန်းကျင်မှာ လိုက်ပါ[illegible]မြည်နေကြသည်။

အသက်နှင့်အမျှ ဘာပြဿနာမှ မကျူးလွန်ခဲ့ဖူးသော ကိုလွမ်းလှိုင်အတွက် ယနေ့ ရရှိသော အရှက်သည်...





သူ့ နှလုံးသားကို ထုထောင်းခွဲခြေနေသည်သို့ ရင်မှာ နာကျင်ပင်ပန်းစွာ ခံစားလိုက်ရသည်...

"ငါ...မှားပြီ"

ဆိုသော နောင်တမီးသည် ရင်မှာ ပူပြင်းစွာ တောက်လောင်လာသည်...

လောကအမြင် လူမှုရေးရှုထောင့်မှ ကြည့်လျှင် ပွင့်ဝါ၏ စကားသည် မှန်နေပါပေါ့လား...

သန့်စင်သော မေတ္တာတရားနှင့်၊ ကိုယ့်လက်ပေါ်မှာ ကြီးပြင်းလာခဲ့သော အချစ်ရဆုံး ညီမလေးဆိုသော အသိနှင့်...

ပိုင်ပိုင်နိုင်နိုင် သွားခေါ်ခဲ့မိသော ကိုလွမ်းလှိုင်၏ အပြန်လမ်းတွင် နောင်တမျက်ရည်တို့ ဝေရပါသတည်း...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။သုံးဆယ့်သုံး။

"ဆရာ...အမျိုးသမီးတစ်ယောက်နဲ့ ကောင်လေးတစ်ယောက် စာလာပေးသွားတယ်"

အိမ်သော့ကို ဖွင့်နေဆဲ ယဉ်သူဇာ စာတစ်စောင် ကိုင်ပြီး ရောက်ရှိလာသည်။

"ဟင်... မမိုးပွင့် လက်ရေးပါလား"

စာအိတ်ကိုကြည့်ပြီး တအံ့တသြ ပြောလိုက်မိသည်။ တေး စာသားများ ရေးကြ မှတ်ကြစဉ်က မျက်စိထဲ စွဲနေသော လက်ရေး လှလှဝိုင်းဝိုင်းလေး... စာကို ဖွင့်လိုက်တော့...

**ကိုလွမ်းလှိုင်...**

ကျေးဇူးပြုပြီး ခဏလာတွေ့ပါ။

မနက်ထမင်းပို့ချိန် ဆယ်နာရီခွဲ အရောက် ဗဟို အမျိုးသမီးဆေးရုံကြီးက စီဘလောက် အောက်ထပ် လက်ဝဲဘက်အခန်းမှာပါ။ ကိစ္စရှိလို့ပါ။

**မမိုးပွင့်**





နာရီကိုကြည့်လိုက်မိသည်။ နေ့လယ်တစ်နာရီ... လွန်သွား လေပြီ။

မိုးပေါ်မှာ ပွင့်နေသောနေ့ကို ဆွဲယူနိုင်စွမ်းအား ရှိချင်မိသည်။ အချိန်တို့ကို တွန်းထုန်ပစ်လိုက်ချင်သည်။

"ချစ်သူရယ်... ဘာကိစ္စများ ရှိလို့လဲကွယ်"

ပူပန်စိတ်ဖြင့် ရင်ထိတ်လွန်းစွာ စာလေးကို ထပ်ဖတ်မိသည်။

သူ့နာမည် အပြည့်အစုံ ရေးမထား။ သူတင်စားခဲ့သည့်အတိုင်း "မမိုးပွင့်"ဟုသာ လက်မှတ်ရေးထိုးထားရှာသည်။

သူ့ကို နံနက်ပိုင်း ဆေးရုံသို့လာရန် မှာကြားသည်မှာလည်း သီးသန့်တွေ့ဆုံရန်အတွက် ဖြစ်ပါလိမ့်မည်။ ညနေပိုင်းတွင် ကိုနေလင်းဝေတို့ အပါအဝင် တခြားဧည့်သည်များ ရှုပ်ထွေးနေမည်ဟု တွေးနိုင်ပါ၏။

ယဉ်သူဇာ တံခါးဖွင့်ပေးပြီးသည့်တိုင်၊ စာအိပ်လေးကို ယုယမြတ်နိုးစွာကိုင်၍ ငိုင်နေဆဲပါ။

■

ထန်းတပင်အနောက်ပိုင်းရှိ ခြံမြေကွက်ထဲမှ ကိုလွမ်းလှိုင်၏ အိမ်လေးမှာ ဟိုဘက်နှစ်များဆီကနှင့် မတူတော့၊ ပြင်ထား၍ တောင့်တင်း၍ သပ်ရပ်သွားသည်။ မျက်နှာစာမှာ သံစကာကွက်များ အုပ်ပြီး ဆေးအပြာရောင် သုတ်ထားသည်။ ပြတင်းပေါက်များတွင် ဘက်ထရှန်

www.burmeseclassic.com



ပြာရောင် ခန်းဆီးစလေးများက လွင့်လျက်။ ဆက်တိကုလားထိုင် တစ်စုံက ပါလစ်ရောင် သစ်လွင်နေသည်။

ရှိရှိသော ဝင်ငွေမှာ ကိုလွမ်းလှိုင်၏ တစ်ယောက်စရိတ်ထက် ကျော်လွန်နေပါ၍ သပ်ရပ်တင့်တယ်စွာ နေထိုင်နိုင်သော အခြေအနေ ရှိလာသည်။

"ဒီနေ့ စုံနေနေ့၊ ဆရာ အစောကြီး ပြန်လာတယ်နော်"

"အေး... အလုပ်ပြီးတာနဲ့ ပြန်ခဲ့တယ်။ ကိစ္စလည်း မရှိလို့... စာဖတ်စရာတွေလည်း ရှိလို့ပါ"

ယဉ်သူဇာက ဘုရားစင်အောက်နှင့် ဘေးဘက်ရှိ သစ်သား စာအုပ်စင်များပေါ်မှ ကျပ်ပြည့်နေသော စာအုပ်များကို ကြည့်လိုက်သည်။

ဆရာသည် ဘွဲ့မရ။ သူတို့ အိမ်ခေါင်းရင်းမှ ဒေါ်လေး မကျင်နု သားသည် သိပ္ပံဘွဲ့ရပြီးသား တစ်ခါမှ စာကို ဆရာ့လို နက်နက်နဲနဲ အားစိုက်ပြီး ဖတ်နေသည်ကို မတွေ့ရ။

ပညာတတ်ခြင်းနှင့် စာဖတ်တတ်ခြင်းမှာ မဆိုင်ပါလားဟု ယဉ်သူဇာ တွေးမိလာသည်။

"ဆရာက အဲဒီ မိုးပွင့်ဆိုတာကို သိပ် စွဲလမ်းတာပဲနော်..."

"ဟင်..."

"ဒီအိမ်ကို ပထမဆုံး စ,လာတုန်းက မြင်ဖူးလိုက်တယ်။ တကယ့်မိုးပွင့် နှင်းပွင့်လေးလို ဖြူဖွေးပြီး သိပ်ကို လှတာပဲနော် ဆရာ"

"သူ့ကို မြင်ရတဲ့ အလှထက် သူ့ရင်ထဲက မမြင်ရတဲ့ အလှက ပိုလှပါတယ် ယဉ်ယဉ်"





"ဆရာ သူ့ကို ခုထိ မျှော်လင့်တမ်းတနေတုန်းပဲနော်... သူ ယောကျ်ားရသွားပြီ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ယဉ်ယဉ်တို့ ထင်နေတဲ့ မျှော်လင့် တမ်းတပုံမျိုးမှ မဟုတ်ဘဲ၊ ဆရာ့ရင်ထဲက မိုးပွင့်ကို တမ်းတနေတဲ့ သံယောဇဉ်က ဘယ်လူသားနဲ့မှ မတူတဲ့ပုံစံမျိုးနဲ့ပါ..."

"ရှင်"

ယဉ်သူဇာ နားမလည်... နားလည်အောင်လည်း ရှင်းပြမနေ တော့...

တိုက်ပုံအကျႌကို ချွတ်လိုက်ကာ ချိတ်မှာ သပ်ရပ်စွာ လျှိုပြီး တန်းမှာချိတ်လိုက်သည်။ အဝတ်စား စနစ်တကျလဲပြီး ထမင်းအိုးကို ဖွင့်လိုက်တော့...

"ဟင်...ထမင်းက ချက်ပြီးသားပါလား"

"ဟုတ်တယ်။ ဆရာ ပြန်လာရင် အဆင်သင့် စားရအောင် ချက်ထားတာ..."

"နောက် မချက်နဲ့ ယဉ်ယဉ်"

"ဘာဖြစ်လို့လဲ ဆရာရယ်"

"ဆရာတစ်ယောက်စာ စားဖို့ ဝတ်ဖို့ ဆရာ အသာလေး လုပ်နိုင် ပါတယ်၊ အဖေနဲ့ ညီမလေး ရှိတုန်းကတောင် တစ်အိမ်လုံးကိစ္စ လုပ်ခဲ့ သေးတာပဲ"

"အားမနာပါနဲ့ ဆရာရဲ့"

"အားလည်း နာတယ်၊ ယဉ်ယဉ်အနေနဲ့လည်း မကောင်းပါ ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ခွက်သောက်လိုက်ပြီး ကုလားထိုင်ပေါ်မှာပင် ပြန်ထိုင်လိုက်ရသည်။ ယဉ်ယဉ်က မပြန်သေးပါဘဲနှင့် သူ့ရှေ့မှာ ဝင်ထိုင်လာသည်။

ယဉ်ယဉ်တို့ မိဘများသည် ခြံစိုက်စားပြီး အသင့်အတင့် ချောင်လည်ကြပါ၏။ နှစ်ပေါင်းများစွာကပင် ရင်းနှီးလာခဲ့ကြသဖြင့် ကိုလွမ်းလှိုင် အလုပ်သွားလေတိုင်း သော့အပ်ခဲ့သည့် အိမ်ပါ။

ယဉ်ယဉ်သည် ကိုလွမ်းလှိုင်သို့ လေးစားရိုသေစိတ်နှင့် ချစ်ရှာသူ၊ မျှော်လင့်နေရှာသူပါ။

ကိုလွမ်းလှိုင်ကမူ...

သူ၏အသက်ထက်ဆုံး... ယဉ်ယဉ်သို့ တုံ့ပြန်ချစ်နိုင်မည်မဟုတ်ကြောင်း သိပြီးမို့ ထာဝရတည်တံ့စွာ နေခဲ့ပါသည်...

"မပွင့်ဝါက နေနိုင်လိုက်တာ၊ တစ်ခါမှကို မလာတော့ဘူးနော်..."

ယဉ်သူဇာက ကိုလွမ်းလှိုင်၏လက်မှာ မြတ်နိုးစွာကိုင်ထားဆဲစာလေးကိုကြည့်ပြီး မိုးပွင့်ဖြူအကြောင်း မေးလိုလှပါသော်လည်း မမေးရဲ၍ ပွင့်ဝါအကြောင်း စကားစလိုက်ရသည်...။

"အင်း...ဟိုဘဝမှာ သူပျော်သွားပြီပေါ့လေ... နေပါစေတော့..."

"မြို့ထဲမှာ တစ်ခါတွေ့လိုက်တယ်၊ ပျံ့နေတာပဲ၊ ဇာတ်လိုက်မင်းသမီးရှုံးတယ်။ ဘာပဲဖြစ်ဖြစ် ကိုလွမ်းလှိုင် ကျေးဇူးကိုတော့ ပြန်ဆပ်ဖို့ ကောင်းပါတယ်..."

"နေပါစေ ယဉ်ယဉ်ရယ်... သူ့ဘဝသူ ဖန်တီးသွားပြီပဲ၊ ပြီးပြီပေါ့..."





"ဆရာ ခွင့်လွှတ်လေ သူမကောင်းလေပဲ"

"ဒီလိုမပြောနဲ့ ယဉ်ယဉ်... ဆရာ့ညီမလေး ကောင်းစားတာ၊ ကျန်းမာ ချမ်းသာတာပဲ ကြားသိလိုပါတယ်"

"ဆရာတို့ သားအဖကတော့ အလကားနေရင်း သူများကိုစေတနာထားဖို့၊ ခွင့်လွှတ်ဖို့လောက်ပဲ ကြည့်နေကြတာပဲ"

"အဲဒီလောက် ရင်အေးစရာကောင်းတဲ့အလုပ် ဘယ်မှာရှိမှာလဲ ယဉ်ယဉ်ရယ်။ တစ်ခုတော့ ရှိတာပေါ့လေ... တဘက်က ဘယ်လိုပဲခွင့်လွှတ်တယ်ဆိုပေမယ့် လူဆိုတာ ကိုယ့်ရဲ့ သုံးဘဝတော့ ကိုယ်သိရမှာပေါ့"

"ဆရာ... ဘာပြောတာလဲ ဟင်"

"ငါဟာ ဘယ်ဘဝကလာခဲ့တာလဲ။ ခု... ဘယ်အခြေအနေရောက်နေပြီလဲ။ နောင်ကို ဘယ်လောက်အထိ တက်နိုင်မလဲ၊ ကျနိုင်သလဲဆိုတာတွေကို စဉ်းစားသုံးသပ်နေတတ်ရမယ်"

ပွင့်ဝါသို့ ဦးတည်ရာမှ အားလုံးသို့ ရည်ညွှန်းနေကြောင်း ယဉ်သူဇာ သိပါ၏။

"ကိုယ့်ဘဝ ကိုယ်သုံးသပ်တတ်သူဟာ အကျမနာဘူးပေါ့လေ။ အောင်မြင်ခြင်းဒဏ်ကို ခံနိုင်ဖို့ 'မလွှတ်' ဖို့ အရေးကြီးတယ်၊ ဒါမှလည်း အဲဒီလူရဲ့ ပတ်ဝန်းကျင်မှာ ရှိကြရတဲ့ ပတ်သက်သူတွေပါ စိတ်ချမ်းသာခွင့် ရကြမှာ"

သည်တစ်ခါတော့ နေလင်းဝေသို့ ရည်ညွှန်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်သည် သူ့ကို အားမှာထားလျက် ပွင့်ဝါတို့၊ မမိုးပွင့်တို့ ရှိရာအရပ်သို့ ရည်ညွှန်းနေသော သူ့ဆရာ ကိုလွမ်းလှိုင်သို့ ငေးကြည့်နေပါ၏။

"ကဲ... ယဉ်ယဉ်ပြန်တော့။ ရေချိုးလိုက်ဦးမယ်"

"သီချင်းရေးစရာတွေ ရှိသေးလား"

"အင်း"

"ရေချိုးပြီး ထမင်းစားမှာလား"

"စားမှာပေါ့"

ယဉ်သူဇာသည် ကိုလွမ်းလှိုင် ဝယ်ထားသော ခပ်ဟောင်းဟောင်း စန္ဒရားတစ်လုံးကို ဖွင့်၍ ဖုန်သုတ်သည်။ အခန်းထောင့်မှာ ကပ်ထားသော ပတ္တလားကို ရွှေ့ယူပြီး ဖျာတစ်ချပ် ပတ္တလားနောက်မှာ ခင်းလိုက်ပါ၏။

တေးသီချင်းရေးရင်း သံစဉ်ရှာလျက် ကြိုက်ရာသုံး၍ အဆင်သင့် ဖြစ်ရန်ပါ။

ပြီးတော့ လပေးဝယ်စားသော ဟင်းချိုင့်ကိုဖွင့်၍ ထမင်း ဟင်း ရှုးခပ်ပေးထားသည်။ ကိုလွမ်းလှိုင် မြင်နေသော်လည်း မသိယောင်ဆောင်၍ အိမ်ဘေးမှ ရေစင်တွင် ရေချိုးနေလိုက်သည်။

ယဉ်သူဇာ ပြန်သွားပြီးချိန်မှာ...

"ဘယ်လိုလဲ မောင်လွမ်းလှိုင်ရဲ့"

"ဟာ... ဦးလေးတိုး... ထိုင်ပါဗျာ"

သူတို့ရပ်ကွက်ထဲမှ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးပါ။ သူ့ကို





ငြည့် နေစရာမလိုပါ၍ ရေချိုး၊ ရေသုတ်၊ အဝတ်လဲပြီး ဆံပင်ဖုတ်ဖွားနှင့်ပင် ထမင်းစားဝိုင်း ထိုင်လိုက်သည်။

"စားပါဦး... ဦးလေးတိုး"

"လုပ်မနေစမ်းပါနဲ့၊ ကျွေးလည်း မကျွေးနိုင်ဘဲနဲ့။ ငါလည်း စားပြီးပါပြီ"

ဦးတိုးက ကုလားထိုင်ပေါ်သို့ ခြေစုံတင်၍ ထိုင်လိုက်ပြီး သူ့ရှိရာဘက်သို့ အားစောင်းလှည့်လိုက်သည်။ သူ့လက်ကြားမှ ဆေးပေါ့လိပ်ကို အားပါးတရ ရှိုက်ဖွာပြီး...

"မောင်လွမ်းလှိုင်ရေ၊ ရထားဆို တခွန်ရှိမှတဲ့နော်..."

"ဟာ... အဲဒါက မိန်းမတွေ ယောကျ်ားယူဖို့ တိုက်တွန်းတဲ့စကားပဲ ဦးလေးတိုးရ"

"အေး... ဟုတ်သားပဲ။ ငါလည်း ကြားဖူးသလိုလို ရှိတာနဲ့ ရမ်းပြောလိုက်တာ။ ကဲပါကွာ... ဝေ့ဝိုက် မနေတော့ပါဘူး။ မင်း... မိန်းမယူသင့်ပြီ"

"ဘယ့်နှယ်ဗျာ... နေရင်းထိုင်ရင်း..."

"တကယ်ပြောတာ။ မင်းအတွက် ပြုစုဖို့ လိုအပ်နေပါပြီကွာ"

"ဟာ...ယောကျ်ားပဲဗျာ။ ကိုယ့်ဟာကိုယ် ဘာမဆို လုပ်နိုင်ပါတယ်"

"ဘယ်ဟုတ်မလဲကွ။ နေရတာ ငေါင်းစင်းကြီး"

"ဦးလေးတိုးကလဲဗျာ"

"မင်းတို့ချင်းလည်း ပြေလည်နေရဲ့သားနဲ့ ဘာလို့ မယူကြသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ယဉ်ယဉ်နဲ့ ပြောနေတာလား"

"အေးလေ"

"ကျွန်တော်မှ မချစ်ဘဲ၊ ဘာလို့ယူရမှာလဲ"

"ယူပြီးတော့လည်း ချစ်သွားမှာပေါ့ကွာ။ ကောင်မလေးက တော်ပါတယ်။ မင်းကိုလည်း သိပ်ချစ်ပုံရတယ်။ မင်း စိတ်တိုင်းကျ ဖြစ်မှပါ။ သူ့မိဘတွေဆိုလည်း မင်းနဲ့ သိပ်သဘောတူနေကြတာ"

"အသာနေစမ်းပါ ဦးလေးတိုးရယ်၊ ကျွန်တော့်ဟာ ကျွန်တော် အေးအေးနေစမ်းပါရစေ၊ ကျွန်တော် ဘယ်မိန်းမကိုမှ မယူဘူးလို့ ဆုံးဖြတ်ထားပြီ ဦးလေး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်တစ်သက်မှာ ဘယ်မိန်းမကိုမှ ချစ်လို့ရနိုင်တော့မှာ မဟုတ်လို့ပါ"

မမိုးပွင့်ကို ရည်ညွှန်းပါကြောင်း ဦးလေးတိုးတို့ မသိနိုင်ပါ...

ထမင်းလည်း စားမဝင်တော့...

ကိစ္စရှိလို့လာခဲ့ပါဟု မှာသော မမိုးပွင့်၏ စာကိုသာ အခေါက်ပေါင်းများစွာ ပြန်ဖတ်နေမိသည်။

ယဉ်ယဉ်ချပေးသော ပတ္တလားကို တီးခေါက်သည်။ သီချင်းက စန္ဒကိန္နရီ... ချစ်သူသီဆိုခဲ့သော အသံလေးပြန်၍ ရင်မှ ကြားရနိုးနှင့် တီးခတ်နေမိခြင်းပါ။

ဆုံးအောင်လည်း မတီးဖြစ်တော့...မမိုးပွင့် သီဆိုစဉ်ကလည်း ပြဟ္မဒတ်မင်း ရောက်လာသော နေရာတွင် ရပ်ခဲ့ရသည်။ ကိုနေလင်းဝေ ရောက်လာခြင်းအတွက်ပါ။

ချစ်သူ၏ အိမ်ထောင်ရေး သာယာချမ်းမြေ့ပါစေ... မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေ... ပျော်ရွှင်တောက်ပသော ဘဝ၏ အလှအပ





များကို ဘာ ခံစားရပါစေ ဟူသော စေတနာများကို မမိုးပွင့် ခံယူရရှိပါစေဟု ထာဝရ ဆန္ဒပြုခဲ့သူပါ...

မမိုးပွင့် လွတ်လပ်စဉ် ဘဝကပင် ပိုင်ဆိုင်လိုသော ဆန္ဒနှင့် ချစ်ခဲ့သည် မဟုတ်ပါ။

တင့်တယ် မြင့်မြတ်ခြင်းများဖြင့်သာ ချစ်သူ၏ဘဝကို အဝေးက နေပြီး ထာဝရ ဂုဏ်တင့်နေစေချင်သူပါ...

"ဒါပေမယ့် အခု တွေ့ဆုံရတော့မယ်၊ ဘာကြောင့် ကျွန်တော့်ကို ခေါ်တာလဲ... ချစ်သူမှာ ဘာအခက်အခဲတွေများ ရှိနေလို့လဲကွယ်... စိတ်ပူလိုက်တာ ကိုယ်နက်ဖန်မနက် ဆက်ဆက်လာခဲ့မယ် နော်..."

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ မျက်နှာကို အားပါးတရ ကြည့်ရင်း... သနားကြင်နာရလွန်းသော စိတ်က ရင်မှာ ပင်လယ်ပြင်မှ လှိုင်းကြမ်းလို ရိုက်ပုတ်လာသည်။

"သူ မအိပ်ပါဘူး။ မှိန်းနေတာ၊ အသံပြုလိုက်လေ"

"နေ... နေပါစေဗျာ"

ဘေးခုတင်မှ အမျိုးသမီးအသံကြောင့် အတိုးတိတ်ဆုံး အသံနှင့် ပြန်ကြားလိုက်ရသော်လည်း...

"ဟင်... ကိုလွှမ်းလှိုင်"

အသံများကြောင့် မျက်ခွံလေး ဖြတ်ခနဲ ပွင့်လာပြီး အံ့သြသံနှင့် ခေါ်လိုက်သည်။

"မမိုးပွင့် နေကောင်းရဲ့လား ဟင်..."

ညင်သာလွန်းသော အမေးနှင့် ကြင်နာလွန်းသော အကြည့်ကို ခံယူရင်း... မိုးပွင့်ဖြူ၏ မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာတော့သည်။

"အို... မငိုပါနဲ့ မမိုးပွင့်ရယ်... ကျွန်တော် ဘာလုပ်ပေးရမလဲဗျာ"

မိုးပွင့်ဖြူ ခေါင်းခါပြသည်။

"ကျွန်တော့်ကို ခေါ်တာရော ဘာခိုင်းချင်လို့လဲဟင်..."

မဖြေနိုင်ရှာ... အငိုသည်သာ ဆက်နေပါ၏။

ချစ်သူ၏ မျက်ရည်စက်တို့သည် ကိုလွှမ်းလှိုင်၏ မျက်ဝန်းသို့ ကူးယူလာသည်သို့ပါ။



## အခန်း ။သုံးဆယ့်လေး။

လူမျိုးယောက်ျားလေးများ မလာရဲ... မလာအပ်သော ဗဟို အမျိုးသမီးဆေးရုံထွင်းသို့ နံနက်ကိုးနာရီကျော်ကပင် ရောက်ရှိနေခဲ့ပါပြီ။

ဤဆေးရုံနေရာမှာ မဆိုထားနှင့်။ ချစ်သူသည် သမုဒ္ဒရာ၏ ဟိုဘက်ကမ်းမှာ ရှိနေပါစေ... အရောက်သွားပါမည်။

တာနဂ္ဂနွေမို့ လူရှင်းနေ၏။ တံခါးစောင့်သို့ လက်ဖက်ရည်ဖိုး ထည့်ပြီးသည်နှင့် မမိုးပွင့်ရှိနေရာ အခန်းတို့တိုင် လိုက်လံညွှန်ပြသည်။

မိုးပွင့်ဖြူသည် ခုတင်ပေါ်၌ နွမ်းလျစွာ မှိန်းနေရှာသည်။

ဖြူသော အသားလေးမှာ ဖျော့နေသည်။ ဝိုင်းနေသော မျက်နှာလေးမှာ သွယ်လျသွားသော်လည်း ရှည်ကော့သော မျက်တောင်၊ သဘာဝအတိုင်း လှပသော မျက်ခုံး၊ ချွန်မြသော နှာတံနှင့် လက်ဖြင့်ပုံသွင်းထားသည်သို့ ထူထူပြည့်ပြည့် တိတိကျကျ နှုတ်ခမ်းလွှာ၊ ပြေညက်သော နဖူးပြင်မှာ ဝဲကျနေသော ဆံယဉ်စ ကပိုကရိုလေးများနှင့်...



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝေလာသည်။

စိတ်ခိုင်မာသော ကိုလွမ်းလှိုင်သည် မျက်ရည်ကို ပြန်ထိန်း၍

"သိပ်မငိုပါနဲ့လား မမိုးပွင့်ရယ်၊ ဆေးရုံပေါ်မှာ လူနာတစ်ယောက်အဖြစ်နဲ့ နေနေရချိန်မှာ စိတ်ချမ်းသာအောင် ကြိုးစားပါနော်"

"ဆေးရုံရောက်နေတာ တစ်လရှိတော့မယ်"

"ကျွန်တော် သိပါတယ် မမိုးပွင့်"

"ဒါနဲ့တောင် သူ နေနိုင်လိုက်တာ"

မမိုးပွင့် ထပ်၍ ငိုရှိုက်သည်။

ချစ်သူရယ်...

ပွေ့ယူပြီး ရင်ခွင်ထဲမှာ နှစ်သိမ့်ထားလိုက်ချင်သည်။ ချစ်သူ၏ မျက်ရည်စက်များကို တယုတယ သုတ်ပေးရင်း ချစ်သူ ပြုံးရွှင်လာစေမည့် စကားလုံးများဖြင့် နှစ်သိမ့်ပေးလိုက်ချင်စမ်းပါဘိ။

ချစ်သူ၏ အငိုတိတ်ဖို့၊ ချစ်သူ၏ ရောဂါ ပျောက်ကင်းဖို့ အတွက် မိမိ၏ အသွေးအသား၊ မျက်လုံး၊ အသည်းနှလုံး စသည်တို့နှင့် စက်လဲကုသ၍ပေးလို့ ရစေချင်သည်။ နောက်ဆုံး အသက်ကိုပင် ပေးရစေဦး။ ချစ်သူ ပျော်ရွှင်စွာ ကျန်းမာလာမည်ဆိုလျှင် ပေးအပ်ရဲသော သတ္တိရှိသည့် အချစ်မျိုးပါ။

တစောင်းလှဲ၍ မျက်နှာကို လက်ကိုင်ပဝါနှင့် ကပ်ပြီး ငိုရှိုက်နေသည့် မိုးပွင့်ဖြူသို့ ထိတို့ကိုင်တွယ်၍ နှစ်သိမ့်နိုင်ခွင့်မရှိ။

မိုးပွင့်ဖြူသည် ကိုနေလင်းဝေ၏ တရားဝင် ဇနီးဆိုသော





အသိက မျက်စိရှေ့မှ ချစ်သူကို အခြားသော စကြာဝဠာသို့ လွှင့်စင်သွားစေသည်။

ယောကျ်ားစင်စစ် မဖြစ်ထိုက်သောက်အောင် ယုတ်ညံ့ဆုံးသော ပြစ်မှုဖြစ်သည့် သူတစ်ပါး သားမယားသို့ ပြစ်မှားဖောက်ပြန်မည့် လူစားမျိုး ကိုလွမ်းလှိုင် မဟုတ်။ ဤပြစ်မှု ကျူးလွန်မလား၊ အသက် အသေခံမလားဆိုလျှင် အသက်အသေခံသွားမည့် ယောကျ်ားစားမျိုးပါ။ ကာမပိုင် လင်ယောကျ်ားရှိသော မိုးပွင့်ဖြူသို့ ပိုင်ဆိုင်လိုသော စိတ်ဆံချည်တစ်မျှင်စာမျှ မရှိပါသော်လည်း...

သန့်စင်ဖြူလွှင်လွန်းသော အမြင့်မြတ်ဆုံး မေတ္တာတရားများ၏ အထွတ်အထိပ်မှနေ၍ သူ မမိုးပွင့်ကို ချစ်သည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဟင်"

"ကျွန်တော့်ကိုခေါ်တာ ကိစ္စရှိတယ်ဆို"

"အငိုတိတ်ပါတော့ မမိုးပွင့်ရယ်"

"ကျွန်တော် မကြည့်ရက်တော့ပါဘူးဗျာ"

သူ့ခုတင်နားသို့ ကိုယ်ကို ကိုင်းညွှတ်၍ ရင်လှိုင်းခတ်သံနှင့် စကားသံများ အဆင့်ဆင့် ပွင့်အံလာသည်။

မျက်နှာ အပေါ်ပိုင်းကို လက်ကိုင်ပဝါနှင့် အုပ်ထားရာမှ မျက်ရည်သုတ်ရင်း အံလေးကြိတ်ကာ အောက်နှုတ်ခမ်းကို ဖိကိုက်၍ ဝေဒနာကို ကြိတ်မှိုလိုက်ရကြောင်း ရင်နင့်စွာ မြင်လိုက်ရပြီးမှလက်ကိုင်ပဝါကို ဖယ်လိုက်သည်။ မျက်ရည်စက်လက်ဖြင့် နီမြန်းနေသော မျက်ဝန်းလေးနှင့် မော့ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွမ်းလှိုင်ကို တိုင်ပင်စရာ ရှိလို့ပါ"

"ပြောပါ မမိုးပွင့်"

"ဒီနေရာမှာ ခေါ်တွေ့ရတာ ကန့်တော့နော်"

သားအိမ်ရောဂါ ဝေဒနာရှင် အမျိုးသမီးများ၏ အဆောင်မို့ပါ။

"ရပါတယ် မမိုးပွင့်ရယ်၊ ဒါတွေ ပြောမနေပါနဲ့နော်"

"အစတုန်းကတော့ ဆေးရုံကဆင်းရင် ကိုလွမ်းလှိုင်ဆီလာပြီး အေးအေးဆေးဆေး ဆွေးနွေးမလို့ပါ။

အခုတော့ ကိုယ့်အခြေအနေ ကိုယ်သိပါပြီ ကိုလွမ်းလှိုင်ရယ်..."

"ဟင်"

"မသေဆုံးခင် ပြောပြသွားချင်တယ်"

ပူပန်စိတ်က နှလုံးသားကို မီးလိုဝိုင်းလာသည်။

"အို...မ...မဟုတ်တာ မမိုးပွင့်ရယ်၊ ဆေးရုံပေါ်မှာပဲ၊ ခေတ်မီ ကိရိယာတွေနဲ့ပဲ။ မမိုးပွင့် ဘာမှမဖြစ်နိုင်ပါဘူး။ ဘာမှ မဖြစ်ရဘူး"

ချောက်ချားလွန်းစွာဖြင့် သူ ကမ်းလာသော လက်ကလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ထားလိုက်မိသည်။

"ဘာ... ဘာဖြစ်တာတဲ့လဲဟင်၊ မမိုးပွင့် ဖြစ်တာ ဘာရောဂါတဲ့လဲ"

"လှေကားပေါ်က လိမ့်ကျခဲ့တယ်။ ပြီးတော့ မေ့သွားတယ်။ အဲဒီအချိန်က အိမ်မှာလည်း ကော်ာင်မလေးနှစ်ယောက်တည်းဆိုတော့ အချိန်မီ ဆေးရုံကို မရောက်နိုင်ခဲ့ဘူး"





"အို..."

"ရောက်လာတော့ လွန်နေပြီလေ၊ ကလေးကို ဖွားထုတ်လိုက်ရတယ်။ အသက်မရှိတော့ဘူး၊ သ...သမီးလေးတဲ့"

"ဖြစ်မှဖြစ်ရလေကွယ်"

မျက်ဝန်းမှ မျက်ရည်များ သွယ်ကျလာပြန်သည်။

"အဲဒီကနေ အိမ်ခဏ ပြန်ဆင်းသွားရသေးတယ်။ ဒါပေမယ့် သားအိမ်မှာ ဒဏ်ရာဖြစ်ပြီး ရောဂါရလာတာနဲ့ ဒီဘက်အဆောင်ကို ရောက်လာပြီး တက်နေရတာ ကြာပါပြီ..."

"မမိုးပွင့်ရယ်၊ မငိုနဲ့တော့နော်"

သူ့လက်ကိုင်ပဝါလေးဖြင့်ပင် မျက်ရည်များ သုတ်ပေးလိုက်မိသည်။

"ဆေးရုံမှာလည်း နေကောင်းတယ် မရှိဘူး။ အခြေအနေဟာ တစ်နေ့တစ်ခြား ဆုတ်ယုတ်လာပါတယ်"

ချစ်သူ၏ အားငယ်လွန်းသော မျက်ဝန်းလေးကို အငူရင်ဖြင့် အကြင်နာကြီးစွာ ကြည့်မိသည်။

"ကျွန်တော် ကြီးကြီးတင့်ဆီ ရောက်တာ မမိုးပွင့်ကို ပြန်ပြောပြလား"

"ဟင့်အင်း..."

"ဟုတ်သားပဲ၊ ကျွန်တော်ကလည်း ပြန်မပြောပါနဲ့လို့ မှာထားတာကိုး"

"ဘာ သွားလုပ်တာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမိုးပွင့် ဆေးရုံတက်ရတယ်ဆိုတော့ စိတ်ပူလွန်းလို့ သွား... သွားမေးတာပါ၊ ဒါပေမယ့် နေကောင်းပါတယ်ပြောလို့ နေကောင်း တယ်ပဲ မှတ်နေမိခဲ့တာ..."

မိုးပွင့်ဖြူက ခေါင်းယမ်းပြသည်။ အိပ်ရာပေါ်မှ နိမြန်းနေခြင်း များကို စောင်နှင့်လုံအောင် ဖုံးကွယ်လိုက်သည်။

"သိပ်ပြီး လာကြည့်ချင်ခဲ့တာပါ မမိုးပွင့်ရယ်၊ မလာသင့် မလာ ထိုက်လို့သာ ကျန်းမာပါစေဆိုတဲ့ ဆုတွေတောင်းပြီး သတင်းနားထောင် နေခဲ့ရတာပါ၊ အခု ဆရာဝန်က ဘာပြောလဲ ဟင်..."

"ခွဲရမယ်"

"အို..."

"သေရမှာပဲထင်ပါရဲ့ ကိုလွမ်းလှိုင်ရယ်... သေလည်း သေချင် ပါပြီရှင်..."

"မဟုတ်တာ... ကျွန်တော် နားမလည်ပေမယ့် ခွဲစိတ်မှုတွေ အောင်မြင်နေတယ်လို့ ကြားဖူးပါတယ်...၊ ကျွန်တော် ပို့ပေမယ့် မေတ္တာ နဲ့ မမိုးပွင့် ကျန်းမာလာမှာပါဗျာ၊ အားတင်းစမ်းပါ မမိုးပွင့်ရယ်..."

သမုဒ္ဒရာနှယ် ကျယ်ဝန်းနက်ရှိုင်းစွာ ပိုင်းခြားထားသော ဘဝ နှစ်ခုပါလားဆိုသော ကြေကွဲဖွယ် အသိဖြင့် မမိုးပွင့်သို့ ရင်နင့်စွာ ကြည့်၍...

"ဘယ်တော့ ခွဲရမလဲဟင်"

"သန်ဘက်ခါ"

"အဲဒီနေ့ ကျွန်တော် အောက်က လာစောင့်နေမယ်နော်"





"သူမလာနဲ့လေ... အိမ်ကလည်း လာကြမှာ"

"ကိုနေလင်းဝေနဲ့ ကျွန်တော်နဲ့ကြားမှာ ဘာပြဿနာမှ မရှိဘူးလေ၊ မိတ်ဆွေတစ်ယောက်အနေနဲ့ လာမှာပဲဟာ"

"မဟုတ်သေးဘူး ကိုလွမ်းလှိုင်"

"ကြီးကြီးတင့်လည်း ရှိနေမှာပဲ။ ကျွန်တော် စိတ်မချနိုင်ဘူး မမိုးပွင့်ရယ်။ လာစောင့်နေပါရစေ..."

"ကိုလွမ်းလှိုင်"

"ဗျာ... မမိုးပွင့်"

"ဘယ်လို ဖြေရှင်းရမှန်းမသိအောင် နက်နဲလွန်းတဲ့ ပြဿနာ ကြီးနဲ့ ရင်ဆိုင်လိုက်ရလို့ ခုလို ဖြစ်ရတာ..."

"ဗျာ.."

"ဒီစကား ကြားလိုက်ရလို့ ထိတ်လန့်တုန်လှုပ်လွန်းပြီး လှေ ကားပေါ်က လိမ့်ကျခဲ့ရတာပါ ကိုလွမ်းလှိုင်ရယ်"

"ဘာစကားလဲဟင်"

"ပြောမယ် ကိုလွမ်းလှိုင်၊ ပြောချင်လို့ တမင် ညစောင့်ဆရာမကို စာပေး ပေးပါလို့ ပြောပြီး ခေါ်တွေ့ရတာပါ"

"ပြောပါဦးဗျာ"

"ခုန ပြောသလို ဆေးရုံကဆင်းမှ ဖြည်းဖြည်းရှင်းဖို့ပါပဲ။ ဒါပေ မယ့် ကိုယ့်ကိုယ်ကို အားမရတော့ဘူး။ ခွဲစိတ်မှု အောင်မြင်မယ် မထင် တော့ပါဘူး ကိုလွမ်းလှိုင်ရယ်..."

"စိတ်တင်းထားပါ မမိုးပွင့်ရယ်။ ဒီလို တယူသန်မတွေးပါနဲ့ နော်။ ကဲ... ပြောပါဦး၊ ဘာစကားကြားရလို့လဲ ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွမ်းလှိုင်"

"ပြောလေ မမိုးပွင့်"

"အဘာသေဆုံးရတာကို မမေ့သေးဘူး မဟုတ်လားဟင်..."

"အသက်နဲ့အမျှ ဘယ်မေ့နိုင်ပါ့မလဲဗျာ"

"ဒါဆို... အဘာကို ကားနဲ့တိုက်သတ်တဲ့ တရားခံကိုရော မနာကျည်းဘူးလားဟင်"

"နာကျည်းပြီလားဗျာ... လူမဆန်လွန်းတဲ့ လူတစ်ယောက်ဟာ ဒီလောကမှာ အသက်ရှည်မနေသင့်ဘူး။ တွေ့လိုက်တိုင်း သတ်ပစ်ချင်လောက်အောင် အသည်းထဲက နာတယ်"

"အဲဒီလိုပဲ ဒီကလည်း ခံစားခဲ့ရပါတယ် ကိုလွမ်းလှိုင်ရယ်"

"ယုံပါတယ်ဗျာ... အဖေနဲ့ မမိုးပွင့်ဟာ သားအဖလောက်နီးနီးမေတ္တာကြီးခဲ့ကြတာပဲ"

"အခု... အဲဒီလူကိုတွေ့ပြီ ကိုလွမ်းလှိုင်"

"ဟင်... ဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်သူလဲဟင်"

"ပြောပြရင် သူ့ ဘာလုပ်မလဲ"

"စိတ်ထဲရှိတဲ့အတိုင်း လုပ်ရရင် သတ်ပစ်ရုံပဲပေါ့။ ဒါပေမယ့်... ဒီလို တရားလက်လွတ် မမိုက်မဲပါဘူး... မမိုးပွင့်။ သက်ဆိုင်ရာ တရားဥပဒေလက်ကို အပ်လိုက်ကြရအောင်ပါနော်။ ပြောပါဦး... အဲဒါ ဘယ်သူလဲ...ဟင်"

စိတ်လိုက်အားမာန်နှင့် ပြောနေသော ကိုလွမ်းလှိုင်သို့ မိုးပွင့်ဖြူက စိုက်ကြည့်ရင်း...





"အဲဒီလူဟာ ကိုနေလင်းဝေပဲ"

"ဟာ..."

အံ့သြမှု ကြီးမားလွန်းခြင်းကြောင့် ကိုလွမ်းလှိုင်၏ တစ်ကိုယ်လုံး တောင့်မတ်သွားသည်။ အသက်ရှုရပ်ပြီး မျက်တောင်မခတ်ဖြစ်လောက်အောင် ငြိမ်သက်စွာ မိုးပွင့်ဖြူသို့ စိုက်ကြည့်နေသည်။

"ကိုလွမ်းလှိုင်"

"ခင်ဗျာ"

"ကိုလွမ်းလှိုင် ပြောတဲ့အတိုင်း ဆောင်ရွက်ကြရအောင်"

"ဘာကိုလဲ... မမိုးပွင့်"

"တရားဥပဒေလက်ကို အပ်လိုက်ကြရအောင်ပါ... ကိုလွမ်းလှိုင်"

တုန်လှုပ်ချောက်ချားလွန်းစွာဖြင့် မိုးပွင့်ဖြူသို့ ကြာမြင့်စွာ စိုက်ကြည့်ပြီး... ခေါင်းယမ်းပြလိုက်သည်။

"လုပ်ကိုလုပ်ရမယ်... ကိုလွမ်းလှိုင်၊ မိုးပွင့် မခွဲရ မစိတ်ရခင် ဆောင်ရွက်သွားချင်တယ်။ ဒီနေ့ နက်ဖြန်ပဲ ရဲကိုတိုင်ပေးပါ။ သက်သေဦးလေးကိုဘိုခင်ကို မိုးပွင့် ခေါ်ပေးမယ်"

"ဆုံးဖြတ်မှု မစောပါနဲ့တော့ မမိုးပွင့်ရေ၊ ကိုနေလင်းဝေဟာ မမိုးပွင့်ရဲ့ ဦးစီးရှေ့ဆောင် ခင်ပွန်းတစ်ယောက်ပါ..."

"ဒီကိစ္စ ပြီးဆုံးမသွားရင် သေရတာတောင် အသေဖြောင့်မှာမဟုတ်ဘူး ကိုလွမ်းလှိုင်ရယ်"

"ဒါကို ထားလိုက်ပါတော့... မမိုးပွင့်၊ မမိုးပွင့် ကျန်းမာဖို့သာ ဂရုစိုက်စမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ဂရုစိုက်လို့ မရပါဘူးလေ။ ခွဲစိတ်ကုသမှု အောင်မြင်၊ မအောင်မြင် ယေဘုယျ မှာသာ မူတည်နေပါတယ်..."

"အောင်မြင်ပါစေလို့ ကျွန်တော် အစွမ်းကုန် ဆုတောင်းပါ့မယ်။ တစ်ခုတော့ မေးပါရစေ... ကိုနေလင်းဝေနဲ့ အဆင်မပြေကြဘူးလားဟင်"

"ပြေပါတယ်။ ပြဿနာကြီးကြီးမားမား ဘာမှ မရှိပါဘူး"

"ဒါဖြင့်...ဘာကြောင့်များ သူ့ကို ရဲလက်အပ်ချင်ရတာလဲဗျာ"

"သြော်... ကိုလွမ်းလှိုင်ရယ်။ အဘအတွက်ပေါ့။ အဘသေဆုံးရတာ ဒီကကြောင့်ဆိုပြီး ဘယ်လောက် နာကျင်ကြေကွဲခဲ့ရတယ်ဆိုတာလည်း ကိုလွမ်းလှိုင် အသိပါ"

စောစောဆီက ဝမ်းနည်းအားငယ်လွန်းခြင်းကြောင့် နွမ်းနေသော လေသံလေးသည် အဘဦးဥက္ကာအတွက် နာကျည်းချက်ကြောင့် မာန်နှင့် မာလာသည်။

ကိုလွမ်းလှိုင်သည် မိုးပွင့်ဖြူသို့ စူးစူးစိုက်စိုက် ကြည့်ရင်း နက်နက်နဲနဲ စဉ်းစားတွေးတောနေလေသည်။

"ဘာတွေ စဉ်းစားနေလဲဟင်... ကိုလွမ်းလှိုင်"

"အားလုံးသော အားလုံးအတွက်ပါ"

"အဘအတွက်ပဲ စဉ်းစားပါ"

"မမိုးပွင့်"

"ရှင်"

"ဒီအကြောင်း ကိုနေလင်းဝေ သိပြီလား"





"မသိသေးပါဘူး ကိုလွမ်းလှိုင်။ ဘယ်သူမှလဲ မသိပါဘူး"

"ဒါဖြင့် မသိပါစေနဲ့တော့ မမိုးပွင့်"

"ဟင်..."

"ကိစ္စအားလုံးဟာ အဖေနဲ့အတူ မီးရှို့သင်္ဂြိုဟ်လိုက်ပြီလို့သာ သဘောထားလိုက်ပါတော့လေ"

"ကိုလွမ်းလှိုင်ရယ်... ကိုယ့်အဖေတစ်ယောက်လုံး သေဆုံးရတာ မနာကျည်းဘူးလားဟင်၊ ထိုက်တန်တဲ့ အပြစ်ကို တရားဥပဒေဘောင်အတွင်းက မကျခံထိုက်စေသင့်ဘူးလား"

"ဒီစိတ်မျိုး စောစောကအထိ ရှိခဲ့ပါတယ် မမိုးပွင့်။ ဒါပေမယ့် ကျွန်တော် စိတ်ပြောင်းသွားပါပြီ"

"ဘာ...ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့... ကိုနေလင်းဝေဟာ မမိုးပွင့်ရဲ့ ခင်ပွန်းဖြစ်နေလို့"

"အို...ဒါတွေ ငဲ့မနေနဲ့၊ ဒီက မျက်နှာကို ထောက်မနေပါနဲ့"

"မဟုတ်သေးဘူး မမိုးပွင့်ရယ်... ဒါသနဲ့ နာကျည်းချက်အလျှောက် မစဉ်းစားပါနဲ့လေ၊ ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ချင့်ချင့်ချိန်ချိန် စဉ်းစားကြရအောင်ပါ..."

"အဲဒါ အဘကို ရက်စက်တာပဲ"

"မဟုတ်ပါဘူး မမိုးပွင့်၊ ကိုနေလင်းဝေ အပြစ်ထင်ရှားလို့ ထောင်ကျသွားပြီပဲထား၊ ကျွန်တော်တို့ မမိုးပွင့်တို့ ဘာအကျိုးရှိလာတော့မှာလဲဗျာ။ သေဆုံးပြီးတဲ့ အဖေ့အတွက်လည်း ဘယ်လိုနေရာမှာမှ နေပြီး အကျိုးပြုနိုင်တဲ့ ကိစ္စလည်း မဟုတ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူသည် လေးလံလွန်းသော သက်ပြင်းကို ချလိုက်သည်။

"ကိုနေလင်းဝေဟာ မမိုးပွင့်တို့ရဲ့ လုပ်ငန်းကို ထိုက်ထိုက်တန်တန် ဦးစီးနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ သူ့ကို ဖယ်ထုတ်လိုက်ခြင်းအားဖြင့် လုပ်ငန်းယိုယွင်းသွားဖို့ရယ်၊ မမိုးပွင့်အတွက် ကွက်လပ်ဖြစ်သွားမယ်ဆိုတဲ့ အနုတ်လက္ခဏာတွေသာ ဖြစ်လာနိုင်ပါတယ်"

"ကိုလွမ်းလှိုင် အဘအတွက် ကျေနပ်ပေးနိုင်တာ အဲ့ဒါပါရှိ"

"အဖေ့အတွက် မဟုတ်ပါဘူး။ မမိုးပွင့်အတွက်ပါ"

"ဒီကကို မငဲ့ပါနဲ့လို့ ပြောပြီးပြီပဲ ကိုလွမ်းလှိုင်ရဲ့..."

"မငဲ့ဘူးဆိုလည်း မငဲ့ဘူးပေ ထားလိုက်ပါ၊ ဒါပေမယ့် ဘယ်သူ့အတွက်မှ အကျိုးဖြစ်ထွန်းမလာနိုင်မယ့် ကိစ္စတစ်ခုကို ဘာကြောင့် ကျွန်တော်တို့ လုပ်ဆောင်ကြမှာလဲ မမိုးပွင့်ရယ်၊ အောင်မြင်တိုးတက်နေတဲ့ ကိုနေလင်းဝေရဲ့ ဘဝကိုလည်း မသတ်လိုက်ပါနဲ့တော့လေ။ ဒီအတိုင်းပဲ ရှိပါစေတော့ကွယ်။ သူ့ရဲ့ အောင်မြင်မှုနောက်မှာ ကျွန်တော် လေးစားမြတ်နိုးရတဲ့ မမိုးပွင့် ရှိနေပါတယ်။ ကိုနေလင်းဝေရဲ့ တိုးတက်မှုအောက်မှာ မမိုးပွင့် ငြိမ်းအေးချမ်းသာစွာ ရှိနေမှာကို ကျွန်တော် မြင်စမ်းပါရစေဗျာ"

"ကိုလွမ်းလှိုင်ရယ်"

"ကျွန်တော့်ရဲ့ ခံယူချက် စေတနာကို နားလည်စွာနဲ့ ကျွန်တော့် စကားလုံးလေးတွေ မမိုးပွင့်ရဲ့ရင်ထဲကို စီးဝင်နိုင်ပါစေ၊ ဒီကိစ္စကို ကျွန်တော်တို့နှစ်ယောက်လုံး မေ့ပစ်လိုက်ကြရအောင်ပါနော်... နော်... မမိုးပွင့်ရယ်..."





ဖစ်ကိုကြီးတစ်ယောက်မှ ညီမငယ်ကို ကြင်နာသော အမြဲလွှင်ဆုံး ကရုဏာစိတ်မျိုးဖြင့် မိုးပွင့်ဖြူ၏ နဖူးပြင်ပေါ်မှ ဆံယဉ်နုထွေးလေးများကို သပ်တင်ပေးရင်း...

"ဒီကိစ္စကို စိတ်ထဲမှာ ဖယ်ရှားပစ်လိုက်တော့နော်... ကာယကံရှင် ဖြစ်တဲ့ သားအရင်း ကိုယ်တိုင်က ခွင့်လွှတ်လိုက်ပြီပဲ မမိုးပွင့်ရယ်။ ပြီးတော့ လူသတ်မှုလည်း မဟုတ်ပါဘူး။ သူသေမှုပါ။ အဖေ့ရဲ့ကံကြမ္မာလို့သာ သဘောထားလိုက်ကြပါစို့နော်၊ ဘာမှ အကျိုးထားမလာမယ့်အလုပ်ကို ကျွန်တော်တို့ ဘာလို့ မိုက်မိုက်မဲမဲ လုပ်ကြမှာလဲဗျာ"

"အဘအတွက် မနာကျည်းဘူးလား"

"တမလွန်မှာရှိနေတဲ့ အဖေ့ဝိညာဉ်ကသာ ဒီအကြောင်း သိခွင့်ရမယ်ဆိုရင်လည်း ခွင့်လွှတ်လိုက်ကြပါကွယ်လို့ ပြောမှာ သေချာပါတယ်ဗျာ။ ဒါကြောင့် ခွင့်လွှတ်လိုက်ပါတော့ကွယ်နော်"

ခေါင်းအုံးဘေးမှ လက်ကိုင်ပဝါကို ယူ၍ မျက်ရည်ကို တို့သုတ်ပေးရင်း...

"သိပ်ခင်ပြီး သိပ်သံယောဇဉ်ရှိခဲ့ကြတဲ့ ကျွန်တော်တို့နှစ်ဦး မတွေ့ရတာလည်း ကြာလှပါပြီ၊ တွေ့ခွင့်ရတုန်း အခြားစကား ပြောကြရအောင်ပါနော်"

ခုတင်ဘေးရှိ သံဗီရိုလေးပေါ်မှ ဟောလစ်ပုလင်း တစ်လုံးကို ယူပြီး အောက်ခြေကို လှန်ကြည့်လိုက်သည်။

"ဒီဟောလစ် မသောက်သေးဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားပုလင်း မကုန်သေးလို့ပါ"

'ဖော့ဗန်းပေါ်မှာ ပလုတ်စတာစ်အုပ်ထားတဲ့ နိုင်ငံခြားပန်းသီး ခြောက်လုံးတွဲလေးရော စားရဲ့လား"

"ဟင်... စားတယ်။ ဆရာဝန်တွေအခန်း သုံးလုံး ပို့လိုက်တယ်၊ သူ ဘယ်လိုလုပ် သိနေတာလဲ"

ဟောလစ်ပုလင်းကိုယူပြီး အောက်ခြေနေရာကို အပေါ်စီးမှ ပြလိုက်သည်။

"စန္ဒကိန္နရီ"

စက္ကူပြါးပါး စာလုံး အသေးဆုံးလေးနှင့် ကပ်ထားသောစာရွက် ကလေးတစ်ရွက်၊ မြင်သာရန် ခဲယဉ်းသော နေရာနှင့် အနေအထား...

"အဲဒါ ဘာလဲဟင်"

ကိုလွမ်းလှိုင် ဘာမှမပြောဘဲနှင့် ပြန်တင်ထားလိုက်ပြီး ခုံလေးပေါ်၌ ထိုင်ရင်း ပြုံးနေသည်။

"စန္ဒကိန္နရီ... အဲဒါ ဘာလဲလို့... ဩော်... မှတ်မိသေးတယ်... ဖေဖေဆုံးတဲ့နေ့က ဖုန်းဆက်တယ်တဲ့၊ အဲဒါလည်း စန္ဒကိန္နရီလို့ ပြောသွားတယ်ဆိုလို့ စဉ်းစားမရခဲ့ဘူး။ ဘာအဓိပ္ပာယ်လဲဟင်"

"ပန်းသီးဗန်းလေးမှာရော မတွေ့လိုက်ဘူးလား"

"ဟင့်အင်း"

ကိုလွမ်းလှိုင်က ဘာမှမပြောတော့ဘဲ ပြုံးမြဲ ပြုံးနေပါ၍...

"အဲ...အဲ...ဒါတွေ သူပေးတာလား၊ သူပေးတာလားဟင်"

ခေါင်းညိတ်ပြလိုက်တော့...





"ဘာအဓိပ္ပာယ်လဲလို့"

"ကျွန်တော်တို့ရဲ့ သင်္ကေတလေးပေါ့"

မှတ်မိပါပြီ။

နောက်ဆုံးအကြိမ်အဖြစ်နဲ့ ဆောင်းကို တီးခတ်ကြရစဉ်က ပွင့်ဖြ သီဆိုခဲ့ရသော တေးသီချင်း၏ အထိန်းမှတ်။

"သူရယ်..."

မိုးပွင့်ဖြူ၏ မျက်ဝန်းလေးများ ဝင်းလက်စွာဖြင့် သူ့ကို ကြည့်နေ မိသည်။ ပြောချင်သည့် စကားများက ရင်နှင့်အပြည့်။

ကိုလွမ်းလှိုင်သည်လည်း သူ့နယ်ပင်။

သို့သော်လည်း ဘာစကားမှ မပြောဖြစ်ကြအောင် ကြာမြင့်စွာ ငြိမ်နေကြပြီးမှ...

"အဲဒါတွေ ဘယ်တုန်းက လာပို့တာလဲဟင်"

"ကြီးကြီးတင့်ကတစ်ဆင့်ပါ။ ကျွန်တော်ပေးတယ်လို့ မပြော ဖို့လည်း မှာလိုက်ရပါတယ်။ ဖုန်းဆက်တုန်းကလည်း ကျွန်တော်မှန်း သိမှာစိုးလို့ မိန်းကလေးတစ်ယောက်ကို မေးခိုင်းရပါတယ်။ အဲဒီ တုန်းက သိပ်စိတ်ပူတာပဲ"

"ဘာဖြစ်လို့ ကိုယ်တိုင်မပေး၊ ကိုယ်တိုင် မမေးတာလဲ"

"ဩော်... ကျွန်တော့်အတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပေါ့ မမိုးပွင့်ရယ်"

"ဒီကလည်း သူ့လိုပဲရှိမယ်ဆိုတာ စာနာတတ်ဖို့ ကောင်းပါ တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူသည် သူ့ကို မကြည့်တော့ပါဘဲနှင့် မျက်နှာလွှဲထားသည်။

ချစ်သူ၏ သွေးဆုတ်ဖြူရော်နေသော မျက်နှာနွမ်းနွမ်းလေးကို အားရပါးရ စိုက်ကြည့်နေမိတော့သည်။

"ဒီကလည်း သူ့လိုပဲ ရှိမယ်ဆိုတာ..."

ဆိုသော အပြောလေးသည် ရင်တွင်းသို့ လှပ်ခတ်စွာ စီးဝင်လာပါ၏။

"မမိုးပွင့်ရယ်"

နှလုံးသားပွဲတင်သံပါ။။

သွေးရောင်လွှမ်းခြင်းမရှိသော နှုတ်ခမ်းဖြူဖြူလေးကို ကြည့်ပြီး ရင်မှာ လှိုက်ဖိုစိုးရိမ်လာခဲ့ရသည်။

"မမိုးပွင့် ပြောသလို ရောဂါဟာ လွန်များနေသလား၊ ဘာဖြစ်တာပါလိမ့်"

မိန်းမတို့၏ သားအိမ်ရောဂါကို နားမလည်၊ မေးလည်းမမေးဝံ့။ ဆေးရုံတက်နေရသည်။ ကလေးဖွားပြီးပြီ။ ကလေးသေဆုံးသွားသည် စသော သတင်းစကားများကို ကြီးကြီးတင့်ထံမှာ ထာဝရ မေးမြန်း၍ သိရှိခဲ့ရပါသော်လည်း ပူပန်စိတ် မဝင်မိခဲ့။

ခံစားနေရသော ရောဂါ သက်သာပါစေရန် ဆုတောင်းရင်း သနားသောစိတ်ဖြင့်သာ သတိရနေခဲ့မိသည်။ ပူပန်စိုးရိမ်စရာကောင်းသော ကိစ္စဟု မထင်ခဲ့မိ။

"သန်ဘက်ခါ ခွဲစိတ်ရမယ်တဲ့"





"သူ အားလျှော့နေသလို တစ်စုံတစ်ခုများ ဖြစ်သွားမှာလား

ကြောင့်ကြစိုးရိမ်ရလွန်းသော စိတ်များကြောင့် အပူဟပ်နေသော နှလုံးသားတို့ ဆတ်ဆတ်ခုန်လာသည်။

"ချစ်သူရယ်...

"အရွယ်မတိုင်ခင် ထွက်ခွာသွားရမယ့် အဖြစ်ကို မသိရက် မကြည့်ရက်ပါလားကွယ်၊ ဘာပဲဖြစ်ဖြစ်... အချစ်ကျန်းမာပါစေ"

"ဒီခွဲစိတ်ကုသမှုကို အောင်မြင်စွာ လွန်မြောက်နိုင်ပါစေ"

ကြာမြင့်စွာ စကားမပြောဖြစ်ကြခြင်းကြောင့် မိုးပွင့်ဖြူကပ သူ့ကိုကြည့်၍...

"သူ ပြန်ချင် ပြန်တော့လေ"

"ကြာနေလို့ မကောင်းဘူး ဆိုရင်သာ ပြန်ပါ့မယ်။ ပြန်တော့ ဘယ်ပြန်ချင်ပါ့မလဲ"

"အဘအတွက် ဘယ်လိုလုပ်ကြမလဲလို့ ခေါ်ပြီးပြောတာပါ"

"အဲဒီကိစ္စကို လုံးဝ မေ့လိုက်ကြပါစို့ရဲ့နော်"

"ကောင်းပါပြီလေ...၊ ကိုလွှမ်းလှိုင်ဟာအနစ်နာခံဖို့ မွေးဖွား လာသလိုပဲ"

မရောင့်ရဲ မကျေနပ်နိုင်သော တောင့်တမှု မျက်ဝန်းလေးဖြင့် စွေကြည့်ရင်း ပြောသည်။

"မမိုးပွင့်"

"ရှင်..."

"နေကောင်းအောင် ကြိုးစားပါ။ အားမလျှော့လိုက်ပါနဲ့နော် ကျွန်တော့်ကို သနားစိတ်ကလေး ထားပါဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွမ်းလှိုင်တို့ သနားတဲ့စိတ်"

"ဟုတ်ပါတယ်။ မမိုးပွင့်သာ တစ်စုံတစ်ခုဖြစ်ရင် ကျွန်တော့်ဘဝလည်း သေဆုံးသွားမှာပါလေ"

"ခုရော ဘာများထူးသေးလို့လဲကွယ်"

နောက်ဆုံးအချိန်ဆိုသော အသိရင်မှာ ရှိနေသော မိုးပွင့်ဖြူက... ရင်ဖွင့်စကားလို ဆိုလိုက်မိသည်။

"ထူးပါတယ် မမိုးပွင့်ရယ်၊ မမိုးပွင့် ကျန်းမာပါရဲ့လား စိတ်ချမ်းသာပါရဲ့လား စတဲ့ သိချင်ဇောစိတ်တွေ၊ ပိုဝေမှု မေတ္တာတွေနဲ့ကျွန်တော် အသက်ရှင်နေပါတယ် မမိုးပွင့်။ ပိုင်ဆိုင်လိုမှု မရှိခဲ့တဲ့ အသန့်စင်ဆုံး မေတ္တာတွေနဲ့ မမိုးပွင့်အတွက် လူသားတစ်ယောက် ရှိနေပါတယ်ဆိုတာ သတိရပေးပါ မမိုးပွင့်ရယ်... ကျွန်တော် ပြန်တော့မယ်နော်..."

မျက်ရည်များ ဝဲလာပြန်သည်၊ နှုတ်မှ စကားမပြောဘဲ ခေါင်းညိတ်ပြီး ကြည့်နေရှာသည်။

"သန်ဘက်ခါ ကျွန်တော် ဆေးရုံအောက်က လာစောင့်နေမယ်နော်..."

"ကောင်းပါပြီ... မိုးပွင့်အားတင်းထားပါ့မယ်။ ဒါပေမယ့်... ဒါပေမယ့်... သူရယ်"

"အို...ကွယ်"

မျက်ရည်လေးနှစ်တန် သွယ်စီးပြန်သည်...

"ဒါပေမယ့် တကယ်လို့များ ဒီကသေသွားခဲ့ရင် တစ်ခုမှာခဲ့ပါရစေ၊ လိုက်နာပေးပါနော်... လိုက်နာမှာလားဟင်..."





"ဘာပဲဖြစ်ဖြစ် ကျွန်တော်လိုက်နာမယ် မမိုးပွင့်..."

"သူ... ဒီကကို လွမ်းမနေနဲ့... မေ့ပစ်လိုက်တော့နော်"

"မမိုးပွင့်လေးရယ်"

"သူပြန်တော့ကွယ်"

"ငိုမကျန်ရစ်ဘူးဆိုမှ ပြန်ပါရစေ"

မမိုးပွင့် မျက်ရည်များကို သုတ်ပစ်ရှာသည်။ မှိုနေသော မျက်ဝန်းနှင့်ကြည့်ပြီး ဖြူနေသော နှုတ်ခမ်းလေးဖြင့်... ပြုံးလျက်...

"မငိုတော့ပါဘူး"

"မငိုတော့ပါဘူး"

"အဝေးကြီးမှာ နေရပေမယ့် အနီးလေးမှာ ကျွန်တော် အမြဲရှိနေတယ်ဆိုတာ ခံယူပါ... သိထားပါနော်..."

"ကောင်းပါပြီ... ကိုလွမ်းလှိုင်ရယ် ကောင်းပါပြီ"

"ဒါဖြင့် ကျွန်တော် ပြန်မယ်နော်"

"ဟုတ်ကဲ့ပါ... ကိုလွမ်းလှိုင်"

လှည့်မထွက်ရက်သေး... ခုတင်ဘေးမှ မတ်တတ်ရပ်လျက်ကြည့်နေမိသေးပါ၏။ မထားခဲ့ရက်... ခွဲမသွားချင်လှပါသော်လည်း မပေးတော့သည့် အခြေနေကြောင့်...

အချစ်မြတ်နိုးရဆုံးသော အချစ်ဦး ချစ်သူ၏အနားမှ ခွဲခွာထွက်ခဲ့ရပါတော့သည်။

နှလုံးသည်းပွတ်၏ တစ်စိတ်တစ်ဒေသသည် ချစ်သူ၏ဘေးတွင် ကျကျန်နေရစ်ခဲ့သည်သို့ ရင်မှာ နာကျင်ပင်ပန်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်သို့ အတုမဲ့ မေတ္တာတရားများစွာဖြင့် ချစ်ခင်ပူပန်တတ်လွန်းရှာသော ဦးသက်မောင်ကိုလည်း ရှိစေချင်စမ်းပါဘိ။

ချစ်သူသည် အားငယ်စိတ်ဖြင့် ဖခင်ကြီးသို့ တမ်းတရှာလိမ့်မည်ဟုလည်း တွေးမိပါသည်။ မမေးရက်၍ မမေးခဲ့တော့ပါ။

ဦးသက်မောင် မိုးပွင့်ဖြူပေါ်သို့ ထားရှိသော အကြင်နာစေတနာ၊ စိုးရိမ်မှုတို့သည် သူ့ရင်မှ ယခုဖြစ်ထွန်းနေသော ခံစားမှုများထက် မသာလွန်နိုင်ပါဟု ဖြိုင်ဝံ့ပါသည်။

"ချစ်သူ့မျက်ဝန်းမှ မျက်ရည်ပူများ ထာဝရ ခန်းခြောက်သွားပါစေ..."

"ချစ်သူ၏ ရောဂါအားလုံး ပျောက်ကင်း၍ အသက်အန္တရာယ်မှ လွန်မြောက်နိုင်ပါစေ..."

ဆိုတဲ့ဆုတွေ ကျွန်တော် အကြိမ်ကြိမ် အထပ်ထပ် ဆုတောင်းနေပါတယ် အချစ်ရယ်...

တောင်းတဲ့ဆုနဲ့ ပြည့်စုံရပါစေသားကွယ်...

■ ■ ■



အခန်း ။သုံးဆယ့်ငါး။

မိုးရွာပြန်ပြီ...

မိုးလင်းတည်းက တိတ်ရပ်သည့်အချိန်မရှိသေး။ သည်းလိုက်ဖွဲလိုက်နှင့် ဝန်းကျင်တစ်ခုလုံးအုံ့ပျညို့မှောင်နေပေသည်။

"ဒီနေ့မှ မိုးကလည်း ရွာလိုက်တာ"

"မမိုးပွင့် ပြောဖူးတယ်။ သူဒုက္ခရောက်မယ့်နေ့ဆိုရင် မိုးဟာအမြဲရွာတယ်တဲ့"

"ဒီနေ့... ဒီနေ့လည်း..."

ဆက်၍ မတွေးရဲပါဘဲနှင့် ထီးကို ခပ်ကုပ်ကုပ် ဆောင်းပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး၏ လက်ယာဘက် ဝင်ပေါက်မှ နောက်တည့်တည့်သို့ လျှောက်လာသည်။

တစ်မိုးလုံးမှ ရွာကျနေသော မိုးစက်မိုးပေါက်အားလုံးတို့သည်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ကြောင့်ကြခြင်း မြားများအဖြစ်နှင့် သူ့နှလုံးသားရှိရာ တည့်တည့်သို့ စူးစိုက်ထိမှန်နေသည်သို့ပါ...

"ဟင်... ကားရောက်နေပါလား"

ကိုနေလင်းဝေ၏ ကော်ရိုလာ ကားဝါဝါက ဆေးရုံ၏ ရှေ့မှာ ဆိုက်ရပ်ထားသည်။

ကိုလွမ်းလှိုင် ခြေစုံရပ်လိုက်ရပါ၏။ ဇနီးသည်၏ ဗိုက်ကိုခွဲ၍ သားအိမ်ရောဂါကို ကုသမည့်အချိန့်တွင် ကိုနေလင်းဝေ စောင့်နေပါလျက်နှင့်...

"ငါက ဘာဆိုင်လို့လဲ"

"ငါလာတာ သူတို့မြင်သွားလို့ မကောင်းပါဘူးလေ..."

အဲ ဘလောက် အဆောက်အအုံ၏ နောက်ဘက်ထောင့်မှာ ရပ်ရင်း ချစ်သူကို ခွဲစိတ်ကုသမည်ဆိုသော အဲပေါ်ထပ်ဆီသို့ စိတ်မှန်းနှင့် လှမ်းကြည့်နေမိသည်။

ရပ်နေလိုက်တော့ ထီးပေါ်သို့ ကျလာသော မိုးပေါက်တို့၏ အသံသည် ချောက်ချားဖွယ် မည်းဟည်းလာသည်...။

"နိမိတ်ဆိုး မိုးများလား"

ပူပန်စိတ်သည် မီးနှယ် ရင်မှာ လောင်မြိုက်လာပြန်သည်။

"ချစ်သူနားသို့ ပြေးသွားလိုက်ချင်သည်"

"အခြေနေကို... ကိုယ်တိုင် မြင်တွေ့ချင်မိသည်..."

နောက်ဆုံး... စွန့်လွှတ်ဆုံးရှုံးရစေဦး၊ သူ့ရင်ခွင်မှာ ပိုက်ထွေး





ရင်းဖြင့်သာ...

"အို... မဖြစ်ရဘူး... မဖြစ်ရဘူး...၊ ငါ့အချစ် ဘာမှ မဖြစ်ရဘူး"

သူရူးနှယ် ယောက်ယက်ခတ်နေသော စိတ်အစဉ်ကို ဆင်ခြင်မှုဖြင့် ထိန်းရပြန်သည်။

"သြော်... ငါ့ရှေ့မှာ ကိုနေလင်းဝေ တစ်ယောက်လုံး ရှိနေပါတယ်လေ၊ ငါ အနားကပ်ခွင့် မရှိပါဘူး။ ကပ်လည်း မကပ်သင့်ပါဘူး..."

မိုးရေအောက်မှာရပ်ရင်း ကားဆီသို့ လှမ်းကြည့်မိသည်။ သူ့ကိုတော့ မြင်သာနိုင်မည်မထင်။ ထီးကို မျက်နှာကွယ်၍ ဆောင်းထားရင်းက အခြေအနေကို တစ်ချက်မျှသာ လှမ်းမျှော်ကြည့်လိုက်ခြင်းပါ...

ကားက ရှေ့ခန်းတွင် လူနှစ်ယောက် ထိုင်နေသည်။ မိုးရေစီးနေသော မှန်ကြောင့် အတွင်းသို့ မမြင်သာ...

မိမိ၏ရှေ့မှာ ဟိမဝန္တာ တောင်တန်းထက် မြင့်မားသော ကိုနေလင်းဝေ ကားဆီးနေမှန်း သိပါလျက်နှင့် ပြန်မသွားနိုင်သေး။ စိတ်မချနိုင်သေး။ တစ်စုံတစ်ခုသော သတင်းကို ကိုယ်တိုင် သိလိုစိတ်ပြင်းပြလွန်း၍ ချစ်သူရှိနေရာ အရပ်မှ ခွဲခွာမသွားနိုင်သေးပါ...

"ဟော..."

ကားတံခါးဖွင့်ပြီး ကိုနေလင်းဝေ မိုးရေထဲသို့ ပြေးဆင်းသွားသည်။

"ကြီးကြီးတင့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဆင်ဝင်အောင်မှာ သူတို့ ဆုံကြသည်။ တစ်စုံတစ်ခု ပြောနေသော်လည်း မိုးမှုန်များ ကာဆီးနေပါ၍ မမြင်သာ၊ မမှန်းသာနိုင်...

"ဟင်...ပွင့်ဝါပါလား"

ခေါက်ထီးကိုဖွင့်နှင့်ပြီး ကားပေါ်မှ ကြော့ကြော့လေးဆင်း၍ ကိုနေလင်းဝေတို့ရှိရာသို့ လိုက်ပါသွားပါ၏။

ခဏအကြာတွင် ကြီးကြီးတင့် ဆေးရုံတွင်းသို့ ပြန်ဝင်သွားသည်။ ကြီးကြီးတင့် မျက်နှာမကောင်းဟု အဝေးမှ မှန်း၍ ရလိုက်သည်...

ပွင့်ဝါမိုးပေးသောထီးနှင့် ကိုနေလင်းဝေက ပူးကပ်လိုက်ပါလာသည်...

သူတို့မျက်နှာများကတော့ လန်းလန်းရွှင်ရွှင် အပြုံးရိပ်များပင် ဝင်လို့...

ဆက်လက်၍ ရပ်နေချင်ပါသော်လည်း သူတို့နှစ်ယောက် မြင်သွား၍ ဘယ်လိုမှ မသင့်လျော်မှန်း ဆင်ခြင်မိပါ၍...

ချစ်သူရှိရာ အဆောက်အအုံကို ကျောခိုင်းလျက် အပူဟပ်နေသော နှလုံးသားကို နာကျင်ပင်ပန်းစွာ သယ်ပိုးလျက် ဆေးရုံတွင်းမှ ထွက်ခဲ့ရပါတော့သည်...။

တစ်စုံတစ်ခုကို ရင်ဆိုင်လိုက်ရခြင်းထက် မမြင်ရသော အရပ်ဆီသို့ မှန်းဆပူပန်စိုးရိမ်နေရခြင်း ဝေဒနာက ဆိုးရွားလွန်းလှပါချေသည်...





မိုးတိမ်တို့သည် အပူလေကြောင့် မိုးရေကို ဖြစ်ထွန်းလာစေသည်။

နှလုံးသား၏ အပူငွေ့သည်မူ ကိုလွမ်းလှိုင်၏ မျက်ဝန်းကို မျက်ရည်ဖြစ်ထွန်းစေပါသတည်း။

မိုးပွင့်ဖြူ ကြောက်ခဲ့သော အမင်္ဂလာ မိုးသည် ရွာမြဲရွာဆဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။သုံးဆယ့်ခြောက်။

အချိန်တို့ ကုန်လွန်ခဲ့ပြီ။

မိုးရာသီပင် နှုတ်ဆက်ခါနီးနေသည်။ ပူပြင်းသော နေတို့ တောက်ပလိုက်၊ မှတ်သုံ၏ အပြန်လမ်းမှာ မိုးသည်းထန်စွာ ရွာသွန်းလိုက်ဖြင့်...

ဆောင်းဦး နေနှင့်... မိုးနှောင်းလေတို့၏ ပဋိပက္ခကာလ...

"သမီးနဲ့ မောင်နေလင်းတို့ အဆင်မပြေကြဘူးလား"

"ပြေသားပဲ၊ ဘာဖြစ်လို့ ကြီးကြီးတ[illegible]"

"ဩော်... သမီး ဆေးရုံကဆင်းလာမှ သိပ်ပြီး ရွှင်ရွှင်ပျပျ မမြင်ရလို့ပါ"

မိုးပွင့်ဖြူ သက်ပြင်းချပြီး ငြိမ်နေသည်။ ဦးဥက္ကာသို့ ကားနှင့် တိုက်သတ်သူမှာ ကိုနေလင်းဝေပါဟု ကြီးကြီးတင့်ကို မပြောချင်။

မိုးပွင့်ဖြူ အားငယ်စွာ မျှော်လင့်သလို မဖြစ်ပါ။ မီးယပ်နှင့် သားဖွားရောဂါ ပါရဂူ ဆရာဝန်မကြီးများ၏ ပညာနှင့် စေတနာကြောင့် ခွဲစိတ်ကုသမှု အောင်မြင်ပြီး ကျန်းမာလာခဲ့ပါပြီ။





"ဒါဖြင့်... သမီး ဘာဖြစ်နေတယ်ဆိုတာ ကြီးကြီးတင့်ကိုပြောပြစမ်းပါလားကွယ်"

မိုးပွင့်ဖြူမှာ အံကို ကြိတ်ခဲ၍ ရင်ထဲမှ အစိုင်ခဲ အားလုံး မပေါက်ကွဲရန် ထိန်းလိုက်ပြီး...

"မိုးကြောင့် အပြစ်မရှိရှာတဲ့ မိုးရဲ့ရင်သွေး သမီးလေးကိုလည်း သနားလို့၊ နှမြောလွန်းလို့ပါ ကြီးကြီးတင့်ရယ်"

"မိုးကြောင့် ဘယ်ဟုတ်ပါ့မလဲကွယ်။ လှေကားပေါ်က မတော်တဆ လိမ့်ကျလို့ ဖြစ်ရတာပဲ"

"လှေကားပေါ်က မတော်တဆ လိမ့်ကျရတဲ့ အကြောင်းရင်းကလည်း ရှိသေးတယ် ကြီးကြီးတင့်ရယ်"

"ဘာလဲ... ဘာအကြောင်းလဲဟင်"

"မမေးပါနဲ့... မမေးပါနဲ့တော့။ သမီး မပြောပါရစေနဲ့"

"ကဲပါ... မပြောချင်လည်း နေ...နေ၊ မငိုနဲ့လေ"

"သမီးလေးသာ ရှိနေခဲ့ရင် ဘယ့်လောက် ကောင်းလိုက်မလဲနော်"

"အို... ဒါတွေလည်း တွေးမနေနဲ့တော့။ သူ့ကံအတိုင်းပဲပေါ့။ ကိုယ်လည်း ငယ်ငယ်လေး ရှိသေးတာပဲ၊ သမီးရဲ့ ပွင့်ကွဲအနာဖြစ်သွားတဲ့ သားအိမ်ဟာလည်း အကောင်းပကတိ ဖြစ်သွားပြီပဲ။ နောက်ထပ် သားသမီးရလာဦးမှာပေါ့ကွယ်"

မောဟိုက်စွာ သက်ပြင်းချမိသည်။

အဘသို့ ရက်စက်လှုမဆန်စွာ သေစေရက်သော သူ၏ မျိုးဆက်ကိုလည်း တပ်မက်စွာ ယူလိုသော စိတ်ဆန္ဒပင် မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နေလင်း အောက်ခြေနည်းနည်း လွတ်လာတာတော့ ကြီးကြီးတင့်လည်း သတိထားမိပါတယ်။ ရုတ်တရက်ကြီး ပြောင်းလဲသွားတာတော့ မဟုတ်ဘူး သူလွတ်သွားပုံက အဖြည်းဖြည်းချင်း အရှိန်မြင့်လာတာ။ အင်း... လောကမှာ ငွေကြေးဆိုတဲ့အရာဟာ လူသားတွေအတွက် ကြောက်စရာ ကောင်းလောက်အောင် ပြောင်းလဲစေနိုင်တဲ့ အစွမ်းသတ္တိရှိတယ်လေ သမီး။ ဒါကြောင့် သမီးဖေဖေ ရှိတုန်းက မောင်နေလင်း ဝေကို ကြိုပြီး မြင်နိုင်လို့ တမင်မှာခဲ့တာ ထင်တယ်ကွယ်"

"ဘာလဲဟင် ကြီးကြီးတင့်"

"အောင်မြင်ခြင်းဒဏ်ကို ခံနိုင်ပါစေလို့ မှာသွားတာလေ"

"ဟုတ်တယ်... ဟုတ်တယ် ကြီးကြီးတင့်၊ သမီး ပြန်သတိရပြီ"

"သားအနေနဲ့ ခုလိုစိတ်၊ ခုလိုကိုယ်၊ ခုလို အနေအထိုင်ကနေပြီး ပြောင်းလဲ မသွားအောင် ကြိုးစားပါ"

"အောင်မြင်ခြင်းဒဏ်ကို ခံနိုင်ပါစေ"

လို့ ဖေဖေပြောသွားခဲ့တာတွေ သူ တစ်ခုမှ မနာယူတော့ဘူး ဖေဖေရေ..."

"အင်း... ငါ့ကို... ငါ့ကိုလည်း ဖေဖေမှာခဲ့တာရှိတယ်"

"သမီးအတွက်ကတော့ သည်းခံခွင့်လွှတ်ခြင်း စိတ်ကို မွေးနိုင်ပါစေ...တဲ့"

"ဟုတ်ပါရဲ့။ ဖေဖေ မှာသလို ငါ မနေမိပါလား။ ဆေးရုံက ဆင်းလာမှ သူ့ကို ငါ ကောင်းကောင်း စကားမပြောမိဘူး"





သက်ဆိုင်သူ ကိုလွှမ်းလှိုင်ကတောင် သူ့ကို ခွင့်လွှတ်လိုက်ပါတော့လို့ ပြောနိုင်စွမ်းရှိသေးတာ။ ငါလည်း ခွင့်လွှတ်လိုက်ပါတော့မယ်၊ သည်းခံလိုက်ပါတော့မယ်ကွယ်"

"လူဆိုတာ ကိုယ်ရောက်ရှိနေရာ နေရာမှာ တာဝန်ကျေစေရမယ် လို့လည်း ဖေဖေမှာခဲ့တယ်။ ဒီတော့... သူဘာတွေပဲ တာဝန်ပျက်ပျက်၊ သူ့စိတ်တွေ ဘယ်လိုပဲပြောင်းပြောင်း၊ ငါ့အနေနဲ့က သည်းခံခွင့်လွှတ်ရမယ်။ ပြီးတော့... ဇနီးသည်တင်ယာကရဲ့ တာဝန်ကို၊ ထိုက်ထိုက်တန်တန် ကျေပွန်အောင်နေပြီး ဖေဖေရဲ့ စကားကို နားထောင်ပါတော့မယ်လေ"

မိုးပွင့်ဖြူ ဆေးရုံမှဆင်းလာတည်းက နေသွားတကျ ထားရှိ၍ ဖုန်များသုတ်ပြီး သန့်သန့်စင်စင် ရှိနေသော ကိုလွှမ်းလှိုင်၏ စောင်းကို မ,ယူလိုက်သည်။ အလျင် ကြီးကြီးတင့် နေသွားခဲ့သော ပိတ်ထားသည့် အခန်းတွင်းမှာ သွားထည့်ထားလိုက်တော့သည်။

"စောင်းမြင်မှ သတိရတယ်... သမီးခွဲတဲ့နေ့က ကြီးကြီး ပြန်တော့ ကြီးကြီးတင့်ရဲ့အိမ်မှာ မောင်လွှမ်းလှိုင် လာစောင့်နေတယ်။ အခြေနေမေးတယ်။ ကောင်းပါတယ်ဆိုတော့ ဝမ်းသာလိုက်တာ၊ သူ သတင်းလာမေးပါတယ်လို့ ပြောပြပေးပါတဲ့။ ငါလည်း မေ့မေ့နေတယ်"

"သြော်... ဟုတ်ကဲ့"

"သူ့ သမီးကိုတော့ အတော်လေး ခင်ရှာပါတယ်... စားစရာတွေ လာပို့တာတော့ မပြောပါနဲ့ဆိုလို့ မပြောရတာ။ ဒီအိမ် သူမလာတာ ပွင့်ဝါနဲ့ စကားများသွားတယ်တဲ့၊ ပွင့်ဝါကလည်း ပွင့်ဝါပါပဲလေ... မောင်လွှမ်းလှိုင် လာလည်ပါစေကွယ်၊ သနားပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ ကြီးကြီးတင့်ရယ်"

ကိုလွှမ်းလှိုင်သို့ မိုးပွင့်ဖြူ မတွေ့ချင်တော့၊ ရင်မှဝေဒနာတွေ ပေါ်လွင်ပေါက်ကွဲမခံချင်၊ နဂိုတည်းက မျိုသိပ်ကြိတ်မြှိုခဲ့ကြသော သည်နှစ်ဦးအတွက် ယခုအချိန်မျိုး ရောက်ခါမှ ဝေးသထက်သာ ဝေးသွားသင့်ပါပြီ။ အဘဦးဥက္ကာအတွက်နှင့် ဆေးရုံမှာ ခေါ်တွေ့စဉ်က အကြောင်းကို တွေးလိုက်တိုင်း ရင်လှိုင်းခတ်ရသည်။

ကိုလွှမ်းလှိုင်အတွက် နှလုံးသားတွင်းမှာ အဘယ်မျှ ရှိနေသည်ကို ကိုယ်တိုင်ခံစားသိရှိလေ... မတွေ့ချင်တော့လေပါ။

သူ့စောင်းကိုပင် မမြင်သာသော နေရာမှာ သိမ်းလိုက်ပါပြီ...

"ငါဟာ... မေတ္တာရှင်ဖေဖေ့ရဲ့ ဆုံးမဩဝါဒအတိုင်း အသွေမတိမ်း နေပါတော့မယ်။ ကိုကို့ပေါ်မှာ အားလုံး သည်းခံခွင့်လွှတ်လိုက်တော့မယ်။ ငါ့ဘက်က ဝတ္တရားမပျက်အောင် နေပါ့မယ်။ ကိုကိုလည်း တစ်နေ့တော့ နားလည်လာမှာပါလေ... တည်မိတဲ့ အိမ်ထောင်ရေးကိုပဲ လှပသာယာအောင် ငါကြိုးစားပါ့မယ်...။ ကိုကို့ပေါ်မှာလည်း 'သူ' ပြောသလို အားလုံးပဲ ခွင့်လွှတ်လိုက်ပါတော့မယ်ကွယ်"

■ ■ ■



**အခန်း ။သုံးဆယ့်ခုနစ်။**

"ကိုကို မအိပ်သေးဘူးလား။ ညဉ့်နက်နေပြီ"

"နယ်ကိုယ်စားလှယ် စာရင်းတွေ စစ်နေတာ၊ မပြီးသေးလို့။ မိုး အိပ်နှင့်တော့လေ"

"မအိပ်ချင်သေးပါဘူး"

"အိပ်တော့... အိပ်တော့၊ တော်ကြာ နေမကောင်း ဖြစ်နေပါဦးမယ် ကိုကိုတို့က အိပ်ပျက်ခံနေကျပါ"

မိုးပွင့်ဖြူသည်သာ ဦးလေးကိုဘိုခင်ထံမှ သတင်းရပြီးကတည်းက မကြည်လင်သောစိတ်နှင့် ခပ်တည်တည် နေခဲ့မိပါသော်လည်း မိုးပွင့်ဖြူ ဆေးရုံမှ ဆင်းလာချိန်မှာ နေလင်းဝေက ပိုမို၍ အလေးထား ဆက်ဆံရှာပါ၏၊ နူးညံ့ပျော့ပျောင်းသော စကားများကိုသာ အစဉ်ပြောဆိုသည်။

"ကိုကို ညနေက အရက်သောက်ထားသေးလား"

"မ... မသောက်ပါဘူး... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုဗာတင်း ဖျော်ပေးမလို့ မေးတာပါ"

"ကိုကို နေ့တိုင်း အရက်မသောက်ပါဘူး မိုးရဲ့"

"ဒါဖြင့် ဖျော်လိုက်မယ်နော်"

"လက်ဖက်ရည်ပဲ သောက်ချင်တယ်"

"ဟုတ်ကဲ့... ကိုကို"

အိမ်ဖော်များ အိပ်ကုန်ပြီ။ မိုးပွင့်ဖြူကိုယ်တိုင် လစ်(ပ)တန် လက်ဖက်ခြောက်ကို နှပ်ပြီး ဖျော်သည်။ ကြက်ဥပြုတ်တစ်လုံးနှင့် ပေါင်မုန့်တစ်ချပ်ပါ ကင်ပြီး သူ့စားပွဲရှေ့မှာ ချပေးထားလိုက်သည်။ အစာစားပြီး အိပ်ခါနီး သွားတိုက်ရန် သွားပွတ်တံပေါ်သို့ သွားတိုက်ဆေး တင်ပေးခဲ့ပါသည်။

"မိုး အိပ်တော့မယ်နော် ကိုကို"

"ကောင်းပြီ၊ မိုး အိပ်ပျော်အောင် အိပ်နော်၊ ဆေးသောက်လိုက်ဦး"

"ဟုတ်ကဲ့ပါ ကိုကို"

"ဗွတ်(၃)နိုက် မိုး"

လင်မယားချင်း အင်္ဂလိပ်လို နှုတ်ဆက်နေသော နေလင်းဝေသို့ ပြုံး၍ ခေါင်းညိတ်ပြပြီး...

"ကိုကိုလည်း သိပ်ညဉ့်မနက်နဲ့လေ။ မနက်လည်း အလုပ်တွေက ရှိသေးတာ"

"စိတ်ချ၊ အိပ်နှင့်တော့နော်"

"ဟုတ်ကဲ့ပါ ကိုကို"





အပေါ်ထပ်သို့ ရောက်လာပြီးတော့လည်း ရုတ်တရက် မအိပ်ဖြစ်သေး။ ပွနေသော စာအုပ်များ၊ နေသားမကျသေး ပစ္စည်းများကို သိမ်းဆည်းပြီး ဘုရားရှိခိုးသည်။

အိပ်ချိန်လွန်နေပါ၍ မျက်လုံးက မေးစင်းလာပြီ။ အိပ်ရာထဲသို့ လှဲလိုက်ပြီးသည်နှင့် မိနစ်ပိုင်းအတွင်းမှာ အိပ်ပျော်သွားပါတော့သည်။

■

ဘာအနှောင့်အယှက်သံမှ မကြားရပါဘဲနှင့် ဖျပ်ခနဲ လန့်နိုးလာသည်။

သူ့ဘေးသို့ ကိုနေလင်းဝေ မရောက်လာသေးပါ၍...

ခေါင်းအုံးစပ်မှ နာရီကိုယူပြီး ခလုတ်ကို နှိပ်လိုက်သည်။ မီးလင်းလာသော နာရီမှာ ပြနေသည်က နှစ်နာရီ ဆယ်မိနစ်။

"ဟင်...ကိုကို ခုထိမအိပ်ရသေးပါလား"

အလုပ်များ၍ ကြိုးစားလွန်းရှာသော ခင်ပွန်းသို့ အကြင်နာစိတ်ဝင်မိ၍ အိပ်ချင်စိတ်တို့ ပြယ်သွားသည်။

ဖွာဝေသော ဆံပင်များကို သိမ်းသပ်ပြီး အပေါ်ထပ်မှ ဆင်းလာခဲ့သည်။

စာကြည့်ခန်းမီး ပိတ်ထားလေပြီ...

နောက်ဖေးဘက်သို့ ဝင်ကြည့်ပါ၏။ ရေချိုးခန်းနှင့် အိမ်သာ



www.burmeseclassic.com

www.burmeseclassic.com



တို့တွင်လည်း မရှိ။ အောက်ထပ် နေရာအနှံ့ ရှာပြီးတော့... အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ လေသာဆောင်မှာလည်း မရှိ။ နောက်ဖေးခန်းတွင်လည်း မတွေ့ရ။

မိုးပွင့်ဖြူ၏ ခေါင်းထဲသို့ ချောက်ချားတုန်လှုပ်ဖွယ် အတွေးတစ်ရပ် ဝင်လာသည်နှင့် လှေကားမှ ခြေဖော့၍ ဆင်းလာပြီး ပွင့်ဝါ၏ အိပ်ခန်းတံခါးဖုကို လှည့်ကြည့်သည်၊ မရ။ အသေပိတ်ထားပါ၏။

ရင်မှာ လှပ်လှပ် ခုန်လာသည်။

အပေါ်ထပ်သို့ ပြန်တက်လာပြီး သူတို့အိမ်ခန်း ဗီရိုတွင်းမှ တစ်အိမ်လုံး၏ အခန်းများကို ဖွင့်လို့ရသော သော့တွဲကို ယူ၍ လှေကားမှ ညင်သာစွာ ပြန်ဆင်းလာခဲ့သည်။

သော့အမှတ်ခြောက်ဖြင့် အညင်သာဆုံး ဖွင့်လိုက်သော်လည်း တံခါးပတ္တာသံက မြည်သွားတော့သည်။ အတွင်းမှ ရုတ်ရုတ်သဲသဲ အသံကြောင့် အခန်းထောင့်မှ မီးကို ဖွင့်ချလိုက်တော့ တစ်ခန်းလုံး ထိန်ထိန်လင်းသွားတော့သည်။

စာခြင်ထောင်ပြာတွင်းမှ မြင်ကွင်းကြောင့် မိုးပွင့်ဖြူ မျက်နှာလွှဲပစ်လိုက်သည်။

"အမယ်လေး... အစ်ကိုကြီးရဲ့ လုပ်ပါဦး"

ပွင့်ဝါ၏ ကြောက်လန့်တကြား အသံနှင့် ကျုံးအော်သံကြောင့် ကြီးကြီးတင့် ပြေးဆင်းလာ၏။

"ဟဲ့...ဟဲ့... ဘယ်လိုဖြစ်ကြတာလဲ"

"ကြီးကြီးတင့်"





မိုးပွင့်ဖြူမှာ တုန်တုန်ယင်ယင်နှင့် ဒေါ်တင့်တင့်သို့ ပြေးဖက်လိုက်ပါ၏။

အိမ်ထောင်ရှင် ဒေါ်တင့်တင့်သည် မီးလင်းနေသော အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်နှင့် ရိပ်စားမိလေပြီ...

"ဟင်... နင်တို့ ယုတ်မာလှချည်လား၊ တရားလွန်လှချည်လား"

"မဆိုင်တဲ့အဘွားကြီး ဝင်မပြောနဲ့"

နေလင်းဝေက အခန်းတွင်းမှ ထွက်လာပြီး ရှူးရှူးရှားရှားနှင့် ဒေါ်တင့်တင့်သို့ ဟောက်သည်။

"ကြီးကြီးတင့်က မဆိုင်ဘူးထင်ရင် ဆိုင်တဲ့ကျွန်မက ပြောရလိမ့်မယ် ကိုနေလင်းဝေ"

သူ ကျောခိုင်း၍ ရပ်နေပါ၏။

"ရှင်တို့ ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲဟင်"

နေလင်းဝေ မဖြေ။

"ရှင်ဟာ အယုတ်မာဆုံး အလုပ်တွေကိုချည်း လုပ်နေတဲ့လူ၊ လူ မဟုတ်ဘူး... လူယုတ်မာကြီး... ရှင်လူမဟုတ်ဘူး"

"လူမဟုတ်လို့ဘာလဲ။ ယောကျ်ားပဲ၊ နင်သာ ခွေးစကားမပြောနဲ့"

"ဟေ့... မောင်နေလင်း၊ မင်းကလည်း အပြစ်လုပ်သေးတယ်၊ ငါ့တူမလေးကိုလည်း မဟောက်ပါနဲ့၊ ဟို မျိုးမစစ်မလည်း ငါနဲ့တွေ့မယ်"

"တော်ကြပျာ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မတော်ဘူး... မတော်ဘူး"

မိုးပွင့်ဖြူ ကျုံးအော်လိုက်သည်။ နှာကျည်းမှုက ရင်ကွဲတော့မတတ်...

"ပြောမနေကြနဲ့၊ ယောက်ျားဖောက်ပြန်တာ ဘာဖြစ်သလဲ။ ဘာဥပဒေနဲ့မှ လာကိုင်လို့မရဘူး"

မိုးပွင့်ဖြူမှာ ဒေါ်တင့်တင့် ဖွက်ထားသောလက်မှ ခုန်ထွက်လိုက်ပြီး ကိုနေလင်းဝေရှေ့သို့ တိုးလာ၍ ရင်ဆိုင်ရပ်လိုက်သည်။

"ဒီမှာ ကိုနေလင်းဝေ"

နေလင်းဝေက မကြည့်။

"ဟုတ်တယ်... ဒီအယုတ်တမာမှုကတော့ ဘာဥပဒေနဲ့မှကိုင်လို့မရဘူးလေ၊ ရှင်တို့ယောက်ျားတွေဘက်က အသာစီးရတဲ့ ဥပဒေနဲ့ ကျွန်မတို့က နေရတာကို... ဒီတော့ ကိုင်လို့ရတဲ့ဥပဒေ ရှိပါ သေးတယ် ကိုနေလင်းဝေရဲ့..."

"ဘာ"

"ရှင်...ဦးဥက္ကာကို ကားနဲ့တိုက်သတ်ပြီး ထွက်ပြေးခဲ့တဲ့ အမှုက..."

"မဟုတ်ဘူး... မဟုတ်ဘူး"

"ဘာ မဟုတ်ရမှာလဲဟင်"

"မဟုတ်ဘူး၊ ဘာသက်သေမှ မရှိဘူး"

နေလင်းဝေ သွေးရူးသွေးတန်း ဖြစ်လေပြီ။

"ရှင်နဲ့အတူပါတဲ့ ဦးလေး ကိုဘိုခင် မသေသေးဘူး။ အချိန်မရွေး သူ သက်သေခံမယ်၊ ကိုကြည်လင်းရဲ့ကားကိုလည်း..."





"တော်...တော်... မဟုတ်ဘူး။ မဟုတ်ဘူး၊ မစွပ်စွဲနဲ့... ငါ့ကို မစွပ်စွဲနဲ့"

ပြစ်မှုကြီးနှစ်ခု၏ ပြဿနာကို မိန်းမသားနှစ်ယောက်သို့ပင် ရင်ဆိုင်ဖြေရှင်းရဲသော သတ္တိ နေလင်းဝေတွင် မရှိတော့...

ထမင်းစားခန်း ထိပ်မှာ ချိတ်ထားသော ကားသော့ကို ယူပြီး တံခါးကိုဖွင့်လျက် ထွက်ပြေးသွားလေပြီ။

မိုးပွင့်ဖြူလည်း ဘာလုပ်ရမှန်းမသိ၊ ကြီးကြီးတင့်လည်း ကြောင်နေဆဲ...

ကားစက်နှိုးသံ ကြားရသည်။

"အစ်ကိုကြီး... အစ်ကိုကြီး ငါလည်းလိုက်မယ်၊ ပွင့်ဝါကို မထားခဲ့ပါနဲ့"

အသံကုန်အော်ရင်း ကပိုကရို အဝတ်အစားများနှင့် မိုးပွင့်ဖြူတို့ရှေ့မှ ပွင့်ဝါ ဖြတ်ပြေးထွက်သွားသည်။

နေ့ခင်းသာဆိုလျှင် ပွင့်ဝါ မမီနိုင်...

ခြံတံခါး ပိတ်ထားသည်ကို နေလင်းဝေ ဆင်းဖွင့်နေရ၍ ကားရှေ့ခန်းမှာ ပွင့်ဝါ တက်ထိုင်ချိန် မီလိုက်သည်။

ကော်ရိုလာသည် ဂျက်လေယာဉ်တစ်စင်း ထွက်သွားသည်လောက် အသံရော အမြန်နှုန်းပါ ပြင်းထန်လွန်းစွာဖြင့် မိုးပွင့်ဖြူတို့၏ မျက်စိရှေ့မှ ပျောက်ကွယ်သွားပါတော့သည်။

တူအရီး နှစ်ယောက်နှင့် လန့်နိုးလာကြသော အိမ်ဖော်မလေး နှစ်ယောက်တို့ ဘာမှ မပြောနိုင် မဆိုနိုင်ကြအောင် ကြောင်ကြောင်ကြီး ရပ်ကြည့်နေကြချိန်မှာ...

www.burmeseclassic.com



နေလင်းဝေ မောင်းသွားသောကားသည် ဝွတ္တလစ်လမ်းမှ အရှိန်ပြင်းစွာ လက်ဝဲဘက်သို့ ချိုးထွက် မောင်းနှင်သွားစဉ် မီးပွိုင့်သိမ်းချိန်မို့ အဝေးပြေး နိစန်ကုန်တင်ကားကြီးတစ်စီးသည် မီးကုန်ဖွင့်ပြီး ကမ္ဘာအေးစေတီလမ်းမှ ချိုးကွေ့လာသည်ကို ရုတ်တရက် မြင်လိုက်ရ၍...

နဂိုက တုန်လှုပ်ချောက်ချားခြင်းများဖြင့် အရှိန်ပြင်းလွန်းစွာ မောင်းလာခဲ့သော နေလင်းဝေမှာ လန့်ကြောက်လန့်လွန်းစွာဖြင့် ရုတ်တရက်ကြီး စတီယာရင်ကို လက်ဝဲဘက်သို့ တအား ကွေ့ချိုးလိုက်မိပါ၍...

ဟာမစ်တစ်ချောက်တွင်းသို့ သူနှစ်သက်လှသော ကော်ရိုလာကားဝါလေးနှင့် သူတို့နှစ်ဦးသည်...

အရှိန်နှုန်း ပြင်းစွာဖြင့် ထိုးစိုက်ကျဆင်းသွားပါတော့သတည်း...။

■ ■ ■



အခန်း ။သုံးဆယ့်ရှစ်။

ဦးနေဘက်နှင့် အာရုံကြောဌာန ဆောင်ပေါ်တွင် ပွင့်ဝါ ငိုရှိုက်နေသည်။

"ခုမှတော့ ငိုမနေနဲ့တော့လေ၊ အဓိကို လုပ်တဲ့လူက ဒီလိုကြီးမြင်လို့ အစောကြီးလာပြီး တားဆီးသေးတာပဲ၊ ရမှမရဘဲ"

"ပြော်မနေပါနဲ့တော့ ကိုလွမ်းလှိုင်ရယ်။ ဖေဖေမှာခဲ့တဲ့အတိုင်း အရာရာမှာ သည်းခံခွင့်လွှတ်ခြင်းများနဲ့သာ မိုးရဲ့ညီမလေးကို ပြုစုကုသပေးပါတော့မယ်..."

"မမမိုး"

"ဘာလဲ ညီမလေး"

"ဒီဆေးရုံတက်ရတာ တစ်လကျော်နေပါပြီ၊ ပွင့်ဝါ အခြေအနေ ပွင့်ဝါ သိပါတယ် မမမိုးရယ်။ ဒီအာရုံကြော ဆေးရုံက ဆရာဝန်တွေ

www.burmeseclassic.com



ပျောက်အောင် ကုနိုင်စေဦး၊ ပွင့်ဝါ မျက်စိဟာ ဘယ်တော့မှ ပြန်မြင်နိုင်တော့မှာ မဟုတ်ပါဘူး မမမိုးရယ်...”

“မငိုပါနဲ့လေ၊ ငိုရင် ပိုဆိုးမှာပေါ့”

“မထူးတော့ပါဘူး... ငိုပါရစေတော့။ စေတနာရှင် ကျေးဇူးရှင် အစ်ကိုနဲ့ အစ်မကို စော်ကားမိလို့ ပွင့်ဝါဘဝ ဆိုးပါပြီ...”

ပွင့်ဝါကို နှစ်သိမ့်ရန် အကြောင်းရာ ရှာမရနိုင်တော့ပါ...

နောက်ဘက်ဇက်၏ အထက်နားကိုလည်း ပြင်းထန်စွာ ခိုက်မိသည်။ မျက်စိနေရာများကိုလည်း မှန် စနှင့် သံစများ စူးနစ်ဝင်သဖြင့်...

“ပွင့်ဝါ၏ မျက်စိ ...ပျက်၍ မရနိုင်တော့”

“စုံလုံးကွယ်မ...”

ဆိုသော အဖြေနှင့် ...တစ်ခြမ်းသေမလို ဖြစ်နေသော ပွင့်ဝါကို ဆေးရုံမှာတင်ထားပြီး မပျက်ယွင်းသော စေတနာများ၊ သည်းခံခွင့်လွှတ်ခြင်းများဖြင့် လာရောက်ကြည့်ရှုစောင့်ရှောက်ပေးနေကြသော ကိုလွမ်းလှိုင်နှင့် မိုးပွင့်ဖြူ။

ကိုနေလင်းဝေသည်မူ...

အဘ ဦးဥက္ကာ သေဆုံးသည့်နေရာနှင့် မဝေးလံလှသော ချောက်ထဲတွင် ပြင်းထန်သောဒဏ်ရာနှင့် ပွဲချင်းပြီး သေဆုံးခဲ့ပါသတည်း။

“ကိုနေလင်းဝေတစ်ယောက် ကားမှောက်လို့ သေဆုံးသွားရှာပြီတဲ့”

“ငယ်ငယ်လေး ရှိသေးတယ်၊ အောင်မြင်နေတုန်း၊ သနားပါတယ်”





ဟု ဆိုကြသော အသိုင်းအဝိုင်းတို့၏ နောက်ဆုံး ကြင်နာမှုကို မိုးပွင့်ဖြူ မပယ်ဖျက်ခဲ့ပါ၊ ကောင်းမွန်တင့်တယ်စွာ သင်္ဂြိုဟ်ပြီး အားလုံးသိရှိကြသည့်အတိုင်းပင် ထားလိုက်ပါတော့သည်။ သွားလေသူအတွက် သိက္ခာမပျက်စေတော့ပါ၊ နောက်ဆုံး ပြဿနာကို ကိုလွမ်းလှိုင်မှလွဲ၍ ဘယ်သူ့ကိုမျှ တင်ပြမနေတော့...

နောင်တများနှင့် ပွင့်ဝါကိုသာ ဆက်လက်၍ ကြည့်ရှုကြရပါတော့မည်။ ပွင့်ဝါသည် အသက်မဆုံးသော်လည်း ဘဝဆုံးလေပြီ။

မိုးပွင့်ဖြူနှင့် ကိုလွမ်းလှိုင်တို့ ဆေးရုံမှ ထွက်လာတော့ ညနေနောင်းလေပြီ...

ကားမရှိ၍ လေးဘီးတက္ကစီဝ ...ခစ်စီးသွဲ့... ...ာ စောင့်စီးပြီး အိမ်သို့ ပြန်ခဲ့ကြသည်။

ဝတ္ထုလစ်လမ်းသို့ ချိုးလိုက်သည်နှင့် မုတ်သုံမိုး...ကာ နှုတ်ဆက်ခြင်းအဖြစ် ရုတ်တရက်ကြီး ပြန့်ပြန့်ကျဲ့အောင် ရွာချလိုက်သည်။

“ကားဆရာ လမ်းထိပ်မှာပဲ ရပ်...ပါ...ဗျာ၊ ...ဗျာ... ပိုက်ဆံ”

“ဟင်... မိုးရွာမှ ဘာ...ပ...ပေါ်က ...ဆင်းရတာလဲ”

“တမင်ပေါ့”

“အို...”

“မှတ်မိသေးလားဟင်၊ ပွင့်ဝါဆိုကာ အပြန် ဒီလမ်းလေးမှာ မိုးမိကြတာ...”

“မှတ်မိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသော မိုးပွင့်ဖြူ၏ မျက်နှာလေးကို ငုံ့ကြည့်ပြီး ထီးလိုက်မိုးပေးရင်းက...

"အနားတိုးပါ အချစ်ရယ်၊ မိုးတွေ စိုကုန်တော့မယ်"

မိုးရည်လမ်းမှာ နှစ်ယောက်သား နီးနီးကပ်ကပ် ထိထိတွေ့တွေ့ လျှောက်လာကြသည်။

"အချစ်ရဲ့ ဘဝထဲကို ဝင်ခွင့်ပြုမယ့်အချိန်ကို ကျွန်တော် စောင့်စားနေပါတယ်"

"တစ်သက်လုံး ခွင့်မပြုရင်ရော..."

"တစ်သက်လုံး စောင့်မယ် ကျွန်တော်ပါ"

"သိပါတယ်၊ ဒါ ကြောင့် သူ့ကို သနားရတာပေါ့"

"သနားတယ်တဲ့လား ဗျာ၊ ချစ်ဆိုခဲ့တဲ့ သီချင်းထဲကလို ကိန္နရီမောင်နှံလို အချစ်မျိုးတွေ မျှဝေပွင့်လင်းကြပါစို့ရယ်ကွယ် 'သူ့'ကို သနားတယ်ဆိုတဲ့ ချစ်သူရယ်"

"ဒီက ဘဝနွမ်းကိုလည်း ခွင့်လွှတ်စိတ်နဲ့ ကြင်နာနိုင်ပါ့မလား"

"မေးစရာကိုမလိုတဲ့ မေးခွန်းပါကွယ်"

"အသည်းလည်း နွမ်း၊ ရင်လည်း ပန်းလှပါပြီ။ သူ့အကြင်နာရိပ်မှာ မှီနားပါရစေတော့..."

"အို... အချစ်ဆုံးရယ်။ အားလုံး ဖြစ်စေရပါ့မယ်ဗျာ"

လူ့ရှင်းသောလမ်းမှာ ကိုလွမ်းလှိုင်သည် မိုးပွင့်ဖြူ၏ ပခုံးလေးကို ကြေမတတ် တအားဖက်ပစ်လိုက်ပြီး...





"ဟိုမှာ ကြည့်လိုက်စမ်းပါ ချစ်သူရယ်"

ထီးကို ဖယ်ပစ်လိုက်သည်။ မိုးစက်တို့ သူတို့နှစ်ဦးပေါ်သို့ ခုန်ဆင်းလာကြ၏။

"အို... ဘာပြတာလဲ၊ မိုးတွေရွာနေတယ်လေ"

"အဲဒီ မိုးရွာနေတာကိုပဲ ပြတာ"

"ဟင်..."

"အချစ်နဲ့ ကိုယ်တို့နှစ်ယောက်လုံးအတွက် မိုးတွေရွာတိုင်း သောကမျက်ရည်တွေ ကျခဲ့ကြရတာ ကာလများစွာ ကြာခဲ့ပါပြီကွယ်"

မိုးပွင့်ဖြူသည် လုံးသားနှင့် အကြ နာနှင့် သစ္စာကြီးလှသော ချစ်သူ၏မျက်နှာကို ချစ် များဖြင့် မော့ကြည့်မိသည်။

မိုးပွင့်တို့သည် သူတို့ မျက်နှာပြင်ပေါ်သို့ အဆက်မပြတ် ကျဆင်းလျက်...

"ခုတော့လေ... ရွာနေတဲ့မိုးဟာ အချစ်ဆုံးနှစ်ယောက်အတွက် နိမိတ်ဆိုးမိုး မဟုတ်တော့ဘူး။ ဘာမိုးလဲ... သိလား"

"ဟင့်အင်း"

"ချစ်နိမိတ်မိုး"

"ဟင်... ချစ်နိမိတ်မိုးတဲ့လား"

"ဟုတ်တယ်... အချစ်ဦးရယ်၊ တကယ်ကို မင်္ဂလာရှိတဲ့ ချစ်နိမိတ်မိုးလေးတွေပါကွယ်"

www.burmeseclassic.com



မိုးရည်လမ်းမှာ ဖက်တွယ်လျှောက်လာကြသော အချစ်ဆုံး နှစ်ယောက်၏အပြုံးတို့သည် လွင်မှိုင်လွန်းနေသည်။

သူတို့ဝန်းကျင်မှ ချစ်နိမိတ်မိုးပွင့်လေးတို့သည် ချစ်သူနှစ်ဦး အတွက် မြူးထူးစွာ ခုန်ဆင်းဝန်းဝိုင်းလျက်...

✻

ပြီးပါပြီ။

BURMESE CLASSIC .com

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၁၅-၇-၁၉၈၂

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com